ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**လောကကိုထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၇၉ ခုနှစ် တန်ခူးလပြည့်ကျော် ၁၀ ရက်၊ အင်္ဂါနေ့။ Tuesday 10 April 2018 ၄၂၅၅

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် မြောင်းမြဒေသခံပြည်သူများစကားဝိုင်း တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဧပြီ ၉**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဒေသခံပြည်သူများစကားဝိုင်း (PEACE TALK)ကို ဧပြီ ၁၀ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားကျင်းပပုံများကို ယင်းနေ့နံနက် ၁၀ နာရီ မိနစ် ၂၀ မှစတင်ပြီး Myanmar President Office နှင့် Myanmar State Counsellor Office Facebook Page များတွင်လည်းကောင်း၊ မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ MITV၊ MNTV၊ Channel 9၊ Skynet Up to Date၊ တိုင်းရင်းသား၊ မြန်မာ့အသံရေဒီယိုအစီအစဉ်၊ MOI Webportal Myanmar Facebook၊ MRTV Facebook နှင့် Myanmar Digital News Facebook Page တို့တွင်လည်းကောင်း တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များအတွက် ရွေးကောက်ပွဲဆိုင်ရာသင်တန်း ဖွင့်လှစ်

စာမျက်နှာ - ၃

## ရုပ်ရှင်ပညာ အတတ်သင်တန်းကျောင်းနှင့် ရုပ်ရှင်စတူဒီယိုများ ပေါ်ပေါက်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

စာမျက်နှာ - ၅

## သင်္ကြန်အထူးရထား ထပ်မံအားဖြည့်ပြေးဆွဲမည်

စာမျက်နှာ - ၁၇

## ဒဂုံရေနှင့် အောင်မင်္ဂလာအဝေးပြေးတို့တွင် ဧပြီ ၁၁ ရက်နှင့် ၁၂ ရက် ခရီးစဉ်အချို့ကို YBS အထူးကားများဖြင့် ပြေးဆွဲပေးမည်

စာမျက်နှာ - ၂၁

နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ

**ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ အချပ်ပိုပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် **ပညာရေးဝန်ကြီးဌာန**၏ ဒုတိယ (၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို(၄)မျက်နှာဖြင့် ဖော်ပြထားပါသည်။



# မြောင်းမြဒေသခံများ ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေး တောသူမယ် နှစ်ထပ်ရေယာဉ် အခမဲ့ ပြေးဆွဲပေးလျက်ရှိ

မြောင်းမြ ဧပြီ ၉

**မြောင်းမြမြို့၌ မြောင်းမြကြိုးတံတားပြုတ်ကျခဲ့ပြီးနောက် ပြည်သူများ ခရီးသွားလာမှု လွယ်ကူချောမွေ့စေရန်နှင့် ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရန် ယနေ့နံနက်ပိုင်းမှစတင်၍ "တောသူမယ်"နှစ်ထပ်ရေယာဉ်** (အပေါ်ပုံ) **အား အခမဲ့စတင်ပြေးဆွဲပေးလျက်ရှိကြောင်း အဆိုပါမြို့နယ်ရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ သိရသည်။**

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြို့နယ်မန်နေဂျာ ဦးညီညီစန်းက "တောသူမယ် နှစ်ထပ်ရေယာဉ်ကို ဒီနေ့ မနက်ပိုင်းက စတင်ပြီးပြေးဆွဲပေးနေပါတယ်၊ မြောင်းမြမြို့ (၇)လမ်းသဘော်ဆိပ်နဲ့ ကွယ်လွယ်ဘက်က ပြည်တော်သာကူးတို့ဆိပ်ကို လူနဲ့ ဆိုင်ကယ်တွေတင်ပြီး ပြေးဆွဲပေးနေပါတယ်၊ ဒါကလည်း ဧရာဝတီတိုင်းဒေသကြီး အစိုးရရဲ့ကြီးကြပ်မှုနဲ့ အခမဲ့ ပြေးဆွဲပေးတာပါ"ဟု ပြောကြားသည်။

"တောသူမယ်"နှစ်ထပ်ရေယာဉ်သည် ခရီးသည် ၂၈၀ နှင့် ကုန်တန်ချိန် ၅၀ တင်ဆောင်နိုင်ပြီး နေ့စဉ်နံနက် ၆ နာရီမှ ည ၉ နာရီအထိ လူနှင့် ဆိုင်ကယ်များကိုတင်ဆောင်၍ ပြေးဆွဲသွားနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေဖြင့် ဧပြီ ၅ ရက်မှစတင်ကာ မြောင်းမြမြို့ဘက်ကမ်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အနီးရှိ ဆိပ်ကမ်းမှ ကွယ်လွယ်ဘက်ရှိ သဲပုံဆိပ်ကမ်းသို့ ရေနယား(၂) ဇက်ရေယာဉ်ဖြင့် မော်တော်ယာဉ်ငယ်များကို တင်ဆောင်၍ အခမဲ့ ပြေးဆွဲပေးခဲ့ပြီး ယခုအခါ ဇက်ရေယာဉ် (၁၀၇) ဖြင့်လည်း ထပ်မံတိုးချဲ့ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

**စာမျက်နှာ ၈ ကော်လံ ၅ သို့**



ကြေးမုံ

# ရေရှည်တည်တံ့ခိုင်မြဲ ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း

၁၉၆၂ ခုနှစ်၌ ဗိုလ်ချုပ်ကြီးနေဝင်းက နိုင်ငံတော်အာဏာအား သိမ်းယူ၍ ဆိုရှယ်လစ်စနစ်ထူထောင်နိုင်ရန်အတွက် တိုင်းပြည်၏ စီးပွားရေးလုပ်ငန်းအားလုံးကို နိုင်ငံတော်ပိုင်ပြုလုပ်ခဲ့ပါသည်။ ဤလုပ်ရပ်သည် တိုင်းပြည်၏ စီးပွားရေးယန္တရားတစ်ရပ်လုံးကို ကျွမ်းထိုးမှောက်ခုံ ဖြစ်စေခဲ့ပါသည်။ အစားထိုး အကောင်အထည်ဖော်ခဲ့သော ဆိုရှယ်လစ်စီးပွားရေးစနစ်၏ မူဝါဒအမှားအယွင်းနှင့် အလွဲလွဲအချော်ချော် စီမံခန့်ခွဲမှုတို့ကြောင့် မြန်မာနိုင်ငံသည် ကမ္ဘာ့ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံဖြစ်ခဲ့ရပါသည်။ တပ်မတော်က အုပ်ချုပ်ခဲ့သည့်ကာလ၌ ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးအကောင်အထည်ဖော်ခဲ့သော်လည်း သယံဇာတအားပြုစီးပွားရေးကို ယုံကြည်ရာ ကုမ္ပဏီကြီးတို့ဖြင့်သာ အကောင်အထည်ဖော်ခဲ့သောကြောင့် တိုင်းပြည်စီးပွားရေး၏အခြေခံသည် ကျဉ်းမြောင်းခဲ့ပြီး ဈေးကွက်စီးပွားရေးစနစ် ဟန်ချက်ညီညီ စနစ်တကျ အပြည့်အဝလည်ပတ်ရေးကို အကောင်အထည်ဖော်နိုင်ခဲ့ခြင်းမရှိပါ။

လူထုအစိုးရသစ်သည် ဤသမိုင်းအမွေအားလုံးကို လွှဲပြောင်းလက်ခံရယူခဲ့ရပါသည်။ သို့ဖြစ်ပါ၍ လူထုအစိုးရသစ်၏ အဓိကတာဝန်တစ်ရပ်မှာ ဈေးကွက်စီးပွားရေးစနစ် ဟန်ချက်ညီညီ စနစ်တကျ အပြည့်အဝလည်ပတ်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုသော် နိုင်ငံတော်ယန္တရားများအချင်းချင်းကြား၌ လည်းကောင်း၊ နိုင်ငံတော်ယန္တရားများနှင့် ပုဂ္ဂလိကကဏ္ဍတို့ကြား၌ လည်းကောင်း ဟန်ချက်ညီညီ လက်တွဲဆောင်ရွက်နိုင်ရေးကို လူထုအစိုးရသစ်က ပုံဖော်ဖန်တီးပေးရမည်ဖြစ်ပါသည်။ လူထုအစိုးရသစ်၏ နှစ်နှစ်တာ အုပ်ချုပ်မှုကာလအတွင်း ပြည်ထောင်စုဝန်ကြီးဌာနတို့၏ လုပ်ငန်းစီမံကိန်းတို့နှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့၏ လုပ်ငန်းစီမံကိန်းတို့ကြား ဆက်စပ်ချိတ်ဆက်မှုသည် အားနည်းနေဆဲဖြစ်ပါသည်။ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများအပါအဝင် ပုဂ္ဂလိကကဏ္ဍနှင့် အစိုးရတို့၏ ပူးပေါင်းဆောင်ရွက်မှု (Public-Private Partnership)သည်လည်း အားနည်းနေဆဲဖြစ်ပါသည်။ တိုင်းပြည်၏ စီးပွားရေးလုပ်ငန်း စီမံကိန်းတို့အား အာဆီယံစီးပွားရေးရပ်မြို့ (AEC)ကဲ့သို့သော နိုင်ငံတကာစီးပွားရေးလုပ်ငန်းတို့နှင့် ဆက်စပ်အကောင်အထည်ဖော်မှုမှာလည်း အားနည်းနေဆဲဖြစ်ပါသည်။ တိုင်းပြည်၏ ဖြတ်သန်းခဲ့သော သမိုင်းကြောင်းအရ လူထုအစိုးရသစ်သည် ဤစိန်ခေါ်မှုတို့ကို ရုတ်တရက်ချက်ချင်း ကိုင်တွယ်ဖြေရှင်းနိုင်မည် မဟုတ်ပါ။

လူထုအစိုးရသစ်အနေဖြင့် ဤစိန်ခေါ်ချက်တို့ကို ရုတ်တရက် ချက်ချင်း ကိုင်တွယ်ဖြေရှင်း၍ မရနိုင်သော်လည်း ဤစိန်ခေါ်ချက်တို့ကို သုံးသပ်ခြင်းအားဖြင့် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းတို့ကြား မည်ကဲ့သို့ ဟန်ချက်ညီညီ လက်တွဲဆောင်ရွက်နိုင်မည်ကို ပုံဖော်ချမှတ်နိုင်မည်ဖြစ်ပါသည်။ ဤကဲ့သို့ ဟန်ချက်ညီညီ လက်တွဲဆောင်ရွက်နိုင်ရေးကို ဦးတည်လျက် လူထုအစိုးရသည် ရေရှည်တည်တံ့ခိုင်မြဲဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတစ်ရပ်ကို ရေးဆွဲလျက်ရှိပါသည်။ အဆိုပါ ရေရှည်တည်တံ့ခိုင်မြဲဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းရေးဆွဲရာ၌ မဏ္ဍိုင်ကြီးသုံးရပ်အပေါ် အခြေခံထားပါသည်။ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးသည် မဏ္ဍိုင်တစ်ခု၊ သာယာဝပြောမှုနှင့် ပူးပေါင်းဆောင်ရွက်မှုသည် မဏ္ဍိုင်တစ်ခု၊ လူသားများနှင့် ကမ္ဘာမြေသည် မဏ္ဍိုင်တစ်ခု ပေါင်း သုံးခုဖြစ်ပါသည်။ ဤအခြေခံမဏ္ဍိုင်ကြီး သုံးရပ်အပေါ်မူတည်၍ ရည်မှန်းချက် ငါးရပ်ချမှတ်ထားပါသည်။ ဤရည်မှန်းချက် ငါးရပ်အပေါ်အခြေခံ၍ မဟာဗျူဟာ (၂၈)ခုကိုရေးဆွဲထားပြီး ဤမဟာဗျူဟာတို့ကို အကောင်အထည်ဖော်ပေးမည့် လုပ်ငန်းအစီအစဉ် ၂၃၈ ကိုလည်း ချမှတ်ထားပါသည်။ ဤသည်တို့မှာ ရေရှည်တည်တံ့ခိုင်မြဲ ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၏ အဓိကလက္ခဏာရပ်များဖြစ်ပါသည်။ အထက်၌ ဖော်ပြထားသည့် အချက်အလက်တို့ကို သုံးသပ်ခြင်းအားဖြင့် လူထုအစိုးရသစ်သည် တိုင်းပြည်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် မဆုတ်မနစ် လေးလေးနက်နက် အကောင်အထည်ဖော်နေသည်မှာ ပေါ်လွင်ထင်ရှားပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

# မြန်မာ-ထိုင်း အမှတ်(၁)ချစ်ကြည်ရေးတံတားပေါ်တွင် နှစ်နိုင်ငံပူးပေါင်းပြီး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**မြဝတီ မေ ၉**

မြန်မာ-ထိုင်း အမှတ်(၁)ချစ်ကြည်ရေးတံတားပေါ်တွင် နှစ်နိုင်ငံချစ်ကြည်ရေး စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခြင်းကို မေ ၉ ရက် နံနက် ၇ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ နှစ်နိုင်ငံချစ်ကြည်ရေး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာ မြဝတီခရိုင် အုပ်ချုပ်ရေးမှူး ဦးထူးလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကို၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စည်ပင်သာယာရေး ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် အုပ်ချုပ်ရေးမှူး မစ္စတာ နိုင်းကျလိန်းလစ် စဝွန်စက်နှင့် တာဝန်ရှိသူများ၊ အမှတ်(၁၄)အထူးတပ်ရင်းမှူးနှင့် တပ်မတော်သားများ၊ အကောက်ခွန်ဌာနမှ တာဝန်ရှိသူများ၊ စည်ပင်သာယာရေးမှ တာဝန်ရှိသူများဖြင့် နှစ်နိုင်ငံ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

"အခုလို ဆောင်ရွက်တာက တာ့ခ်ခရိုင်နဲ့ မြဝတီခရိုင် နှစ်နိုင်ငံ ချိတ်ဆက်ပြီးတော့မှ ဆောင်ရွက်တာဖြစ်ပါတယ်၊ အဲလို ချိတ်ဆက်တဲ့အခါမှာ လွန်ခဲ့တဲ့အပတ်ထဲက ချိတ်ဆက်ထားပြီးသား ဖြစ်ပါတယ်၊ အခုလိုဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံ ချစ်ကြည်ရေးတွေ တိုးလာမယ်၊ နှစ်နိုင်ငံ ပြည်သူအချင်းချင်း စည်းလုံးမှုတွေတိုးလာမယ်၊ ရိုင်းပင်းကူညီမှုတွေရှိလာမှာ ဖြစ်ပါတယ်၊ နောက်ဆိုရင်လည်း သုံးလတစ်ကြိမ်လောက် အခုလိုဆောင်ရွက်သွားဖို့ အစီအစဉ်ရှိပါတယ်"ဟု မြဝတီခရိုင် အုပ်ချုပ်ရေးမှူး ဦးထူးလွင်က ပြောသည်။

"အခုလိုဆောင်ရွက်တာက ကောင်းမွန်ပါတယ်၊ နှစ်နိုင်ငံချစ်ကြည်ရေးရော သန့်ရှင်းရေးအတွက်ရော ကောင်းပါတယ်၊ နောက်တစ်ခုက သောင်ရင်းမြစ်သန့်ရှင်းရေးကိုပါ နှစ်နိုင်ငံ တာဝန်ရှိသူတွေ စုပေါင်းပြီး ဆောင်ရွက်ပေးမယ်ဆို ပိုမိုကောင်းမွန်ပြီး သာယာလှပတဲ့ နှစ်နိုင်ငံ နယ်စပ်မြို့လေး ဖြစ်လာမှာပါ"ဟု စုပေါင်းသန့်ရှင်းရေး ပါဝင်ဆောင်ရွက်သူတစ်ဦးက ပြောသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# မေ ၁၃၊ ၁၄၊ ၁၅ ရက်များတွင် ကြေးမုံသတင်းစာ ခေတ္တရပ်နားမည်

# နှစ်သစ်ကူးရုံးပိတ်ရက်များတွင် နေ့စဉ်ထုတ်သတင်းစာများ အလှည့်ကျထုတ်ဝေမည်

နေပြည်တော် မေ ၉

**မြန်မာ့နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများကို အလှည့်ကျ ထုတ်ဝေမည်ဖြစ်သည်။**

မေ ၁၃၊ ၁၄၊ ၁၅ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေသွားမည်ဖြစ်ပြီး ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာများ ခေတ္တရပ်နားသွားမည်ဖြစ်သည်။

မေ ၁၆၊ ၁၇ ရက်တို့တွင် ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာတို့ကို ထုတ်ဝေသွားမည်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာကို ခေတ္တရပ်နားသွားမည်ဖြစ်သည်။

ထို့အတူ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)မှ ထုတ်ဝေလျက်ရှိသည့် မန္တလေးကဏ္ဍစာမျက်နှာကို သင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း မေ ၁၄ ရက်တွင်လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက် (မော်လမြိုင်) မှ ထုတ်ဝေလျက်ရှိသည့် တိုင်းရင်းသားဘာသာအချပ်ပိုကို မေ ၁၅ ရက်တွင်လည်းကောင်း၊ ကြေးမုံသတင်းစာမှ စနေနေ့တိုင်းထုတ်ဝေသည့် တိုင်းရင်းသားရေးရာအချပ်ပိုကို မေ ၁၄ ရက်တွင် လည်းကောင်း၊ တနင်္ဂနွေနေ့တိုင်းထုတ်ဝေသည့် မျိုးဆက်သစ်ရင်ပြင်အချပ်ပိုကို မေ ၁၅ ရက်တွင် လည်းကောင်း၊ မြန်မာ့အလင်းသတင်းစာမှ ဗုဒ္ဓဟူးနေ့တိုင်း ထုတ်ဝေသည့် ယနေ့ရန်ကုန်အချပ်ပိုကို မေ ၁၈ ရက်တွင်လည်းကောင်း ရပ်နား မည်ဖြစ်ပြီး ရုံးပိတ်ရက်ကျော်လွန်ပါက ပြန်လည်ထုတ်ဝေသွားမည်ဖြစ်သည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျ ပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိ လက်ခံသွားမည်ဖြစ်ပြီး မေ ၁၈ ရက်မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်သည်။

**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မေ ၉**

ရန်ကုန်(ရွှေဈေး) ၉၄၂၀၀၀ - ၉၄၂၀၀၀ မန္တလေး(ရွှေဈေး) ၉၄၂၀၀၀ - ၉၄၂၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၁၅/၈၂၅ ကျပ်၊ | ၈၄၅/၈၆၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၃၀/၈၄၀ ကျပ်၊ | ၈၉၀/၉၁၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၈၀/၇၉၅ ကျပ်၊ | ၈၅၀/၈၆၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၃၀/၈၄၀ ကျပ်၊ | ၈၆၀/၈၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၇၀/၇၈၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၇၅/၇၈၇ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၇၂၅/၇၃၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၃၀.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၃၂.၃ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၀.၉၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၂.၅၈၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၄၄.၂၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀.၄၈၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၄၄.၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၄.၅၁ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၃.၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၂.၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးငွေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

## မဏ္ဍိုင်ကြီးသုံးရပ် ပူးပေါင်းဆောင်ရွက်

ကျွန်တော်တို့အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားတဲ့ အခွင့်အာဏာကို တတ်နိုင်သမျှ ပိုင်းခြားကျင့်သုံးနေကြတဲ့ မဏ္ဍိုင်ကြီးသုံးရပ် အကြားမှာ အပြန်အလှန်လေးစားမှု၊ အပြန်အလှန်နားလည်မှု၊ အပြန်အလှန်ယုံကြည်မှုတွေနဲ့ ပြည်သူတွေအကျိုးအတွက် ပူးပေါင်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ ဒါ့အပြင် ပြည်သူတွေရဲ့ နားတွေ၊ မျက်စိတွေဖြစ်တဲ့ သတင်းမီဒီယာတွေရဲ့ အခန်းကဏ္ဍကို အလေးအနက်ထားကြဖို့၊ ကျွန်တော်တို့ အလုပ်အကျွေးပြုရမယ့် နိုင်ငံသူ နိုင်ငံသားတွေရဲ့ ပြည်သူ့မဏ္ဍိုင်ကို အလေးအမြတ်ပြုကြဖို့ တစ်ဆက်တည်းမှာပဲ တိုက်တွန်းပြောကြားလိုပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှကောက်နုတ်ချက်)

## အောင်မြင်ခြင်းရဲ့ အဓိကအကြောင်းတရား

ဘယ်လိုစီမံကိန်းတွေပဲ ချမှတ်ချမှတ်၊ အကောင်အထည်ဖော်ရာမှာ စုပေါင်းလုပ်ဆောင်ခြင်းကသာ အောင်မြင်ခြင်းရဲ့ အဓိကအကြောင်းတရားဖြစ်ပါလိမ့်မယ်။ အစုအဖွဲ့ဂိုဏ်းဂဏ စိတ်တွေကို ဖယ်ရှားပြီး နိုင်ငံနဲ့ ပြည်သူများအကျိုး သယ်ပိုးရမှာ မည်သူကိုမှ လက်ညှိုးမထိုး၊ မိမိရဲ့ စေတနာ၊ ပညာ၊ သတ္တိတွေကိုသာ လူတိုင်းလူတိုင်း အထွတ်အထိပ်ရောက်အောင် ကြိုးစားဆောင်ရွက်မယ်ဆိုရင် ဘယ်လိုကြီးမား၊ ခက်ခဲတဲ့ စိန်ခေါ်မှုပဲဖြစ်ပါစေ၊ ကျော်လွှားနိုင်မယ်လို့ ခိုင်မာစွာ ယုံကြည်ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှကောက်နုတ်ချက်)

# တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များအတွက် ရွေးကောက်ပွဲဆိုင်ရာသင်တန်း ဖွင့်လှစ်

**နေပြည်တော် ဧပြီ ၉**

တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအတွက် ရွေးကောက်ပွဲဆိုင်ရာသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ Grand Amara Hotel ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက သင်တန်းဖွင့်အမှာစကားပြောကြားသည်။ အခမ်းအနားသို့ ကော်မရှင်အဖွဲ့ဝင်များဖြစ်သည့် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးမြင့်နိုင်၊ ဦးသန်းငွေ၊ ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ IDEA နှင့် IFES တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ဆောင်ရွက်ခဲ့ကြသည့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ဖြင့် အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲနှင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား အသစ်ပြန်လည် ရွေးချယ်ခန့်အပ်ခဲ့ကြောင်း၊ ထိုသို့ခန့်အပ်ရာတွင် ယခင်တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ဟောင်းအချို့ ပါဝင်သော်လည်း အများစုမှာ အသစ်များဖြစ်ကြောင်း၊ သို့ဖြစ်၍ ရွေးကောက်ပွဲလုပ်ငန်းများ ဆောင်ရွက်ကြသည့်အခါ ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်ရန်နှင့် လုပ်ငန်းတာဝန်ပိုင်းဆိုင်ရာတို့ကို သိရှိစေရန်ရည်ရွယ်ပြီး ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း။

ရွေးကောက်ပွဲများဆောင်ရွက်ရာတွင် လွတ်လပ်မျှတမှု၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုတာဝန်ခံမှုတို့ရှိရန် လိုအပ်ပြီး အောင်မြင်စွာဆောင်ရွက်နိုင်ရန် မိမိကိုယ်ကိုယ် ယုံကြည်မှုရှိရန် လိုအပ်ကြောင်း၊ ယုံကြည်မှုရှိရန်အတွက် ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းလမ်းညွှန်များကို ကျေကျေညက်ညက် သိရှိထားရန် လိုအပ်ကြောင်း၊ အထူးသဖြင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ လုပ်ငန်းလမ်းညွှန်များကို စေ့စေ့စပ်စပ်သိရှိထားရန်လိုကြောင်း၊ ရွေးကောက်ပွဲလုပ်ငန်းများဖြစ်သည့် မဲစာရင်းပြုစုခြင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ စိစစ်ခြင်း၊ မဲဆန္ဒရှင် အသိပညာပေးခြင်း၊ မဲပေးခြင်း၊ မဲရေတွက်ခြင်း၊ နိုင်ငံရေးပါတီဆိုင်ရာကိစ္စရပ်များ၊ ရွေးကောက်ပွဲစောင့်ကြည့်ခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ရွေးကောက်ပွဲလုပ်ငန်းနှင့် ဆက်စပ်နေသည့် ဝန်ကြီးဌာနများ၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ မီဒီယာနှင့် မဲဆန္ဒရှင်ပြည်သူလူထုတို့နှင့် ထိတွေ့ဆက်ဆံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆက်ဆံဆောင်ရွက်ရာတွင် ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများကို သိရှိနားလည်ထားမှသာ အဆင်ပြေချောမွေ့မည်ဖြစ်ကြောင်း။

ကော်မရှင်အနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အသက် (၁၈)နှစ်ပြည့်ပြီး ပထမအကြိမ် မဲပေးကြမည့်လူငယ်များအား မဲစာရင်းတွင် ပါဝင်ရေးနှင့် မဲပေးခြင်းလုပ်ငန်းစဉ်များ ပညာပေးခြင်း၊ မဲဆန္ဒရှင်ပညာပေးခြင်းဆောင်ရွက်ရာတွင် တိုင်းရင်းသားဒေသများ၌ သက်ဆိုင်ရာ တိုင်းရင်းသားဘာသာစကားများဖြင့် ပညာပေးနိုင်ရန် အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကျား/မ တန်းတူညီမျှရေးနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် မသန်စွမ်းသူများပါဝင်နိုင်ရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်အနေဖြင့် ယင်းလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် အလေးထား ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ရိုးသားကြိုးစားပြီး စေတနာထားဆောင်ရွက်ပါက အောင်မြင်မည်ဖြစ်ကြောင်း၊ ယနေ့ပြုလုပ်သည့်သင်တန်းသည် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန် အထောက်အကူပြုမည်ဖြစ်သည့်အတွက် ထိထိရောက်ရောက် လေ့လာဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် International IDEA မှ ဌာနေကိုယ်စားလှယ် Mr. Mark McDowell နှင့် IFES မှ ဌာနေကိုယ်စားလှယ် Mr. Paul Guerin တို့က သင်တန်းဖွင့်လှစ်ရသည့်ရည်ရွယ်ချက်နှင့် ပို့ချမည့်အကြောင်းအရာတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သင်တန်းသားများအား အုပ်စုသုံးစုခွဲ ဆွေးနွေးပို့ချပြီး သင်တန်းကာလမှာ နှစ်ရက်ဖြစ်ကြောင်း သိရသည်။ သင်တန်းသို့ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ဦးရေ ၁၅၀ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စာဖတ်ရှိန်မြှင့်တင်ရေး စာပေဟောပြောပွဲ၊ စာအုပ်ဈေးရောင်းပွဲတော်နှင့် စာအုပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကျင်းပ

**ရန်ကုန် ဧပြီ ၉**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာကျေးရွာအုပ်စု ပတ္တမြားကျေးရွာရှိ ခေတ်မီးအိမ်လူငယ်ဖွံ့ဖြိုးရေးစာကြည့်တိုက် တည်ထောင်ခြင်း (၂)နှစ်ပြည့် အထိမ်းအမှတ် စာဖတ်ရှိန်မြှင့်တင်ရေး စာပေဟောပြောပွဲ၊ စာအုပ်ဈေးရောင်းပွဲတော်ကို ဧပြီ ၇ ရက်တွင် အဆိုပါစာကြည့်တိုက်ရှေ့ရှိ သန္တာလမ်းမပေါ်၌ ကျင်းပသည်။

ဟောပြောပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်လှိုင်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။ ဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်မှာ ရပ်ကွက်အတွင်းရှိ ပြည်သူများ၊ လူငယ်မောင်မယ်များ၊ ကျောင်းသား ကျောင်းသူများ အသိပညာ တိုးတက်ပြန့်ပွားလာစေရန်၊ စာပေအား ချစ်မြတ်နိုးတတ်လာစေရန်၊ စာဖတ်ခြင်းဖြင့်ရရှိလာသော အသိဉာဏ်ပညာဖြင့် တိုင်းပြည်နှင့် လူမျိုးအကျိုးကို တစ်ထောင့်တစ်နေရာမှ ပါဝင်ကူညီနိုင်စေရန်ဖြစ်ကြောင်း ခေတ်မီးအိမ်လူငယ်ဖွံ့ဖြိုးရေး စာကြည့်တိုက်တည်ထောင်သူ ဦးဇော်မြင့်ဦး (ကဗျာဆရာ ဆူးရင့်အိမ်)က ပြောသည်။

ဟောပြောပွဲတွင် ဆရာညီပုလေးက ချစ်သော ခေတ်မီးအိမ် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာမ သန်းမြင့်အောင်က အမှည့်တဝင်းဝင်း အကင်း တလက်လက်ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဆရာ မောင်စိန်ဝင်း(ပုတီးကုန်း)က စာပေစကား စာပေများ ခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီး ဟောပြောခဲ့ကြသည်။

ထို့နောက် မင်္ဂလာဒုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အေးချမ်းသာယာ ပြည်မြန်မာ ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲများခင်းကျင်းပြသခဲ့ပြီး နံရံကပ်စာပေ ရေချမ်းစင်စာအုပ်ငယ်များကိုလည်း အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အာရှနိုင်ငံများ၏ ဂြိုဟ်တုငယ်များ တည်ဆောက်လွှတ်တင်ရေး လုပ်ငန်းအုပ်စုတွင် ဗီယက်နမ်အဖွဲ့ဝင်ဖြစ်ပြီ

**ဟန္နိုင်း မေ ၉**
အာရှနိုင်ငံများ၏ဂြိုဟ်တုငယ်များ တည်ဆောက်လွှတ်တင်ရေးလုပ်ငန်းအုပ်စု(အေအမ်စီ)တွင် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ဗီယက်နမ်ပါဝင်လာပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းအုပ်စုသည် အသေးစားဂြိုဟ်တုများအတွက် ဒီဇိုင်းပုံစံရေးဆွဲခြင်းနှင့် ထုတ်လုပ်ခြင်းတို့တွင် အာရှနိုင်ငံများနည်းပညာကျွမ်းကျင်မှုရရှိရန် ဖွဲ့စည်းထူထောင်ထားသောအဖွဲ့အစည်းတစ်ရပ်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ဂျပန်နိုင်ငံအခြေစိုက်အေအမ်စီ လုပ်ငန်းအုပ်စုတွင် ဗီယက်နမ်နိုင်ငံကို ကိုယ်စားပြု၍ ဗီယက်နမ်အာကာသဌာန ပါဝင်လာသည်။ ဗီယက်နမ်သိပ္ပံနှင့် နည်းပညာ အကယ်ဒမီအောက်ရှိ ယင်းဌာနသည် အေအမ်စီလုပ်ငန်းအုပ်စုတွင် ပါဝင်လာခြင်းဖြင့် ကျွမ်းကျင်သူပညာရှင်များ ပါဝင်သောကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန်ဖလှယ်နိုင်ခြင်း၊ အာကာသရေးရာ နှီးနှောဖလှယ်ပွဲများတွင် ပါဝင်တက်ရောက်နိုင်ခြင်းတို့ ရှိမည့်အပြင် ရေလွှမ်းမိုးခြင်း၊ တောမီးလောင်ခြင်း၊ ဓာတ်ငွေ့ထုတ်လွှတ်ခြင်း စသည့်သဘာဝဘေးအန္တရာယ်များအား ထိန်းချုပ်သည့်လုပ်ငန်းတွင် ဂြိုဟ်တုသတင်းအချက်အလက်များကို မျှဝေပေးခြင်း၊ မြေကမ္ဘာ လေ့လာရေးဆိုင်ရာ ဂြိုဟ်တုငယ်များအတွက် ဒီဇိုင်းပုံစံထုတ်ခြင်းနှင့် ထုတ်လုပ်ခြင်းတို့တွင် ပူးပေါင်းဆောင်ရွက်ခြင်းတို့ ပြုလုပ်နိုင်မည်ဆို၏။

အသေးစားဂြိုဟ်တုများဖြစ်သော ဂြိုဟ်တုငယ်များမှာ အလေးချိန် ကီလို ၅၀ မှ ၁၀၀ အထိသာလျှင် ရှိပြီး ထုတ်လုပ်မှု စရိတ်နည်းပါးခြင်းနှင့် ထုတ်လုပ်မှုကာလအရ အချိန်သက်သာခြင်းတို့ကြောင့် ဗီယက်နမ်ကဲ့သို့သော နိုင်ငံများက ထုတ်လုပ်နိုင်စွမ်း ရှိကြကြောင်း ဗီယက်နမ်အာကာသဌာနက ပြောကြားသည်။



ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ သုတေသန လုပ်ငန်း၊ သဘာဝဘေးအန္တရာယ် ထိန်းချုပ်ရေးလုပ်ငန်း၊ ရေလုပ်ငန်းနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတို့တွင် မြေကမ္ဘာလေ့လာရေး ဂြိုဟ်တုငယ်များကို အသုံးချနိုင်မည်ဖြစ်သည်။ ဗီယက်နမ်နိုင်ငံသည် ယနေ့ကာလအထိ ဆက်သွယ်ရေးဂြိုဟ်တုနှစ်လုံး၊ မြေကမ္ဘာ လေ့လာရေးဂြိုဟ်တုတစ်လုံးနှင့် အသေးစား ဂြိုဟ်တုတစ်လုံးတို့ကို လွှတ်တင်ထားသည်။

**အေအက်ဖ်ပီ**

# ဆက်ဒမ်ဟူစိန်ပြုတ်ကျမှု ၁၅ နှစ်ပြည့်မြောက်သည့်တိုင် အီရတ်ပြည်သူများ၏ မျှော်လင့်ချက် မှေးမှိန်နေဆဲဟုဆို

**ဘဂ္ဂဒက် မေ ၉**
အီရတ်နိုင်ငံ၌ အာဏာရှင်ဆက်ဒမ်ဟူစိန်အား ဖြုတ်ချနိုင်ရန် လွန်ခဲ့သည့် ၁၅ နှစ်က အမေရိကန် စစ်သည်များ မြို့တော် ဘဂ္ဂဒက်သို့ ဝင်ရောက်လာချိန်က မိမိမှာ အထူးပင်အားတက်မိခဲ့ပြီး မိမိတို့နိုင်ငံ၏တောက်ပသော အနာဂတ်ဘဝကို စိတ်ကူးဖြင့် ပုံဖော်ကြည့်မိကြောင်း၊ သို့ရာတွင် အမေရိကန်တပ်ဖွဲ့များ အီရတ်နိုင်ငံအတွင်းသို့ ဝင်ရောက်လာခဲ့ပြီးနောက်နှစ်များအရောက်တွင်မူ ယူကျုံးမရ အပူလုံးကြွစရာဖြစ်ရပ်များကို ကိုယ်တွေ့ကြုံဆုံခဲ့ရကြောင်း အဘူအလီဆိုသူ ဘဂ္ဂဒက်မြို့သားတစ်ဦးက ပြန်ပြောင်းပြောပြသည်။

အမေရိကန်တပ်ဖွဲ့များ ဝင်ရောက်လာခဲ့ပြီးနောက် နောက်ဆက်တွဲတွေ့ကြုံရသော ကသောင်းကနင်းအခြေအနေအတွင်း အလီ၏ သားတစ်ဦးမှာ လက်နက်ဘေးကြောင့် သေဆုံးခဲ့ရသည်။

အီရတ်စစ်ပွဲ၏ဒဏ်ရာဒဏ်ချက်များကို မိမိအပါအဝင်ပြည်သူများ ရင်နင့်စွာခံစားခဲ့ရကြောင်း အလီက သူ၏သားသုံးဦး၏ ရုပ်ပုံလွှာများပါရှိသော ဓာတ်ပုံများကို ကြည့်ရှုရင်း ဇာတ်ကြောင်းလှန်သည်။

၂၀၀၃ ခုနှစ်တွင် အမေရိကန်တပ်ဖွဲ့များ ဦးဆောင်သော နိုင်ငံတကာတပ်ဖွဲ့များက အီရတ်နိုင်ငံအတွင်းသို့ ကျူးကျော်ဝင်ရောက်လာခြင်းနှင့်အတူ ရာစုနှစ်၏လေးပုံတစ်ပုံခန့်မျှ သက်ဆိုးရှည်ခဲ့သော အာဏာရှင်စနစ်ကျဆုံးခဲ့သော်လည်း မိမိ၏နိုင်ငံသည် အကြမ်းဖက်မှုများ၊ မငြိမ်မသက်မှုများ၊ သွေးထွက်သံယိုမှုများ၊ ကသောင်းကနင်း အခြေအနေများကို တွေ့ကြုံခဲ့ရကြောင်း၊ ဘဂ္ဂဒက်ရှိ ကာရာဒါ ရပ်ကွက်၌ ကားဗုံးပေါက်ကွဲမှုအတွင်း မိမိ၏ အသက် ၁၈ နှစ်အရွယ်သားကြီးမှာ သေဆုံးခဲ့ရကြောင်း အလီက ငိုကြီးချက်မ ပြောကြားသည်။

နိုင်ငံတော်အဖွဲ့အစည်းများနှင့် ဆက်ဒမ်၏ တန်ခိုးဩဇာကြီးမားသော ဘတ်သ်ပါတီတို့ ပြိုလဲခဲ့သည်။ ပြည်ပ၌ ခိုလှုံနေခဲ့ကြသော အတိုက်အခံခေါင်းဆောင်များ ပြည်တော်ပြန်လာခဲ့ကြသည်။

အီရတ်၏ လုံခြုံရေးတပ်ဖွဲ့များပြိုကွဲသွားခြင်းကြောင့် ပေါ်ထွက်လာခဲ့သော ရပ်ရွာပြည်သူ့စစ်အဖွဲ့များ အချင်းချင်းအားပြိုင်မှုကြောင့် ဂိုဏ်းဂဏဆိုင်ရာ တင်းမာမှုများ၊ အမျိုးသားရေးအစွန်းရောက်မှုများ၊ အဂတိလိုက်စားမှုများဖြစ်ပေါ်ခဲ့ပြီး ကသောင်းကနင်း အခြေအနေက အတောမသတ်နိုင်အောင် ဆက်လက်ဖြစ်ပေါ်နေခဲ့ကြောင်း၊ အီရတ်ပြည်သူများ၏ မျှော်လင့်ချက်မှာ ယနေ့တိုင်အောင်ပင် မှေးမှိန်နေဆဲဖြစ်ကြောင်း ဆက်ဒမ်ဟူစိန်ပြုတ်ကျမှု ၁၅ နှစ်ပြည့်မြောက်သည့် နှစ်ပတ်လည်အခါသမယတွင် ပြည်သူများက ပြောကြားကြသည်။




**၂၀၀၃ ခုနှစ်က ကမ္ဘာတစ်ဝန်းတွင် အီရတ်စစ်ပွဲ ဆန့်ကျင်ရေး ဆန္ဒပြပွဲများ ပြုလုပ်ခဲ့ကြစဉ်။**

**အေအက်ဖ်ပီ**

## ဘင်္ဂလားဒေ့ရှ်တွင် ကျောင်းသားများဆန္ဒပြ လူ ၁၀၀ ကျော် ဒဏ်ရာရ

**ဒါကာ မေ ၉**
ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ထိပ်တန်းတက္ကသိုလ်ဖြစ်သည့် ဒါကာတက္ကသိုလ်တွင် ကျောင်းသားများ၏ ဆန္ဒပြပွဲအတွင်း ရဲတပ်ဖွဲ့က ဖြိုခွင်းရာမှ ထိခိုက်ဒဏ်ရာရသူ ၁၀၀ ထက်မနည်း ရှိခဲ့ပြီးနောက် နိုင်ငံတစ်ဝန်းလုံးတွင် မေ ၉ ရက်က ကျောင်းသားများ၏ ဆန္ဒပြမှုများ ဆက်လက်ဖြစ်ပွားခဲ့ကြောင်း ဒေသ ဆိုင်ရာ သတင်းဌာနများက မေ ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ဘင်္ဂလားဒေ့ရှ်အစိုးရက အစိုးရဌာနများ၌ အလုပ်လိုသူများအတွက် အခွင့်အလမ်းများကို ခွဲတမ်းချစနစ်ဖြင့် သတ်မှတ်ပေးခြင်းကြောင့် အခွင့်ထူးခံ အုပ်စုများကို မျက်နှာသာပေးမှုနှင့် ခွဲခြားဆက်ဆံမှုများ ရှိနေသည်ဟုဆိုကာ ဆန္ဒပြမှုများ ပြုလုပ်ခဲ့ရာတွင် ဒါကာတက္ကသိုလ် ကျောင်းသားများနှင့် ရဲတပ်ဖွဲ့ဝင်များအကြား အဓိကရုဏ်းများ ဖြစ်ပွားခဲ့ပြီး ဆန္ဒပြကျောင်းသားများအား ရဲတပ်ဖွဲ့က ရော်ဘာကျည်ဆန်များ၊ မျက်ရည်ယို ဗုံးများဖြင့် ပစ်ခတ်ကာ လူစုခွဲခဲ့ရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအား ဆယ်စုနှစ်တစ်ခုကြာ ဦးဆောင်အုပ်ချုပ်နေသည့် ဝန်ကြီးချုပ် ရှိတ်ဟာဆီနာမှာ ၎င်း၏ အစိုးရအဖွဲ့ သက်တမ်းအတွင်း အကြီးမားဆုံးသော ကျောင်းသားဆန္ဒပြပွဲနှင့် ရင်ဆိုင် တွေ့ကြုံရခြင်းဖြစ်သည်။

**ဆင်ဟွာ**

# ခို့စ်ပြည်နယ်ဖွံ့ဖြိုးရေးစီမံကိန်းများ အာဖဂန်နစ္စတန်သမ္မတ ဖွင့်လှစ်ပေး

**ခို့စ် မေ ၉**
အာဖဂန်နစ္စတန်သမ္မတ အာရှတ်ဖ်ဂါနီသည် မေ ၉ ရက်တွင် နိုင်ငံအရှေ့ပိုင်းရှိ ခို့စ်ပြည်နယ်အတွင်း ဖွံ့ဖြိုးရေးစီမံကိန်းကြီးများကို ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံပြည်သူများနှင့် အစိုးရတာဝန်ရှိသူများအားတွေ့ဆုံခဲ့ကြောင်း သမ္မတနန်းတော်က ထုတ်ပြန်ကြေညာသည်။

အာဖဂန်နစ္စတန်နိုင်ငံအတွင်းရှိ အခြားပြည်နယ်များနှင့် နှိုင်းယှဉ်ပါက ငြိမ်းချမ်းမှုရှိသော ခို့စ်ပြည်နယ်သို့ အာဖဂန်နစ္စတန်သမ္မတ ရောက်ရှိနေထိုင်စဉ်အတွင်း ယင်းပြည်နယ်ဖွံ့ဖြိုးရေးအတွက် ခို့စ်လေဆိပ် လေယာဉ်ပြေးလမ်းသစ်၊ ပြည်နယ်အတွင်းရှိ အိမ်ထောင်စုပေါင်း ၁၃၀၀၀ ကျော်တို့အတွက် လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် အခြေခံအဆောက်အအုံ လုပ်ငန်းစီမံကိန်းများ စတင်နိုင်ရန် ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း အာဖဂန်သမ္မတနန်းတော်က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

ပါကစ္စတန်နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် ခို့စ်ပြည်နယ်သို့ သွားရောက်သည့် ခရီးစဉ်အတွင်း သမ္မတဂါနီသည် ဘာသာရေးဆိုင်ရာပညာရှင်များ၊ လူမျိုးနွယ်စုခေါင်းဆောင်များ၊ ကျောင်းဆရာများ၊ ပြည်နယ်ကောင်စီဝင်များ၊ အမျိုးသမီးများ၊ လူငယ်လူရွယ်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များနှင့် ခရိုင်အုပ်ချုပ်ရေးမှူးများအား သီးခြားစီတွေ့ဆုံ ဆွေးနွေးမည်ဖြစ်သည်။




**ထောက်ပံ့**

သမ္မတ ဂါနီသည် ယခုလအစောပိုင်းကလည်း ခို့စ်ပြည်နယ်၏ အိမ်နီးချင်းပတ်တီယာ ပြည်နယ်တွင်တည်ဆောက်ခဲ့သော ၂၂၀ကေဗွီ လျှပ်စစ်ဓာတ်အားလိုင်းနှင့် ၂၂၀ ကေဗွီဓာတ်အားခွဲရုံသစ် ဖွင့်ပွဲသို့ တက်ရောက်ခဲ့သည်။ အဆိုပါဓာတ်အားလိုင်းသစ်နှင့် ဓာတ်အားခွဲရုံတို့သည် ဒေသခံပြည်သူထောင်ပေါင်းများစွာတို့အား လျှပ်စစ်ဓာတ်အား ထောက်ပံ့ပေးနိုင်မည်ဖြစ်သည်။

**အေအက်ဖ်ပီ**

# ရုပ်ရှင်ပညာအတတ်သင်တန်းကျောင်းနှင့် ရုပ်ရှင်စတူဒီယိုများ ပေါ်ပေါက်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၉**

မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်ရှင်ပညာ အတတ်သင်တန်းကျောင်းနှင့် ရုပ်ရှင်စတူဒီယိုများ ပေါ်ပေါက်ရေးဆောင်ရွက်နိုင်မည့် အစီအမံနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မြန်မာနိုင်ငံ၏ ပုံရိပ်ကို ရုပ်ရှင်အတတ်ပညာဖြင့် မြှင့်တင်ပေးနိုင်ရန်နှင့် မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရုပ်ရှင်ရိုက်ကူးရေး စတူဒီယိုနှင့် ရုပ်ရှင်အတတ်ပညာသင်တန်းကျောင်း ဖွင့်လှစ်နိုင်ရန် လိုအပ်လျက်ရှိပါကြောင်း၊ ရုပ်ရှင်လောကသားများအတွက် Outdoor ရိုက်ကူးရေးနှင့် Indoor ရိုက်ကူးရေး ဆောင်ရွက်နိုင်သည့်နေရာအား နေပြည်တော်တွင် ဆောင်ရွက်စေလိုကြောင်း။

ရုပ်ရှင်ပညာအတတ်သင်တန်းကျောင်းနှင့် ရုပ်ရှင်စတူဒီယိုများ ပေါ်ပေါက်ရေးကို အခြေခံကာ မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပါဝင်ကူညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေး တက်ရောက်လာကြသူများကလည်း မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးပေးစေလိုပါကြောင်းနှင့် ထပ်မံတွေ့ဆုံညှိနှိုင်းသည့် အစည်းအဝေးများကို ရန်ကုန်တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးသည်။**(ယာပုံ)**

ထို့နောက် အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေတိုနှင့် ရေရှည်ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ ရုပ်ရှင်စတူဒီယိုအပိုင်းတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အားနည်းနေသည့်အတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရမည့် ကိစ္စရပ်များ၊ နေပြည်တော်၌ ရုပ်ရှင်စတူဒီယို တည်ဆောက်ရာတွင် လိုအပ်ချက်ရှိနေသည့်အခန်းကဏ္ဍများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲအနေဖြင့် မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးကြသည်။



ယင်းနောက် မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်ရှင်ပညာအတတ်သင်တန်းကျောင်းနှင့် ရုပ်ရှင်စတူဒီယိုများ ပေါ်ပေါက်ရေး ဆောင်ရွက်နိုင်မည့် အစီအမံများနှင့်စပ်လျဉ်း၍ Forever Group Co.,Ltdမှ CEO ဦးဝင်းမော်နှင့် ရွှေသံလွင် မီဒီယာကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ဝင်းတို့က ဝိုင်းဝန်းဆွေးနွေးကြသည်။

ထို့နောက် ဆွေးနွေးတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးသည်။

**သတင်းစဉ်**

# ထိုင်းနိုင်ငံ၌ မော်တော်ယာဉ်မတော်တဆမှုကြောင့် မီးလောင်သေဆုံးခဲ့သည့် အလုပ်သမား ၂၀ နှင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူ သုံးဦးတို့အတွက် ကရုဏာကြေးပေးအပ်

**နေပြည်တော် မေ ၉**

ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ Stars Pioneer Co., Ltd ၏ အစီအစဉ်ဖြင့် ထိုင်းနိုင်ငံရှိ Tomy(Thailand) Company လုပ်ငန်းခွင်သို့ သွားရောက်စဉ် မတ် ၃၀ ရက်က မဲဆောက်မြို့အလွန် တောင်ပေါ်အဆင်းလမ်းတွင် မော်တော်ယာဉ် မီးလောင်ကျွမ်းခဲ့သဖြင့် မော်တော်ယာဉ်ပါ အလုပ်သမား ၂၀ မီးလောင်သေဆုံးခဲ့ပြီး သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ကရုဏာကြေးပေးအပ်ပွဲအခမ်းအနားကို မေ ၉ ရက်က အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရုံးအမှတ် (၅၁) နေပြည်တော်၌ ကျင်းပရာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သေဆုံးသူအလုပ်သမားများ၏ မိသားစုဝင်များ၊ မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အလုပ်သမားများယာဉ်မတော်တဆမှုဖြင့် သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာ ရရှိခဲ့မှုများအတွက် အလုပ်သမားများ၏ မိသားစုဝင်များနှင့်ထပ်တူဝမ်းနည်းပါကြောင်း၊ အလုပ်သမားများသည် မြန်မာ-ထိုင်း နှစ်နိုင်ငံ လက်မှတ်ရေးထိုးထားသည့် MoU စနစ်ဖြင့် တရားဝင်သွားရောက်လုပ်ကိုင်သည့် အလုပ်သမားများဖြစ်ကြောင်း၊ ဖြစ်စဉ်ဖြစ်ပွားချိန်ကပင် ထိုင်းနိုင်ငံရှိ အလုပ်သမားသံအရာရှိများက ဖြစ်စဉ်ဖြစ်ပွားသည့်နေရာသို့ သွားရောက်ကာ သေဆုံးသူ အလုပ်သမားများနှင့် ထိခိုက်ဒဏ်ရာရရှိသည့် အလုပ်သမားများအတွက် ဆောင်ရွက်ရန်ရှိသည့် ကိစ္စအဝဝကို ထိုင်းနိုင်ငံရှိ တာဝန်ရှိသူများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ် မေ ၄ ရက်တွင် ထိုင်းနိုင်ငံရှိ အလုပ်သမားသံအရာရှိများသည် ဆက်စပ်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့်အတူ မြဝတီမြို့မှ သံဃာတော်များကို ပင့်ဖိတ်၍ ပရိတ်တရားနာခြင်း၊ အမိန့်ပြန်တမ်း ဖတ်ကြားခြင်း၊ သေဆုံးသူများ၏ DNA စစ်ဆေးနိုင်ရေးတို့ကို ထိုင်းနိုင်ငံရှိ သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း၊ အလုပ်သမားများကို စေလွှတ်ခဲ့သည့် Stars Pioneer Co.,Ltd က သေဆုံးသူ အလုပ်သမား တစ်ဦးစီအတွက် ငွေကျပ် ၁၀ သိန်းစီနှင့် Migrant Workers Rights Network၊ အန္တိုင်းမဲ့နာရေးကူညီမှုအသင်းနှင့် မဟာကရုဏာစာကြည့်တိုက်တို့မှ တစ်ဦးလျှင် ငွေကျပ် ၆၉၀၀၀ စီ ပေးအပ်ခဲ့ကြောင်း၊ သေဆုံးသူ အလုပ်သမားများအတွက် လျော်ကြေးငွေရရှိရေး ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နောင်တွင် ယခုကဲ့သို့ ဝမ်းနည်းဖွယ်အဖြစ်ဆိုးမျိုး ရှောင်ရှားနိုင်ရေး အလုပ်သမားများ ခေါ်ယူရာတွင် လုံခြုံမှုရှိသော မော်တော်ယာဉ်များအသုံးပြုရန် ထိုင်းနိုင်ငံမှ တာဝန်ရှိသူများ၊ ကုမ္ပဏီများနှင့် ညှိနှိုင်းအကြောင်းကြားထားကြောင်း ပြောကြားသည်။

သေဆုံးသူများနှင့် ထိခိုက်ဒဏ်ရာရရှိသည့် အလုပ်သမားများအတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ငွေကျပ်



၈၈၁၅၀၀၀၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ငွေကျပ် ၆၃ သိန်းနှင့် မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်မှ ငွေကျပ် ၈၂၅၀၀၀၀ တို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဒက္ခိဏသီရိမြို့နယ်နှင့် ဇမ္ဗူသီရိမြို့နယ် တောင်သူ ၁၉ ဦးအား လယ်ယာမြေနစ်နာမှု ထောက်ပံ့ကြေးပေးအပ်

**နေပြည်တော် မေ ၉**

နေပြည်တော် ဒက္ခိဏခရိုင် ဒက္ခိဏသီရိမြို့နယ် မြန်မာစည်းလုံးဟိုတယ်တောင်ဘက် ရာဇသင်္ဂဟလမ်းနှင့် ဟိုတယ်ပတ်လမ်းသို့ ဆက်သွယ်သော ကွန်ကရစ်လမ်းတွင် ပါဝင်သွားသည့် တောင်သူသုံးဦး၏ လယ်မြေများနှင့် ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက် အရာထမ်း၊ အမှုထမ်းအိမ်ရာများ ဆောက်လုပ်မည့် မြေနေရာများ၌ ပါဝင်သွားသော တောင်သူ ၁၆ ဦးတို့၏ မြေများအတွက် နစ်နာမှု ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် စည်ပင်သာယာရေးကော်မတီရှိ မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က ထောက်ပံ့ကြေးပေးအပ်မှုနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး နေပြည်တော် စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ဌာနမှူး ဦးစိုးနိုင်က နစ်နာမှုထောက်ပံ့ကြေးငွေများ ထုတ်ပေးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ကော်မတီဝင်များနှင့် အမြဲတမ်းအတွင်းဝန်တို့က တောင်သူများအား နစ်နာမှု ထောက်ပံ့ကြေးငွေများ ပေးအပ်ကြသည်။

အခမ်းအနားတွင် နေပြည်တော် ဒက္ခိဏခရိုင် ဒက္ခိဏသီရိမြို့နယ် မြန်မာစည်းလုံးဟိုတယ်တောင်ဘက် ရာဇသင်္ဂဟလမ်းနှင့် ဟိုတယ်ပတ်လမ်းသို့ ဆက်သွယ်သော ကွန်ကရစ်လမ်းတွင် ပါဝင်သွားသည့် တောင်သူသုံးဦး၏ လယ်မြေများနှင့် ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက် အရာထမ်း၊ အမှုထမ်းအိမ်ရာများ ဆောက်လုပ်မည့် မြေနေရာများ၌ ပါဝင်သွားသော တောင်သူ ၁၆ ဦးတို့၏ မြေ ၄၈ ဒသမ ၇၈ ဧကအတွက် နစ်နာမှုထောက်ပံ့ကြေး ငွေကျပ် ၅၀၇ ဒသမ ၁ သိန်းအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြင်းရိုင်းကိုစီး လိုရာခရီးရောက်ကြစေချင်

နေဘုန်းလတ်

**Facebook အစ Facemash က**

ဖေ့စ်ဘွတ်ဆိုတာကို မြန်မာလို တိုက်ရိုက်ဘာသာပြန်ရရင်တော့ မျက်နှာစာအုပ်ပေ့ါ။ ကိုယ်တို့အားလုံးရဲ့ အချိန်တွေ၊ ငွေတွေ၊ စိတ်အာရုံတွေကို သိမ်းကျုံးယူငင်ထားတဲ့ မျက်နှာစာအုပ်ကြီးရဲ့ ပွဲကိုင်ရှင် မက်ဇူကာဘတ်ရဲ့ နောက်ကြောင်း ရာဇဝင်ကိုလေ့လာကြည့်တဲ့အခါ အခုလိုတွေ့ရပါတယ်။ သူ့ကို မေလ ၁၄ ရက်နေ့ ၁၉၈၄ ခုနှစ်မှာ မွေးဖွားခဲ့တယ်။ ဟားဗတ်တက္ကသိုလ်မှာ ကွန်ပျူတာသိပ္ပံဘာသာရပ်ကို လေ့လာသင်ယူခဲ့တယ်။ ဖေ့စ်ဘွတ်ကိုတော့ သူ့အသက် ၂၀၊ ၂၀၀၄ ခုနှစ်မှာ စတင်စမ်းသပ်သုံးစွဲခဲ့တယ်လို့ သိရတယ်။ ဖေ့စ်ဘွတ်ကို မက်ဇူကာဘက် စတင်ဖန်တီးသုံးစွဲခဲ့တဲ့ အကြောင်းတွေကို ဖတ်ရတော့ စိတ်ထဲကို တန်းခနဲရောက်လာတာက ကိုယ်တို့တွေ တက္ကသိုလ်တွေမှာ နှစ်ကုန်ခါနီးတိုင်း ထုတ်ဝေဖြစ်ကြတဲ့ Year Book ဆိုတဲ့စာအုပ်ကလေးပါပဲ။ အဲဒီစာအုပ်ထဲမှာ ကျောင်းသား ကျောင်းသူတွေ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန်ဆက်သွယ်နိုင်ကြအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဓာတ်ပုံလေးတစ်ပုံနဲ့ အမည်၊ နေရပ်၊ ဖုန်းနံပါတ် စတဲ့အချက်အလက်လေးတွေ ပါတာကို အားလုံးမှတ်မိကြမယ်ထင်ပါတယ်။ တကယ်တမ်းကျတော့ ဖေ့စ်ဘွတ်မဖြစ်ခင် မက်ဇူကာဘတ် စတင်ရေးဆွဲခဲ့တဲ့ ပရိုဂရမ်လေးက Year book ဆိုတာထက်ပိုပြီး စိတ်ဝင်စားဖို့ကောင်းပါတယ်။ ဇူကာဘတ် စတင်ခဲ့တဲ့ ပရိုဂရမ်လေးရဲ့နာမည်က "Facemash" ပါ။ သုံးစွဲသူတွေက ကိုယ့်ဓာတ်ပုံကိုယ်တင်ပြီး အခြားသူတွေက ဓာတ်ပုံတွေကိုယှဉ်ကြည့်ပြီးတဲ့အခါ ဘယ်သူက ပိုမိုက်သလဲ(who is hotter)ဆိုတာကို မဲပေးလို့ရတဲ့ ပရိုဂရမ်မျိုးပါ။ ဓာတ်ပုံတွေကို ရိုးရိုးချည်းပြထားတာမျိုးမဟုတ်ဘဲ ယှဉ်ပြိုင်မှုအသွင်ဆောင်ခဲ့တာကြောင့် လူစိတ်ဝင်စားမှုတော်တော်လေး ရခဲ့ပါတယ်။ ပထမဆုံးအနေနဲ့ သူတက်တဲ့ကျောင်းခန်းလေးထဲက လူအနည်းငယ်လောက်သုံးဖို့ စတင်ခဲ့ရာကနေ တဖြည်းဖြည်းကျယ်ပြန့်လာပြီး အခုဆိုရင် ကမ္ဘာတစ်ဝန်းလုံးမှာ ဖေ့စ်ဘွတ်သုံးစွဲသူဦးရေဟာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှာ ၂ ဒသမ ၂ ဘီလီယံ (သန်း ၂၂၀၀)ဝန်းကျင်ရှိနေပြီဖြစ်ပြီး တစ်စက္ကန့်ကို Profile အသစ် ငါးခုစီလောက် တိုးနေတယ်လို့လည်း သိရပါတယ်။

**ချင့်ယုံ(Don't believe whatever you see)**

ကျွန်တော်တို့မြန်မာနိုင်ငံမှာလည်း ဖေ့စ်ဘွတ်သုံးစွဲသူဦးရေဟာ ၁၅ သန်းခန့်ရှိနေပြီဖြစ်ပြီး ဆက်လက်ပြီးလည်း တိုးတက်လျက်ရှိနေတာကို တွေ့ရပါတယ်။ အဲဒီလို ဖေ့စ်ဘွတ်သုံးစွဲသူ လူဦးရေများပြားလာတာနဲ့အမျှ နည်းပညာရဲ့ သဘောသဘာဝတွေကို သေသေချာချာ နားလည်သဘောပေါက်ခြင်းမရှိသေးတဲ့ သုံးစွဲသူတွေဟာ လူမှုကွန်ရက်ကပေးတဲ့ ကောင်းကျိုးတွေကို စံစားရခြင်းထက် ဆိုးကျိုးတွေကိုခံစားရတာတွေ ပိုများလာတာကို တွေ့ရပါတယ်။ အထူးသဖြင့် အတုအယောင်တွေကို အစစ်အမှန်ထင် ယုံမှတ်တုံ့ပြန်ကြတဲ့ ကိစ္စပါ။ လေ့လာဆန်းစစ်ချက်တွေအရ အထက်မှာပြောခဲ့တဲ့ ၂ ဒသမ ၂ ဘီလီယံကျော်တဲ့ သုံးစွဲသူတွေထဲမှာ Profile အတုနဲ့သုံးစွဲသူ ၈၃ သန်းခန့်ရှိတယ်လို့ သိရပါတယ်။ တစ်နေ့တစ်နေ့ကို ဓာတ်ပုံပေါင်း သန်း ၃၀၀ လောက် တင်နေကြတယ်လို့လည်း ဆိုပြန်ပါတယ်။ အဲဒီ တစ်နေ့တစ်နေ့တက်နေတဲ့ ဓာတ်ပုံ သန်း ၃၀၀ ကျော်ထဲမှာ အစစ်ဘယ်နှပုံ၊ အတုဘယ်နှပုံဆိုတာကိုတော့ စစ်တမ်းကောက်ထားတာ မတွေ့မိပါဘူး။ ဒါပေမဲ့ နည်းပညာတွေ ဖွံ့ဖြိုးတိုးတက်လာတဲ့ခေတ်မှာ ဖေ့စ်ဘွတ်ဆိုတဲ့ လူမှုကွန်ရက်စာမျက်နှာကို သုံးပြီး Profile အတုတွေ၊ သတင်းအတုတွေ၊ ဓာတ်ပုံအတုတွေကို ရည်ရွယ်ချက်အမျိုးမျိုးနဲ့ အလုံးအရင်းဖြန့်ချိလာတာတွေ များပြားလာနေတာကတော့ အသေအချာပါပဲ။ ဖွံ့ဖြိုးတိုးတက်လာတဲ့ နည်းပညာတွေက အတုတွေကို အစစ်နဲ့ခွဲခြားရခက်လာအောင် ဖန်တီးပေးပါတယ်။ အဲဒီလို အတု၊ အစစ်ခွဲခြားရခက်စွာ ရောထွေးလာခြင်းနဲ့ ကျွန်တော်တို့ရဲ့ အယုံလွယ်တဲ့စိတ်၊ နည်းပညာဆိုင်ရာသိမှု အားနည်းခြင်းတို့ ပေါင်းစပ်မိသွားတဲ့အခါ မလိုလားအပ်တဲ့ဆိုးကျိုးတွေ ပေါ်ပေါက်လာပါတော့တယ်။ ဒါကြောင့် ဖေ့စ်ဘွတ်သုံးစွဲသူတွေအနေနဲ့ အထူးသတိထားကြဖို့က ဖေ့စ်ဘွတ်ပေါ်မှာ မြင်သမျှ၊ တွေ့သမျှ အရာရာကို ချင့်ချိန်စဉ်းစားကြပြီးမှ ယုံကြဖို့ပါ။ ကိုယ့်ရဲ့ ဆင်ခြင်တုံတရားကို အသုံးပြုရမှာဖြစ်သလို ပုံအတုလား၊ အစစ်လားဆိုတာကို ခွဲခြားနိုင်တဲ့ Google Reverse Search, Tineye.com စတဲ့ နည်းပညာတွေကိုလည်း အသုံးပြုဆန်းစစ်လို့ရပါတယ်။ သတင်းတစ်ခုဟာ မှန်ကန်သော သတင်းရင်းမြစ်ကလာတာလား၊ သတင်းရင်းမြစ်ခိုင်မာမှုရှိ မရှိကို ဘယ်လိုဆန်းစစ်မလဲ၊ သတင်းတစ်ခုကို ထပ်မဖြန့်ခင်မှာ တကယ်မှန်၊ မမှန် ဘယ်လို Confirm လုပ်မလဲ စတဲ့ တစ်ချိန်တစ်ခါတုန်းက သတင်းသမားတွေသာ သိဖို့လိုအပ်တဲ့ သတင်းအတုအစစ်ခွဲခြားနည်းအခြေခံတွေကိုပါ ဖေ့စ်ဘွတ်သုံးစွဲသူတွေ သိသင့်လာပြီလို့တောင် ယူဆမိပါတယ်။

**ကြည့်ရှု(Think before you share)**

Facebooker တော်တော်များများဟာ ပုံတစ်ပုံဖြစ်ဖြစ်၊ စာတစ်ပုဒ်ဖြစ်ဖြစ် မြင်လိုက်တဲ့အခါ ဟုတ်သလား၊ မှန်သလားဆိုတာကို ဆန်းစစ်ဖို့ဆိုတာထက် အဲဒီပုံ၊ အဲဒီစာကို တွေ့မြင်ဖတ်ရှုလိုက်ပြီးတဲ့နောက်မှာ ဖြစ်လာတဲ့ခံစားချက်တစ်ခုအပေါ်ကိုလိုက်ပြီး ချက်ချင်းတုံ့ပြန်လေ့ရှိကြပါတယ်။ ဘာမှမခံစားရဘူးဆိုရင် ကျော်လိုက်မယ်၊ တစ်ခုခုခံစားလိုက်ရတယ်ဆိုရင် Like(ကြိုက်တယ်)၊ Love(ချစ်တယ်)၊ Ha Ha(ဟဟပဲရမယ်)၊ Wow(အံ့သြတယ်)၊ Sad (ဝမ်းနည်းတယ်)၊ Angry(စိတ်ဆိုးတယ်)စသဖြင့် ခံစားချက်လေးတွေကို ကလစ်တစ်ချက်နဲ့တုံ့ပြန်မယ်၊ ဒေါသအရမ်းထွက်တယ်ဆိုရင် အဲဒီဒေါသကို အရင်းတည်ပြီး Comment ဝင်ရေးမယ်၊ ကြိုက်မိပြီဆိုရင် Share ဆိုတာလေးကိုနှိပ်ပြီး ထပ်ဆင့်ဖြန့်ဝေလိုက်မယ်။ အဲဒီလို အဲဒီလိုနဲ့ ကိုယ်တို့တွေ တစ်နေ့တစ်နေ့ ကလစ်တွေဘယ်နှချက်နှိပ်ခဲ့ကြသလဲ၊ ဖုန်းမျက်နှာပြင်ကို ဘယ်နှကြိမ်တို့ထိခဲ့ကြသလဲ။ ဖေ့စ်ဘွတ်ရဲ့ မေလ ၂၀၁၃ စမ်းစစ်ချက်အရ ဖေ့စ်ဘွတ်သုံးစွဲသူတွေဟာ တစ်နေ့ကို စတေးတပ် ၄ ဒသမ ၇၅ ဘီလီယံ Share ထပ်ဆင့်ဖြန့်ဝေနေကြတယ်လို့ ဆိုပါတယ်။ ဖေ့စ်ဘွတ်ပေါ်က Share ဆိုတဲ့ခလုတ်လေးဟာ အပြင်မှာ စာအုပ်တစ်အုပ်ကို မျှဝေဖတ်ကြတာထက် ပိုမိုထိရောက် မြန်ဆန်တယ်ဆိုတာကို ကိုယ်တို့သိကြပါရဲ့လား။ တစ်စုံတစ်ခုကို ကြိုက်လို့ ကိုယ်က ထပ်ဆင့်ဖြန့်ချိလိုက်ပြီဆိုရင် အဲဒီ ကလစ်တစ်ချက်ရဲ့နောက်မှာ အဲဒီ တစ်စုံတစ်ခုဟာ လူထောင်ပေါင်းများစွာဆီ ပျံ့နှံ့သွားပါပြီ။ ထပ်ထပ်မြင်လိုက်ရတဲ့သူတွေက ထပ်ထပ်ဖြန့်ကြပြီဆိုရင် ပျံ့နှံ့မှုဟာ ထောင်ပေါင်းများစွာကနေ သောင်းပေါင်းများစွာ၊ သိန်းပေါင်းများစွာအထိကို မိနစ်ပိုင်းအတွင်းမှာ ဖြစ်သွားနိုင်တဲ့ အလားအလာရှိနေပါတယ်။ ဒါကြောင့် ကိုယ်နှိပ်လိုက်တဲ့ Share ခလုတ်တစ်ချက်ဟာ မူလအကြောင်းအရာ မှားရင်လည်း မှားသလောက်၊ မှန်ရင်လည်း မှန်သလောက်၊ ကောင်းရင်လည်း ကောင်းသလောက်၊ ဆိုးရင်လည်း ဆိုးသလောက် သက်ရောက်မှုများစွာရှိနေတယ်ဆိုတာကို ကျွန်တော်တို့ နားလည်ထားဖို့လိုပါမယ်။ ဒါကြောင့် Share ဆိုတဲ့ ခလုတ်တစ်ခုတည်းမှ မဟုတ်ပါဘူး၊ ဘယ်လိုတုံ့ပြန်မှုမျိုးကိုမှ မလုပ်ခင်၊ ကလစ်တစ်ချက်မနှိပ်ခင်၊ ဖုန်းမျက်နှာပြင်လေးကို မတို့ထိခင်တိုင်းမှာ အချိန်လေးခဏဖြစ်ဖြစ်ပေးပြီး ဖြစ်လာနိုင်တဲ့ အကျိုးဆက်ကို တွေးခေါ်မြင်ကြည့်ကြစေချင်တာပါ။

**ချိန်ပြော(Use your brain before you post)**

အပြင်မှာဆိုရင်တော့ စကားပြောတယ်ပေ့ါ။ ဖေ့စ်ဘွတ်ပေါ်မှာကျတော့ Status တင်တယ်၊ Post တင်တယ်၊ Comment ရေးတယ်ပေ့ါ။ ဖေ့စ်ဘွတ်ကြီးက What's on your mind? ဆိုပြီးမေးထားလေတော့ တော်တော်များများက စိတ်ထဲရှိရာတွေကို ဒီအတိုင်းပဲ ချရေးလိုက်ကြတာပါပဲ။ ဒါပေမဲ့ ကိုယ်တို့အားလုံးမေ့နေတာက စိတ်ထဲရှိရာကိုချရေးပြီး Post ဆိုတဲ့ ခလုတ်ကလေးကို မနှိပ်ခင်မှာ ဘေးနားမှာရှိတဲ့ Who should see this? ဘယ်သူတွေဒါကို မြင်သင့်သလဲဆိုတဲ့ နေရာလေးကို တစ်ချက်ကြည့်ဖို့ပါ။ အဲဒီနေရာမှာ Public- ဖေ့စ်ဘွတ်အသုံးပြုသူအားလုံးကို ပေးသိမှာလား၊ Friends- ကိုယ့်မိတ်ဆွေအဖြစ် လက်ခံထားတဲ့သူတွေချည်းပဲလား၊ Only me- ကိုယ်တစ်ယောက်တည်းသိဖို့လား စသဖြင့် ရွေးချယ်လို့ရပါတယ်။ ဒါပေမဲ့ တော်တော်များများကတော့ အဲဒီနေရာကို သေချာမကြည့်ဘဲ အရာရာကို Public လုပ်လိုက်ကြတာပါပဲ။ တကယ်တမ်းကျတော့ စိတ်ထဲရှိသမျှအရာရာကို အားလုံးမြင်အောင် Public လုပ်သင့်ရဲ့လား ကိုယ်တို့စဉ်းစားကြရပါမယ်။ ကိုယ့်မှာဆိုရင် အကျင့်တစ်ခုရှိပါတယ်။ တစ်ခါတလေ စိတ်အရမ်းညစ်နေတဲ့အချိန်၊ ဒေါသထွက်နေတဲ့အချိန်တွေမှာ တစ်ခုခုရေးချင်ပြီဆိုရင် ပထမဆုံးအနေနဲ့ Only me ပဲ တင်ထားလေ့ရှိပါတယ်။ နောက်တစ်နေ့ စိတ်နည်းနည်းပြန်ကောင်းလာမှ ပြန်ကြည့်ပြီး လိုအပ်မှ Public သို့မဟုတ် Friends only နဲ့ ပြန်တင်ပါတယ်။ ကိုယ့်မှာ ဘယ်သူမှမမြင်ရတဲ့ Only me နဲ့တင်ထားသော ပို့စ်များစွာရှိပါတယ်။ လွတ်လပ်ပွင့်လင်းလာတဲ့ခေတ်မှာ Private(ကိုယ်ပိုင်) နဲ့ Public(အများပိုင်)ရောထွေးလာခြင်းဟာ မလိုလားအပ်တဲ့ ပြဿနာတွေကို ဖြစ်စေနိုင်တယ်ဆိုတာကို သတိပြုမိကြဖို့ပါ။ ဒါကြောင့် တစ်စုံတစ်ခုကို တင်တော့မယ်ဆိုရင် မတင်ခင်မှာ ဘယ်သူတွေကို ပေးသိမှာလဲဆိုတဲ့ ကိစ္စကို ချိန်ဆကြသင့်ပါတယ်။ Friends Only တင်တဲ့အခါမှာလည်း ယုံကြည်စိတ်ချရဖို့ အစကတည်းက ကိုယ့်ကို Friend လာ add သမျှကို နာမည်လေးလှတိုင်း၊ ပုံလေးလှတိုင်း လက်မခံဘဲ ကိုယ်တကယ် မိတ်ဆွေအဖြစ်ပေါင်းသင်းလို့ရနိုင်တဲ့သူမျိုးတွေကို လက်ခံထားဖို့၊ မိတ်ဖွဲ့ထားဖို့ လိုပါလိမ့်မယ်။ ဒီနေရာမှာ အကြံပြုလိုတာက တစ်ယောက်ယောက်က ကိုယ့်ကို Friend Request လုပ်ပြီဆိုရင် ချက်ချင်းလက်မခံသေးဘဲ ပထမဆုံးအနေနဲ့ သူဘယ်လိုလူလဲဆိုတာသိရအောင် သူ့ရဲ့ Wall ကို ခဏလောက်ဖြစ်ဖြစ် သွားလေ့လာသင့်ပါတယ်။ account တစ်ခုခုကို တိုက်ခိုက်ချင်ပြီဆိုရင် အကောင့်အသစ်တွေဖွင့်ပြီး ဝိုင်း add ကြလေ့ရှိပါတယ်။ အဲဒီလိုပဲ ဘာမှမရေးဘဲ မကောင်းတာလုပ်ဖို့အတွက်သက်သက် ဖွင့်ထားတဲ့အကောင့်တွေလည်း ရှိပါတယ်။ ဒါကြောင့် အကောင့်ဖွင့်ထားတာမကြာသေးတဲ့သူတွေ၊ ဘာပို့စ်မှမတင်တဲ့သူတွေလာ add ပြီဆိုရင် သတိထားပြီးမှ လက်ခံသင့်ပါတယ်။ ဒုတိယအနေနဲ့တော့ သူနဲ့ ကိုယ်နဲ့ကြားမှာ နှစ်ယောက်လုံးနဲ့သိတဲ့မိတ်ဆွေ(Mutual Friend) ဘယ်နှယောက်ရှိသလဲဆိုတာကိုကြည့်ပြီး ဖြစ်နိုင်ရင် ကိုယ့်ကိုလာ add တဲ့သူဟာ အစစ်အမှန်ဟုတ်၊ မဟုတ်ကို Mutual friend တစ်ယောက်ယောက်ကနေတစ်ဆင့် မေးကြည့်တာမျိုးလည်း လုပ်သင့်ပါတယ်။ ကိုယ့်ရဲ့ Friend list ကို အမှန်တကယ် စစ်မှန်သောမိတ်ဆွေစာရင်းဖြစ်ဖို့ အခါအခွင့်သင့်တိုင်း စစ်ဆေးပြီး အန်(Un) သင့်တဲ့သူကိုအန်၊ ဘလော့သင့်တဲ့သူကို ဘလော့တာမျိုးတွေလည်း အခါအားလျော်စွာ လုပ်သင့်ပါတယ်။

နည်းပညာဟာ မြင်းရိုင်းတစ်ကောင်နဲ့တူပါတယ်။ သူ့ရဲ့သဘောသဘာဝကိုနားလည်ပြီး ထိန်းကျောင်းစီးနင်းနိုင်မယ်ဆိုရင် ကိုယ့်ရဲ့လိုရာခရီးကို မြန်မြန်ဆန်ဆန်နဲ့ရောက်နိုင်ဖို့ အားအင်တွေပေးပါလိမ့်မယ်။ သူ့အထာကို မနပ်ဘဲ အလျင်စလိုနဲ့ တက်စီးမယ်ဆိုရင်တော့ မြင်းရိုင်းပေါ်ကပြုတ်ကျရုံမက မြင်းရိုင်းကန်တာခံရပြီး ဆိုးကျိုးတွေဖြစ်လာနိုင်ပါတယ်။ မြန်မာနိုင်ငံက Facebooker တွေ နည်းပညာတည်းဟူသောမြင်းရိုင်းရဲ့ သဘောသဘာဝကို နားလည်ပြီး လိုရာခရီးအတွက် အကောင်းဆုံး ထိန်းကျောင်းမောင်းနှင်နိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။ ။

**Credit: https://www.facebook.com/blogger.nayphonelatt**

● ဖေ့စ်ဘွတ်သုံးစွဲသူတွေအနေနဲ့ အထူးသတိထားကြဖို့က ဖေ့စ်ဘွတ်ပေါ်မှာ မြင်သမျှ၊ တွေ့သမျှ အရာရာကို ချင့်ချိန်စဉ်းစားကြပြီးမှ ယုံကြဖို့ပါ။ ကိုယ့်ရဲ့ ဆင်ခြင်တုံတရားကို အသုံးပြုရမှာဖြစ်သလို ပုံအတုလား၊ အစစ်လား ဆိုတာကို ခွဲခြားနိုင်တဲ့ Google Reverse Search, Tineye.com စတဲ့ နည်းပညာတွေကိုလည်း အသုံးပြုဆန်းစစ်လို့ရပါတယ်။

● ဖေ့စ်ဘွတ်သုံးစွဲသူ လူဦးရေများပြားလာတာနဲ့အမျှ နည်းပညာရဲ့ သဘောသဘာဝတွေကို သေသေချာချာ နားလည်သဘောပေါက်ခြင်းမရှိသေးတဲ့ သုံးစွဲသူတွေဟာ လူမှုကွန်ရက်ကပေးတဲ့ ကောင်းကျိုးတွေကို စံစားရခြင်းထက် ဆိုးကျိုးတွေကိုခံစားရတာတွေ ပိုများလာတာကို တွေ့ရပါတယ်။ အထူးသဖြင့် အတုအယောင်တွေကို အစစ်အမှန်ထင် ယုံမှတ်တုံ့ပြန်ကြတဲ့ ကိစ္စပါ။ လေ့လာဆန်းစစ်ချက်တွေအရ အထက်မှာပြောခဲ့တဲ့ ၂ ဒသမ ၂ ဘီလီယံကျော်တဲ့ သုံးစွဲသူတွေထဲမှာ Profile အတုနဲ့ သုံးစွဲသူ ၈၃ သန်းခန့်ရှိတယ်လို့ သိရပါတယ်။ တစ်နေ့တစ်နေ့ကို ဓာတ်ပုံပေါင်း သန်း ၃၀၀ လောက် တင်နေကြတယ်လို့လည်း ဆိုပြန်ပါတယ်။

# မြန်မာ့ရိုးရာယဉ်ကျေးမှု သင်္ကြန်ဆိုတာ

## ■ မနသဿကျော်ဝင်း(အမျိုးသားစာပေဆုရ)

"လွန်ခဲ့တဲ့ ငါးနှစ်လောက်တုန်းက ကျွန်တော်မြန်မာပြည်ကို ရောက်ဖူးတယ်။ ဒီကနေ့အထိ မမေ့နိုင်တာကတော့ သင်္ကြန်လို့ခေါ်တဲ့ ခင်ဗျားတို့ရဲ့ နှစ်သစ်ကူးရေကစားပွဲတော်ပါပဲ။ ဘာကြောင့်လဲဆိုတော့ စိတ်ထဲမှာ အတော်လေး ကသိကအောက်ဖြစ်ခဲ့ရတာကိုး။ အရက်မူးနေတဲ့ လူငယ်တစ်စုက ကျွန်တော့်ကို လမ်းမှာ လိုက်နှောင့်ယှက်ကြတယ်။ ပွတ်နဲ့တစ်မျိုး၊ ဖလားတွေနဲ့တစ်ဖုံ ရေလောင်းရုံတင်မကဘူး၊ ပါးစပ်ကလည်း မျိုးစုံအောင် ပြောကြတယ်။ အဆိုးဆုံးကတော့ ခွက်စောင်းခုတ်ပြီး ရေပက်ကြတဲ့ကိစ္စပါပဲ။ အသားတွေစပ်ပြီး တအားနာတယ်။ အမျိုးမျိုးတောင်းပန်တာကို လက်မခံဘဲ ရန်စကားပြန်ပြောတယ်။ ပလက်ဖောင်းပေါ်က လျှောက်ပြန်တော့ တိုက်ခန်းတွေ ပေါ်က ရေပူဖောင်းတွေနဲ့ ပစ်ချတာကို ခံရတယ်။ ဒ့ါအပြင် ကျွန်တော့်ရဲ့ မျက်နှာကို အမှတ်မထင် အိုးမဲသုတ်သွားတာလည်း ခံလိုက်ရသေးတယ် သင်္ကြန်ဟာ ခင်ဗျားတို့ရဲ့ ရိုးရာနှစ်ကူးပွဲတော်ဆိုတာ အမှန်ပဲလား။ အခု ကျွန်တော် ကြုံခဲ့ရတာမျိုးတွေကတော့ အင်မတန်မှ မနှစ်မြို့စရာကောင်းတဲ့ လုပ်ရပ်မျိုးတွေလို့ ပြောချင်ပါတယ်။"

၁၉၉၈ ခုနှစ်နှောင်းပိုင်းတွင် ဖြစ်သည်။ ပြည်ပနိုင်ငံတစ်ခု၌ ကျင်းပသော ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့စဉ်က ဖြစ်သည်။ မြန်မာကိုယ်စားလှယ်အဖြစ် တက်ရောက်သည့် မိမိ၏စာတမ်း ဖတ်ကြားတင်သွင်းပြီးချိန်တွင် အနောက်နိုင်ငံသား ကိုယ်စားလှယ်တစ်ဦးက အထက်ဖော်ပြပါ မေးခွန်းကို အမှတ်မထင် မေးမြန်းလိုက်ခြင်းဖြစ်သည်။

"ခင်ဗျားကြုံတွေ့ခဲ့ရတာ လူရမ်းကားတစ်စုရဲ့ သရုပ်ပျက်သင်္ကြန်သာ ဖြစ်ပါတယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန် အစစ်အမှန်နဲ့ မကြုံကြိုက်ခဲ့ရလို့ ခင်ဗျားကသိကအောက် ဖြစ်ခဲ့ရတာပါ။ အဲဒီတုန်းက အခြေအနေမှန်ကို ဝန်ခံရမယ်ဆိုရင်တော့ မြန်မာ့သင်္ကြန်ဟာ နေရာတချို့မှာ လူတချို့ကြောင့် သရုပ်ပျက်နယ်လွန်ပြီး အများအတွက် မလိုလားစရာဖြစ်ခဲ့ရပါတယ်။ ဒါပေမယ့် နိုင်ငံတော်နဲ့ အမျိုးသားရေးအသိစိတ်ဓာတ်ရှိသူတွေက တရားဥပဒေနဲ့ တစ်မျိုး၊ စည်းရုံးပညာပေးမှုနဲ့တစ်ဖုံ နည်းမျိုးစုံနဲ့ ပြန်ပြီးတည့်မတ်ပေးခဲ့တာမို့ အခုဆိုရင် ခင်ဗျားကြုံခဲ့၊ မြင်ခဲ့ရတဲ့ အနိဋ္ဌာရုံမျိုးတွေနဲ့ ဆုံစရာ မရှိတော့ပါဘူး။ တကယ်တော့ မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန်အစစ်အမှန်ဆိုတာ သိပ်ပြီး သိမ်မွေ့တယ်။ အင်မတန်ကြည်နူးစရာ၊ ပျော်စရာကောင်းတယ်။ နိုင်ငံကြီးသားပီသသူတွေရဲ့ သမိုင်းအစဉ်အလာကြီးမားတဲ့ ရိုးရာနှစ်သစ်ကူးပွဲတော်ကြီး ဖြစ်ပါတယ်။"

အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်သူများအားလုံးက ဝိုင်းဝန်းတောင်းဆိုကြသဖြင့် ထိုနေ့ကမိမိသည် မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန်ပွဲတော်အကြောင်းကို သမိုင်းနှင့်ချီ၍ ရှင်းလင်းပြောပြခဲ့ရလေသည်။

> "တကယ်တော့ မြန်မာ့ရိုးရာယဉ်ကျေးမှု သင်္ကြန်ဆိုတာ ရက်ရောမှုနဲ့ ဧည့်ဝတ်ကျေပွန်မှု၊ သနားကြင်နာတတ်မှု၊ သည်းခံခွင့်လွှတ်တတ်မှု၊ ကျေးဇူးတရားသိတတ်မှု စတဲ့ မြန်မာတို့ရဲ့ ယဉ်ကျေးမှု တန်ဖိုးထားပုံစနစ်တွေကို ပြဆိုဖော်ညွှန်းနေတဲ့ ဆယ့်နှစ်လရာသီဆိုင်ရာ ပွဲတော်ကြီးတစ်ခုလည်း ဖြစ်ပါတယ်"

"သင်္ကြန်ဟူသော ဝေါဟာရသည် သင်္ကန်ဟူသော သက္ကတဘာသာစကားမှ ဆင်းသက်လာခြင်းဖြစ်ပြီး အကူးအပြောင်း သို့မဟုတ် အပြောင်းအလဲဟု အနက်အဓိပ္ပာယ်ရှိကြောင်း သိထားခဲ့ရ၏။ ဥတုသုံးလီရှိသည့်အနက် ဆောင်းဥတုမှ နွေဥတုသို့ ကူးပြောင်းခြင်း၊ အအေးဓာတ်မှ အနွေးဓာတ်သို့ ပြောင်းလဲခြင်း၊ နှစ်ဟောင်းမှ နှစ်သစ်ဆီသို့ ကူးပြောင်းခြင်းတည်းဟူသော အကူးအပြောင်းနှင့် အပြောင်းအလဲများကို ရည်ညွှန်းဖော်ဆောင်သည်။

မြို့ပြယဉ်ကျေးမှုအဆင့်အတန်း အလွန်မြင့်မားနေပြီဖြစ်သော ပုဂံခေတ်မှ စတင်၍ သင်္ကြန်ပွဲတော်ကို ခမ်းခမ်းနားနား ကျင်းပလေ့ရှိခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရှိရသည်။ အေဒီ ၁၂၅၄ ခုနှစ်မှ ၁၂၈၇ ခုနှစ်အထိ နန်းစံသွားခဲ့သော နရသီဟပတေ့မင်းလက်ထက်တွင် နန်းတော်မှသည် ဧရာဝတီမြစ်ကမ်းဆီအထိ အမိုးအကာမဏ္ဍပ်နှင့် စင်္ကြံများ တစ်ဆက်တည်းဆောက်၍ ရေကစားပွဲတော်များ ကျင်းပခဲ့ကြသည်။ ရှင်ဘုရင်ကိုယ်တိုင်ပါဝင်ဆင်နွှဲပြီး တော်ဝင်ရေသဘင်ပွဲတော်ကို ခြိမ့်ခြိမ့်သဲအောင် ကျင်းပခဲ့ကြောင်း သိရသည်။ နရသီဟပတေ့မင်း၏ အကျီစားသန်မှုကြောင့် မိဖုရားစောလုံနှင့် ပြဿနာတက်ခဲ့ရသည်။ မခံမရပ်နိုင်၍ စောလုံက ရင့်ရင့်သီးသီး တုံ့ပြန်မိသည့်အတွက် နရသီဟပတေ့မင်း ရာဇမာန်တက်ပြီး ဒေါသန္တနှစ်ခဲ့ရသည်။ မိဖုရားစောလုံခမျာမှာ မင်းပြစ်မင်းဒဏ်သင့်ပြီး ရေတိမ်နစ်ခဲ့ရရှာသည်။ သင်္ကြန်တွင် အပျော်လွန်ခြင်း၊ ရမ်းကားခြင်း၏ ဆိုးကျိုးနှင့်ပတ်သက်၍ ဤဖြစ်ရပ်သည် သမိုင်းကပေးခဲ့သော အစောဆုံးသင်ခန်းစာတစ်ရပ် ဖြစ်တော့သည်။

မိမိငယ်ငယ်တုန်းက သင်္ကြန်ကျချိန်များအကြောင်းကိုလည်း အမှတ်ရနေမိသည်။ သင်္ကြန်ကျသည်ဆိုခြင်းထက် "သိကြားမင်း တာဝတိံသာမှ လူ့ပြည်သို့ ဆင်းလာသည်" ဆိုသည့် စကားကိုပိုပြီး လိုလားနှစ်ခြိုက်ခဲ့သည်။ စိတ်ဝင်စားခဲ့သည်။ နက္ခတ်ပညာရှင်ကြီးတစ်ဦးက "တကယ်တော့ သိကြားမင်းဆင်းလာတာ မဟုတ်ပါဘူး၊ နက္ခတ်သဘောအရ သင်္ကြန်မင်း (သင်္ကန်မင်း) အကူးအပြောင်း အချိန်ကျရောက်တာကို ဆိုတာပါ။ အဲဒါကို လူတွေက "သင်္ကြန်" နှင့် "သိကြား" ရောထွေးသွားပြီး လူ့ပြည်ကို သိကြားမင်းဆင်းလာတယ်ရယ်လို့ အစဉ်အဆက် လွဲမှားပြောခဲ့တာပါ"ဟု ရှင်းပြခဲ့သော်လည်း မိမိနားမဝင်နိုင်ခဲ့ပါ။ သိကြားမင်းကို သိပ်ပြီးစွဲလမ်းနေမိခဲ့သောကြောင့် ဖြစ်သည်။

မိမိတို့ငယ်ငယ်တုန်းက သင်္ကြန်ကျချိန်နှင့် တက်ချိန်တို့တွင် အသိပေးသည့် အမြောက်သံနှင့် ဥသြသံတို့ကို ကြားရလေ့ရှိ၏။ သင်္ကြန်တွင် ဖောက်သော အမြောက်သည် အသံသာမြည်ပြီး အဆန်(ကျည်ဆန်) မထွက်ပါ။ ထို့ကြောင့်လည်း အပြောကြီးပြီး အလုပ်မဖြစ်သူတို့ကို "သင်္ကြန်အမြောက်" ဟူ၍ အများက သရော်လေ့ရှိခဲ့ကြ၏။

စာဖတ်တတ်ချိန်တွင် စတင်စိတ်ဝင်စားမိခဲ့သည်ကား "သင်္ကြန်"စာပင်ဖြစ်၏။ သင်္ကြန်စာသည် ထိုခေတ်က ထီပေါက်စဉ် အရွယ်အစားအတိုင်းရှိပြီး လက်နက်တစ်မျိုးမျိုးကို ကိုင်ဆောင်၍ သတ္တဝါတစ်မျိုးမျိုးကို စီးနင်းလျက်ရှိသည့် သိကြားမင်း၏ရုပ်ပုံလွှာကိုဖော်ပြကာ ထိုနှစ်အတွက်ဖြစ်ပျက်မည့် ဟောစာတမ်းပါရှိသည်။ သိကြားမင်းသည် ဂဠုန်၊ နဂါး၊ ဆင်၊ မြင်း၊ နွား စသည်ဖြင့် နှစ်အလိုက် သတ္တဝါတစ်မျိုးမျိုးကို စီးနင်းလေ့ရှိပြီး လက်ထဲတွင် ကိုင်ဆောင်သော လက်နက်တို့မှာလည်း နှစ်အလိုက် ကွဲပြားတတ်လေသည်။ နက္ခတ်ဆရာတို့က သိကြားမင်းစီးနင်းသော သတ္တဝါနှင့် ကိုင်ဆောင်သောလက်နက်တို့ကို ထောက်ရှုတွက်ချက်ပြီး သင်္ကြန်စာ ဟောစာတမ်းတို့ ရေးသားကြခြင်းဖြစ်သည်။ ဥပမာ - ဂဠုန်စီးဆင်းသောနှစ်မျိုးတွင် လေထန်မည်၊ နဂါးစီးဆင်းသော နှစ်မျိုးတွင် ရေကြီးမည်။ တံစဉ်ကိုင်ဆောင်သောနှစ်မျိုးတွင် ဆန်ရေစပါးပေါများမည် စသည်ဖြင့် ဟောစာတမ်းထုတ်ပြန်ကြခြင်းမျိုး ဖြစ်သည်။

သင်္ကြန်အကြိုနေ့တွင် မိမိတို့နေအိမ်၌ ညောင်ရေအိုးအသစ်လေးတစ်လုံးကို ပန်းခက်ပန်းရွက်များ ဝေဝေဆာဆာဖြင့် တွေ့ရသည်။ "အဲဒါ အတာအိုးလို့ ခေါ်တယ်ကွယ့်သားရဲ့။ အိမ်သားတွေရဲ့ နေ့နာမ်နဲ့ ကိုက်ညီတဲ့ ပန်းခက်ပန်းရွက်တွေစုံအောင် ဒီအိုးထဲမှာ ထိုးထားတယ်။ သိကြားမင်းနဲ့ အတာအကြိုနေ့ကို ကြိုဆိုတဲ့အိုး ဆိုပါတော့ကွယ်။ နောက်ပြီး ဒီနှစ်မှာ သားရဲ့ညီလေး မောင်ဇော်ဝင်းက တာစားတယ်။ သင်္ကြန်တက်တဲ့အဂ်ါနေ့ဟာ သူ့မွေးနေ့ဆိုတော့ သူဟာ တို့မိသားစုမှာ ဒီနှစ်တာစားတဲ့သူပေ့ါ။ တာစားသူတွေဟာ ကံဇာတာ နည်းနည်းညံ့တတ်ကြတာမို့ ဒီအတာအိုးလေးဟာ သူ့အတွက် အဓိကရည်ရွယ်ပြီး ထားပေးတဲ့ ယတြာညောင်ရေအိုးလေး ဆိုရင်လည်း မမှားပါဘူးကွယ်" မေမေက သူ့ကိုရှင်းပြခဲ့ခြင်းဖြစ်သည်။

သင်္ကြန်အကြိုနေ့မှစ၍ မိမိတို့မြို့ထဲရှိ မဏ္ဍပ်များ၌ လူတွေစည်ကားနေလေပြီ။ သင်္ကြန်အကျ၊ အကြတ်၊ အတက်နေ့များအထိ ပျော်ရွှင်စွာရေကစားကြသည်ကိုလည်းကောင်း၊ သင်္ကြန်အလှပြကားများ မဏ္ဍပ်အသီးသီးသို့ သွားရောက်၍ ဖျော်ဖြေခြင်း၊ ပြိုင်ပွဲဝင်ခြင်းပြုကြသည်ကိုလည်းကောင်း မှတ်မိနေ၏။ သင်္ကြန်အတက်နေ့တွင် အိမ်၌ ဘုရားရေသပ္ပာယ်ခြင်းမှအစ တစ်အိမ်လုံးနေရာမလပ် သန့်ရှင်းရေးပြုလုပ်ကြသည်ကိုလည်း သတိရနေမိသည်။

"နှစ်ဟောင်းက အညစ်အကြေးတွေ အိမ်ထဲမှာ ဘာမှမကျန်ရအောင် ဆေးကြောသန့်စင်ကြရတယ် သားရဲ့"ဟု မေမေက ရှင်းပြသည်။ အခြားအိမ်ထောင်စု၊ မိသားစုတွေကလည်း သူတို့နေအိမ်များကို အသီးသီးသန့်စင်မှုပြုကြသည်။ ထိုမျှသာမက အရပ်ထဲရှိ သက်ကြီးရွယ်အို ဘိုးဘိုးဘွားဘွားတို့ကိုလည်း လူငယ်များက တရော်ကင်ပွန်းဖြင့် ခေါင်းလျှော်ပေးခြင်း၊ ခြေသည်း၊ လက်သည်း လှီးဖြတ်ပေးခြင်းစသော ကောင်းမှုကုသိုလ်ပြုကြသည်ကိုလည်း သူမမေ့ပါ။ သင်္ကြန်ရက်များအတွင်း အိမ်နီးချင်းတို့ပေးပို့လာသော မုန့်လုံးရေပေါ်၊ ရွှေရင်အေး၊ မုန့်လက်ဆောင်း၊ သာကူစသည့် စားသောက်ဖွယ်ရာများကိုလည်း တစ်ဝကြီးစားခဲ့ရသည်။ သင်္ကြန်အတက်နေ့ ညနေခင်းတွင် ဘုန်းကြီးကျောင်းသို့သွား၍ သူတို့မိသားစုက အများနှင့်အတူ အလှူပြုခဲ့ကြသည်။

'သိကြားမင်းက ရွှေပုရပိုက်နဲ့ ခွေးသားရေပုရပိုက်ကိုယူပြီး ဆင်းလာခဲ့တာ။ ကုသိုလ်ကောင်းမှုပြုသူတွေ၊ လူလိမ္မာတွေရဲ့ နာမည်ကိုရွှေပုရပိုက်ပေါ်မှာ ရေးပြီးမှတ်သွားမှာ။ အဲ. . . အကုသိုလ်ပြုကြသူတွေ၊ လူဆိုးတွေရဲ့ နာမည်ကိုတော့ ခွေးသားရေပုရပိုက်ပေါ်မှာ ရေးမှတ်သွားပြီး အပြစ်ပေးမှာကွယ့်မြေးရဲ့' ဘွားဘွားပြောသော စကားများကြောင့် မိမိရင်ခုန်ခဲ့ရသည်။ ခွေးသားရေပုရပိုက်ပေါ်တွင် မိမိနာမည်မပါသွားရေးအတွက် အထူးသတိထားပြီး လိမ္မာစွာ နေထိုင်ခဲ့သည်။

နှစ်ဆန်း ၁ ရက်နေ့မှာတော့ မိမိတို့ရပ်ကွက်ကစုပေါင်းပြီး ကျွဲ၊ နွား၊ ကြက်၊ ငှက်နဲ့ ငါးတွေကို ဘေးမဲ့လွှတ်ကြ၏။ နှစ်ဆန်း၏ပထမဦးဆုံးသောနေ့တွင် ဇီဝိတဒါနပြုကြခြင်းဖြစ်ကြောင့် မေမေက ပြောပြခဲ့သည်။ ညနေခင်းတွင် မိမိတို့၏ ရပ်ကွက်လမ်းဆုံလမ်းခွ၌ သံဃာတော်များက ပရိတ်ရွတ်ကြသည်။ ကမ္မဝါစာဖတ်ကြသည်။ အန္တရာယ်ကင်းစေရန်ဖြစ်သည်။

သူငယ်စဉ်က ကြုံတွေ့ခဲ့ရသော မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန်ပွဲတော်၏ အစဉ်အလာကောင်းများသည် ခေတ်အဆက်ဆက်ပြောင်းလဲခဲ့သော်လည်း ယနေ့တိုင်ရှင်သန်ကြဆဲဖြစ်ကြောင်း ဂုဏ်ယူဖွယ်ရာတွေ့ရှိ၊ သိရှိရသည်။

"ကျွန်တော်တို့ရဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန်ဟာ နိုင်ငံတကာ ဆက်ဆံရေးနဲ့ ရင်းနှီးချစ်ကြည်ရေးအတွက်လည်း အထောက်အကူပေးခဲ့တယ်ဆိုတာ အေဒီ ၁၇၈၂ ခုနှစ်ကနေ ၁၈၁၉ ခုနှစ်အထိ နန်းစံသွားတဲ့ ဘိုးတော်ဘုရားလက်ထက် အင်းဝနေပြည်တော်ကို လာရောက်ခဲ့တဲ့ အင်္ဂလိပ်သံအရာရှိ မေဂျာမိုက်ကယ်ဆိုင်းမ် (Major Michael Symes)ရဲ့ အစီရင်ခံစာက သက်သေခံနေပါတယ်။ သူဟာ ၁၇၉၅ ခုနှစ်မှာ အင်းဝနေပြည်တော်ကို ရောက်ရှိခဲ့ပြီး သံတမန်ရေးရာ ကိစ္စရပ်များကို ဆောင်ရွက်ခဲ့တယ်။ ဖိတ်ကြားခံရမှုကြောင့် သူဟာသူ့ရဲ့သံအဖွဲ့ဝင်တွေနဲ့အတူ မြန်မာနှစ်ကူးအတာ ရေသဘင်ပွဲတော်ကို ဆင်နွှဲခဲ့ရတဲ့အကြောင်း၊ မြန်မာ့ရေသဘင်ပွဲတော်ရဲ့ ပျော်စရာကောင်းပုံ၊ ရင်းနှီးချစ်ကြည်ရေးအတွက် အထောက်အကူပြုပုံတို့ကို သူ့ရဲ့အစီရင်ခံစာထဲမှာ အသေးစိတ်ဖော်ပြထားပါတယ်"

"တကယ်တော့ မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန်ဆိုတာ ရက်ရောမှုနဲ့ ဧည့်ဝတ်ကျေပွန်မှု၊ သနားကြင်နာတတ်မှု၊ သည်းခံခွင့်လွှတ်တတ်မှု၊ ကျေးဇူးတရားသိတတ်မှုစတဲ့ မြန်မာတို့ရဲ့ယဉ်ကျေးမှုတန်ဖိုးထားပုံစနစ်တွေကို ပြဆိုဖော်ညွှန်းနေတဲ့ ဆယ့်နှစ်လ ရာသီဆိုင်ရာပွဲတော်ကြီးတစ်ခုလည်း ဖြစ်ပါတယ်။"

မိမိစကားအဆုံး၌ ဆွေးနွေးပွဲတက်ရောက်သူများက ထုတိဩဘာ မင်္ဂလာပြုကြရုံသာမက ဧပြီလတွင် မြန်မာပြည်သို့လာလည်မည်ဟု စကားဆိုကြသည်။ ။

## မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလ ယာဉ်မောင်းသူများလိုက်နာရန် နှိုးဆော်

**(က) မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မောင်းသူများ လိုက်နာရန်။**

(၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။
(၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ ပြိုင်မမောင်းရ၊ လုမမောင်းရ။
(၃) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက် ဖြုတ်မမောင်းရ။
(၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
(၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များတပ်ဆင်ခြင်း လုံးဝမပြုရ။
(၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများ ဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။
(၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗွီးတက်)မပါဘဲ မမောင်းရ။
(၈) ဖျက်သိမ်းထားသော ယာဉ်အို၊ ယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသော ယာဉ်များနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။
(၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။
(၁၀) ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်မှ စီးနင်းခြင်း လုံးဝမပြုရ။
(၁၁) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝမတီးရ။
(၁၂) ပစ်ကပ်ယာဉ်များ(လိုက်ထရပ်၊ မီနီပစ်ကပ်)သည် သတ်မှတ်ထားသည့် ဝန်အလေးချိန်(လူဦးရေ) ထက် ပိုမိုတင်ဆောင်မောင်းနှင်ခြင်းမပြုရ။

**(ခ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။**

(ဂ) ယာဉ်မောင်းနှင်သူများအား အရက်သေစာသောက်စားထားခြင်း ရှိ၊ မရှိ အရက်မူးတိုင်းကိရိယာ (ALCOHOL TESTER)ဖြင့် တိုင်းတာစစ်ဆေး၍ ချိုးဖောက်ပါက ထိရောက်စွာ အရေးယူဆောင်ရွက်နေပါသည်။

(ဃ) သင်္ကြန်ကာလအတွင်း လမ်းလယ်၌ မော်တော်ယာဉ်စက်ပျက်၍ ရပ်ထားပါက ကရိန်းယာဉ်ဖြင့် ဆွဲယူမည် ဖြစ်ပါသည်။

(င) ယခုအခါ အချက်အချာကျသော လမ်းဆုံ၊ လမ်းခွ၊ မီးပွိုင့်များတွင် ခေတ်မီပစ္စည်းကိရိယာများဖြစ်သော **CCTV CAMERA** များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများအား အဆိုပါ ကင်မရာများဖြင့် ရိုက်ကူးပြီး ထိရောက်စွာ အရေးယူဆောင်ရွက်သွားပါမည်။

**(စ) "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှုမဖြစ်ပါစေနှင့်"**

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း စက်မှုလယ်ယာမှ လက်တွန်းထွန်စက် ၁၅၃၀၆ စီးနှင့် ထွန်စက်ကြီး ၃၆၃ စီး အရစ်ကျရောင်းချပေးခဲ့



**နေပြည်တော် ဧပြီ ၉**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ယနေ့ နံနက် ၈ နာရီခွဲက နေပြည်တော် ပျဉ်းမနားရှိ အမှတ်(၁) အလတ်စားလယ်ယာသုံးစက်ကိရိယာ ပြင်ဆင်ရေးနှင့် ထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိပြီး မျိုးစေ့ချကိရိယာအမျိုးမျိုး၊ ရေလုံကန်သင်းဖော်ခြင်းနှင့် ကန်သင်းမျက်နှာသစ်ခြင်း ဆောင်ရွက်သည့် ကိရိယာ၊ ကောက်ရိုးထုံးစက်၊ နှမ်းရိတ်ဖော်စက်၊ ကြားပေါင်းလိုက်ကိရိယာနှင့် ဆေးဖျန်းစက်များ စမ်းသပ်သုတေသနပြု ဆောင်ရွက်နေမှုနှင့် ထုတ်လုပ်နေမှုများကို လည်းကောင်း၊ ယခုနှစ် နွေစပါးရိတ်သိမ်းချိန်တွင် ဝန်ဆောင်မှုပေးမည့် ရိတ်သိမ်းခြွေလှေ့စက်များ မွမ်းမံပြင်ဆင်နေမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်က ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက တောင်သူများကိုယ်တိုင် စိတ်ဝင်စားစွာဖြင့် ရင်းနှီးမြှုပ်နှံဆောင်ရွက်လာမှုများကြောင့် စက်မှုလယ်ယာစနစ်ကို ပီပြင်စွာ စတင်ဖော်ဆောင်လာနိုင်လျက်ရှိရာ ရိုးရှင်းလွယ်ကူစွာ တည်ဆောက်ထားပြီး ဈေးနှုန်းချိုသာသော လယ်ယာသုံး စက်ကိရိယာများ တိုးတက်ထုတ်လုပ်ပေးရန် လိုအပ်ကြောင်း၊ နိုင်ငံတကာမှ နည်းပညာသစ်များအား မိမိဌာန၏ သုတေသနရလဒ်များဖြင့် ပေါင်းစပ်ပြီး သုံးစွဲသူတောင်သူများ၏ တောင်းဆိုချက်နှင့် ရေ၊ မြေ၊ ရာသီဥတုနှင့် သီးနှံအလိုက် အသုံးပြုနိုင်သည့် အရည်အသွေးမြင့်မားသော စက်ကိရိယာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအားထုတ်ကြိုးပမ်းကြရန် ဆွေးနွေးပြောကြားသည်။

စက်မှုလယ်ယာဦးစီးဌာန အနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း လက်တွန်းထွန်စက် ၁၅၃၀၆ စီးနှင့် ထွန်စက်ကြီး ၃၆၃ စီးတို့အား နှစ်နှစ်သုံးရစ်ဆပ် အရစ်ကျစနစ်ဖြင့် လည်းကောင်း၊ သုံးနှစ် ခုနစ်ရစ်ဆပ် စနစ်အရ စက်တန်ဖိုး၏ ၁၀ ရာခိုင်နှုန်းကို ပထမအရစ်ပေးသွင်းပြီး စက်ရယူကာ ကျန် ၉၀ ရာခိုင်နှုန်းကို ခြောက်လ တစ်ဖြတ် ၁၅ ရာခိုင်နှုန်းဖြင့် ခြောက်ကြိမ်ခွဲ၍ ပြန်လည်ပေးသွင်းခြင်းဖြင့် ထွန်စက်ကြီး ၁၃၈၅ စီးနှင့် ရိတ်သိမ်းခြွေလှေ့စက် ၅၉ စီးအား ဖြန့်ဖြူးပေးနိုင်ခဲ့သည်။ ထို့အတူ စက်သက်တမ်း ၁၅ နှစ်မှ ၅၅ နှစ်အထိ ထွန်စက်ဟောင်းများကိုလည်း တစ်စီးလျှင် ငွေကျပ် သိန်း ၂၀ ခန့်ဖြင့် လက်ငင်း၊ အရစ်ကျစနစ်ဖြင့် ထွန်စက်ဟောင်း ၃၉၅ စီးအား ရောင်းချပေးခဲ့ပြီးဖြစ်သည်။

တောင်သူပိုင်စက်များ ပြင်ဆင်ပေးခြင်းနှင့် စက်အရန်ပစ္စည်းများ အလွယ်တကူရရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခြင်းအနေဖြင့် စက်မှုလယ်ယာစခန်း ၄၅ ခုတွင် ပြင်ဆင်ရေးကိရိယာ(workshop equipment) များ တပ်ဆင်ပြီး တောင်သူပိုင်စက်များအား ပြင်ဆင်ပေးလျက်ရှိရာ ၂၀၁၆-၂၀၁၇ မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း တောင်သူပိုင် ထွန်စက်ကြီး ၄၂၃ စီးနှင့် လက်တွန်းထွန်စက် ၁၉၈ စီး၊ ရိတ်သိမ်းခြွေလှေ့စက် ခုနစ်စီး၊ နောက်တွဲယာဉ် တစ်စီးနှင့် ရေစုပ်စက် ခုနစ်လုံးအား ပြင်ဆင်ဆောင်ရွက်ပေးနိုင်ခဲ့သည်။ စက်မှုလယ်ယာစခန်း ၂၇ ခုတွင် ပုဂ္ဂလိက လယ်ယာသုံး စက်ကိရိယာ ဖြန့်ဖြူးသူများနှင့် ပူးပေါင်း၍ စက်ကိရိယာအပိုပစ္စည်းများ ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ရာဇဝတ်အထူးအယူခံမှု ငါးမှု ရုံးထိုင်ကြားနာ

**နေပြည်တော် ဧပြီ ၉**
ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအားလုံးပါဝင်သော စုံညီခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှု ငါးမှုကို ကြားနာကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေးငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ ၂၄ နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

**၀၆၇- ၄၀၄၂၂၂၊ ၀၆၇- ၄၀၄၉၉၉**

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**လူမှုဝန်ထမ်းဦးစီးဌာန**

**ရှေ့ဖုံးမှ**

မြောင်းမြမြို့နယ် ရှမ်းရေကျော်ကျေးရွာမှ ဒေါ်အေးသန်းက “တံတားကျိုးသွားတဲ့အတွက် သွားလာမှုတော်တော်ခက်ခဲသွားတယ်၊ အရင်တုန်းက တစ်ဆင့်တည်းနဲ့ရောက်တဲ့ခရီးကို အခုဆိုရင် ရေတစ်တန် ကုန်းတစ်တန် စီးနေရတယ်၊ ဟိုဘက်ကမ်းကူးဖို့အတွက်ကိုလည်း အချိန်တွေအများကြီးပေးရတယ်၊ အခမဲ့ပြေးဆွဲပေးနေတဲ့ ရေယာဉ်တွေရှိလို့တော်သေးတယ်၊ အခုလိုဆောင်ရွက်ပေးတဲ့သူတွေအားလုံးကို ကျေးဇူးတင်ပါတယ်၊ ဒီတံတားကြီး မြန်မြန်ပြန်ကောင်းသွားဖို့ မျှော်လင့်ပါတယ်”ဟု ၎င်း၏အခက်အခဲကို ပြောသည်။

မြောင်းမြမြို့နယ်တွင် ပြည်သူများ သွားလာမှု လွယ်ကူချောမွေ့စေရန် သက်ဆိုင်ရာတာဝန်ရှိသူတို့နှင့်အတူ ပုဂ္ဂလိကလုပ်ငန်းရှင်များကလည်း စက်တပ်ရေယာဉ်ငယ်များဖြင့် အခမဲ့ ကူညီပြေးဆွဲပေးလျက်ရှိသည်။

မြောင်းမြမြို့နယ် ရေယာဉ်များ စနစ်တကျပြေးဆွဲရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးထွန်းထွန်းဦးက “ဒီကနေ့ဆိုရင် ရေကြောင်းဦးစီးဌာနက ‘တောသူမယ်’ နှစ်ထပ်ရေယာဉ်နဲ့ အခမဲ့ ထပ်တိုးပြေးဆွဲပေးနေပါပြီ၊ ကျွန်တော်တို့ ပို့ဆောင်ပေးနေတဲ့ ရေယာဉ်အသေးလေးတွေ သုံးခေါက်စာလောက်ကို ‘တောသူမယ်’ ရေယာဉ်တစ်ခေါက်တည်းနဲ့ သယ်ဆောင်ပေးနိုင်ပါတယ်၊ ဒါကြောင့် ‘တောသူမယ်’ ရေယာဉ်ပြေးဆွဲမှု အဆင်ပြေပြီး အသားကျသွားရင်တော့ ကျွန်တော်တို့အနေနဲ့ ရေယာဉ်အသေးလေးတွေနဲ့ ပြေးဆွဲပေးနေမှုကို ရပ်ဆိုင်းသွားမှာဖြစ်ပါတယ်”ဟု ပြောသည်။

ယခုအခါ မြောင်းမြမြို့မှ တစ်ဖက်ကမ်းသို့ နေ့စဉ် အသွားအပြန်ခရီးသည် ၁၅၀၀၀ ခန့်နှင့် မော်တော်ယာဉ် ၃၀၀ ခန့်ကို ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်း- ရဲခေါင်၊ ဇော်ကြီး၊ ဓာတ်ပုံ-ဇော်မင်းလတ်**

# မြန်မာ-တရုတ် နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်ဆိုင်ရာ လေ့လာရေးခရီး သွားရောက်



**နေပြည်တော် ဧပြီ ၉**
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၂ ရက်မှ ၁၀ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ရှင်းကျန်းဝေဂါလူမျိုး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ မြန်မာ-တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်ဆိုင်ရာ လေ့လာရေးခရီး သွားရောက်လျက်ရှိသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဧပြီ ၈ ရက် နံနက်ပိုင်းတွင် ရွှေလီခရိုင် လုံတောင်းဒေသ အသားထုတ်လုပ်မှုစက်ရုံဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ သွားရောက်လေ့လာကြည့်ရှုပြီး ရွှေလီမြို့ ကျင်းချိန်တီဟိုင် ဟိုတယ်၌ မြန်မာ-တရုတ် နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်သည့် ဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဆွေးနွေးပွဲတွင် မြန်မာ-တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် တရုတ်ဘက်ခြမ်း အထွေထွေစီမံကိန်းများ၊ ထုတ်လုပ်မှုလုပ်ငန်းစီမံကိန်းများ၊ တရုတ်-လာအို(မော်ဟန်-မော်တိန်း) နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် အကောင်အထည်ဖော်မှုတို့ကို ရှင်းလင်းတင်ပြပြီး မြန်မာကိုယ်စားလှယ်အဖွဲ့က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

နှစ်နိုင်ငံတွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ ရှမ်းပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိုးညွှန့်လွင်၊ ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများ၊ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များတက်ရောက်ကြပြီး တရုတ်နိုင်ငံဘက်မှ တယ်ဟုန်ပြည်နယ်ခွဲပါတီ အတွင်းရေးမှူး မစ္စတာဝမ်ကျင့်ချန်၊ တယ်ဟုန်ပြည်နယ်ခွဲ ဒုတိယအုပ်ချုပ်ရေးမှူး မစ္စဝမ်ယွီ၊ ယူနန်ပြည်နယ် ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဂရုစိုက်၍ လိုက်နာပါ

### ဆောင်ရန်များ

၁။ ခန္ဓာကိုယ်အတွင်း ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့် ဓာတ်ဆားရည် (ORS)ကို လုံလောက်အောင် သောက်သုံးပါ။
၂။ မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ပါ၊ သနပ်ခါး လိမ်းပါ။

# သံဖြူဇရပ်မြို့နယ်တွင် မှုခင်းအသိပညာပေး ဟောပြော

**မော်လမြိုင် ဧပြီ ၉**
မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူး၊ သံဖြူဇရပ်မြို့နယ်ရဲတပ်ဖွဲ့မှူးတို့၏ စီစဉ်ကြီးကြပ်မှုဖြင့် ဧပြီ ၉ ရက်က သံဖြူဇရပ်မြို့နယ် ကြာကန်ရပ်ကွက် ကြာကန်ဘောလုံးကွင်း(စစ်သချိုင်းရှေ့)၌ မှုခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေး ဟောပြောပွဲ ပြုလုပ်သည်။

ဟောပြောပွဲတွင် သံဖြူဇရပ်မြို့မရဲစခန်းမှူး ဒုတိယရဲမှူးအေးမင်းက သင်္ကြန်ကာလအတွင်း မှုခင်းများမဖြစ်ပွားစေရေး၊ မူးယစ်ဆေးဝါးသုံးစွဲမှုမရှိစေရေး၊ အရက်သေစာသောက်စားမူးယစ်ရမ်းကားမှု မရှိစေရေး၊ မော်တော်ယာဉ်/ဆိုင်ကယ်များ စီးနင်းမောင်းနှင်ရာတွင် စည်းကမ်းနှင့်အညီ မောင်းနှင်ကြရန် စသည်ဖြင့်လည်းကောင်း၊ အမှတ်(၉) လူကုန်ကူးမှုတားဆီးကာကွယ်ရေးရဲတပ်ဖွဲ့စု(မော်လမြိုင်)မှ ရဲအုပ် ဌေးလွင်က လူကုန်ကူးမှုနှင့်ပတ်သက်၍ ပြစ်မှု ပြစ်ဒဏ်အကြောင်းကိုလည်းကောင်း၊ အမှတ်(၇၇) ယာဉ်ထိန်းရဲတပ်ဖွဲ့စု တပ်ဖွဲ့စိတ်(မုဒုံ)မှ ရဲတပ်ကြပ်ကြီး အောင်စည်သူထွန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် သက်ဆိုင်သည့် နည်းဥပဒေများ၊ သင်္ကြန်ကာလအတွင်း မော်တော်ယာဉ်/ဆိုင်ကယ်များ ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် အရက်သေစာ မူးယစ်သောက်စားပြီး ယာဉ်များကို မဆင်မခြင် ပေါ့ဆစွာမောင်းနှင်ခြင်း မပြုကြရန်၊ ဆိုင်ကယ်စီးဦးထုပ်များ ဆောင်းရန်၊ မော်တော်ဆိုင်ကယ်များတွင် အသံဆူညံကျယ်လောင်သော ပါဝါအိတ်ဇောများ တပ်ဆင်မောင်းနှင်ခြင်း မပြုကြရန်၊ အိတ်ဇောဖြုတ် မောင်းနှင်ခြင်း မပြုကြရန်နှင့် မသက်ဆိုင်သည့် ဆိုင်ကယ်နံပါတ်ပြားများ တပ်ဆင်မောင်းနှင်ခြင်း မပြုကြရန် စသည်ဖြင့် အသိပညာပေး ဟောပြောသည်။ ၁၀၇

# မိုးကုတ်မြို့ ကျပ်ပြင်ပြည်သူ့ဆေးရုံသစ်ဖွင့်ပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် ဧပြီ ၉**

ပြည်သူများ၏ စုပေါင်းထည့်ဝင်လှူဒါန်းမှုဖြင့် ဆောက်လုပ်ခဲ့သော မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့ ကျပ်ပြင်ပြည်သူ့ဆေးရုံသစ်ဖွင့်ပွဲနှင့် နိုင်ငံတော်သို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၈ ရက် နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ ကျပ်ပြင်ပြည်သူ့ဆေးရုံသစ်ကို မိုးကုတ်မြို့နယ်နှင့် ကျပ်ပြင်မြို့မှ အလှူရှင်များ၊ ရန်ကုန်နှင့်မန္တလေးတို့မှ အလှူရှင်များနှင့် ဒေသခံများ၏ စုပေါင်းထည့်ဝင်အလှူငွေများဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး သုံးထပ်လူနာဆောင်၊ သံဃာဆောင်၊ လေးခန်းတွဲနှစ်ထပ် ဝန်ထမ်းအိမ်ရာနှစ်ခု၊ ဆရာဝန်အိမ်တစ်လုံး၊ ထရန်စဖော်မာတစ်လုံး၊ လူနာခုတင်များနှင့်မွေ့ရာများ အပါအဝင် ငွေကျပ်သိန်းပေါင်း တစ်သောင်းငါးထောင်ကျော် ကုန်ကျခဲ့ကြောင်းနှင့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်တွင် စတင်ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် တာဝန်ရှိသူများက ဆေးရုံအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြည်သူများ၏ စုပေါင်းထည့်ဝင်လှူဒါန်းမှုဖြင့် ဆောက်လုပ်ခဲ့သော ဤဆေးရုံသစ်ကြီးကို ဖွင့်လှစ်ခွင့်ရ၍ မိမိအနေဖြင့်အထူးဝမ်းသာ ပီတိဖြစ်ရပါကြောင်း၊ ဤဆေးရုံသစ်ကြီးသည် ပြည်သူအများ၏ စုပေါင်းအင်အားကို ပြသရာရောက်ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွင် ပြည်သူများကိုယ်တိုင် ပူးပေါင်းပါဝင်ပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကို ပံ့ပိုးကူညီမှုပေးနေသည်ကိုပြသသည့် ကောင်းမွန်သော နမူနာတစ်ခုဖြစ်ပါကြောင်း။

ဤဆေးရုံသစ်ကြီးတွင် တက်ရောက်ကုသကြမည့် လူနာရှင်များ၏ကိုယ်စား၊ တာဝန်ထမ်းဆောင်ကြမည့် ဆရာဝန်၊ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများကိုယ်စားနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကိုယ်စား အလှူရှင်များကို အထူးကျေးဇူးတင်ရှိပါသည်ဟု ပြောကြားလိုကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဆေးရုံသစ်အတွက် လိုအပ်သောဆေးနှင့်ဆေးပစ္စည်း၊ စက်ကိရိယာများ၊ ဓာတ်ခွဲပစ္စည်းများ ထောက်ပံ့ဖြည့်တင်းပေးသွားမည်ဖြစ်ကြောင်း၊ ယခုဆေးရုံသစ်ကြီးသို့ တက်ရောက်မည့် လူနာဦးရေနှင့် ပြည်သူများ အားကိုးမှုတို့အပေါ် မူတည်၍ ဆေးရုံအဆင့်တိုးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ဆေးရုံသစ်ကြီး သန့်ရှင်းသာယာလှပရေးနှင့် ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်း ဆေးရုံအထောက်အကူပြုအဖွဲ့ ဖွဲ့စည်း၍ ဆေးရုံဝန်ထမ်းများနှင့် ပြည်သူတို့ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆေးရုံအဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးနှင့် လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဆေးရုံအဆောက်အအုံသစ် ဖြစ်မြောက်ရေးကော်မတီဝင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၃၀၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **နိုင်လင်းကြည်**

# ကြယ်လိပ်တွေ လွတ်လပ်စွာ လေ့လာခွင့်ရရှိ

**မန္တလေး ဧပြီ ၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် မင်းစုံတောင်ဘေးမဲ့တောရှိ ကြယ်လိပ်များကို ပြည်တွင်းရော ပြည်ပမှပါ လေ့လာခွင့်ပြုလိုက်၍ ကြယ်လိပ်ခြံတွင် နိုင်ငံခြားသားအဝင်၊ အထွက်မှာ ၂၀၁၇ ခုနှစ်ထက် ပိုမိုများပြားလာကြောင်း မင်းစုံတောင်ဘေးမဲ့တော ကြယ်လိပ်ခြံမှ သိရသည်။

ကြယ်လိပ်ခြံကို ၁၉၉၉ ခုနှစ်က အထီး၊ အမ ၁၂ ကောင်ဖြင့် စ၍ မွေးမြူခဲ့ရာ ၂၀၁၇ ခုနှစ်တွင် ကြယ်လိပ်အကောင် ၃၅၀၀ ထိ တိုးတက်မွေးမြူနိုင်ကြောင်း သိရသည်။

၁၉၆၀ ပြည့်နှစ်က မင်းစုံတောင် ကာကွယ်တောစတင်ခဲ့ကာ ၂၀၀၁ ခုနှစ်တွင် ဘေးမဲ့တောအဖြစ်သတ်မှတ်ခဲ့ပြီး ၅၅၇၅ ဧက ကျယ်ဝန်းသည်။ ယခုအခါ ကြယ်လိပ် ၁၀၀၀ ကျော်ကို ၂၀၁၃ ခုနှစ်မှစ၍ ၂၀၁၅ ခုနှစ်၊ ၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ်တို့တွင် သဘာဝအတိုင်း မွေးမြူကျက်စားရန် စက်တပ်ဆင်လွှတ်မွေးမြူခဲ့ရာ အောင်မြင်လျက်ရှိသည်။

ကမ္ဘာတွင် လိပ်မျိုးစိတ် ၄၀၀ အနက် ၂၅ မျိုးမှာ ရှားပါးမျိုးစိတ်ဖြစ်ပြီး ကြယ်လိပ်မှာလည်း တစ်မျိုးအပါအဝင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် လိပ် ၃၁ မျိုးရှိရာ ပင်လယ်လိပ် ငါးမျိုး၊ ရေချိုလိပ် ၂၂ မျိုးနှင့် ကုန်းလိပ်လေးမျိုးရှိသည်။ နွားထိုးကြီးမြို့နယ် မင်းစုံတောင်ဘေးမဲ့တော ကြယ်လိပ်ခြံအပါအဝင်



မင်းဘူးရွှေစက်တော်၊ ညောင်ဦးမဟာနန္ဒာ၊ ပြင်ဦးလွင် ကျွဲနဖားတောင်တို့၌ ကမ္ဘာ့ရှားပါးကြယ်လိပ်များ မွေးမြူထားသည်ကို တွေ့ရှိနိုင်သည်။

**ဌေးမြင့်မောင်**

# ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်းအား LIFT Fund မှ နည်းပညာရှင်အဖွဲ့ ကွင်းဆင်းလေ့လာ

**ကျိုက်မရော ဧပြီ ၉**

ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် LIFT Fund ၏ နည်းပညာအကူအညီဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း စီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်လျက်ရှိရာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ လေ့လာအကဲဖြတ်ရန် LIFT Fund မှ နည်းပညာရှင်အဖွဲ့နှင့် ကျေးလက်ဦးစီးဌာန(ရုံးချုပ်)မှ တာဝန်ရှိသူများသည် ဧပြီ ၅ ရက်က ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် မြို့နယ်ကျေးလက်ဝန်ထမ်းများ၊ မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီမှ အဖွဲ့ဝင်များ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

## ○ မြန်မာကလပ်အသင်းများမှ

ပထမအကျော့သုံးပွဲစလုံး ရလဒ်ကောင်းရယူနိုင်ခဲ့ပြီး ဒုတိယအကျော့အဖွင့်ပွဲတွင် ဂလိုဘယ်အသင်းကို အဝေးကွင်း၌ ရှုံးနိမ့်ထားသည်။ ရန်ကုန်အသင်းသည် မြန်မာကလပ်အသင်းနှစ်သင်းအနက် ဆီမီးဖိုင်နယ်တက်ရောက်ခွင့်ရရန် အခြေအနေအကောင်းဆုံးဖြစ်နေသည်။ ရှမ်းယူနိုက်တက်အသင်းသည် လေးပွဲကစား သုံးမှတ်သာရသေးသောကြောင့် ယခုပွဲရလဒ်မှာ အဆုံးအဖြတ် ဖြစ်နေသည်။ ရှမ်းယူနိုက်တက်အသင်းသည် အဝေးကွင်းတွင် ဟုမ်းယူနိုက်တက်အသင်းကို အနိုင်ရမှသာ နောက်တစ်ဆင့်တက်ရန် ဆက်လက်မျှော်လင့်နိုင်မည်ဖြစ်ပြီး သရေ သို့မဟုတ် ရှုံးပွဲကြုံတွေ့ပါက အုပ်စုအဆင့်မှ ထွက်ရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းပါဝင်သော အုပ်စု (F) တွင် ဆီရက်စ် (ဖိလစ်ပိုင်)က ၁၀ မှတ်၊ ဟုမ်းယူနိုက်တက် (စင်ကာပူ)က ခုနစ်မှတ်၊ ရှမ်းယူနိုက်တက်နှင့် အန်ကော (ကမ္ဘောဒီးယား) တို့က သုံးမှတ်စီရထားသည်။ ထို့ကြောင့် ရှမ်းယူနိုက်တက်အသင်းသည် အုပ်စုပထမရရန် မဖြစ်နိုင်တော့ဘဲ အကောင်းဆုံး ဒုတိယနေရာအတွက်သာ မျှော်လင့်ရတော့မည်ဖြစ်သည်။

မြန်မာကလပ်အသင်းများဖြစ်သည့် ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်း၏ AFC Cup ပြိုင်ပွဲ လမ်းခရီးကို ဧပြီ ၁၁ ရက်တွင် အဆုံးအဖြတ်ပေးတော့မည်ဖြစ်ပြီး နှစ်သင်းစလုံးအနေဖြင့် မဖြစ်မနေနိုင်ပွဲရရန် လိုအပ်နေသည်။

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**

# ခရမ်းလွန်ရောင်ခြည်အန္တရာယ် သတိပေးနှိုးဆော်ချက်

ခရမ်းလွန်ရောင်ခြည် လတ်တလောထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင် ညိုမည်းလာခြင်းတို့ ဖြစ်စေနိုင်ပြီး ထိတွေ့မှုကာလကြာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများ အရွယ်မတိုင်ခင် အိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။

သို့ဖြစ်ပါ၍ အောက်ပါအတိုင်း သတိပြုကာကွယ်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၁။ ခရမ်းလွန်ရောင်ခြည် မြင့်မားစွာကျရောက်နိုင်သည့် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခန့်အတွင်းတွင် နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။

၂။ အပြင်ထွက်ရန် လိုအပ်ပါက မိမိအသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် မျက်နှာ၊ လည်ပင်းနှင့် ပခုံးတို့ပါ လုံခြုံသောထီး၊ ဦးထုပ် စသည်တို့ကို ဆောင်းသွားပါ။

၃။ အဝတ်လွတ်ကင်းနေသောလက်၊ လည်ပင်းနှင့် ပခုံးစသည့်နေရာများကို သနပ်ခါးထူထူ(သို့) SPF ၁၅+ ပါဝင်သော နေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ ၁၅ မိနစ်ခန့် ကြိုလိမ်းပါ။ နေရောင်ခံလိမ်းဆေး တစ်ခါလိမ်းပြီး နှစ်နာရီ ကြာပြီးတိုင်း တစ်ခါထပ်၍ လိမ်းပေးပါ။

၄။ ခရမ်းလွန်ရောင်ခြည်သည် မျက်စိကိုလည်း ထိခိုက်စေနိုင်သဖြင့် ခရမ်းလွန်ရောင်ခြည်ကို ၉၉ ရာခိုင်နှုန်းအထိ အကာအကွယ် ပေးနိုင်သည့် နေကာမျက်မှန်ကို တပ်ဆင်သင့်ပါသည်။

၅။ ခရမ်းလွန်ရောင်ခြည် အလွယ်တကူမဖောက်နိုင်သော ချည်သားထူထူပွပွ အဝတ်အထည်များကို ဝတ်ဆင်ပါ။

၆။ ဆီးချိုရောဂါ၊ နှလုံးရောဂါရှိသူများ၊ အရက်အလွန်အကျွံ သောက်သုံးသူများ၊ ကလေးငယ်များနှင့် သက်ကြီးဘိုးဘွားများသည် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ပိုမိုခံစားရနိုင်သဖြင့် အထူးဂရုပြုဆင်ခြင်ရန် လိုအပ်ပါသည်။

၇။ ကလေးငယ်များသည် လူကြီးများထက် ခရမ်းလွန်ရောင်ခြည်အန္တရာယ်၏ ဆိုးကျိုးများကို ပိုမိုထိခိုက်ခံစားရနိုင်သဖြင့် အထူးဂရုပြုကာကွယ်ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# မဟာသင်္ကြန်ကာလအတွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး

**ဟားခါး ဧပြီ ၉**

ချင်းပြည်နယ် ဟားခါးမြို့ ပြည်သူများအား မဟာသင်္ကြန်ကာလအတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြောခြင်းကို ဧပြီ ၈ ရက် မွန်းတည့် ၁၂ နာရီက ဈေးသစ်ရပ်ကွက် ခရိုင်စုပေါင်းရုံးရှေ့လမ်းဆုံ၌ ပြုလုပ်သည်။

အဆိုပါ ဟောပြောပွဲတွင် ဟားခါးမြို့ အမှတ်(၁၆)ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲ(ချင်း)၊ အမှတ်(၁၀၂)ယာဉ်ထိန်းရဲတပ်ဖွဲ့စု (ဟားခါး)မှ တပ်ဖွဲ့စုမှူး ရဲအုပ်ကိုကိုမောင်က ဦးစီး၍ ပြည်နယ်ကညနဦးစီးမှူး၊ ပြည်နယ် ပို့/ဆက် ဦးစီးမှူးနှင့်



ဟားခါးမြို့မ ရဲစခန်းမှ စခန်းမှူးတို့ ပူးပေါင်း၍ မော်တော်ယာဉ်များ မောင်းနှင်စီးနင်းရာတွင် လိုက်နာရမည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ စည်းကမ်းချက်များကို အသိပညာပေးယာဉ်ဖြင့် ရှင်းလင်းဟောပြောပညာပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်ချယ်ရီကြည် ယင်းမာပင်ခရိုင်အတွင်းရှိ အချုပ်စခန်းများ ကြည့်ရှုစစ်ဆေး

**ယင်းမာပင် မေ ၉**

စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်ချယ်ရီကြည်သည် ယင်းမာပင်ခရိုင် တရားရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ပြုံးပြုံးကြည်၊ တရားသူကြီး ဒေါ်နိုင်နိုင်မော်တို့နှင့်အတူ မေ ၆ ရက်က ကနီမြို့နယ်၊ ဆားလင်းကြီးမြို့နယ်၊ ယင်းမာပင်မြို့နယ်နှင့် ပုလဲမြို့နယ်များရှိ ရဲတပ်ဖွဲ့အချုပ်စခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့သို့ စစ်ဆေးရာတွင် အချုပ်ခန်းအဆောက်အအုံများ သန့်ရှင်းသပ်ရပ်မှု ရှိ မရှိ၊ အချုပ်ခန်းနှင့် အချုပ်သားဦးရေ မျှတမှု ရှိ မရှိတို့ကို စစ်ဆေးကြည့်ရှုခဲ့ပြီး အချုပ်သားများ၏ ဥပဒေပါ အခွင့်အရေးများရရှိမှု၊ ကျန်းမာရေးနှင့် ညီညွတ်စွာ နေထိုင်စားသောက်ရမှုအခြေအနေများနှင့် ပတ်သက်၍ အချုပ်သားများနှင့် တွေ့ဆုံမေးမြန်းပြီး လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူများအား အကြံပြုပြောကြားခဲ့ကြောင်းသိရသည်။ **ခရိုင်(ပြန်/ဆက်)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်းသုံးသပ်ဆွေးနွေးပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**မြောက်ဦး မေ ၉**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲနှင့် စံပြဆုရရှိသည့် ကျေးရွာများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို မေ ၉ ရက် နံနက် ၉ နာရီက မြောက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြောက်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးချစ်မောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်သာစိန်တို့က အဖွင့်အမှာစကား ပြောကြားကြသည်။ ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ခြင်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း စံပြဆုရွေးချယ်ချီးမြှင့်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူး ဦးချစ်မောင်နှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ပထမဆုရရှိသည့် ပီပင်ကုန်းကျေးရွာ၊ ဒုတိယဆုရရှိသည့် လိပ်ဆင်းပြင်ကျေးရွာနှင့် တတိယဆုရရှိသည့် ဖြုတ်ချောင်းကျေးရွာတို့မှ စီမံကိန်းကော်မတီဝင် အသင်းသားများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**





**မေ ၈ ရက်က ရန်ကုန်မြို့ တာမွေ အမက(၃၂)တွင် တာမွေမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးလှဘုန်းကျော်သည် ပုဏ္ဏားကုန်းရပ်ကွက်နေ ပြည်သူ ၅၈ ဦးအား သက်ငယ်မုဒိမ်းမှု ကျဆင်းရေးနှင့် မဟာသင်္ကြန်ကာလအတွင်း ရေပက်ခံမည့်သူများ လိုက်နာရမည့် အချက်များအား ရှင်းလင်းပြောကြားစဉ်။**

ကြေးမုံ

# မိုးဆက်လက်ထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၉**

**ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ နေပြည်တော်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **နေ့အပူချိန်များမှာ** ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် မေလ၏ ပျမ်းမျှအပူချိန်အောက် ၁၀ ဒီဂရီစင်တီဂရိတ်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၈ ဒီဂရီ စင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီ စင်တီဂရိတ်မှ ၆ ဒီဂရီ စင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီ စင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်မှာ** မကွေးမြို့တွင် ၃၈ ဒီဂရီ စင်တီဂရိတ်ဖြစ်သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ပလက်ဝမြို့တွင် ၁ ဒသမ ၃၈ လက်မ၊ ဟိုင်းကြီးကျွန်းမြို့ တွင် ၁ ဒသမ ၃၀ လက်မ၊ ကိုကိုးကျွန်းမြို့တွင် ၁ ဒသမ ၂၂ လက်မ၊ ကန့်ဘလူမြို့တွင် သုည ဒသမ ၆၆ လက်မ၊ တီးတိန်မြို့တွင် သုည ဒသမ ၅၅ လက်မနှင့် ကျောက်မဲမြို့တွင် သုည ဒသမ ၄၇ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**မနက်ဖြန်နံနက်အထိခန့်မှန်းချက်**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မြန်မာ့ပင်လယ်ပြင်**

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

# နေရပ်ပြန် မြန်မာအလုပ်သမားများ တင်ဆောင်လာသည့်ယာဉ် မီးလောင်မှုဖြစ်ပွား

**ဘန်ကောက် မေ ၉**

သင်္ကြန်ကာလ မြန်မာနိုင်ငံသို့ ပြန်လာကြသည့် မြန်မာအလုပ်သမားများ တင်ဆောင်လာသော ဗင်ယာဉ်တစ်စီးမှာ တပ်ပြည်နယ် ဝမ်ကြောက်ခရိုင် အမှတ်(၁) အဝေးပြေးလမ်းမပေါ်၌ ယနေ့နံနက်အစောပိုင်းက မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း ထိုင်းနိုင်ငံရှိ အလုပ်သမားအရေး ဆောင်ရွက်နေသော ကိုစောမောင်က ဆက်သွယ်ပြောကြားသည်။

ဖြစ်စဉ်မှာ ယနေ့နံနက်အစောပိုင်းက ဘန်ကောက်မြို့ရှိ ပါတာဘင်ကောက် ကုန်တိုက်ကြီးမှတစ်ဆင့် ထိုင်း-မြန်မာနယ်စပ်ဖြစ်သော မဲဆောက်မြို့သို့ မောင်းနှင်လာသည့် ဗင်ယာဉ်ပေါ်၌ မြန်မာနိုင်ငံသား အမျိုးသား ခုနစ်ဦးနှင့် အမျိုးသမီး ခုနစ်ဦးတို့ လိုက်ပါလာခဲ့ကြပြီး အဆိုပါယာဉ်မှာ ဆီပိုက်ပေါက်ကာ ယာဉ်တစ်စီးလုံး မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယာဉ်တစ်စီးလုံး မီးမလောင်ခင် အချိန်တွင် ယာဉ်ပေါ်လိုက်ပါလာကြသော မြန်မာအလုပ်သမားများ အပါအဝင် ယာဉ်မောင်းမှာ အခင်းဖြစ်နေရာ၌ ဆင်းခဲ့ကြသောကြောင့် အသက်ဘေးမှ အားလုံးလွတ်မြောက်သွားခဲ့ကြောင်း အာဆီယံသတင်း၌ ဖော်ပြထားသည်။

မီးလောင်မှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ မဲဆောက်မြို့ မြို့ပိုင်နှင့် ခရီးသွားပို့ဆောင်ရေး ကုမ္ပဏီတို့က သွားရောက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ပွင့်သစ္စာ**



# မြောင်းမြမြို့အတွင်း ကုန်စည်စီးဆင်းမှုနှင့် ခရီးသွားလာမှုလွယ်ကူစေရန် အစိုးရနှင့်ပြည်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိ

**ဧပြီ ၁ ရက် နံနက်အစောပိုင်းတွင် မြောင်းမြကြိုးတံတားပြတ်ကျခဲ့သည်။ ထိုသို့ ပြတ်ကျခဲ့ပြီးနောက် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံမြို့မိ မြို့ဖများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် အလှူရှင်များသည် ကုန်စည်စီးဆင်းမှုနှင့်ပြည်သူများခရီးသွားလာမှု ချောမွေ့လွယ်ကူစေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသည်။ ထိုသို့ဆောင်ရွက်နေမှုများကို သိရှိနိုင်ရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသူများကို တွေ့ဆုံမေးမြန်းထားသည်-**

## တွေ့ဆုံမေးမြန်း - ရဲခေါင်၊ ဇော်ကြီး
## ဓာတ်ပုံ - ဇော်မင်းလတ်

**ဦးအောင်ကျော်ဇေယျ (မြောင်းမြမြို့နယ် အုပ်ချုပ်ရေးမှူး)**

ကျွန်တော်တို့ ကြိုးတံတားပြတ်ကျတဲ့ ညမှာပဲရှာဖွေရေးနဲ့ ကယ်ဆယ်ရေးကိုလုပ်ပါတယ်။ တံတားပြတ်သွားတဲ့အတွက်ကြောင့် ဇက်တွေနဲ့နှစ်ပိုင်းခွဲပြီး ကားတွေသက်သက်၊ လူတွေသက်သက် ပို့ဆောင်ပေးပါတယ်။ ယနေ့အချိန်အထိလူတွေရော ကားတွေပါ အခမဲ့ပို့ဆောင်ပေးပါတယ်။ လာရောက်လုပ်အားပေးတဲ့ သူတွေအတွက်လည်း စေတနာရှင်တွေက လာရောက်ကျွေးမွေးပါတယ်။ ကျွန်တော်တို့နဲ့အတူ ဌာနဆိုင်ရာတွေဖြစ်တဲ့ ပို့ဆောင်ရေး၊ မီးသတ်၊ ရဲတပ်ဖွဲ့၊ ယာဉ်ထိန်းတပ်ဖွဲ့တို့ကလည်း ပူးပေါင်းဆောင်ရွက်ပါတယ်။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ မြို့နယ်ရေယာဉ်များ စနစ်တကျပြေးဆွဲရေး ကော်မတီတို့နဲ့လည်း ပူးပေါင်းဆောင်ရွက်ပါတယ်။ လူမှုကူညီရေးအသင်းအဖွဲ့တွေအပြင် NLD ပါတီကလည်း လာရောက်ကူညီပါတယ်။ တံတားအခုလိုမဖြစ်ခင်ကတည်းက တံတားအသစ်တစ်စင်းဆောက်နေပါတယ်။ ဒါပေမဲ့ အခုလို ပြိုသွားတော့ ထိခိုက်မှုတွေကတော့ ရှိပါတယ်။ လက်ရှိမှာ မြောင်းမြမြို့ကနေ လူတွေ၊ ကားတွေ နေ့စဉ်သွားလာ နေရပါတယ်။ ဘေးအန္တရာယ်ကင်းရှင်းပြီး လွယ်ကူချောမွေ့စွာ သွားလာနိုင်ရေးအတွက် ကျွန်တော်တို့ဆောင်ရွက်နေပါတယ်။

**ဦးထွန်းထွန်းဦး(ဥက္ကဋ္ဌ) မြောင်းမြမြို့နယ် ရေယာဉ်များ စနစ်တကျ ပြေးဆွဲရေး ကြီးကြပ်မှုကော်မတီ**

ဒီကြိုးတံတားကြီး ပြတ်ကျသွားတယ်ဆိုတာကို သိလိုက်ရတဲ့အချိန်မှာပဲ ကျန်တဲ့ရေယာဉ်တွေ အန္တရာယ်မဖြစ်စေရေးအတွက် တားဆီးပြီး အသိပေးမှုတွေလုပ်ခဲ့ပါတယ်။ ကြိုးတံတားပြတ်ကျတဲ့နေ့ မနက် ၁၀ နာရီလောက်ကနေစတင်ပြီး ခရီးသည်တွေကို ရေယာဉ်အသေးလေးတွေနဲ့ အခမဲ့ပို့ဆောင်ပေးနေတာပါ။ ခရီးသွားပြည်သူတွေ အဆင်ပြေဖို့ သက်ဆိုင်ရာနဲ့အတူ ပုဂ္ဂလိကစေတနာရှင်တွေက ဇက်သုံးစင်းနဲ့ အခမဲ့ပို့ဆောင်ပေးလျက်ရှိပါတယ်။ ကျွန်တော်တို့ရုံးရှိတဲ့ သဲပုံဆိပ်ကမ်းကတော့ ခရီးသွားပြည်သူအများဆုံးပါပဲ။ မော်တော်ယာဉ်တွေကိုတော့ ပြည်တွင်းရေကြောင်းက အခမဲ့ပို့ဆောင်ပေးပါတယ်။ စဖြစ်တဲ့နေ့ကဆိုရင် ဆိပ်ကမ်းတစ်ခုတည်းကနေ ခရီးသည် ၆၀၀၀ လောက်ပို့ပေးရတယ်။ ဆိပ်ကမ်းနှစ်ခုပေါင်းလိုက်ရင်တော့ နေ့စဉ်တစ်ရက်ကို ခရီးသည် ၁၅၀၀၀ နဲ့ ၂၀၀၀၀ လောက် ပို့ဆောင်ပေးရပါတယ်။ အဲဒီထဲမှာတော့ မြောင်းမြမြို့နဲ့ လပွတ္တာမြို့က ခရီးသည်တင်ယာဉ်လိုင်းတွေက ခရီးသည်တွေအများဆုံးပါဝင်ပါတယ်။ အခုလို ဖြစ်ရပ်မျိုးကို မျှော်လင့်မထားသလို ဖြစ်လည်းမဖြစ်ချင်ပါဘူး။ ဒါကြောင့် တတ်နိုင်တဲ့အပိုင်းကနေ အားလုံးပေါင်းစည်းမှုနဲ့ အဆင်ပြေအောင် ဆောင်ရွက်ပေးနေခြင်းပဲ ဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့လည်း ရေယာဉ်တွေနဲ့ ကူးတဲ့အခါ သတိထားဖို့လိုပါတယ်။ ရေယာဉ်ပိုင်းဆိုင်ရာတာဝန်ရှိသူတွေက ဘေးန္တရာယ်ကင်းရှင်းဖို့ အသိပေးပြောကြားမှုတွေ လုပ်တဲ့အခါမျိုးမှာ လိုက်နာဖို့လိုအပ်ပါတယ်။ သက်ဆိုင်ရာနဲ့အတူ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ၊ အလှူရှင်တွေ၊ စေတနာ့ဝန်ထမ်းတွေ အားလုံး ပူးပေါင်းပြီး ကူညီမှုတွေပြုလုပ်ပေးနေတာကြောင့် ခရီးသွားပြည်သူတွေအတွက် အဆင်ပြေမှာပါ။

**ဦးညီညီစိန်း (မြို့နယ်မန်နေဂျာ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေး**

ဧပြီ ၁ ရက် ကြိုးတံတားပြတ်ကျပြီးတဲ့နောက် ကျွန်တော်တို့ ရေကြောင်းပို့ဆောင်ရေးအနေနဲ့ ဇက်ရေယာဉ် ရေနယား(၂)နဲ့ ဧပြီ ၅ ရက် ညနေပိုင်းက စပြီးတော့ မြောင်းမြမြို့ ပြန်ကြားရေးနှင့် ပြည်သူဆက်ဆံရေးဦးစီးဌာနရုံးဆိပ်ကမ်းနဲ့ တစ်ဖက်ကွယ်လွယ်ဘက်ကမ်း သဲပုံဆိပ်ကို မော်တော်ယာဉ်ငယ်တွေတင်ဆောင်ပြီး စတင်စမ်းသပ်ပြေးဆွဲပါတယ်။ ညနေ ၆ နာရီခွဲအထိ သုံးခေါက် ပြေးဆွဲပေးနိုင်ခဲ့တယ်။ ဖြစ်စဉ်ဖြစ်ပြီးနောက်ပိုင်း ဧပြီ ၃ ရက် နံနက်ပိုင်းမှာပဲ ပုသိမ်က ဦးဝင်းအောင်ကလည်း ပုဂ္ဂလိကပိုင် နေခြည်လင်းဇက်ရေယာဉ်နဲ့ ဧပြီ ၆ ရက်အထိအခမဲ့ပြေးဆွဲပေးပါတယ်။ အဲဒီနောက်ပိုင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူးရဲ့ လမ်းညွှန်ချက်နဲ့ ဇက်(၁၀၇)ရေယာဉ်၊ တောသူမယ်ရေယာဉ်တို့ကို ထပ်မံဖြည့်တင်းပေးထားတယ်။ ဇက်(၁၀၇)ရေယာဉ်က ကားတင်ရေယာဉ်ဖြစ်ပြီး တောသူမယ်ရေယာဉ်က နှစ်ထပ်လူစီးရေယာဉ်ပါ။ ကားတင်တဲ့ ဇက်ရေယာဉ်တွေကတော့ မနက် ၆ နာရီကနေ ညနေ ၆ နာရီအထိ အခမဲ့ပြေးဆွဲပေးမယ်။ ရေနယား(၂)၊ ဇက်ရေယာဉ်(၁၀၇)၊ လမ်းတံတားဦးစီးဌာနကလည်း SEA Emperor ဇက်ရေယာဉ်ကြီးနဲ့ အခမဲ့ကူညီပြေးဆွဲပေးနေတယ် ဒီနေ့အချိန်ထိပါပဲ။

**မန်းထွန်းကြိုင် (မြောင်းမြမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)**

ကျွန်တော်တို့က ကြိုးတံတားပြတ်ကျတဲ့အချိန် မရောက်သေးဘူး။ ဧပြီ ၂ ရက်မှ ရောက်တာ။ အဖွဲ့အစည်းတွေ အများကြီးကဆောင်ရွက်ပေးကြတယ်။ အထူးသဖြင့် ပြည်သူတွေ သွားလာမှုအတွက်ပေါ့။ ကျွန်တော်ကတော့ လိုအပ်သလိုဦးစားပေးဆောင်ရွက်ပေးဖို့ တောင်းဆိုပါတယ်။ မြောင်းမြမြို့ရဲ့ ကုန်စည်စီးဆင်းမှု အခြေအနေတွေဟာ အဲဒီတော့မှ ပိတ်ဆို့တာတွေ သိရတာပေါ့။ တိုင်းဒေသကြီးဝန်ကြီးတွေလည်း ဆင်းလာပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ တံတားအခြေအနေကိုသိလို့ တံတားအသစ်တစ်စင်းဆောက်ပေးဖို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးမိုးသူက လွှတ်တော်မှာတင်တောင်းတယ်။ ဘတ်ဂျက်ချပေးပြီး လုပ်နေတယ်။ ပြည်သူရဲ့ ကိုယ်စားလှယ် တစ်ယောက်အနေနဲ့ တံတားကိုအကောင်းဆုံးနဲ့ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ဖို့ တောင်းဆိုမှာပါ။ ဒီဘက်မှာဆို လပွတ္တာ၊ မြောင်းမြကုန်စည်စီးဆင်းမှုကအဓိကပါ။

**ဦးစိုးစိုး (မြောင်းမြမြို့ခံလုပ်ငန်းရှင်)**

ကြိုးတံတားကြီးပြတ်ကျသွားတဲ့ အချိန်က စတင်ပြီး သွားရေး၊ လာရေး တော်တော်ခက်ခဲသွားတာကို တွေ့ရတယ်။ ဒါကြောင့် ကျွန်တော်နဲ့ သူငယ်ချင်းတွေ ပေါင်းပြီး ငွေကျပ် ၁၅ သိန်းမတည်ခဲ့တယ်။ အဲဒီငွေနဲ့ ဇက်ငှားပြီး ခရီးသွားပြည်သူတွေ အဆင်ပြေအောင် ဟိုဘက်ကမ်းနဲ့ ဒီဘက်ကမ်းကို အခမဲ့ပို့ဆောင်ပေးပါတယ်။ အဓိကအနေနဲ့ကတော့ ဆိုင်ကယ်နဲ့လူတွေကို ပို့ဆောင်ပေးတာပါ။ လူနဲ့ဆိုင်ကယ်တွေကိုတင်လို့ရတဲ့ ဂေါ်လို့ခေါ်တဲ့ ရေယာဉ်နဲ့ ကူးပေးနေတာပါ။ ဧပြီ ၃ ရက်မှာတော့ မိတ်ဆွေတစ်ယောက်ရဲ့ကူညီမှုနဲ့ ဇက်အကြီးတစ်ခု ထပ်မံတိုးချဲ့ပြီး ပို့ဆောင်ပေးနိုင်ခဲ့ပါတယ်။ အခုလိုလုပ်ဆောင်ပေးရတဲ့ အဓိကရည်ရွယ်ချက်ကတော့ တံတားပြတ်ကျပြီး မြို့ပေါ်ကျန်နေတဲ့သူတွေကို တစ်ဖက်ကမ်းကိုပြန်သွားနိုင်ဖို့နဲ့ ဒေသခံတွေ သွားလာမှုအဆင်ပြေအောင် လုပ်ဆောင်တာပါ။ သက်ဆိုင်ရာအနေနဲ့ သွားလာမှုလွယ်ကူစေဖို့ အဖွဲ့တွေ ဖွဲ့သွားမယ်လို့ သိရတယ်။ အဲဒီအဖွဲ့တွေဖွဲ့ပြီး အဆင်ပြေသွားတဲ့အထိ ကျွန်တော်တို့အနေနဲ့ အခုလို ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ လက်ရှိကျွန်တော်တို့ လုပ်ဆောင်နေတဲ့အပိုင်းမှာလည်း သက်ဆိုင်ရာနဲ့အတူ ညှိနှိုင်းပေါင်းစပ်ပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။ ခရီးသွားပြည်သူတွေ သွားလာမှုလွယ်ကူစေဖို့အတွက် လုပ်အားပေးနေတဲ့ မီးသတ်တပ်ဖွဲ့ဝင်တွေနဲ့ ဒေသခံစေတနာရှင် လူငယ်တွေကို အလှူရှင်တွေက ရေနဲ့အစားအသောက်တွေ နေ့စဉ်လှူဒါန်းပေးနေကြပါတယ်။ လတ်တလောအဆင်ပြေရေးအတွက် ကိုယ်တတ်နိုင်တဲ့ဘက်ကနေ ဝင်ရောက်ကူညီပေးနေခြင်းပဲဖြစ်ပါတယ်။

**ကိုလင်းလင်း(ခရီးသွားပြည်သူ) မြောင်းမြမြို့ မြရတနာရပ်ကွက်**

လက်ရှိသွားရေးလာရေးကိစ္စကိုတော့ အုပ်ချုပ်ရေးပိုင်းနဲ့ စေတနာရှင်တွေက စီစဉ်ပေးထားတာတွေရှိတော့ အဆင်ပြေပါတယ်။ ပရဟိတအဖွဲ့တွေကလည်း အင်တိုက်အားတိုက်ဆောင်ရွက်ပေးကြပါတယ်။ ဝမ်းသာစရာလည်းကောင်းတယ်။ ကျေးဇူးလည်းတင်ပါတယ်။ ကြိုးတံတားကြီးရှိတုန်းကတော့ ခရီးသွားရတာ လွယ်ကူချောမွေ့ပါတယ်။ ကုန်စည်စီးဆင်းမှုလည်းအခက်အခဲမရှိပါဘူး။ အခုကတော့ အချိန်တွေအများကြီး ကြန့်ကြာသွားပါတယ်။ ဒီ အခက်အခဲအပေါ်မှာမူတည်ပြီး ကျွန်တော်တို့အနေနဲ့ နားလည်ပါတယ်။ အစိုးရအဖွဲ့တွေနဲ့ ပရဟိတအဖွဲ့တွေကလည်း ဟိုဘက်ကမ်းကိုအခမဲ့ပို့ဆောင်ပေးနေတဲ့အတွက် အဆင်ပြေပါတယ်။ ကားတွေ၊ ဆိုင်ကယ်တွေကိုတော့ အစိုးရပိုင်ရေယာဉ်တွေက အခမဲ့ပို့ဆောင်ပေးနေပါတယ်။ တံတားကြီးပြတ်ကျတဲ့အတွက်ကြောင့် ကုန်စည်စီးဆင်းမှုတွေ အခက်အခဲဖြစ်ပေမယ့် ကုန်သည်တွေအနေနဲ့ သူတို့ရဲ့ ကုန်ပစ္စည်းတွေကို ရေယာဉ်တွေနဲ့တစ်ဆင့် သယ်ဆောင်ကြရလို့ ကုန်ဈေးနှုန်းသိသိသာသာ တက်သွားတာမျိုးတော့ မရှိပါဘူး။ အခုဆောင်ရွက်နေတဲ့ ကြိုးတံတားကြီး ကြံ့ခိုင်မှုပြည့်ဝစွာနဲ့ အမြန်ဆုံးအကောင်အထည်ပေါ်လာဖို့ မျှော်လင့်ပါတယ်။

**ကိုသူရအောင်(စေတနာ့ဝန်ထမ်း) မြောင်းမြမြို့ ဂရုဏာရှင်လူငယ်များ ပရဟိတအဖွဲ့**

အထုပ်အပိုးတွေ၊ ဆိုင်ကယ်တွေနဲ့ လာတဲ့သူတွေကို ဇက်ပေါ်ကိုကူညီပြီးတင်ဆောင်ပေးပါတယ်။ တံတားစတင်ပြတ်ကျတဲ့နေ့ကတည်းက သူငယ်ချင်းတွေနဲ့အတူ ကူညီဆောင်ရွက်ပေးကြတာပါ။ အထူးသဖြင့်ကတော့ ဆိုင်ကယ်တွေကို ဇက်ပေါ်ကိုတင်တဲ့အခါမှာ တစ်ဦးတစ်ယောက်တည်းနဲ့လုပ်ဖို့ အခက်အခဲရှိပါတယ်။ ဒါကြောင့် ခရီးသွားပြည်သူတွေ အဆင်ပြေအောင် အခုလိုလုပ်ဆောင်ပေးရတာပါ။ ပြည်သူတွေ အခက်အခဲကြုံတွေ့နေတဲ့အခါမှာ အခုလို ပါဝင်ကူညီခွင့်ရတဲ့အတွက် ကျေနပ်ပါတယ်။ စေတနာရှင်တွေကလည်း ကျွန်တော်တို့အတွက် အစားအသောက်တွေ လှူဒါန်းကြပါတယ်။ ။


ဦးအောင်ကျော်ဇေယျ


ဦးထွန်းထွန်းဦး


ဦးညီညီစိန်း


မန်းထွန်းကြိုင်


ဦးစိုးစိုး


ကိုလင်းလင်း

## မှုခင်းကျဆင်းရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ကျောက်ဆည် ဧပြီ ၉**

ပြည်သူများ မှုခင်းအကြောင်းအရာများပိုမိုသိရှိစေပြီး အေးချမ်းသာယာစွာနေထိုင်နိုင်စေရန်ရည်ရွယ်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ မှုခင်းပညာပေးလုပ်ငန်းများကို နည်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိရာ ကျောက်ဆည်မြို့တွင် ဧပြီ ၉ ရက် နံနက် ၉ နာခွဲက အေးမြကြည်လင်ဈေးကြီးတွင်လည်းကောင်း၊ နံနက် ၁၁ နာရီက ကျေးရွာများအတွက် ထော်လာဂျီကားဂိတ်အနီး ဆင်ပြိုင်ကွင်းတွင်လည်းကောင်း မှုခင်းအသိပညာပေးလုပ်ငန်းများကို မှုခင်းကျဆင်းရေးယာဉ်ဖြင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပညာပေးဆွေးနွေးရာတွင် မြို့နယ်ယာယီရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းဇော်က မှုခင်းများမဖြစ်ပေါ်စေရေး ကြိုတင်လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်းကောင်း၊ မြို့မစခန်းမှူးဒုရဲမှူးမြင့်ဦးက သက်ငယ်မုဒိမ်းမှုများ မဖြစ်ပွားစေရေးအကြောင်းအရာကိုလည်းကောင်း၊ အမှတ်(၁၁)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့မှ ရဲအုပ်တင်အောင်ရဲမြင့်က လူမှောင်ခိုကူးမှုများ မဖြစ်စေရေးအတွက် လိုက်နာသင့်သည့်အကြောင်းအရာများကိုလည်းကောင်း၊ အမှတ်(၉၂) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ဒုရဲအုပ်ကျော်ညီညီထက်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်းအရာများကိုလည်းကောင်း၊ မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်သန်းထိုက်က သင်္ကြန်ကာလအတွင်းဖြစ်ပွားလေ့ရှိသည့် မှုခင်းအကြောင်းအရာများကိုလည်းကောင်း ဟောပြောဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသည့်ပြည်သူများအား မြို့မရဲစခန်းက အသိပညာပေးလက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြောင်း သိရသည်။

သက်မောင်

ကြေးမုံ

ဧပြီ ၁၀၊ ၂၀၁၈



## ရန်ကုန်-မန္တလေးအမြန်လမ်းတွင် ခရီးသည်တင်ယာဉ်က ၁၂ ဘီးယာဉ်နောက်ပိုင်းဝင်တိုက်၊ နှစ်ဦးသေ၊ ၁၁ ဦးဒဏ်ရာရ

**နေပြည်တော် ဧပြီ ၉**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၏ အုတ်တွင်းမြို့နယ် ဗောဓိကုန်းအမြန်လမ်းအပိုင်း၌ ယနေ့နံနက် ၁ နာရီခွဲက အောင်ရတနာခရီးသည်တင်ယာဉ်က သစ်များတင်ဆောင်လာသော ၁၂ ဘီးယာဉ် နောက်ပိုင်းအားဝင်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အမြန်လမ်းမကြီး၏ မိုင်တိုင်(၁၂၃/၆)နှင့်(၁၂၃/၇) အကြား နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ ဝေယံထက် မောင်းနှင်လာသော အောင်ရတနာခရီးသည်တင်ယာဉ်မှာ ယနေ့နံနက် ၁ နာရီခွဲက ရှေ့မှ ယာဉ်မောင်း(စုံစမ်းဆဲ)မောင်းနှင်လာသော သစ်များ တင်ဆောင်လာသည့် ၁၂ ဘီးယာဉ်နောက်ပိုင်းကို ဝင်တိုက်ခဲ့ကြောင်းသိရ၍ သက်ဆိုင်ရာမှ သွားရောက်စစ်ဆေးရာ သစ်တင်ယာဉ်မှ ယာဉ်မောင်းမှာ တိမ်းရှောင်သွားခဲ့သည်။

အောင်ရတနာခရီးသည်တင်ယာဉ်ပေါ်မှ ယာဉ်မောင်းပါ သံဃာတစ်ပါး၊ အမျိုးသား ၁၆ ဦး၊ အမျိုးသမီး ၁၁ ဦး စုစုပေါင်း ၂၈ ဦးအနက် သံဃာတစ်ပါးနှင့် အမျိုးသားတစ်ဦး ပေါင်းနှစ်ဦး သေဆုံးခဲ့ပြီး အမျိုးသားခုနစ်ဦး၊ အမျိုးသမီး လေးဦး စုစုပေါင်း ၁၁ ဦး ဒဏ်ရာရရှိခဲ့သည်။

သေဆုံးသူ ရုပ်အလောင်းနှစ်လောင်းနှင့် ဒဏ်ရာရရှိသူများအား တပ်ဖွဲ့ပိုင် မော်တော်ယာဉ်ဖြင့် ဖြူးဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

## ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၉**

တရားမဝင်ကုန်စည်များတားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဧပြီ ၈ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် အစီး ၁၁၆၀၊ သွင်းကုန် ၁၀၂၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၆၇ စီး၊ သွင်းကုန် ၂၀၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၂၇၄ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၃၆ သန်းခန့်) စုစုပေါင်းတားဆီးမှု သုံးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၆၃၄ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဧပြီ ၈ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်ကွင်းလမ်းဖြစ်သော ညောင်ခါးရှည်ကျေးရွာအနီး စစ်ဆေးမှုများဆောင်ရွက်စဉ် ကားလမ်းမဘေးတွင် စုပုံထားသည့် တရားမဝင်အကောက်ခွန်မဲ့ ကုန်ပစ္စည်းများဖြစ်သော PSI စလောင်းဗန်း (1×10) 20 Pkgs၊ PSI ဒေါက်တိုင် (1×5) 40 Pkgs၊ PSI ထိပ်ဖူး (1×100) 2 Pkgs နှင့် PSI Receiver(အထိုင်စက်) (1×10) 20 Pkgs (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၂ သန်းခန့်)ကို ပိုင်ရှင်မဲ့စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဆိုင်ကယ်ခွကြားရှိ ဆောင်းဘောက်အတွင်းမှ ဘိန်းဖြူမှုန့် ၂၂၀ ဂရမ် သိမ်းဆည်းရမိ

**ကသာ ဧပြီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ယနေ့နံနက် ၁၁ နာရီက ဆိုင်ကယ်ခွကြားတွင် တပ်ဆင်ထားသည့် ဆောင်းဘောက်အတွင်းမှ ဘိန်းဖြူမှုန့် ၂၂၀ ဂရမ်အား သိမ်းဆည်းရမိကြောင်း သိရသည်။



ဖြစ်စဉ်မှာ မူးယစ်တပ်ဖွဲ့စု(၆) ကသာမှ မူးယစ်တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး မြင့်နိုင်ဦး ဦးစီးတပ်ဖွဲ့ဝင်များ၊ ကသာမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့သည် သတင်းအရ ကသာမြို့နယ် လမ်းခွကျေးရွာအုပ်စု ပင်းမလွတ်ကျေးရွာ မီးရထားသံလမ်းကူးတွင် စောင့်ဆိုင်းနေစဉ် ကသာမြို့ဘက်မှ အင်းတော်မြို့ဘက်သို့ ပင်လည်ဘူးမြို့နယ် ချင်းကုန်းကျေးရွာနေ အောင်ဇော်မိုး မောင်းနှင်ပြီး သိန်းထွန်းစီးနင်းလိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ဆိုင်ကယ်ရှေ့ခွကြားတွင် တပ်ဆင်ထားသည့် အလျား ၁၉ လက်မ၊ အချင်း ကိုးလက်မရှိ ဆောင်းဘောက်အတွင်း ဆပ်ပြာခွက် ၂၂ ခွက်ဖြင့် ထည့်ထားသည့် ဘိန်းဖြူအလေးချိန် ၂၂၀ ဂရမ်ကို သက်သေများရှေ့တွင် သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အောင်ဇော်မိုးနှင့် သိန်းထွန်းတို့နှစ်ဦးအား ကသာမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၉**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၈ ရက် ညနေ ၃ နာရီက ကြာအင်းဆိပ်ကြီးမြို့ အမှတ်(၁) ရပ်ကွက် ထန်းတောလမ်း အမှတ်(--)နေ မောင်ဖြူ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၈၀ ကို လည်းကောင်း။

အလားတူ ယင်းနေ့ မွန်းလွဲ ၁ နာရီက မူးယစ်တပ်ဖွဲ့စု(၁၈)မန္တလေး တောင်ပိုင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် (ဆ)ရပ်ကွက် (၅၅×၅၆) လမ်းကြား အေးသုခလမ်းတွင် တွေ့ရှိသူ စိုးသူရ(ခ)အိဗရာဟင်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၆၅ ပြား သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ဟန်ထွန်းအောင်(ခ) အိုက်ပြူးကို သွားရောက်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၀၁၀၁ ကီလိုနှင့် စိတ်ကြွရူးသွပ် ဆေးပြား ၁၆ ပြား ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အလားတူ ပူးပေါင်းအဖွဲ့သည် ပိုင်စိုးအောင်(ခ)ပိုင်စိုးကို ရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၉၅၀ ကို လည်းကောင်း၊ ထို့အတူ ယင်းနေ့ မွန်းလွဲ ၂ နာရီက မူးယစ်တပ်ဖွဲ့စု(၁၆)ပြင်ဦးလွင်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးကုတ်မြို့ အမှတ်(၂)နယ်မြေ လယ်ဦးရပ် အမှတ်(---)နေ မလီကျူး၏ နေအိမ်ကို ရှာဖွေရာ ချွမ်းစိုက်နှင့်အတူ ဘိန်းဖြူ သုည ဒသမ ၀၀၆ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၁၅၆၀ တို့ကို လည်းကောင်း၊ ထို့အတူ မွန်းလွဲ ၂ နာရီခွဲ ခန့်က မူးယစ်တပ်ဖွဲ့စု(၂၂) မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်ခမ်းမြို့နယ် မုန်းဝီး-နမ့်ခမ်းသွားကားလမ်း လွယ်လင်ကန် ကျေးရွာအထွက်လမ်းတွင် လီမင်ဝမ် မောင်းနှင်ပြီး မလီကြူလန် လိုက်ပါလာသော ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းဖြူ အလေးချိန် သုည ဒသမ ၁၂၁ ကီလို သိမ်းဆည်းရမိခဲ့သည်။ အလားတူ မူဆယ်မြို့နယ် မူဆယ်-လားရှိုးသွားလမ်း ၁၀၅ မိုင် အိုရီယမ်တယ်တိုးဂိတ်အနီးတွင် ထောက်ကျိယုံ မောင်းနှင်လာသော ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းစိမ်း နှစ်ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မလီကျူးနှင့် ချွမ်းစိုက်တို့အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## ကားပေါ်ဆော့ကစားရာမှ ကလေးငယ်တစ်ဦး မီးလောင်သေဆုံး

**ဗန်းမော် ဧပြီ ၉**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဗန်းမော်မြို့နယ် စီဟဲကျေးရွာ၌ ဧပြီ၈ရက် ညနေ၆နာရီခွဲက သုံးနှစ်ခွဲအရွယ် ကလေးငယ်တစ်ဦး ကားပေါ်ဆော့ကစားရာမှ ကားမီးလောင်ကာ သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဗန်းမော်မြို့နယ် စီဟဲကျေးရွာနေ ဦးကျော်ရွှေ(၅၃)နှစ်သည် နေအိမ်ရှေ့၌ ၎င်းပိုင်ဆိုင်သည့် မော်တော်ယာဉ်ကို ရပ်တန့်ထားစဉ် မြေးတော်စပ်သူ သုံးနှစ်ခွဲအရွယ်ရှိ မသွန်းရတနာဦးသည် ယာဉ်ပေါ်သို့ တက်၍ ယာဉ်၏ ရှေ့ခန်းရှိ ဝါယာကြိုးများကို ဆော့ကစားရာမှ ဝါယာရှော့ဖြစ်၍ မော်တော်ယာဉ်ရှေ့ခန်း မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။

မီးလောင်ကျွမ်းသည့် မော်တော်ယာဉ်အား ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၆ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်ကျွမ်းမှုကြောင့် မသွန်းရတနာဦးမှာ သေဆုံးသွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဗန်းမော်မြို့မ ရဲတပ်ဖွဲ့စခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**



## မြန်မာ့ရုပ်မြင်သံကြား

**၁၀-၄-၂၀၁၈(အင်္ဂါနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ Breakfast News
- ၇း၃၅ “သဘာဝအလှတွေစုံလင်စွာ ဧရာမြေမှာဘိုကလေး မြေမဟာ”
- ၈း၃၅ “နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ” (ပညာရေးဝန်ကြီးဌာန)
- ၉း၀၀ ဥပဒေရေးရာအဖြာဖြာ “ဥပဒေရေးရာသိကောင်းစရာ အမေးအဖြေ” (ဦးဟန်ညွန့် (ဥပဒေ) တရားလွှတ်တော် ရှေ့နေနှင့် နိုတြီပပွလစ်၊ ဝေဖြိုးဟိန်း၊ ခိုင်ဇာသွေး) (ဒါရိုက်တာ-ဝေဠု (ဝသန်))
- ၉း၃၀ မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၀း၂၀ **နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် မြောင်းမြဒေသခံပြည်သူများစကားဝိုင်း တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်**
- ၁၂း၃၀ “ခါတော်မီ”
- ၁၃း၀၅ “ပွင့်နွေးလာသောနေ့ရက်များ” (ရာသီဥတုပြောင်းလဲလာသောမြန်မာ)
- ၁၃း၂၅ Yes or No Talk Show
- ၁၄း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ “တရားရှင်နှင့်ဓားဘုရင်” (နောက်ဆုံးရင်သွေး) (အပိုင်း-၁)

**ညနေပိုင်း**

- ၁၆း၂၅ YTN (Science) “ဇီဝစနစ်ကို အတုခိုးခြင်း”
- ၁၇း၀၅ သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် “သရဲဆိုတာချို(ဂျို)နဲ့လားဟေ့” (ရန်အောင်၊ မင်းမော်ကွန်း၊ ဖွဲ့ပြည့်၊ မို့မို့မြင့်အောင်၊ ယမင်းမေဦး) (ဒါရိုက်တာ-အိအိခိုင်)
- ၁၇း၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာစကားဝိုင်း
- ၁၈း၂၀ Football Magazine
- ၁၈း၃၅ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ (ထပ်ဆင့်အကယ်ဒမီ စင်ရော်မောင်မောင်)
- ၁၉း၄၀ “ရွှေသင်းမြေမှ တောင်ရိုးအလှသဘာဝ”
- ၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ “နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ” (သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)
  - -နိုင်ငံခြားဇာတ်လမ်းတွဲ “တရားရှင်နှင့်ဓားဘုရင်” (နောက်ဆုံးရင်သွေး) (အပိုင်း-၂)
  - -အနုပညာခန်းရိပ်သာ “ဂီတစာဆို အလင်္ကာကျော်စွာ ဟသ်ာတမြင့်ငွေနှင့် တွေ့ဆုံခန်း”
  - - တသသ သကြန်တေးများ
  - -အစီအစဉ်ပြီး၏။

# ရီးယဲလ်နဲ့အတူ စီရိုနယ်လ်ဒို ၁၀ ပွဲဆက် ဂိုးသွင်းနိုင်ခဲ့




တိုက်စစ်မှူးစီရိုနယ်လ်ဒိုဟာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ အက်သလက်တီကိုမက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ်မှာ ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ ၁၀ ပွဲဆက်တိုက်ဂိုးသွင်းယူနိုင်ခဲ့တဲ့ မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ပေမယ့် မက်ဒရစ်ဒါဘီကတော့ သရေရလဒ်သာထွက်ပေါ်ခဲ့ပါတယ်။

စီရိုနယ်လ်ဒိုအနေနဲ့ ပွဲကစားချိန် ၅၃ မိနစ်မှာ ရီးယဲလ်မက်ဒရစ်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့တာဖြစ်ပြီး အဲဒီသွင်းဂိုးဟာ ဘယ်တောင်ပံကစားသမား ဂါရတ်ဘေးလ်ရဲ့ ဖန်တီးပေးပို့မှုကနေ ရရှိခဲ့တာဖြစ်ပါတယ်။ အဲဒီသွင်းဂိုး သွင်းယူနိုင်ခဲ့တာကြောင့် ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ နောက်ဆုံး ၁၀ ပွဲမှာ သွင်းဂိုး ၂၀ အထိသွင်းယူနိုင်ခဲ့တဲ့မှတ်တမ်းတစ်ရပ်ကိုလည်း ပိုင်ဆိုင်ခွင့်ရရှိခဲ့ပါတယ်။

ဒါပေမဲ့ စီရိုနယ်လ်ဒိုဂိုးသွင်းပြီး ၃ မိနစ်အကြာမှာပဲ အက်သလက်တီကိုမက်ဒရစ်တိုက်စစ်မှူး ဂရစ်ဇ်မန်းက အသင်းအတွက် ချေပဂိုးကို သွင်းယူပေးနိုင်ခဲ့ကာ တစ်ဖက်တစ်ဂိုးစီသရေပွဲဖြစ်ခဲ့ပါတယ်။ ဒါကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းဟာ အဆင့်(၄)နေရာက ရီးယဲလ်မက်ဒရစ်အသင်းကို လေးမှတ်ဖြတ်ထားနိုင်ခဲ့ပေမယ့် အမှတ်ပေးဇယားထိပ်ဆုံးက ဘာစီလိုနာအသင်းနဲ့တော့ ၁၁ မှတ်အကွာကို ရောက်ရှိသွားခဲ့ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းကတော့ တစ်ဖက်တစ်ဂိုးစီသရေ ရလဒ်ထွက်ပေါ်နေစဉ် ပွဲပြီးဖို့ ၂၆ မိနစ်အလိုမှာ စီရိုနယ်လ်ဒိုကို ဘင်ဇီမာနဲ့ လူစားလဲခဲ့ပါတယ်။ အဲဒါကလည်း ရီးယဲလ်မက်ဒရစ်အသင်းက ဗုဒ္ဓဟူးနေ့မှာ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပွဲစဉ် ဒုတိယအကျော့အဖြစ် ဂျူဗင်တပ်အသင်းနဲ့ ကစားရမှာဖြစ်တာကြောင့် စီရိုနယ်လ်ဒိုကို အနားပေးခဲ့တာလည်းဖြစ်ပါတယ်။ ရီးယဲလ်မက်ဒရစ်အသင်းဟာ ဂျူဗင်တပ် အသင်းကို ပထမအကျော့မှာ စီရိုနယ်လ်ဒိုရဲ့သွင်းဂိုးနှစ်ဂိုးအပါအဝင် သုံးဂိုးပြတ်နဲ့ အနိုင်ရရှိထားတာဖြစ်ပါတယ်။

ပေါ်တူဂီကြယ်ပွင့် စီရိုနယ်လ်ဒိုဟာ ရီးယဲလ်မက်ရစ်အသင်းနဲ့ ပေါ်တူဂီအသင်းအတွက် နောက်ဆုံး ၁၄ ပွဲမှာ ၂၆ ဂိုးအထိသွင်းယူပေးထားနိုင်ခဲ့တာဖြစ်ပြီး ကလပ်အသင်းအတွက်ကတော့ အခုနှစ်ဘောလုံးရာသီမှာ ပွဲပေါင်း ၃၇ ပွဲပါဝင်ကစားပေးထားကာ သွင်းဂိုး ၄၀ အထိ သွင်းယူထားနိုင်ခဲ့တာဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်


© PA

# ဖယ်လိုင်နီအား လီဗာပူးအသင်း ခေါ်ယူမည်ဟုဆို

လီဗာပူးအသင်းဟာ မန်ယူအသင်းကနေ ထွက်ခွာတော့မယ့် ကွင်းလယ်ကစားသမား ဖယ်လိုင်နီကို ခေါ်ယူရန် စီစဉ်နေတယ်လို့ သိရပါတယ်။

နည်းပြကလော့ရဲ့ လီဗာပူးအသင်းအနေနဲ့ ဘယ်လ်ဂျီယံ ကွင်းလယ်ကစားသမားဖယ်လိုင်နီကို သုံးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုပြီးတော့ ခေါ်ယူမယ်လို့လည်း ဆိုထားပါတယ်။

ဖယ်လိုင်နီဟာ အိုးထရက်ဖို့ဒ်မှာ ငါးနှစ်ကြာကစားခဲ့ပြီးချိန်မှာ အခုနွေရာသီအပြောင်းအရွှေ့အတွင်း အသင်းကနေ ထွက်ခွာဖို့စီစဉ်ထားတာကြောင့် စာချုပ်သစ်အတွက်လည်း သဘောတူညီခဲ့ခြင်းမရှိခဲ့ပါဘူး။

ပြင်သစ်နိုင်ငံကလာတဲ့ သတင်းတွေအရတော့ ကွင်းလယ်ကစားသမားဖယ်လိုင်နီကို လီဗာပူးအသင်းက စိတ်ဝင်စားနေတဲ့အပြင် အခြားသောကလပ်အသင်းတွေဖြစ်တဲ့ တရုတ်ကလပ်အသင်းများ၊ တူရကီကလပ် ဘီဆစ်တက်အသင်း၊ ပြင်သစ်အသင်းတွေဖြစ်တဲ့ မိုနာကိုအသင်းနဲ့ ပီအက်စ်ဂျီအသင်းတို့ကလည်း စိတ်ဝင်စားနေတယ်လို့ သိရပါတယ်။

ပီအက်စ်ဂျီအသင်းကတော့ ကွင်းလယ်ကစားသမား သီယာဂိုမော့တာနေရာမှာအစားထိုးဖို့ ကွင်းလယ်ကစားသမားဖယ်လိုင်နီကို ပစ်မှတ်ထားနေခဲ့တာဖြစ်ပြီး သီယာဂိုမော့တာဟာ နွေရာသီအပြောင်းအရွှေ့ကာလမှာ ပီအက်စ်ဂျီအသင်းကနေ ထွက်ခွာတော့မှာဖြစ်ပါတယ်။


အဲဗာတန်ကစားသမားဟောင်းတစ်ဦးဖြစ်တဲ့ ဖယ်လိုင်နီဟာ အခုနှစ်ဘောလုံးရာသီမှာ နည်းပြမော်ရင်ဟိုရဲ့ ပုံမှန်ပွဲထွက်ကစားခွင့်ပေးခံရသူမဖြစ်ခဲ့ဘဲ ပြီးခဲ့တဲ့လက ဆီဗီလာအသင်းကို ရှုံးပြီးကတည်းက မန်ယူအသင်းမှာ ပုံမှန်ပွဲထွက်ကစားခွင့်ပျောက်ဆုံးခဲ့တာဖြစ်ပါတယ်။

# ကမ္ဘာ့ဖလားမတိုင်မီ နှစ်လအလိုတွင် ဂျပန်နည်းပြ ထုတ်ပယ်ခံရ

ဂျပန်ဘောလုံးအဖွဲ့ချုပ်သည် ရုရှားနိုင်ငံ၌ ကျင်းပမည့် ကမ္ဘာ့ဖလားပြိုင်ပွဲ ကျင်းပရန် နှစ်လသာလိုတော့သည့် အချိန်တွင် နည်းပြချုပ် ဗာလစ်ဟာဇစ်ဟော်လစ်ကို ခြေစမ်းပွဲများတွင် ရလဒ်မကောင်းမွန်ခြင်းကြောင့် ထုတ်ပယ်လိုက်ပြီး ဧပြီ ၁၀ ရက်တွင် နည်းပြသစ်ကို တရားဝင် ထုတ်ပြန်နိုင်ဖွယ်ရှိကြောင်း သိရသည်။

ဂျပန်အသင်းသည် ခြေစမ်းပွဲများတွင် မာလီအသင်းနှင့် သရေ၊ ယူကရိန်းအသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက် နည်းပြ ဟာဇစ်ဟော်လစ် ထုတ်ပယ်ရန် အဖွဲ့ချုပ်က ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

ဂျပန်ဘောလုံးအဖွဲ့ချုပ်က ဟာဇစ်ဟော်လစ်ကို ၎င်းတို့၏ ဆုံးဖြတ်ချက်အပေါ် အသိပေးခဲ့ပြီးနောက် နည်းပြသစ်ကို နောက်ရက်မှာပင် ကြေညာနိုင်ဖွယ်ရှိကြောင်း ကျိုဒိုသတင်းဌာနကဖော်ပြသည်။ ဟာဇစ်ဟောလစ်မှာ ၂၀၁၅ ခုနှစ် မတ် ၂၅ ရက်တွင် ဂျပန်နည်းပြအဖြစ် စတင်တာဝန်ယူခဲ့ပြီး အာရှဇုန် အုပ်စု(B)တွင် ဆော်ဒီအာရေဗျနှင့် ဩစတြေးလျအသင်းတို့ထက် ရမှတ်အသာဖြင့် ကမ္ဘာ့ဖလားခြေစစ်ပွဲကို အောင်မြင်ခဲ့ခြင်းဖြစ်သည်။


© EPA

ဂျပန်အသင်းသည် ကမ္ဘာ့ဖလားအုပ်စု (H)တွင် ကိုဘံဘီယာ၊ ပိုလန်၊ ဆီနီဂေါအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး ယခုလို ကမ္ဘာ့ဖလား စတင်ရန် နှစ်လသာလိုတော့သည့် အချိန်တွင် နည်းပြအပြောင်းအလဲကို အလျင်အမြန် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဂျပန်အသင်းသည် ကိုလံဘီယာအသင်းနှင့် ဇွန် ၁၉ရက် ကမ္ဘာ့ဖလား ပွဲစဉ်မတိုင်မီ ခြေစမ်းပွဲ သုံးပွဲယှဉ်ပြိုင်ရန် စီစဉ်ထားပြီးဖြစ်သည်။ ဂျပန်အသင်းသည် ၂၀၀၂ ခုနှစ်က အိမ်ရှင်အဖြစ် ကျင်းပခွင့်ရခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် (၁၆) သင်းအဆင့်သို့ တက်ရောက်ခဲ့ဖူးသည်မှလွဲပြီး ကမ္ဘာ့ဖလားတွင် အောင်မြင်မှုကြီးကြီးမားမား မရရှိခဲ့ဖူးသည့် အသင်းဖြစ်သည်။




# ဆာလတ်ကို နောက်ကောက်ချပြီး ပရီမီယာလိဂ်ဂိုးသွင်းဘုရင်ဆုကို ရယူနိုင်မည်ဟု ဟယ်ရီကိန်း ယုံကြည်

စပါးတိုက်စစ်မှူး ဟယ်ရီကိန်းက လီဗာပူးတိုက်စစ်မှူး ဆာလတ်ကို နောက်ကောက်ချပြီး သူသာ ပရီမီယာလိဂ်ဂိုးသွင်းဘုရင်ဆုကို ရယူနိုင်မည်ဟု ယုံကြည်ဆဲဖြစ်ကြောင်း မေးလ်အွန်လိုင်းသတင်းဌာနက ဖော်ပြသည်။ ကိန်းက" ကျွန်တော် လုပ်နိုင်ဦးမယ်လို့ အခုထိ ယုံကြည်နေဆဲပါပဲ၊ ကြည့်ပါဗျာ၊ ပွဲတွေရှိပါသေးတယ်၊ ဘာတွေဖြစ်လာမလဲ စောင့်ကြည့်ရအောင်ပါ" ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။

ကိန်းမှာ ပြီးခဲ့သည့်နှစ်ရာသီဆက် ပရီမီယာလိဂ်ဂိုးသွင်းဘုရင်ဆုကို ရယူနိုင်ခဲ့ရာ အကယ်၍ယခုရာသီတွင် ထပ်မံရယူနိုင်မည်ဆိုပါက ပရီမီယာလိဂ်ဂိုးသွင်းဘုရင်ဆုကို သုံးရာသီဆက်တိုက် ရယူနိုင်ခဲ့သည့် အာဆင်နယ်တိုက်စစ်မှူးဟောင်း သီယာရီအွန်နရီ ၂၀၀၃-၂၀၀၆ နောက်ပိုင်း ရယူနိုင်သည့် ပထမဆုံးကစားသမားဖြစ်လာမည်ဖြစ်သည်။

တိုက်စစ်မှူး ဟယ်ရီကိန်းသည် လက်ရှိရာသီတွင် ပရီမီယာလိဂ်သွင်းဂိုး ၂၄ဂိုးသွင်းယူထားနိုင်ပြီဖြစ်ပြီး ဆာလတ်၏ သွင်းဂိုး ၂၉ဂိုးကို လိုက်မီရန် ငါးဂိုး လိုသေးသည်။ သို့သော် ဆာလတ်မှာ လတ်တလောတွင် ဒဏ်ရာပြဿနာကြုံတွေ့နေရပြီး ကိန်းက သူ့အနေဖြင့် လက်ကျန်ပွဲများတွင် ဆာလတ်ကို နောက်ကောက်ချကာ သွင်းဂိုးဘုရင်ဖြစ်နိုင်မည်ဟု ယုံကြည်နေခြင်းဖြစ်သည်။

မေလှဲ့သင်း - ရေးသားသည်

# မင်းသုဝဏ်နှင့် သင်္ကြန်ရေစိုစွတ်သောကဗျာများ

a'jufwma'OD(ner;S)
a&alumif;ynmwuúodkvf

ဆရာဇော်ဂျီ၏ "ပိတောက်ပန်း"ကဗျာသည် ခေတ်စမ်းစာပေ၏ ပထမဆုံးအရေးအသားဟု မြန်မာစာပေပညာရှင်များက သတ်မှတ်ထားကြသည်။ သည်လိုဆိုလျှင် ခေတ်စမ်းစာပေ၏ ပထမဆုံးခြေလှမ်းသည် သင်္ကြန်ခံစားမှုနှင့် ပတ်သက်နေသည်ဟု ဆိုရလိမ့်ဦးမည်။ ခေတ်စမ်းခေါင်းဆောင်ကြီးများ၏ အရေးအသားအချို့ကို ခံစားရသောအခါ သင်္ကြန်ခံစားမှု၊ သင်္ကြန်အဖွဲ့အနွဲ့များကို သတိထားမိလာ၏။

ဆရာဇော်ဂျီက "ပိတောက်ပန်း"ကဗျာအပြင် "နွေဦးကျက်သရေ"ထဲ၌ သင်္ကြန်ပုံရိပ်အချို့ကိုထည့်သွင်းရေးသားခဲ့သည်။ ဆရာမင်းသုဝဏ်ကမူ သင်္ကြန်ခံစားမှု ပိုမိုကြွယ်ဝသည်ဟု ပြောရလောက်သည်။ "သင်္ကြန်တုန်းက"ဟူသော ခေတ်စမ်းပုံပြင်စာအုပ်ပါ စကားပြေအပြင် သင်္ကြန်ရေစိုစွတ်သော ကဗျာများကို ရေးဖွဲ့ခဲ့သေးသည်။

ခေတ်စမ်းပုံပြင်စာအုပ်ပါ ဆရာမင်းသုဝဏ် "သင်္ကြန်တုန်းက"သည် သင်္ကြန်အခါ၌ ဇာတိရပ်ရွာသို့ ခဏအလည်ပြန်သည့် တက္ကသိုလ်ကျောင်းသားတစ်ယောက်(ဝါ)ခေတ်ပညာတတ်တစ်ဦး၏ ဇာတိရွာမှ သင်္ကြန်အတွေ့အကြုံပင်။ "သင်္ကြန်တုန်းက"၏ အဓိကပေးလိုသည့် သင်္ကြန်ခံစားမှုသည် ရှေးကျေးလက်သဘာဝအတိုင်း ကုသိုလ်ရေးနှင့်တွဲ၍ အပျော်ရှာကြခြင်းဖြစ်သည်။

ဆရာမင်းသုဝဏ်သည် သင်္ကြန်ခံစားမှုကို ကဗျာအဖြစ်ရေးဖွဲ့မှုပိုများခဲ့သည်။ ၁၉၄၁ ခုနှစ် မြန်မာပြည်စာအုပ်တိုက်မှ ထုတ်ဝေသော "သပြေညို"ကဗျာစာအုပ်ထဲ၌ပင် သင်္ကြန်ခံစားမှုကဗျာသုံးပုဒ်အထိ တွေ့ရသည်။ ပထမတစ်ပုဒ်မှာ "အတာရေ"ဖြစ်သည်။ သပြေညိုကဗျာစာအုပ်ထဲတွင် ကဗျာအောက်ခြေ၌ ရေးဖွဲ့သည့် အချိန်ကာလကို ထည့်သွင်းမထားသော်လည်း ဆရာမင်းသုဝဏ်၏ စာပေလက်ရာများကို တစိုက်မတ်မတ်လေ့လာရေးသားသူ ဆရာမောင်ဟုန်ဝမ်(ကထိက)ကမူ ၁၉၃၃ ခုနှစ်ဟု "မင်းသုဝဏ်နှင့်ကဗျာ"စာအုပ်၌ ရေးသားထားသည်။

**"အတာရေ"**

**"အတာ အတာ၊ ရေသီတာကို**
**သဟာအပေါင်း၊ သွန်းကာလောင်းတဲ့**
**အကြောင်းသို့ ညွှန်၊ ကျွန်ုပ်ကျွန်ကို**
**လိုက်ရန်သူတို့ခေါ်ဘိ၏"**

ကဗျာ၏ပထမအပိုဒ်မှာပင် စာဆို၏ အထီးကျန်မှုကို တွေ့နေရသည်။ သင်္ကြန်အခါဖြစ်သည့်တိုင် အိမ်ထဲမှာပင် တွေငေးနေသော လူငယ်တစ်ယောက်၏ မျက်လုံးများက အိမ်ပြတင်းဝမှတစ်ဆင့် ငေးမောနေတော့မည်။ ဘာကြောင့်လဲ။

**"သဟာ သဟာ၊ မခေါ်လှာနှင့်**
**သံသာလောက၊ ကျွန့်ဘဝ၌**
**ချမ်းမြကြည်စင်၊ ကျွန့်ရေစင်ကို**
**သွန်းချင်တစ်ယောက်တည်းရှိ၏"**

ဒုတိယအပိုဒ်မှာတော့ သင်္ကြန်တွင်းမှာ သူတစ်ပါးတွေလို ရေမကစားနိုင်သည့်လူငယ်လေးတစ်ယောက်၏ ဒဏ်ရာကို တစ်ပိုင်းတစ်စ မြင်ရပြန်လေပြီ။

**"ဘဇာ ဘဇာ၊ မေးသောအခါဝယ်**
**ဝေးမှာစံနေ၊ ကျွန့်သက်ဝေဟု**
**အဖြေပေးမည်၊ တွေးကြံစည်စဉ်**
**မတည်နှစ်ခွ၊ ကျွန့်ကြမ္မာ့ကြောင့်**
**နှုတ်အစ္စသာ နေမိ၏"**

သည်နောက်ဆုံးအပိုဒ်မှာတော့ သင်္ကြန်အခါမှာ ရေဖလားမကိုင်နိုင်သည့် စာဆို၏ဝေဒနာကို အပြည့်အစုံမြင်လိုက်ရလေပြီ။ သူငယ်ချင်းများက လာရောက်ခေါ်ငင်အဖော်စပ်သည့်တိုင် လူငယ်လေးလိုက်မသွား။ "ဒီကမ္ဘာကြီးထဲမှာ ငါရေလောင်းချင်တဲ့သူတစ်ယောက်ပဲရှိတယ်။ ဒါပေမယ့် . . . ဟု စကားလက်စ တန်းလန်းနှင့် တွေငေးနေသော လူငယ်တစ်ယောက်ကို "အတာရေ" ကဗျာထဲမှာ တွေ့လိုက်ရ၏။

"အတာရေ"ကဗျာကို ဆရာမောင်ဟုန်ဝမ်(ကထိက)က သုံးသပ်ရာတွင် ဆရာမင်းသုဝဏ်၏ ဘဝနှင့်ပါတွဲစပ်ခံစားသွားခဲ့သည်။

"၁၉၃၁ မှ ၁၉၃၅ ခုနှစ်လောက်အထိ လေးနှစ်တာအတွင်းဝယ် ချစ်ခြင်းနှင့်ယှဉ်သော စိုးရိမ်ခြင်းသောကကြောင့် ဆရာတစ်ပိုင်း၊ ကျောင်းသားတစ်ပိုင်းဖြစ်သော မင်းသုဝဏ်သည် ဆောက်တည်ရာကိုမရနိုင်ဘဲ ဆင်းရဲသော ခံစားမှု၏ဒဏ်ကို အတော်ပင်ခံရသည်။ ချစ်အပ်သောသူရှိသည်ဟုဆိုသော်လည်း ဘဝချင်းခြားနားနေသောကြောင့် ပိုင်ပိုင်နိုင်နိုင် မပြနိုင်ပါ။ ဒွိဟ သံသယဖြင့် နှုတ်အစ္စသာ စိတ်ဆင်းရဲခြင်းဖြစ်ရသည်။ ထိုသဘောကို "အတာရေ" ကဗျာက မင်းသုဝဏ်၏ ခံစားမှုကို ဖော်ပြလျက်ရှိသည်။"

**(မင်းသုဝဏ်နှင့်ကဗျာ–မှ)**

သပြေညိုကဗျာစာအုပ်ပါ နောက်ထပ် သင်္ကြန်ခံစားမှုကဗျာက "လက်ဆောင်ပြန်" ဖြစ်သည်။ သည်ကဗျာထဲမှာတော့ စာဆို၏သင်္ကြန်ခံစားမှုအမြင်က ကြည်လင်နေသည်။ အိမ်ပြတင်းမှနေ၍ အဆွေးမျက်လုံးများဖြင့် တွေဝေမနေတော့။ မြန်မာ့ရိုးရာသင်္ကြန်၏ အနှစ်သာရကို ထိုးဖောက်ရှုမြင်ထားသည်။

**"လက်ဆောင်ပြန်"**

**"မိုးသင်္ကြန် ရေသောက်လို့**
**ရွှေပိတောက် တဝါဝါ**
**သင်းကြူနံ့ဖြာ။**
**ကျွန်တို့ဆီမှာ၊**
**သာပါရဲ့ ဗုံမောင်း။။"**

သင်္ကြန်ပွဲတော်၏မြင်ကွင်းကို သင်္ကြန်မိုးလေး တစ်ပြိုက်နှစ်ပြိုက်နှင့်ပင် ထိန်ဝေနေအောင် ပွင့်လာကြသော ပိတောက်ပန်းများနှင့် တင်စားဖွင့်လှစ်ပြသည်။ ပြီးတော့ ပိတောက်ရနံ့။ နွေနေပူကို ထိုးဖောက်ထွက်လာသည့် သင်္ကြန်လေပြည်ကို ခိုစီးလွင့်မျောလာသည့် ပိတောက်ရနံ့။ ဒါသင်္ကြန်၏ သင်္ကေတများပင်မဟုတ်လား။

နောက်တစ်ချက်က သင်္ကြန်၏အသံ။ "ကျွန်တို့ဆီမှာ သာပါရဲ့ ဗုံမောင်း"တဲ့ ။ ဆရာမင်းသုဝဏ်တို့ ခေတ်ကာလဆီက တောမြို့ကလေးတွေ၊ တောကျေးလက်တွေမှာ ရှိတတ်ခဲ့သည့် သင်္ကြန်လူငယ်များ၏ အပျော်တမ်း အိုးစည်ဝိုင်းကလေးများ၊ သင်္ကြန်ဖျော်ဖြေရေးမဏ္ဍပ်များဆီမှ စည်တိုသံခပ်မြူးမြူးကလေးများ။ သည်အသံများကလည်း သင်္ကြန်ပွဲ၏ အမှတ်တံဆိပ်များပင်။

လူငယ်အချင်းချင်း လောင်းကြပက်ကြသည့် "ရေ"သည် မည်ကာမတ္တ "ရေ"မဟုတ်။ ဆရာမင်းသုဝဏ်ဖွဲ့ဆိုထားသည့် နောက်ဆုံးအပိုဒ်ကို ကြည့်ပါဦး။

**"မောင်ကြီး မာပါစေတဲ့၊**
**မလေးချာပါစေတဲ့၊**
**အတာရေ ဖြာဝေသွန်းလို့ရယ်**
**ညွှန်းကြဆုတောင်း"**

လူလူချင်း မေတ္တာတရားများ ဖြည့်စွက်ထားသောရေ၊ လူလူချင်းမုဒိတာတရားများ မွမ်းမံထားသောရေ။

"အတာရေ" ကဗျာဖြင့် သင်္ကြန်ကို အဆွေးငွေ့သမ်းသော မျက်လုံးဖြင့်ကြည့်ခဲ့သည့် ဆရာမင်းသုဝဏ်သည် နောက်ပိုင်းမှာတော့ သင်္ကြန်အပေါ် အမြင်ပြောင်းလဲလာသည်။ သင်္ကြန်မြင်ကွင်းက ကြည်လင်လာသည်။ သင်္ကြန်၏ အဆီအနှစ်ကို ထုတ်ဖော်ခံစားတတ်လာသည်။ သည်လို ပြောင်းလဲလာမှုကို "လက်ဆောင်ပြန်" ကဗျာမှာကတည်းက တွေ့ခဲ့ရပြီးဖြစ်သည်။

နောက်ထပ်တစ်ကြိမ် သည်လိုပြောင်းလဲလာမှုကို တွေ့ရပြန်သည်။ "နှစ်ဦးမင်္ဂလာ"ကဗျာထဲတွင် ဖြစ်သည်။

**"နှစ်ဦးမင်္ဂလာ"**

**"နှစ်ဦး သစ်မြူး၊ ခေတ်ဦးကောဇာ**
**ဆန်းစ ချမ်းမြ၊ စန်းလသော်တာ။**
**မြိုင်အောက်ကြိုင်လှောက်၊ ပိတောက်ပမာ**
**ကျန်းရွှင်ကြောင်း သွန်းလောင်းရေသီတာ"**

ကဗျာကလေးက တိုတိုကလေးပင်ဖြစ်သည်။ လေးကြောင်းကဗျာကလေး။

နှစ်သစ်မှာ ဆန်းသစ်စ လမင်းအလင်းရောင်လို အေးမြပါစေတဲ့။ ဝင်းပပါစေတဲ့။ နှစ်သစ်မှာ ထိန်ထိန်ဝေဝေပွင့်နေကြသည့် ပိတောက်ပန်းများကဲ့သို့ မွှေးမြပါစေတဲ့။ လှပကြပါစေတဲ့။

ငွေဖလားထဲမှာ ပိတောက်ခက်ကလေးကိုသာ ပြေးမြင်နေမိတော့သည်။ ဆရာမင်းသုဝဏ်သည် ခေတ်စမ်းစာပေလောက၏ ရှေ့ဆောင်တစ်ဦးဖြစ်သည်ကို စာပေလိုက်စားသူတိုင်း အသိ။ ဆရာကြီးရေးသားဖန်တီးသမျှ ကဗျာ၊ ဝတ္ထုတို၊ ဆောင်းပါးတို့၌ မြန်မာမှု၊ မြန်မာစာ၊ မြန်မာ့ရိုးရာကို မည်မျှအထိ ချစ်ခင်မြတ်နိုးတန်ဖိုးထားကြောင်းကို အထင်အရှားမြင်ကြသည်။

ဤဆောင်းပါးသည် ဆရာကြီးမင်းသုဝဏ်၏ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကို မည်မျှခံစား ကိုင်းညွှတ်ခဲ့သည်ကို လက်လှမ်းမီသလောက် မှန်းဆထားခြင်းမျှသာ ဖြစ်ပါသည်။

***စာကိုး***

*၁။ မင်းသုဝဏ်၏ သပြေညိုနှင့် အခြားကဗျာများ(၁၉၄၁)*
*၂။ မောင်ဟုန်ဝမ်(ကထိက)၏ မင်းသုဝဏ်နှင့်ကဗျာ (၂၀၁၂)*
*၃။ ကျော်မြင့်သစ် (Reproduction)*

azvm;xrSyfwmufufuf av;ulukmajy;jrif
aeralwmbnfq&mrif;okPfbnfacwfprf
pmayavmuu\ a&SUaqmifwpfOD;pfbnfudkmay
vlkpm;olwdkif;t odbq&mukD;a&;om;zefwD;orQ uAsm?
0wWkwdkqmif;yg;wdkUrefrmrI jrefrmpm? jrefrmUudk;&mudk
rnf|txd cspfciftrwfEdk;wefzdk;xm;aMumif;udk . .

# မြိတ်မြို့၌ မဟာသင်္ကြန်ပွဲတော် ရေကစားမဏ္ဍပ်များ ယခင်နှစ်ထက် ထက်ဝက်ကျော်လျော့နည်း

**မြိတ် ဧပြီ ၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်တွင် ယခုနှစ်မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကာလ ရေကစားမဏ္ဍပ်များကို ဆောက်လုပ်ခွင့် လာရောက်လျှောက်ထားသူများမှာ ယခင်နှစ်ကထက် ထက်ဝက်ကျော် လျော့နည်းသွားကြောင်း မြိတ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ သိရသည်။

"မြိတ်မြို့မှာ အခုနှစ် သင်္ကြန်ရေကစားမဏ္ဍပ်တွေ ဆောက်လုပ်ဖို့ လာရောက်လျှောက်ထားသူတွေက ယခင်နှစ်တွေကထက် နည်းပါးနေတာကို တွေ့ရတယ်၊ လူငယ်အများစုက မဏ္ဍပ်ဆောက်လုပ်ဖို့ ငွေရေးကြေးရေး အခက်အခဲရှိတာကြောင့် ဖြစ်နိုင်ပါတယ်" ဟု မြိတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်အေးက ပြောသည်။

မြိတ်မြို့တွင် လွန်ခဲ့သည့် ငါးနှစ်ဝန်းကျင်ခန့်က မဟာသင်္ကြန်ပွဲတော် ကာလတွင် ကမ်းနားလမ်းတစ်လျှောက်၊ ကမ်းဖျားလမ်းမကြီးတစ်လျှောက်၊ ကမ်းဖျားမြေနီလမ်းတစ်လျှောက်၊ ရှမ်းချောင်းလမ်းမကြီးတစ်လျှောက်တို့တွင် ဌာနဆိုင်ရာရေကစားမဏ္ဍပ်များ၊ ကုမ္ပဏီရေကစားမဏ္ဍပ်များ၊ ရပ်ကွက်အလိုက်ရေကစားမဏ္ဍပ်များ အများအပြားရှိခဲ့ရာမှ ယခုနှစ်တွင် တဖြည်းဖြည်းလျော့နည်းလာကြောင်း မြိတ်မြို့ ဒေသခံများထံမှ သိရသည်။

"တစ်နှစ်ထက်တစ်နှစ် တဖြည်းဖြည်း လျော့နည်းလာတာက ငွေရေးကြေးရေး အခက်အခဲနဲ့ သစ်တွေဝယ်ယူဖို့ ရှားပါးလာတာကြောင့် သင်္ကြန်မဏ္ဍပ်ဆောက်လုပ်ခွင့် လျှောက်ထားသူတွေ နည်းပါးရခြင်းဖြစ်ပါတယ်" ဟု အခါတော်မီရေကစားမဏ္ဍပ် တာဝန်ခံ ဦးအင်စိုးက ပြောသည်။

မြိတ်မြို့နယ်တွင် ယခင်နှစ်က မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကာလတွင် မြို့ပေါ်ရပ်ကွက်များ၌ သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ တရားဝင်ခွင့်ပြုချက်ဖြင့် ဆောက်လုပ်ခဲ့သည့် ရေကစားမဏ္ဍပ်များ ၂၀ ကျော်ရှိခဲ့ပြီး ယခုနှစ်တွင် ရေကစားမဏ္ဍပ် ကိုးခုသာရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ သိရသည်။

မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၁၃၇၉ ခုနှစ် မြိတ်ခရိုင် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက်နေ့ (သင်္ကြန်အကြိုနေ့) ညနေ ၄ နာရီခွဲတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကမ်းဖျားရပ်ကွက် မြို့မအားကစားကွင်းအနီးရှိ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ကျင်းပသွားမည်ဖြစ်ပြီး မဟာသင်္ကြန်ဗဟိုမဏ္ဍပ်ပိတ်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဧပြီ ၁၆ ရက် (သင်္ကြန်အတက်နေ့) ညနေ ၅ နာရီခွဲတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဇီဝိတဒါနငါးလွှတ်ပွဲတော်ကို ၁၃၈၀ ပြည့်နှစ် မြန်မာ့နှစ်ဆန်းတစ်ရက် (ဧပြီ ၁၇ ရက်) နံနက် ၈ နာရီခွဲတွင် မြိတ်မြို့ ကမ်းနားလမ်း ဆိပ်ငယ်ဗောတံတား၌လည်းကောင်း၊ သက်ကြီးအဘိုးအဘွားများ ပူဇော်ကန်တော့ပွဲကို နံနက် ၉ နာရီတွင် ကမ်းနားလမ်းရှိ ပုလဲရတနာခန်းမ၌လည်းကောင်း၊ ညနေ ၄ နာရီတွင် မြိတ်မြို့ လေးကျွန်းဆီမီးစေတီတော်ကြီး၌ သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များကို တစ်ပြိုင်တည်း ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း မြိတ်မြို့ မဟာသင်္ကြန်ပွဲတော် ကျင်းပရေးကော်မတီမှ သိရသည်။

**မြင့်ဦး(မြိတ်)**



# လယ်ယာမြေလျော်ကြေးငွေများပေးအပ်

**ပခုက္ကူ မေ ၉**
ပခုက္ကူ-ကျွန်းချောင်း ရထားလမ်း ဖောက်လုပ်ရာတွင် ပါဝင်သွားသော လယ်ယာမြေများအတွက် လျော်ကြေးငွေပေးအပ်ပွဲကိုမေ ၈ရက် နံနက် ၉ နာရီက ပခုက္ကူမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်ကိုက အဖွင့်အမှာစကားပြောကြားပြီး မြန်မာ့မီးရထားဌာန တိုင်းအမှတ် (၁၀) ပခုက္ကူနယ်မြေ အင်ဂျင်နီယာမှူး(မြို့ပြ) ဦးကျော်လင်းက မြေယာ လျော်ကြေးငွေ ပေးအပ်ရခြင်းနှင့် ပတ်သက်သည်များကိုရှင်းလင်းပြောကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့် မြန်မာ့မီးရထားဌာန တိုင်းအမှတ်(၁၀) ပခုက္ကူနယ်မြေ အင်ဂျင်နီယာမှူး (မြို့ပြ) ဦးကျော်လင်းတို့က မြေပိုင်ရှင်များထံ မြေယာလျော်ကြေးငွေများ ပေးအပ်ကြသည်။

မြန်မာ့မီးရထားဌာန တိုင်းအမှတ် (၁၀) ပခုက္ကူနယ်မြေ ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်စဉ် ပခုက္ကူ-ကျွန်းချောင်း ရထားလမ်းပိုင်းတွင် မြေပါဝင်ခဲ့သော ပခုက္ကူမြို့နယ်အတွင်းရှိ မြင်းချိုင့်ကျေးရွာ၊ ကံလှကျေးရွာ၊ မြို့ခင်းသာကျေးရွာ (ကွန်ပျူတာတက္ကသိုလ်)၊ ဘူတာယာဒ်ဝင်း၊ လယ်ယာကျေးရွာ၊ ချောက်ကန်ကျေးရွာ၊ အနောက်ချောက်ကန်ကျေးရွာ၊ မြစ်ခြေကျေးရွာ (မြစ်ခြေဘူတာယာဒ်ဝင်း)တို့မှ မြေဧက ၇၆ ဒသမ ၅၈ ဧကအတွက် စုစုပေါင်းမြေယာလျော်ကြေးတန်ဖိုးငွေကျပ် ၁၁၄၈၇၀၀၀၀ ကို ပခုက္ကူမြို့နယ် မြေယာလျော်ကြေးပေးချေရေးအဖွဲ့မှ လျော်ကြေးငွေပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။



အဆိုပါအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်ကို၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး (၁) လွှတ်တော်ကိုယ်စားလှယ် ဦးဟန်ဇော်ဝင်း၊ တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်နီနီဝင်း၊ ပခုက္ကူခရိုင် စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုလွင်၊ ပခုက္ကူမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြင့်ဆောင်၊ မြန်မာ့မီးရထားဌာန တိုင်းအမှတ် (၁၀)ပခုက္ကူနယ်မြေ အင်ဂျင်နီယာမှူး (မြို့ပြ) ဦးကျော်လင်းနှင့်ဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

**ဆလိုင်းကိုကီး**

# အနုပညာလက်ရာမြောက် ပုလင်းပန်းချီမှာယူမှုများပြား

**အမရပူရ မေ ၉**
ရှားပါးပြီး အနုပညာလက်ရာမြောက် ပုလင်းပန်းချီများကို မှာယူမှုများပြားလျက်ရှိရာ အများစုမှာ ဘုရားပုံတော်များကို သီးသန့်ရေးဆွဲခိုင်းမှု များလာကြောင်းသိရသည်။ ပုလင်းပန်းချီရေးဆွဲခိုင်းရာတွင် မုဒြာ ၁၀ မျိုးကို ပုလင်းများပေးကာ စိတ်ကြိုက်ရေးဆွဲခိုင်းလေ့ရှိသည်။



ပုလင်းအရွယ်အစားမှာ အမြင့် ၁၀ လက်မ၊ လုံးပတ် ၁၇ လက်မခွဲရှိသော ပုလင်းအတွင်းရေးဆွဲပေးရသည်။ ပုလင်းတစ်လုံးလျှင် ဘုရားပုံနှစ်ဆူနှုန်းရေးဆွဲပေးရသည်။ ပုလင်းငါးလုံးအတွင်း မုဒြာ ၁၀ မျိုးရေးဆွဲပေးရကာ ပုလင်းပန်းချီတစ်လုံးလျှင် ငွေကျပ်ရှစ်သိန်းရရှိကာ ပုံမှန်ပုလင်းပန်းချီတစ်လုံးလျှင် ငွေကျပ်သုံးသိန်းရရှိကြောင်း အမရပူရမြို့ မြေပဲတန်းရပ်ရှိ ပုလင်းပန်းချီ ဦးချစ်မြက ပြောသည်။

ရှားပါးပြီး အနုပညာလက်ရာမြောက်သည့် မှန်ပန်းချီ၊ ပုလင်းပန်းချီ၊ အုန်းခွက်ပန်းချီ၊ ဘူးပန်းချီများကို ရေးဆွဲမှုလုပ်ငန်းမှာ ကင်းဘတ်ပေါ်တွင်ရေးဆွဲသည့် ပန်းချီကို အခြေခံကာ မှန်ပန်းချီရေးဆွဲခြင်းလုပ်ငန်းမှ စတင်ခဲ့ပြီး ပုလင်းပန်းချီမှာ ပုလင်းအတွင်း ရေးဆွဲရသည့်အတွက် ခက်ခဲလှသည်။။

၁၉၈၀ပြည့်နှစ်မှ ၁၉၉၀ ပြည့်အတွင်း လက်ရာမြောက်မှန်ပန်းချီ ရေးဆွဲရာမှ ကျောက်ဆည်မြို့ ပုလင်းပန်းချီဆရာကြီး ဦးညိုလေး၏ ပုလင်းပန်းချီကိုကြည့်ကာ သုံးနှစ်တိတိရေးဆွဲလေ့ကျင့်ပြီး ငါးလုံးမြောက် ပုလင်းပန်းချီ မဟာမုနိရုပ်ပွားတော်ရေးဆွဲရာမှ စတင်ကျွမ်းကျင်လာကြောင်း သိရသည်။ မြန်မာနိုင်ငံမှ ပုလင်းပန်းချီ ဦးချစ်မြ၏ လက်ရာများကို နိုင်ငံတကာခရီးသွား ဧည့်သည်များ အထူးကြိုက်နှစ်သက်ကာ ဝယ်ယူမှုများပြားလာခဲ့သည်။

၂၀၀၇ ခုနှစ်တွင် အမေရိကန်နိုင်ငံမှ ပညာရှင်များက မြန်မာနိုင်ငံမှ ပုလင်းပန်းချီ ဦးချစ်မြကို ရှာဖွေပြီး ပုလင်းပန်းချီ၊ မှန်ပန်းချီများကို သုတေသနပြုလုပ်ခဲ့ပြီး လက်ရှိကာလအထိ အမေရိကန်တက္ကသိုလ်ပညာရှင်များနှင့် မြန်မာနိုင်ငံ တက္ကသိုလ်ပညာရှင်များ ပူးပေါင်းကာ ရှားပါးလက်ရာဖြစ်သည့် မှန်ပန်းချီနှင့် ပုလင်းပန်းချီ သုတေသနပြုမှုအတွက် ရေးဆွဲပေးနေရသည်။ လက်ရှိကာလတွင် ပုလင်းပန်းချီ၊ မှန်ပန်းချီ၊ အုန်းခွက်ပန်းချီ၊ ဘူးခါးသီးပန်းချီများကို တွင်ကျယ်စွာရေးဆွဲလျက်ရှိကြောင်း သိရသည်။

**နွေနဒီ (မြစ်ငယ်)**

# စွမ်းအားမြင့်မီးဖိုဖြန့်ဝေခြင်းနှင့် ထင်းအစားထိုးလောင်စာသုံးစွဲရေး အသိပညာပေးလုပ်ငန်းများလုပ်ဆောင်

**မုံရွာ မေ ၉**
အပူပိုင်းဇုန်အတွင်းသို့ ကျရောက်လျက်ရှိသော စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့နယ် ၁၇ မြို့နယ်ရှိ ကျေးရွာများသို့ ထင်းအစားထိုး အခြားလောင်စာများဖြင့်တွဲဖက်အသုံးပြုနိုင်သည့် စွမ်းအားမြင့်မီးဖို အလုံး ၄၁၁၀ ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မေလမှစက်တင်ဘာလအထိ ခြောက်လတာကာလအတွင်း တိုင်းဒေသကြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြို့နယ်အလိုက် အခမဲ့ဖြန့်ဝေပေးပြီး အသိပညာပေးလုပ်ငန်းများ လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

"စွမ်းအားမြင့်မီးဖိုတွေ ဖြန့်ဝေပေးတာက အဓိကထင်းသုံးစွဲမှုကို လျှော့ချနိုင်အောင်လို့၊ ထင်းအစား အခြားလောင်စာတွေအသုံးပြုနိုင်တဲ့အသိပညာတွေရရှိပြီး လောင်စာတောင့်တွေ၊ စိုက်ပျိုးရေးလုပ်ငန်းကရရှိတဲ့ စွန့်ပစ်အမှိုက်တွေကို အလေအလွင့်မရှိ အသုံးပြုနိုင်တယ်၊ စွမ်းအားမြင့်မီးဖိုဖြန့်ဝေခြင်းအနေနဲ့ ဟောပြောပွဲတွေမှာ ဦးစီးအရာရှိအနေနဲ့က တစ်ကြိမ်ဟောပြောပွဲလုပ်ရင် ၁၀ လုံးအခမဲ့ဖြန့်ဝေပေးတယ်၊ လက်ထောက်ညွှန်ကြားရေးမှူးဆိုရင် တစ်ကြိမ်ဟောပြောပွဲလုပ်ရင် မီးဖိုအလုံး ၃၀၊ ညွှန်ကြားရေးမှူးအဆင့်အနေနဲ့ တစ်ကြိမ်ဟောပြောပွဲ လုပ်ရင် အလုံး ၅၀ အခမဲ့ဖြန့်ဝေပေးပါတယ်၊ ခြောက်လစာကို ခြောက်ကြိမ်ဟောပြောပွဲလုပ်ပါမယ်၊ လက်ထောက်ညွှန်ကြားရေးမှူးက တစ်မြို့နယ်ကို တစ်ကြိမ်နှုန်းနဲ့ ခုနစ်မြို့နယ်ရှိတဲ့ ခရိုင်ဆိုရင် ခုနစ်ကြိမ်ပေါ့၊ ဦးစီးအရာရှိက နှစ်ကြိမ်၊ တောအုပ်ကြီးက တစ်ကြိမ်နှုန်းနဲ့တစ်မြို့နယ်မှာ သုံးကြိမ်ဟောရမယ်၊ ဒါကြောင့် စုစုပေါင်းဟောပြောရမယ့် အကြိမ်ပေါင်းက ၃၄၁ ကြိမ်မှာ မီးဖိုအလုံးရေ ၄၁၁၀ ကို ဖြန့်ဝေပေးသွားမှာပါ" ဟု စစ်ကိုင်းတိုင်းဒေသကြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဘလွင်ဦးက ပြောသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အပူပိုင်းဇုန်အတွင်းသို့ ကျရောက်လျက်ရှိသော မြို့နယ် ၁၇ မြို့နယ်မှ ကျေးရွာသို့ စာရင်းကောက်ယူတာ ခြောက်လအတွင်း စွမ်းအားမြင့်မီးဖို ၄၁၁၀၊ လောင်စာတောင့်သုံးစွဲမှု ခြောက်သိန်း၊ စိုက်ပျိုးရေး စွန့်ပစ်ပစ္စည်း သုံးစွဲမှု တန် ၆၅၀၀၊ မြို့နယ်များတွင် အခြေခံကျသည့် တောအုပ်ကြီး၊ ဦးစီးအရာရှိ၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူးတို့က အသိပညာပေးဟောပြောခြင်း၊ တိုးချဲ့ပညာပေးစခန်းဖွင့်လှစ်၍ ရွေ့လျားပညာပေးဟောပြောခြင်းနှင့် တိုးချဲ့ပညာပေးစခန်းများတွင် လာရောက်ကြည့်ရှုရန်ဖိတ်ခေါ်ပြီး ဟောပြောသည့် အစီအစဉ်များလည်း လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# မြန်မာ့ရိုးရာလမ်းလျှောက်သင်္ကြန် အထိမ်းအမှတ်မုခ်ဦး စိုက်ထူ

**မန္တလေး မေ ၉**
ယခုနှစ် မန္တလေးမြို့တော်မဟာသင်္ကြန်ပွဲတော်ကျင်းပမည့် အစီအစဉ်တွင် ပါဝင်သည့် လမ်းလျှောက်သင်္ကြန်ကျင်းပမည့် ကျုံးတောင်ဘက် ၂၆ လမ်း၊ ၆၆ လမ်း ထိပ်တွင် မြန်မာ့ရိုးရာရေသဘင်ပွဲတော် စာတန်းပါ အဝင်မုခ်ဦးကို စိုက်ထူထားပြီး ဖြစ်ကြောင်း သိရသည်။

အဆိုပါမုခ်ဦးကို အမြင့် ၁၆ ပေ၊ အလယ်တိုင်အထူ ၈ ပေနှင့် ဘေးတစ်ဖက်တစ်ချက်စီတွင် ၄ ပေအထူတိုင်များဖြင့် ဆောက်လုပ်ထားပြီး မုခ်ဦးပေါက်အကျယ်မှာ တစ်ဖက်လျှင် ၃၂ ပေ ကျယ်ဝန်းကြောင်း သိရသည်။

"ဒီနှစ်အတွက် လမ်းလျှောက်သင်္ကြန်ရဲ့ မုခ်ဦးကို မန္တလေးမြို့ရဲ့ သင်္ကေတအဖြစ် နန်းမြို့ရိုးပုံစံကို အုတ်နီညိုရောင်သုတ်ထားပြီး သက်တန့်ရောင်စဉ်လေးတွေနဲ့ ခြယ်မှုန်းထားပါတယ်။ သင်္ကြန်ရဲ့သင်္ကေတလေးလည်း ပါချင်တဲ့အတွက် သက်တံရောင်စဉ်ပုံစံ ရေပေါက်ရေစက်လေးတွေ ထည့်သွင်းရေးဆွဲထားတယ်" ဟု မုခ်ဦး ဒီဇိုင်းရေးဆွဲသူ ဒီဇိုင်းဦးမြင့်သန်းက ပြောသည်။

အဆိုပါ မုခ်ဦးကို ၂၆ လမ်း၊ ၇၈ လမ်းထိပ်တွင်လည်း စိုက်ထူသွားမည်ဖြစ်ပြီး လမ်းလျှောက်သင်္ကြန်ကျင်းပမည့် လမ်းတစ်လျှောက်တွင် လမ်းဖြတ်မီးလုံးများ ထွန်းညှိခြင်း၊ လမ်းဘေးဝဲယာရှိ သစ်ပင်များပေါ်၌ အလှမီးများ တပ်ဆင်ခြင်းတို့ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်လျက်ရှိသည်။

လမ်းလျှောက်သင်္ကြန် ကျင်းပမည့် ကျုံးတောင်ဘက်ခြမ်း ၆၆ လမ်းမှ ၇၈ လမ်းအတွင်း မန္တလေးမြို့တော်မဟာသင်္ကြန်ဗဟိုမဏ္ဍပ်၊ နန်းမြို့သူရေကစားမဏ္ဍပ်၊ ဟိုတယ်နှင့် ခရီးသွားလာရေး ရေကစားမဏ္ဍပ်များနှင့်အတူ ဒေသခံနှင့် တိုင်းရင်းသားများ ရေပက်ကစားနိုင်မည့် ရေကစားငယ်မဏ္ဍပ် ၈၅ ခု၊ ပေ ၁၀၀ စတုဒိသာမဏ္ဍပ် နှစ်ခုနှင့် ရေစိုခံကာတွန်းပြပွဲများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# မန္တလေးတိုင်းဒေသကြီးပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ထူးချွန်ဆုရဝန်ထမ်းများအားဆုချီးမြှင့်

**အောင်မြေသာစံ မေ ၉**
မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆုချီးမြှင့်ပွဲကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်းမ၌ မေ ၈ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းဝေတို့က အမှာစကားပြောကြားသည်။ထို့နောက် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ထူးခွန်ဆုရရှိသော ဝန်ထမ်းများအား တာဝန်ရှိသူများက ဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ဦးစီးအရာရှိများ၊ မြို့နယ်ဦးစီးမှူးများ၊ စာကြည့်တိုက်မှူးများ၊ ဓာတ်ပုံကျွမ်းကျင်-၂ များနှင့်ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်းသိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများပေးအပ်ပွဲ ပြည်နယ်ဝန်ကြီးချုပ်တက်ရောက်

**လှိုင်ကော် မေ ၉**

နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းပေးအပ်ပွဲ အခမ်းအနားကိုမေ ၉ ရက် နံနက် ၉ နာရီက လှိုင်ကော်မြို့နယ် ကုန်းသာကျေးရွာ၌ ကျင်းပရာ အခမ်းအနားသို့ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ် ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အဖွင့်အမှာစကား ပြောကြားရာတွင် လှိုင်ကော်မြို့နယ် ကုန်းသာကျေးရွာ၊ နိုးကိုးကျေးရွာ၊ ထေးငွားလျားကျေးရွာနှင့် နာနတ်တော ရပ်ကွက်တို့မှ ပြည်သူများအတွက် မှတ်ပုံတင် ၁၇၉ ခုနှင့် အိမ်ထောင်စုစာရင်း ၉၈ ခု ထုတ်ပေးခြင်းဖြစ်ကြောင်း၊ တိုင်းရင်းသားများအနေဖြင့် နိုင်ငံသားများ၏ အခွင့်အရေးများ တန်းတူရရှိသည့် အသိအမြင်ရရှိစေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများအတွက် မှတ်ပုံတင်၊ အိမ်ထောင်စု စာရင်းများသည် မရှိမဖြစ်လိုအပ်ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အစိုးရသစ်ကာလအစတွင် ရက် (၁၀၀) စီမံချက်ဖြင့် ဆောင်ရွက်ပေးခဲ့ပြီး ရပ်တန့်ထားခြင်းမရှိဘဲ ဆက်လက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယနေ့ အခမ်းအနားပြီးမြောက်သွားလျှင်လည်း ရပ်တန့်သွားမည် မဟုတ်ဘဲ ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ လုံခြုံစေရေး ကြိုးပမ်းလျက်ရှိကြောင်း၊ နိုင်ငံ၏ တိုးတက်ရာ တိုးတက်ကြောင်း အရေးပါသည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်စေလိုသည့် အသိ၊ အမြင်များရရှိစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ကယားပြည်နယ်ဦးစီးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းတန်က နိုင်ငံသားလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ပေးအပ်ခဲ့သည်။

ကယားပြည်နယ်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားကွင်းဆင်းဆောင်ရွက်ပေးသည့် လုပ်ငန်းအား စီမံချက်ကာလဖြစ်သော ရက် (၁၀၀) ပြီးဆုံးသွားသော်လည်း ကွင်းဆင်းဆောင်ရွက်ပေးသည့် လုပ်ငန်းအား ရပ်နားထားမှုမရှိဘဲ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ရပ်ကွက်၊ ကျေးရွာများအရောက် (NORWEGIAN REFUGEE COUNCIL-NRC) အဖွဲ့နှင့် ပူးပေါင်း ကွင်းဆင်းဆောင်ရွက်ပေးခြင်းကြောင့် ပြည်သူများ ကုန်ကျမည့် သွားလာစရိတ်၊ ဓာတ်ပုံဖိုး၊ သွေးစစ်ခ၊ လိုအပ်သော အထောက်အထားများအတွက် မိတ္တူကူးခ၊ လျှောက်လွှာဖိုး၊ ပလတ်စတစ်လောင်းခစသည့် စရိတ်များ ကုန်ကျခြင်း လုံးဝမရှိဘဲ



အခမဲ့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် မှတ်ပုံတင် ၇၄၄၆ ခု၊ အိမ်ထောင်စု ၉၃၂၀၊ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် မှတ်ပုံတင် ၅၄၄၈ ခု၊ အိမ်ထောင်စု ၄၄၁၈ ခု၊ အစိုးရ နှစ်နှစ်တာ ကာလအတွင်း ကွင်းဆင်းဝန်ဆောင်ပေးမှုအနေဖြင့် စုစုပေါင်း မှတ်ပုံတင် ၁၂၈၉၄ ခု၊ အိမ်ထောင်စုစာရင်း ၁၃၇၇၈ ခု ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**

# သင်္ကြန်ပွဲတော်ကာလအတွင်း ဒလမြို့နယ်၌ ဆိုင်ကယ်စီးခွင့် ကန့်သတ်

**ဒလ မေ ၉**

မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ဆိုင်ကယ်စီးနင်းခြင်းကို တားမြစ်ကန့်သတ်ထားမည်ဖြစ်ကြောင်း၊ မြို့နယ်မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကျင်းပရေးကော်မတီ၏ တာဝန်ချထားသော တာဝန်ရှိသူများကိုသာ သွားလာရေးအဆင်ပြေစေရန် စီးနင်းခွင့် စတေကာပြုလုပ်ပေးသွားမည်ဖြစ်ပြီး ၎င်းတို့အနေဖြင့် ဆိုင်ကယ်စီးနင်းလျှင် ဆိုင်ကယ်စီး ဦးထုပ်ဆောင်းရန်နှင့် သတ်မှတ်ထားသော လူဦးရေထက်ပိုမတင်စီးကြရန်အတွက် သတိပေးပြောကြားထားကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

သင်္ကြန်ပွဲတော်ကာလအတွင်း ဒလမြို့နယ် ရပ်ကွက်/ကျေးရွာအသီးသီးရှိ လမ်းဆုံ၊ လမ်းခွများနှင့် ဒလ-တွံတေးကားလမ်းမကြီးတစ်လျှောက်၌ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ မြို့နယ်မီးသတ် တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ် ရဲတပ်ဖွဲ့ဝင်များကို လုံခြုံရေးတာဝန်ချထားခြင်းကို စီစဉ် ဆောင်ရွက်သွားမည်ဖြစ်ပြီး ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့က ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်းပါဝင်သော ဒလမြို့နယ်နှင့် ဆိပ်ကြီးခနောင်တို မြို့နယ်တို့တွင် တရားဝင်ဆိုင်ကယ်စီးနင်းခွင့်ပြုထားသော်လည်း သင်္ကြန်ပွဲတော်ကာလအတွင်း ပြည်သူများ မော်တော်ဆိုင်ကယ်စီးနင်းခြင်းကြောင့် ယာဉ်မတော်တဆမှုများနှင့် အသက်အန္တရာယ်ရှိနိုင်သည့်အတွက် ဒေသခံပြည်သူများအား ဆိုင်ကယ်စီးနင်းခြင်းမပြုရန် ကန့်သတ်တားမြစ်သတိပေးထားကြောင်းသိရသည်။

ဒလမြို့နယ် မဟာသင်္ကြန်ပွဲတော် ရေကစားမဏ္ဍပ်ကို ဗိုလ်ရန်ပြေရပ်ကွက် ဒလကားဝင်းအတွင်း၌ ကျင်းပသွားမည်ဖြစ်ပြီး မြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာအလိုက် ဖျော်ဖြေရေးယိမ်းအဖွဲ့ ၁၆ ဖွဲ့နှင့် ခေတ်ပေါ်သံစုံတီးဝိုင်းများမှ တေးသီချင်းများဖြင့် ဒေသခံများနှင့် ရေပက်ခံထွက်သူများအား ဖျော်ဖြေပေးမည်ဖြစ်ရာ မည်သူမဆို ပျော်ရွှင်မှုရှိစေရန် စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **နိုင်လင်းကျော်(ဒလ)**

# မူးယစ်ဆေးဝါး(ပြန်)

# မှုခင်းကျဆင်းရေးပညာပေးဟောပြော

**မြောက်ဥက္ကလာပ**

ရန်ကုန် အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် အမှတ်(၁၄) ရပ်ကွက် ပုဂံလမ်းရှိရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ မေ ၄ ရက်က သင်္ကြန်ပွဲတော်ကာလအတွင်း မှုခင်းလျော့နည်းကျဆင်းရေးအတွက် ရွှေပေါက်ကံနယ်မြေရဲစခန်းမှူး ရဲအုပ်ချစ်ကိုကိုက အသိပညာပေးဟောပြောခဲ့ရာ ရပ်ကွက်တာဝန်ခံ ဦးတင်ထွန်းအောင်နှင့် ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

**ကော့မှူး**

ကော့မှူးမြို့နယ်ရဲတပ်ဖွဲ့ မြို့မရဲစခန်းမှူး ဒုရဲမှူး သက်လွင်နှင့်အဖွဲ့က မေ ၇ ရက် မွန်းလွဲ ၂ နာရီတွင် ကော့မှူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျန်းမာရေးဌာနမှအဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကော့မှူးမြို့မဈေးအတွင်းရှိ နိုင်ငံခြားဆေးရောင်း ဆေးဆိုင်များ၌ သင်္ကြန်အကြိုကာလနှင့် သင်္ကြန်ကာလအတွင်း မှုခင်းများ မဖြစ်ပွားစေရေး၊ ကာမစိတ်ကြွဆေးပြားများနှင့် တရားမဝင် ဆေးများရောင်းချခြင်းမရှိစေရေး ဆေးဆိုင်များအား ပညာပေးဆွေးနွေးခြင်း၊ ဝင်ရောက်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

**သန်လျင်**

တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးထွန်းဖေဦးစီးသောရဲတပ်ဖွဲ့ဝင်များသည် ၂၀၁၈ ခုနှစ် သင်္ကြန်ကာလအတွင်း မှုခင်းများမဖြစ်ပွားစေရေးအတွက် ပြည်သူများသတိပြုရှောင်ကြဉ်ရမည့်အချက်များနှင့် ပတ်သက်၍သိရှိစေရန် ပညာပေးလက်ကမ်းစာစောင် ၇၀၀ ခန့်ကို သန်လျင်မြို့ လူစည်ကားရာနေရာများတွင် မေ ၈ ရက် နံနက် ၉ နာရီက ဖြန့်ဝေခဲ့သည်။

**ဗဇေ့**

**ကျောက်တန်း**

ကျောက်တန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မျိုးလတ်ဦးဆောင်၍ ကျောက်တန်းမြို့မရဲစခန်းမှူး ဒုရဲမှူး နိုင်နိုင်ငြိမ်းနှင့်ရဲတပ်ဖွဲ့ဝင်များ၊ အမှတ် ၅၄ ယာဉ်ထိန်းတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ ပါဝင်သောအဖွဲ့သည် မေ ၈ ရက် နံနက် ၈ နာရီက ကျောက်တန်းမြို့မဈေးရှေ့ YBS ၃၃ ကားဂိတ်၊ ကျောက်တန်း-ပန်းတောစက်လှေဆိပ်နှင့် တရုတ်တန်းကယ်ရီဂိတ်တို့တွင် သင်္ကြန်ကာလအတွင်း မှုခင်းများ မဖြစ်ပွားစေရေးအတွက် လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြသည်။

**အောင်ဆွေ(ရွှေတံတား)**

# သင်္ကြန်အထူးရထား ထပ်မံအားဖြည့်ပြေးဆွဲမည်

**ရန်ကုန် မေ ၉**

မြန်မာ့မီးရထားအနေဖြင့်ခရီးသွားပြည်သူများအဆင်ပြေစေရန် သင်္ကြန်အထူးရထားတစ်စင်း ထပ်မံအားဖြည့်ပြေးဆွဲပေးမည်ဖြစ်ကြောင်း မြန်မာ့မီးရထားသွားလာပို့ဆောင်ရေးဌာန တိုင်းအမှတ်(၇) တိုင်းမန်နေဂျာဦးဇော်လွင်က ပြောသည်။

"ပုံမှန်ပြေးဆွဲပေးနေတဲ့ရထားတွေအပြင် ၁၀ ရက်ကနေ ၁၃ ရက်အထိ သင်္ကြန်အထူးရထားပြေးဆွဲပေးပါတယ်၊ အခုခရီးသည်တွေများတဲ့အတွက် ၁၀ ရက်ကနေ ၁၂ ရက်အထိ နောက်ထပ်အထူးရထားတစ်စင်း တိုးချဲ့ပြေးဆွဲဖို့ စီစဉ်ဆောင်ရွက်တယ်၊ မနေ့ကမှအရေးပေါ်ပြန်လုပ်ပြီး ဒီနေ့လက်မှတ်ရောင်းပေးတယ်"ဟု တိုင်းမန်နေဂျာက ပြောသည်။

ထို့အပြင်သင်္ကြန်အပြီး မေ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် အထူးရထားများ ဆက်လက်ပြေးဆွဲပေးသွားမည်ဖြစ်ပြီး လိုအပ်ပါက ၁၉ ရက်နှင့်၂၀ ရက်တို့တွင် ထပ်မံပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအတွက် အထူးရထားကို ၁၂ ရက်တွင် နေပြည်တော်မှ ရန်ကုန်သို့ ဆင်းမည့်ဝန်ထမ်းများအတွက် ပြင်ဆင်ထားပြီး နှစ်ဆန်းတစ်ရက်နေ့တွင် နေပြည်တော်သို့သွားရန် ညပိုင်းအထူးရထားစီစဉ်ပေးထားကြောင်း သိရသည်။

"ကျွန်မကဘူတာကို အိမ်ကနေအစောကြီးထွက်လာတာ မနက် လေးနာရီခွဲလောက် ဘူတာကိုရောက်တယ်၊ ခုနစ်နာရီခွဲလောက်မှ လက်မှတ်ရတယ်၊ မနေ့က လက်မှတ်မရလို့ ပြန်ခဲ့ရတယ်၊ မနေ့ကလက်မှတ် ၁၄၄ စောင်ရောင်းတယ်၊ ဒီနေ့ ၇၉ စောင်ပဲရောင်းတယ်၊ အခုလည်း ပြည်လက်မှတ်မရလို့ အနီးစပ်ဆုံး သဲကုန်းဘူတာကိုပဲ ရတယ်၊ ကားလက်မှတ်ကလည်း ကျပ် ၆၀၀၀ ကနေ ကျပ် ၁၂၀၀၀ ဖြစ်တာတောင် လက်မှတ်မရဘူး၊ လူများပြီး လက်မှတ်က နည်း



နေတယ်၊ နောက်လူတွေအတွက်အဆင်ပြေအောင်လုပ်ပေးစေချင်တယ်"ဟု ပြည်မြို့ပြန်မည့် ခရီးသည် မစန်းစန်းမြင့်က ပြောသည်။

"လက်မှတ်ကတော့ရပါတယ်၊ ဒါပေမယ့်ကိုယ်သွားချင်တဲ့မြို့ကိုမရဘူး၊ ရှေ့တစ်မြို့ကို ကျော်ပြီးတော့ရတယ်၊ လက်မှတ်ရောင်းတဲ့သူတွေက အနီးစပ်ဆုံးမြို့တွေရအောင် စီစဉ်ပေးပါတယ်၊ လက်မှတ်လာဝယ်တုန်းကတော့ရပ့ါမလားဆိုတဲ့ အတွေးတော့ရှိတယ်၊ ကားလက်မှတ်တွေကလည်းဝယ်လို့အဆင်မပြေတော့ဘူး၊ ကားလက်မှတ်ကိုသတ်မှတ်နှုန်းထားအတိုင်းပိုပေးပြီးဝယ်လို့လည်းမရဘူး"ဟု အုတ်ဖိုမြို့ပြန်မည့် ဒေါ်ခင်အေးချိုက ပြောသည်။

၂၀၁၈ ခုနှစ်သင်္ကြန်ပွဲတော်ကာလအတွင်းမေ ၁၄ ရက်မှ ၁၆ ရက်အထိ ရန်ကုန်-မန္တလေးလမ်းပိုင်းတွင်အမှတ်(၅) အဆန်ရထား၊ အမှတ် (၆) အစုန်ရထား၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်းတွင်အမှတ် (၃၅) အဆန်ရထား၊ အမှတ် (၃၆)အစုန်ရထား၊ မန္တလေး-မြစ်ကြီးနားလမ်းပိုင်းတွင် အမှတ် (၃၇) အဆန်ရထား၊ အမှတ် (၃၈) အစုန်ရထား၊ အမှတ် (၅၇) အဆန်ရထား၊ အမှတ် (၅၈) အစုန်ရထား၊ ရန်ကုန်-နေပြည်တော် လမ်းပိုင်းတွင်အမှတ် (၇)အဆန်ရထား၊ အမှတ် (၈)အစုန်ရထား၊ ရန်ကုန်-ပုဂံလမ်းပိုင်းတွင်အမှတ် (၆၁) အဆန်ရထား၊ အမှတ် (၆၂) အစုန်ရထား၊ ရန်ကုန်-ပြည်လမ်းပိုင်းတွင်အမှတ် (၇၁) အဆန်ရထား၊ အမှတ် (၇၂) အစုန် ရထားပြေးဆွဲခြင်းများကို ယာယီရပ်ဆိုင်းထားကြောင်း သိရသည်။

ရထားလက်မှတ်လာရောက် ဝယ်ယူကြသည့် ခရီးသွားပြည်သူများအတွက်မှောင်ခိုလက်မှတ်များရောင်းချမှုများ မရှိစေရန်နှင့် လိမ်လည်မှုများမဖြစ်စေရန် တာဝန်ရှိသူများက အသံချဲ့စက်များဖြင့် သတိပေးပြီး ခရီးသွားပြည်သူများအတွက် လုံခြုံရေးကိုလည်း ရထားရဲတပ်ဖွဲ့က ကြိုတင်စီမံဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။ **စာနည်မောင်**



# သင်္ကြန်မိုးနှင့်အတူ

မောင်သောင်းဝင်း(တမန်ဟောင်း)

မတ်လ ၃၁ ရက်နေ့ ညနေပိုင်းတွင် မြန်မာနိုင်ငံ၏ မြို့တော် နေပြည်တော်၌မိုးရွာသွန်းခဲ့သည်။ ဧပြီလ ၁ ရက်နေ့ ညပိုင်းတွင်လည်း မိုးထပ်မံရွာသွန်းခဲ့သည်။ သင်္ကြန်အကြိုမိုးဟုပင်ခေါ်နိုင်သည်။ သင်္ကြန်မတိုင်မီ မိုးရွာသွန်းခြင်းသည် အေးချမ်းမှုနိမိတ်ပင်ဖြစ်သည်။ ပိတောက်များပွင့်တော့သည်။ သင်္ကြန်ပွဲတော်ကာလကို အေးချမ်းပျော်ရွှင်စွာဖြတ်သန်းနိုင်တော့မည်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ပူပြင်းခြောက်သွေ့သော နွေရာသီတွင် မိုးရွာသွန်းခဲ့သဖြင့် မီးဘေးအန္တရာယ်ကိုလည်း စိတ်အေးကြရသည်။

### ကုသိုလ်ထုံမွှမ်း

ဧပြီလဆန်းကတည်းက နိုင်ငံတစ်ဝန်းတွင် သင်္ကြန်အငွေ့အသက်ရရှိလာပြီဖြစ်သည်။ ရုပ်မြင်သံကြား အစီအစဉ်များတွင် တူးပို့ . . . တူးပို့ . . . ဒိုးသံများကြားလာရသည်။ ယိမ်းပျိုဖြူလေးများ၏ ညီညာလှပသော ကကွက်များကလည်း ရှုမငြီးစရာပင်ဖြစ်သည်။ အနေအေးပြီး ပွင့်လင်းရိုးသားသော မြန်မာတိုင်းရင်းသားများနှင့် မြန်မာ့ရိုးရာအတာကြွန်သည် ခွဲခြား၍မရပေ။ မြန်မာမှန်လျှင်အတာသင်္ကြန်ကို မျှော်လင့်ကြသည်။ ပျော်ဖို့ပါးဖို့သက်သက်မဟုတ်ချေ။ မြန်မာ့သင်္ကြန်သည်အနှစ်သာရနှင့်အဓိပ္ပာယ်များပြည့်နှက်နေသည်။

သင်္ကြန်ကာလတွင် အလှူအတန်းပြုလုပ်ခြင်း၊ ဥပုသ်သီတင်းသီလဆောက်တည်ခြင်း၊ တရားရိပ်သာ ဝင်ခြင်း၊ ဒုလ္လဘရဟန်းဝတ်ခြင်း၊မယ်သီလရှင်ဝတ်ခြင်း၊ သက်ကြီးရွယ်အိုများအားကန်တော့ခြင်း၊ ပြုစုစောင့်ရှောက်ခြင်း၊ တိရစ္ဆာန်များအား ဘေးမဲ့လွှတ်ခြင်း စသည့် ကောင်းမှုကုသိုလ်မျိုးစုံကို ပြုလုပ်လေ့ရှိကြသည်။ ဆိုရလျှင် မဟာသင်္ကြန်ကာလသည် ကုသိုလ်တရားများထုံမွှမ်းနေသော ကာလပင်ဖြစ်သည်။

### သင်္ကြန်ဆိုသည်မှာ

သင်္ကြန်သည် ‘သင်္ကန္တ’ပုဒ် မှ ဆင်းသက်လာသည်ဟုဆိုသည်။ ကူးပြောင်းခြင်း၊ ရွေ့လျားပြောင်းလဲခြင်း ဟု အဓိပ္ပာယ်ဖွင့်ဆိုကြသည်ကိုမှတ်သားဖူးပါသည်။ မြန်မာ သက္ကရာဇ် နှစ်ဟောင်းမှ နှစ်သစ်သို့ကူးပြောင်းချိန်ဖြစ်သည်။ နှစ်စဉ် ဧပြီလ ၁၄ ရက်နေ့သည် သင်္ကြန်အကျနေ့ဖြစ်သည်။ သင်္ကြန်ကာလကို ယေဘုယျအားဖြင့် အကြို၊ အကျ၊ အကြတ်၊ အတက်နှင့် နှစ်ဆန်းတစ်ရက်နေ့ဟူ၍ သတ်မှတ်ထားရှိသည်။ နေ့တစ်နေ့ချင်းစီအလိုက် အနှစ်သာရနှင့် အဓိပ္ပာယ်များပြည့်စုံလျက်ရှိသည်။ သင်္ကြန်ပွဲတော်ကို တကောင်းခေတ်ကတည်းက ကျင်းပလာခဲ့ရာ ပုဂံခေတ်တွင် တစ်မူထူးခြားစည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြသည်။

### အတာစားသူများ

မြန်မာတို့သည်သင်္ကြန်အကြိုနေ့တွင် ခုနစ်ရက်သားသမီးများကိုရည်စူးကာ ရေဖြည့်ထားသော အတာအိုးတွင် မြေဇာပင်၊ အောင်သပြေနှင့် အုန်းညွန့် အပါအဝင် အညွန့် ခုနစ်မျိုးနှင့် ပန်းခုနစ်မျိုးတို့ကိုထိုးကာ အတာကြိုကြသည်။ ထိုပန်းများကို အိမ်အဝင်တံခါးတွင် ထိုးထားခြင်းအားဖြင့် ဘေးအန္တရာယ်များမှ ကင်းဝေးသည်ဟုဆိုသည်။ ကံကောင်းခြင်းမင်္ဂလာများကို ကြိုဆိုသည်ဟုယူဆကာ ပြုလုပ်ကြခြင်းဖြစ်သည်။ သင်္ကြန်အတက်နေ့တွင်ကျရောက်မည့် မွေးနေ့ရှင်များသည် အတာစားမည်ဖြစ်သည်။ ယခုနှစ်တွင် တနင်္လာနေ့သား၊ သမီးများအတာစားမည်ဖြစ်သည်။ ထို့ကြောင့် တနင်္လာနေ့တွင်မွေးဖွားသော သား၊ သမီးတို့သည် အနန္တောအနန္တငါးပါးတို့ကို အထူးကိုင်းရှိုင်းပူဇော်သင့်ပါသည်။ ထိုသို့ပူဇော်ခြင်းအားဖြင့် မကောင်းမှုများကင်းဝေးပြီး ကောင်းခြင်းမင်္ဂလာ အဖြာဖြာကိုရရှိခံစားကြရမည်ဖြစ်သည်။

### ဘေးအန္တရာယ်များကင်းဝေးစေရန်

သင်္ကြန်ကာလတွင် ခေါင်းဆေးမင်္ဂလာကိုလည်း မဖြစ်မနေလုပ်ဖြစ်ကြသည်။ နှစ်ဟောင်းမှ အညစ်အကြေးများကို နှစ်သစ်တွင် ပါရှိမလာစေရန်ရည်ရွယ်ဆောင်ရွက်ကြခြင်းဖြစ်သည်။ သင်္ကြန်ရေပက်ဖျန်းခြင်းသည် လေးနက်သောအဓိပ္ပာယ်ဆောင်ပါသည်။ ရေလိုအေး၍ ပန်းလိုလန်းပါစေဆိုသော မေတ္တာစိတ်ဖြင့် ပက်ဖျန်းကြခြင်းဖြစ်သည်။ နှစ်ဟောင်းမှအညစ်အကြေးများ နှစ်သစ်တွင်ပါမလာစေရန်၊ ပူပြင်းသောနွေရာသီတွင် အေးမြသော အစိုဓာတ်ရရှိစေရန်နှင့် မကောင်းသောကံကြမ္မာနှင့် ဘေးအန္တရာယ်များကင်းဝေးစေရန် ရည်ရွယ်ပက်ဖျန်းကြခြင်းဖြစ်သည်။ သို့သော် စိတ်အညစ်အကြေးကိုမူ သင်္ကြန်ရေဖြင့် ပက်ဖျန်း၍ ရနိုင်မည်မဟုတ်ချေ။ မကောင်းမှုရှောင်၊ ကောင်းမှုဆောင်မှသာ စိတ်ဖြူစင်နိုင်မည်ဖြစ်သည်။ ငွေဖလားတွင် အမွှေးနံ့သာပါရှိသော ရေကြည်ရေအေးကိုထည့်ကာ သပြေခက်ဖြင့် တစ်ဦးကိုတစ်ဦး ရေပက်ဖျန်းခြင်းသည် မြန်မာ့ရိုးရာမဟာသင်္ကြန်တွင်မြန်မာဆန်ဆန် ဖြတ်သန်းကြခြင်းဖြစ်သည်။

> “မြန်မာ့ရိုးရာမဟာအတာသင်္ကြန်သည်
> မြန်မာလူမျိုးတို့အတွက် အဓိပ္ပာယ်လေးနက်သည့်
> အရေးပါသော ပွဲတော်တစ်ခုဖြစ်သည်။
> သင်္ကြန်သည် နှစ်ဟောင်းမှနှစ်သစ်သို့ . . .”

### ရှောင်ကြဉ်သင့်

မြန်မာသင်္ကြန်ကာလတွင်ပြည်သူများ သတိပြုရှောင်ကြဉ်ရမည့်အချက်များနှင့် လိုက်နာရန်အချက်များကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က မေတ္တာရပ်ခံထုတ်ပြန်ထားပြီးဖြစ်သည်။ ထို့အပြင် ရှေးပညာရှိကြီးများသည် သင်္ကြန်ကာလတွင် အောက်ဖော်ပြပါအပြုအမူ ၁၀ မျိုးကို ရှောင်ကြဉ်သင့်သည်ဟု အကြံပြုထားရှိခဲ့သည်-

(၁) ငိုကြွေးခြင်း၊ ပူဆွေးခြင်း
(၂) လိင်ဆက်ဆံခြင်း
(၃) သူတစ်ပါးအသက်ကိုသတ်ဖြတ်ခြင်း
(၄) အရက်၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း
(၅) စိတ်ဆိုးခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း
(၆) သွေးဖောက်၊ သွေးထုတ်ခြင်း
(၇) ဆီလိမ်း၊ ဆေးလိမ်းခြင်း
(၈) သစ်ပင်ခုတ်ခြင်း
(၉) ကုန်ပစ္စည်းဝယ်ယူသိုလှောင်ခြင်း။
(၁၀) ကုန်ပစ္စည်းရောင်းချခြင်း(ဈေးဆိုင်ထွက်ခြင်း)

ရှေးယခင်က မြန်မာ့ရိုးရာမဟာအတာသင်္ကြန်ပွဲတော်ကာလကိုအဓိပ္ပာယ်ရှိရှိဖြင့် ယဉ်ကျေးသိမ်မွေ့စွာ ဖြတ်သန်းကြသည်။ သင်္ကြန်ချစ်သူများသည် အတာသင်္ကြန်ကို အရောင်ဆိုးလေ့မရှိဘဲ မြန်မာ့ရိုးရာ အစဉ်အလာကောင်းများနှင့်သာ ကျင်းပခဲ့ကြသည်။ ထို့ကြောင့် သင်္ကြန်ကာလအတွင်း မူးယစ်ရမ်းကားခြင်း၊ ရန်ဖြစ်ခြင်း၊ ယာဉ်တိုက်မှုဖြစ်ပွားခြင်း၊ လူငယ်များအကြားစည်းကျော်ခြင်းဆိုသောမဖုံးနိုင်မဖိနိုင်သည့် ရှက်ဖွယ်ကိစ္စများ မဖြစ်ပွားခဲ့ချေ။ ထိုအစဉ်အလာကောင်းများကို မျက်မှောက်ခေတ်လူငယ်များအတုယူသင့်ပေသည်။

### မောင်နှင့်နှမ၊ သားနှင့်အမိပမာ

သို့ရာတွင် ခေတ်သစ်သင်္ကြန်ကာလတွင် ဟီရိသြတ္တပ ကင်းမဲ့လာကြသည်။ ဟီရိသည် မကောင်းမှု ဒုစရိုက်ပြုလုပ်ရမည်ကို ရှက်ခြင်းဖြစ်သည်။ သြတ္တပသည် မကောင်းမှုဒုစရိုက်ပြုလုပ်ရမည်ကို ကြောက်လန့်ခြင်းဖြစ်သည်။ လူငယ်များသည် ရေကစားရာတွင် ရန်လိုသောစိတ်ဖြင့် ကြမ်းကြမ်းတမ်းတမ်းပြုမူလာကြသည်။ ရေပိုက်ကြီးများ၊ မီးသတ်ပိုက်ခေါင်းများဖြင့်ထိုး၍ ပက်ဖျန်းခြင်း၊ ရေခဲထုပ်များဖြင့် ပစ်ပေါက်ခြင်း၊ ရေခဲရေများဖြင့် ပက်ဖျန်းခြင်း၊ အနံ့အသက်မကောင်းသောမြောင်းပုပ်ရေများ၊ ရေဆိုးများဖြင့် ပက်ဖျန်းခြင်း၊ ရှေ့တည့်တည့်မှနေ၍ မျက်နှာကိုကြမ်းတမ်းစွာပက်ဖျန်းခြင်းများ ပြုလုပ်လာကြရာအမျိုးသမီးငယ်များ၏ ကာယိန္ဒြေကို ပျက်ပြားစေပါသည်။ မောင်နှင့်နှမ၊ သားနှင့် အမိပမာ ကိုယ်ချင်းစာတရား လက်ကိုင်ထားသင့်ပါသည်။

### မြန်မာဆန်ဆန်ဖြတ်သန်း

မည်သို့ပင်ဆိုစေကာမူ မြန်မာ့ရိုးရာအတာသင်္ကြန်ကို မြန်မာဆန်ဆန်ပင်ကျင်းပသွားခြင်းသည် အရိုးရှင်းဆုံးသောနည်းလမ်းပင်ဖြစ်သည်။ အကြိုနေ့တွင် ‘မန်းတောင်ရိပ်ခို’ တေးသီချင်းဖြင့် မဏ္ဍပ်ဖွင့်၊ ငွေဖလားတွင်ထည့်ထားသော အမွှေးနံ့သာရည်ကို အောင်သပြေခက်ဖြင့် ရေပက်ဖျန်းခြင်းသည် ကမ္ဘာတည်သရွေ့ အမြင်ဆန်းသစ်နေမည့် မြန်မာ့ယဉ်ကျေးမှုပင်ဖြစ်သည်။ အကျ၊ အကြတ်၊ အတက်နေ့များတွင်လည်း မြန်မာပီပီ ရေကစား၊ “မြူမှောင်ဝေကင်း” တေးသီချင်းဖြင့် မဏ္ဍပ်ပိတ်ပွဲကျင်းပ၊ စတုဒိသာ ကျွေး၊ ဥပုသ် သီတင်းသီလဆောက်တည်၊ ကောင်းမှုကုသိုလ်များ ပြုလုပ်သွားသင့်ပေသည်။

အထူးသဖြင့် မြန်မာလူမျိုးတို့အတွက် အရေးကြီးဆုံးသော နေ့တစ်နေ့သည် နှစ်ဆန်းတစ်ရက်နေ့ပင်ဖြစ်သည်။ ထိုနေ့တွင် အလှူအတန်းပြုခြင်း၊ သက်ကြီးဘိုးဘွားများအားပြုစုစောင့်ရှောက်ခြင်း၊ တိရစ္ဆာန်များအားဘေးမဲ့လွှတ်ခြင်းစသည့် မင်္ဂလာရှိသောလုပ်ရပ်များကိုသာ လုပ်ဆောင်လျက် နှစ်သစ်ကိုမင်္ဂလာရှိစွာ ကြိုဆိုကြပါသည်။ ထိုဓလေ့သည်ကမ္ဘာပေါ်ရှိမည်သည့်နိုင်ငံတွင်မျှ မတွေ့ရသော ထူးခြားလေးနက်သည့် ယဉ်ကျေးမှု ထုံးတမ်းအစဉ်အလာကောင်းတစ်ခုပင်ဖြစ်သည်။

သင်္ကြန်ကာလတွင် အစိုးရရုံး၊ ဌာနများအားလုံးကို ရက်ရှည်ရုံးပိတ်ပေးထားပါသည်။ ဝန်ထမ်းအားလုံး နှစ်ဟောင်းတွင်တာဝန်ထမ်းဆောင်ခဲ့မှုများအား အပန်းဖြေနိုင်ရန်နှင့် နှစ်သစ်အတွက် ခွန်အားမွေးနိုင်ရန် နိုင်ငံတော်အစိုးရက ခွင့်ရက်ရှည်ပေးထားခြင်းဖြစ်သည်။ ထိုကာလတွင် ဝန်ထမ်းများသည် မြန်မာဆန်ဆန် ဘုရားဖူး ထွက်ခြင်း၊ ဒုလ္လဘရဟန်းဝတ်ခြင်း၊ မယ်သီလရှင်ဝတ်ခြင်း၊ တရားရိပ်သာဝင်ခြင်း၊ ဥပုသ်သီတင်းသီလဆောက်တည်ခြင်း စသည့် ကောင်းမှုကုသိုလ် အစုစုကို ပြုလုပ်နိုင်ပေသည်။

### စစ်မှန်သောပြောင်းလဲမှုဆိုသည်မှာ

အမှန်စင်စစ်မှာမူသင်္ကြန်ပွဲတော်သည် နှစ်ဟောင်းမှ နှစ်သစ်သို့ကူးပြောင်းသည့် အခါသမယဖြစ်သည်။ စာရေးသူတို့သည် သင်္ကြန်ရေပက်ဖျန်းရုံမျှဖြင့် အညစ်အကြေးများကင်းစင်သွားမည်ဟု ယူဆနေခြင်းဖြစ်သည်။ စစ်မှန်သောပြောင်းလဲမှုကိုပြုလုပ်သွားရန် လိုအပ်သည်။ ထိုသို့ပြောင်းလဲမှုကို ဖော်ဆောင်ရန်အတွက် လူ့အဖွဲ့အစည်းအတွင်း လောဘစိတ်ကို တဖြည်းဖြည်း လျှော့ချကာ သူတစ်ပါးကိုကူညီပေးကမ်းလိုသော ဒါနစိတ်မွေးမြူသွားရန်လိုအပ်သည်။ ထို့အပြင် ဒေါသစိတ်ကိုလည်း လျှော့ချကာ သတ္တဝါအချင်းချင်း မေတ္တာထားကာ ဆက်ဆံသွားသင့်ပါသည်။ နောက်ဆုံးအချက်သည် မသိမှုအဝိဇ္ဇာကို ကျော်လွှန်နိုင်သည့်ဉာဏ်ပညာကို ရှာဖွေသွားနိုင်မှသာလျှင် စစ်မှန်သောပြောင်းလဲမှုကို လက်ဝယ်ပိုင်ဆိုင်နိုင်ကြမည်ဖြစ်သည်။

ခြုံ၍တင်ပြရလျှင် မြန်မာ့ရိုးရာမဟာအတာသင်္ကြန်သည် မြန်မာလူမျိုးတို့အတွက် အဓိပ္ပာယ်လေးနက်သည့် အရေးပါသောပွဲတော်တစ်ခုဖြစ်သည်။ သင်္ကြန်သည် နှစ်ဟောင်းမှနှစ်သစ်သို့ ကူးပြောင်းခြင်းသာဖြစ်သည်။ အမှန်တကယ်ပြောင်းလဲမှုကို လုပ်ဆောင်ရန်လည်း လိုအပ်ပေသည်။ မြန်မာတို့သည် နှစ်ဟောင်းမှ အညစ်အကြေးများကို အတာရေဖျန်းလိုက်ရုံဖြင့် ကင်းစင်သွားသည်ဟုယုံကြည်ထားကြပါသည်။ အမှန်စင်စစ်မှာမူ သင်္ကြန်ကာလတွင် ကောင်းမှုကုသိုလ်များပြုလုပ်ကြသဖြင့် မကောင်းမှုအကုသိုလ်များကင်းစင်သွားခြင်းသာဖြစ်သည်။ ထို့အပြင် ပူပြင်းလှသောနွေရာသီတွင် အတာရေအေးဖြင့် ပက်ဖျန်းလိုက်ရုံမျှဖြင့် ရင်ထဲတွင် အေးမြသွားစေပါသည်။ နှစ်ဆန်းတစ်ရက်နေ့သည် မြန်မာနှစ်ဟောင်းမှ နှစ်သစ်သို့ကူးပြောင်းသောနေ့ဖြစ်သဖြင့် မြန်မာတို့အတွက်အရေးပါသော မင်္ဂလာနေ့တစ်နေ့လည်းဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ တိုင်းရင်းသားပြည်သူအားလုံးအနေဖြင့် နိမိတ်ကောင်းသော သင်္ကြန်မိုးနှင့်အတူ မြန်မာသင်္ကြန်ကို ပျော်ရွှင်ချမ်းမြေ့စွာ ဖြတ်သန်းသွားနိုင်ကြပါစေ။ ။

# အနုပညာရှင်များ၏ သင်္ကြန်ရင်ခုန်သံစကားများ



## တေးသံရှင် ဖြိုးပြည့်စုံ

ဒီနှစ်သင်္ကြန် ကျွန်တော့်ကိုပြောထားတဲ့နေရာတွေကတော့ မုံရွာ၊ မန္တလေး၊ လွိုင်ကော်မြို့တွေမှာဖျော်ဖြေဖို့ ပြောထားတာရှိပါတယ်။ အမှတ်တရကတော့ ပြီးခဲ့တဲ့နှစ်သင်္ကြန် ကျွန်တော်တို့ မုံရွာမှာ ဆိုကြတယ်။ မဏ္ဍပ်ကလည်း မြစ်ကမ်းဘေးမှာ ဆောက်ထားတယ်၊ မြို့နဲ့ တော်တော်ဝေးတဲ့နေရာလည်း ဖြစ်တယ်။ အမိုးအကာလည်းမရှိဘူး၊ အရိပ်ခိုဖို့ သစ်ပင်တွေလည်းမရှိဘူး၊ နေကလည်းပူ၊ ဖုန်တွေကလည်းထူတော့ အဲဒီလိုဖျော်ဖြေရေး မဏ္ဍပ်ကိုလူမှလာကြည့်ပါ့ မလားဆိုပြီး စိတ်ပူခဲ့ရတယ်။ ပြီးတော့ စင်ရှေ့ကလမ်းကလည်း ကျောက်စရစ်ခဲတွေခင်းထားတာအများကြီးပဲ၊ မုံရွာက ပရိသတ်တွေက အချစ်ကြမ်းတယ်၊ အားပေးကြမ်းတယ်ဆိုပြီး သတင်းကြီးနေတာ ဆိုတော့ သင်္ကြန်မှာအားလုံးကပျော်ပြီး အောက်ကနေ ဘာတွေများ စင်ပေါ်ရောက်လာမလဲ၊ ကျွန်တော်စိုးရိမ်မိတယ်။ ဒါပေမယ့် ပရိသတ်တွေက စည်းကမ်းရှိတယ်၊ ချစ်ဖို့ကောင်းတယ်၊ ကျွန်တော်တို့ ဘာဆိုဆိုအားပေးကြတယ်၊ အဲဒီလို ပျော်ပျော်ပါးပါး ဖြတ်သန်းခွင့်ရခဲ့တဲ့အတွက် ဝမ်းလည်းသာတယ်၊ ပျော်လည်းပျော်ခဲ့ရတယ်၊ အဲဒါကတော့ အမှတ်တရပါပဲ။ နှစ်သစ်မှာ အားလုံးပဲ ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပျော်ရွှင်ကြပါစေ၊ နှစ်ဟောင်းမှာဖြစ်ခဲ့တဲ့ အညစ်အကြေးတွေအားလုံးကို သင်္ကြန်ရေတွေနဲ့အတူ သန့်ရှင်းစင်ကြယ်ကြပါစေ၊ ပျော်ရွှင်မှုကိုယ်စီရကြပါစေလို့ ဆုတောင်းပေးပါတယ်။



## တေးသံရှင် ဂရေဟမ်

သင်္ကြန်တိုင်းကိုစင်ပေါ်မှာပဲ သီချင်းတွေဆိုပြီး ဖြတ်သန်းရတာများပါတယ်။ မန္တလေးသင်္ကြန်ဆိုရင်လည်း ခြောက်နှစ်၊ ခုနစ်နှစ်ဆက်တိုက်ပါပဲ။ အခုက ဘယ်လိုဖြစ်လာလဲဆိုတော့ သင်္ကြန်မှာ မနှစ်ကဆိုလည်း ကန့်သတ်ချက်တွေများတယ်။ အဆိုတော်အများစုမဏ္ဍပ်မရကြဘူး၊ သိပ်မစည်ဘူးပေါ့၊ ဒီနှစ်လည်း အဆိုတော်တွေ အသံသိပ်မကြားသေးဘူး။ အလားအလာ ဘယ်လိုမြင်လဲဆိုတော့ အနုပညာသမားတစ်ယောက်အနေနဲ့ သင်္ကြန်ကိုပျော်တယ်။ အလုပ်လုပ်နေရတယ်ဆိုပေမယ့် free show ဖြစ်တဲ့အတွက် လူမျိုးမရွေး၊ ဘာသာမရွေး၊ အသက်အရွယ်အဆင့်အတန်းမရွေး အကုန်လုံး free ကြည့်လို့ရတာ ဒီတစ်ချိန်ပဲရှိတယ်။ လူအစုံတွေ့ရတဲ့အတွက် အဲဒီ feelingကို ကြိုက်တယ်၊ အခုကျတော့ အရင်လောက် ပျော်စရာမကောင်းဘူး၊ မဏ္ဍပ်တွေနည်းတယ်၊ ကန့်သတ်ချက်တွေများတယ်၊ အဲဒီလိုပုံစံမျိုးတော့ဖြစ်နေတယ်။ သင်္ကြန်နဲ့ ပတ်သက်ပြီးတော့ ကျွန်တော့်ရဲ့ စိတ်ခံစားမှုကိုပြောပါဆိုရင် သင်္ကြန်က ကျွန်တော်တို့ မြန်မာလူမျိုးတွေရဲ့ ဆယ့်နှစ်လရာသီပွဲတွေရှိတဲ့ထဲက ကျွန်တော် အပါအဝင် အားလုံးပျော်ကြတဲ့ပွဲပေါ့၊ ကျွန်တော်လည်း အလွန်ပျော်တယ်။ သင်္ကြန်ကို အမြဲတမ်းရင်ခုန်တယ်။ သင်္ကြန်သီချင်းလေးတွေလည်း မြတ်မြတ်နိုးနိုးနဲ့ အမြဲတမ်းဆိုဖြစ်ပါတယ်။ အခုလာမယ့် ၂၀၁၈ သင်္ကြန်မှာ မြန်မာပြည်သူ၊ ပြည်သားအားလုံး ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာပြီး လိုအင်ဆန္ဒပြည့်စုံကြပါစေ၊ ဘေးအန္တရာယ်ကင်းရှင်းစွာ ရေဆော့ကစားနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်း ပေးချင်ပါတယ်။



## သရုပ်ဆောင် ခြူးလေး

ဒီနှစ်သင်္ကြန်က အကြိုနေ့မှာ MRTV-4 မဏ္ဍပ်မှာ ရှိပါမယ်။ အကြတ်နေ့နဲ့အတက်နေ့မှာ ယောဘက်မှာ သီချင်းဆိုမယ်၊ သင်္ကြန်က များသောအားဖြင့် အိမ်မှာပဲဖြတ်သန်းဖြစ်တယ်။ သင်္ကြန်ရောက်ရင် မိသားစုနဲ့ အိမ်မှာပဲ အချိန်ကုန်သွားတာများပါတယ်။ ပရိသတ်တွေ အားလုံးလည်း နှစ်သစ်မှာ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာပြီး နှစ်ဟောင်းက စိတ်ဆင်းရဲစရာတွေ အကုန်လုံးကို ထားခဲ့ပြီးတော့ နှစ်သစ်မှာစိတ်သစ်၊ လူသစ်နဲ့ ပျော်ပျော်ရွှင်ရွှင်နဲ့ လိုအင်ဆန္ဒတွေ ပြည့်ဝပါစေလို့ ဆုတောင်းပေးပါတယ်။



## တေးသံရှင် မေဆွိ

မဆွေဒီနှစ် နေပြည်တော် Sky Net မဏ္ဍပ်မှာရှိပါမယ်၊ သင်္ကြန်အမှတ်တရတွေကတော့ ကျောင်းသူဘဝတုန်းကကိုယ်ကပဲရေပက်ခဲ့တာပေါ့။ နောက်ပိုင်းကိုယ်တကယ်ရေပက်ချင်တဲ့အချိန်ကျတော့ သီချင်းဆိုဖျော်ဖြေနေရတာဆိုတော့ ရေမပက်ရတော့ဘူးပေါ့။ အရင်တုန်းက မဆွေတို့ ငယ်ငယ်တုန်းက နို့ဆီခွက်နဲ့ရေပက်တာတို့ ဖလားနဲ့ရေလောင်းတာတို့တွေရှိတယ်။ အခုအဲဒီလိုမျိုးမရှိတော့ဘဲနဲ့ ရေပိုက်တွေနဲ့အတင်းထိုးပြီး နားထဲရေဝင်တာမျိုးအထိ ကြမ်းကြမ်းတမ်းတမ်းဖြစ်လာတယ်၊ နိုင်ငံခြားမှာနေတုန်းက သင်္ကြန်ဆိုရင်ဟိုဘက်က ကလေးတွေက လောင်းလှေထဲရေထည့်ပြီးပက်တာတို့၊ မြန်မာ့ရိုးရာသင်္ကြန်ကို သူတို့ကပီပီပြင်ပြင်ကျင်းပကြပါတယ်၊ မဆွေသီချင်းသွားဆိုရင် မြန်မာဆန်ဆန်သင်္ကြန်မျိုးကိုပဲတွေ့ရပါတယ်၊ မြန်မာပြည်ပြန်လာတဲ့အခါကျတော့မှ အလွန်ခေတ်ဆန်တဲ့သင်္ကြန်ပွဲကို ကြုံရပါတယ်။ မဆွေက ရေကိုတော့ သိပ်မကြိုက်ဘူး၊ သင်္ကြန်ဆိုတော့ပျော်တာပါပဲ။ မဆွေအနေနဲ့ကတော့ သင်္ကြန်မှာအန္တရာယ်မဖြစ်အောင် ကိုယ့်ကိုယ်ကိုယ်သတိထားကြဖို့၊ မူးယစ်ဆေးဝါးတွေသုံးစွဲပြီးတော့သွားတာ၊ လာတာတွေကို ရှောင်ကြဉ်ဖို့၊ ကားမောင်းတဲ့ အခါမှာလည်း စည်းကမ်းတကျမောင်းဖို့၊ တစ်ယောက်နဲ့တစ်ယောက် ညှာတာထောက်ထားပြီးတော့ သင်္ကြန်ရက်ကြီးကိုဖြတ်သန်းကြပါလို့ မဆွေက အကြံပေးစကားပြောချင်ပါတယ်။



## သရုပ်ဆောင် ပပဝင်းခင်

ဒီနှစ်သင်္ကြန်က ပပကို ဖျော်ဖြေရေးအတွက်သုံးလေးမြို့လောက် ကမ်းလှမ်းထားတာရှိပါတယ်။ သင်္ကြန်ရောက်ရင် လူကအလိုလို ပျော်လာတယ်၊ ပရိသတ်တွေနဲ့ထိတွေ့ခွင့်ရတဲ့အတွက်လည်း ပိုပျော်ဖို့ကောင်းပါတယ်။ ပပတို့ကျတော့ ဖျော်ဖြေရေးတွေနဲ့ စင်ပေါ်မှာနေရတာများတော့ တစ်ခါတလေကျတော့လည်းလူငယ်ပီပီရေထိချင်တာပေါ့။ သင်္ကြန်မှာ ရေကစားကြမယ့် ပရိသတ်တွေကို ပပ အကြံပေးချင်တာက ရာသီဥတုပူပြင်းတဲ့အတွက် ကျန်းမာရေးကို ဂရုစိုက်ကြပါ။ နေရောင်ကာ အသားအရေထိန်းသိမ်းတဲ့ အလှဆီတွေလိမ်းကြပါလို့ ပြောချင်ပါတယ်။ ပြီးတော့ နှစ်သစ်မှာ ပရိသတ်တွေ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာပြီးလိုရာဆန္ဒတွေပြည့်ပါစေလို့ ဆုတောင်းပေးပါတယ်။



## o½yfaqmif pdk;jynfhoZif

သင်္ကြန်နဲ့ပတ်သက်ပြီးတော့ ကလေးဘဝကပိုပြီးပျော်ဖို့ကောင်းတယ်။ ရေဆော့မယ်၊ မုန့်စားမယ်၊ အဲဒါပဲ ရှိတယ်၊ အခုကျတော့အရွယ်လည်းရောက်လာပြီဆိုတော့ သင်္ကြန်ရောက်ရင် သူများလည်း ပျော်ရမယ်၊ ကိုယ်လည်းပျော်ရမယ်။ အဲလိုမျိုးဆိုတော့ ကိုယ်ပျော်ဖို့အတွက် ရေပက်တယ်၊ သူများပျော်ဖို့အတွက် သီချင်းဆိုတယ်။ ဒီနှစ်သင်္ကြန်မှာ စိုးပြည့်နေပြည်တော် Sky Net မဏ္ဍပ်မှာရှိပါမယ်။ သင်္ကြန်မှာ စိုးပြည့်ဆိုနေကျသီချင်းလေးတွေနဲ့ပဲ သီဆိုဖျော်ဖြေပေးသွားမှာပါ။ မြူးမြူးကြွကြွဖြစ်မယ့် သီချင်းလေးတွေပါပဲ၊ ပရိသတ်တွေကလို့ကောင်းမယ့် သီချင်းလေးတွေဆိုမှာပါ။ ညပိုင်းဖျော်ဖြေရေးကတော့ ခပ်အေးအေး သီချင်းလေးတွေ ရွေးထားပါတယ် ။ နှစ်သစ်မှာ ပရိသတ်တွေ အားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေလို့ စိုးပြည့် ဆုတောင်းပေးပါတယ်။

# ရှမ်းပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး မောက်မယ်မြို့နယ် ဂေါ်ဒန်ကျောက်တောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေး



**မောက်မယ် မေ ၉**

ရှမ်းပြည်နယ် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်သည် မြို့နယ်စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်နိုင်နှင့် မြို့နယ်သစ်တောတာဝန်ခံတောအုပ် ဦးဇော်ညို တို့နှင့်အတူ ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် နမ့်လွတ်ကျေးရွာအုပ်စုရှိ ဂေါ်ဒန်ကျောက်ထုတ်လုပ်သည့် ကျောက်တောင်သို့ မေ ၈ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် သက်ဆိုင်ရာဌာနအကြီးအကဲများနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးအစည်းအဝေးခန်းမ၌ တွေ့ဆုံရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဖွေးဟွမ်ဦးတက်ရောက်ပြီး ဝန်ကြီးကလိုအပ်သည်များ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ၁၃၅ နှစ်ကျော် ရှေးဟောင်းမောက်စံဘုန်းတော်ကြီးကျောင်းသို့ သွားရောက် ကြည့်ရှုကာ ၎င်းကျောင်းတော်ကြီးအား ရှေးဟောင်းအမွေအနှစ်စာရင်း ဝင်နိုင်ရေးအတွက် အဆင့်ဆင့်တင်ပြကြရန် မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဓမ္မစကူးဆရာဖြစ်သင်တန်းဆင်းပွဲ ရေနံချောင်းမြို့၌ ကျင်းပ

**ရေနံချောင်း မေ ၉**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ ဓမ္မစကူးဖောင်ဒေးရှင်းမှ ကြီးမှူးဖွင့်လှစ်သော ဓမ္မစကူးဆရာဖြစ်သင်တန်းဆင်းပွဲကို မေ ၈ ရက် ညနေ ၄ နာရီက ရွှေစေတီဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါသင်တန်းကို ကလေးငယ်များ ဘာသာသာသနာစိတ်ကိန်းအောင်းလာစေရန်နှင့် ယဉ်ကျေးလိမ္မာသော အနာဂတ်သားကောင်းရတနာလေးများဖြစ်လာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး မေ ၂ ရက်မှ ၈ ရက်အထိ ဓမ္မစကူးဖောင်ဒေးရှင်းဗဟို နည်းပြဆရာဆရာမ လေးဦးက သင်ကြားပို့ချခဲ့ရာ ရေနံချောင်းမြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ သင်တန်းသား သင်တန်းသူ ၆၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲသို့ ရေနံချောင်းမြို့နယ်အတွင်းရှိ ပင့်ဖိတ်ထားသော ဆရာတော်၊ သံဃာတော်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှူး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

ကိုစိုးကြီး

## တာချီလိတ်၌ ဟိုတယ်နှင့်တည်းခိုရိပ်သာများရှိ ဝန်ထမ်းများအား အခြေခံမီးသတ်သင်တန်းပေး

**တာချီလိတ် မေ ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန တာချီလိတ်ရုံးခွဲနှင့် ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်သည့် ဟိုတယ်နှင့် တည်းခိုရိပ်သာများရှိ ဝန်ထမ်းများအား အခြေခံမီးသတ်သင်တန်းပေးပွဲကို မေ ၅ ရက် နံနက် ၉ နာရီခွဲက ခရိုင်မီးသတ်ဦးစီးဌာန ခန်းမဆောင်၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန တာချီလိတ်ရုံးခွဲမှ တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးတေဇာမင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်မီးသတ်ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းနိုင်ဦးက မီးသတ်ဦးစီးဌာန၏ ရည်ရွယ်ချက်များဖြစ်သည့် ပြည်သူလူထု၏ အသက်အိုးအိမ်ပစ္စည်းများ၊ နိုင်ငံတော်အတွင်းရှိ ကုန်ထုတ်အရင်းအနှီးများအား မီးဘေးအန္တရာယ်မှ တားဆီးကာကွယ်ရေး၊ သဘာဝဘေးအန္တရာယ် အပါအဝင် အခြားသောဘေးအန္တရာယ်များ ကျရောက်သည့်အခါ အရေးပေါ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရန်နှင့် ရည်မှန်းချက်များဖြစ်သည့် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေး စသည်တို့ကို ရှင်းလင်းဆွေးနွေးသည်။

မီးဘေးအန္တရာယ်၊ မီးလောင်မှုအခြေခံ သဘောတရားများ၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များ၊ မီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာများနှင့် မီးငြိမ်းသတ်နည်း စနစ်များကို စာတွေ့နှင့် လက်တွေ့ သင်ကြားပေးသည်။

အဆိုပါ သင်တန်းသို့ တာချီလိတ်မြို့ရှိ ဟိုတယ်နှင့် တည်းခိုရိပ်သာ ၄၂ ခုတို့မှ သင်တန်းသား ၄၂ ဦး တက်ရောက်ကြောင်း သိရသည်။

ဝေယံလင်း(ပြန်/ဆက်)




## ပလောက်မြို့ ထီးလူးကျေးရွာ၌ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**ပလောက် မေ ၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပလောက်မြို့ ပြည်ခြားကျေးရွာအုပ်စု ထီးလူးကျေးရွာမှ ဒေသခံပြည်သူများအား မေ ၇ ရက်တွင် ပလောက်မြို့ ပြည်သူ့ကျန်းမာရေးဌာနမှ ဆရာမ ဒေါ်ရီရီသိန်းနှင့်အဖွဲ့က အဆိုပါ ကျေးရွာရှိ ဘုန်းကြီးကျောင်း၌ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ထီးလူးကျေးရွာရှိ ဒေသခံပြည်သူ ၄၀ ကျော်အား ၄ှက်ဖျားရောဂါနှင့် အထွေထွေရောဂါများ အခမဲ့စမ်းသပ်၍ ဆေးဝါးများကုသပေးခဲ့ကြောင်း သိရသည်။

နိုင်ဦး(ပြန်/ဆက်)

## သင်္ကြန်ကာလအတွင်း မူခင်းကျဆင်းရေး အသိပညာပေး

**မိုးကောင်း မေ ၉**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်အတွင်း မဟာသင်္ကြန်ပွဲတော်ကာလအတွင်း မှုခင်းလျော့နည်းကျဆင်းရေးအတွက် မော်တော်ယာဉ်မောင်းနှင်သူများနှင့် မော်တော်ဆိုင်ကယ်စီးနင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို မေ ၉ရက် နံနက် ၉ နာရီက မိုးကောင်းမြို့ ကျွန်းတောတံတားထိပ် မြစ်ကြီးနား-ရွှေဘို ပြည်ထောင်စုကားလမ်းမကြီးပေါ်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

မဟာသင်္ကြန်ပွဲတော် ကာလအတွင်း မော်တော်ယာဉ်မောင်းနှင်သူများ အရက်သေစာသောက်စားမောင်းနှင်ခြင်းမပြုရန် Alcohol Tester တိုင်းတာခြင်း၊ မော်တော်ဆိုင်ကယ်စီးနင်းသူများ ဆိုင်ကယ်စီးဦးထုပ်ဆောင်းရန်နှင့် မေးသိုင်းကြိုး တပ်ဆင်ရန်၊ နှစ်ဦးထက် ပိုမိုမတင်ဆောင်ရန်နှင့် အသံဆူညံသော ပါဝါ အိတ်ဇောများ တပ်ဆင်မောင်းနှင်ခြင်း မပြုရန် တို့ကို အမှတ်(၁၀၁)ယာဉ်ထိန်းရဲတပ်ဖွဲ့စု မိုးညှင်း (မိုးကောင်းတပ်ဖွဲ့စိတ်)မှ ရဲအုပ်ဇော်ခိုင်ထွန်း ဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းကာ မော်တော်ဆိုင်ကယ်အစီး ၅၀နှင့် မော်တော်ယာဉ် ၁၀ စီးတို့အား အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဝင်းနိုင်(ကချင်မြေ)



ခုတင် (၅၅၀) ဆံ့ ရန်ကင်းကလေးဆေးရုံကြီး နှလုံးခွဲစိတ်ကုသဆောင်အတွက် အလှူရှင်ဒေါက်တာရှိန်မြင့်နှင့်ဇနီး ဒေါ်မာလာညွန့်၊ သမီးဇင်မာမြင့်၊ ဒေါက်တာ သင်ဇာမြင့်မိသားစုတို့ မင်္ဂလာနှစ် (၄၀) ပြည့်အထိမ်းအမှတ်အဖြစ် မေ ၉ ရက်တွင် အသက်ရှူအထောက်အကူပြုစက် CPAP ပေးအပ်လှူဒါန်းပြီး တစ်နေ့တာအာဟာရလှူဒါန်းစဉ်။

ကြေးမုံ

## မှုခင်းအသိပညာပေးဟောပြော၊ လက်ကမ်းစာစောင်များ ဖြန့်ဝေ

**မင်းလှ**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးဇော်ဝင်းမြင့် ဦးဆောင်၍ မေ ၈ ရက်က စစ်ကွင်းနယ်မြေ ရဲစခန်းမှူး ရဲအုပ်ခင်မောင်နိုင်နှင့်တပ်ဖွဲ့ဝင်များနှင့်အတူ စမ်းတောင်ကွေ့ကျေးရွာ၌ သင်္ကြန်ကာလအတွင်း မှုခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အန္တရာယ်တို့ကို ပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များဝေငှခဲ့ကြောင်းသိရသည်။

ပေါက်စ(မင်းလှ)

**ဒဂုံမြို့သစ်(တောင်ပိုင်း)**

ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် မြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး မောင်မောင်ဦး ဦးစီးသော တပ်ဖွဲ့ဝင်များသည် မေ ၉ ရက် နံနက် ၉နာရီက ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် ပြည်ထောင်စုလမ်းနှင့် လှော်ကားလမ်းထောင့် စက်မှုဇုန်(၂) အနီး၌ သင်္ကြန်ကာလအတွင်း ပြည်သူလူထုလိုက်နာသင့်သည့်အချက်များပါရှိသော လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ကြေးမုံ

**ကွမ်းခြံကုန်း**

ကွမ်းခြံကုန်းမြို့နယ် တော်ခရမ်းအနောက်ကျေးရွာအုပ်စု ကျွန်းချောင်းကျေးရွာ ကျွန်းချောင်းကျောင်းတိုက်တွင် မေ ၈ ရက် နံနက်ပိုင်းတွင် ကွမ်းခြံကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး စိုင်းသိန်းမောင်က သက်ငယ်မုဒိမ်းမှု လျော့နည်းရေး၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေး၊ မှုခင်း အသိပညာပေး ဟောပြောခြင်းနှင့် အရက်သေစာသောက်စား၍ ယာဉ်မဆင်မခြင် မောင်းနှင်ခြင်းမပြုလုပ်ကြရန်၊ တုတ်၊ ဓားလက်နက်များ ဝှက်သိမ်း ကိုင်ဆောင်ခြင်း မပြုလုပ်ကြရန် ဟောပြောခြင်း၊ လက်ကမ်းစာစောင် ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကြေးမုံ

# စိတ်ကောင်းရှိဖို့အဓိက

ခင်မောင်ဌေး(ပညာရေး)

မဟာဂန္ဓာရုံဆရာတော်ကြီး မြွက်ကြားခဲ့သည့် တရားတို့တွင် စိတ်ထားကောင်းဖို့ အဓိကဟူသည်မှာ လူသိအများဆုံးဖြစ်သည်။

လူတိုင်းသည် စိတ်ထားကောင်းဖို့ အစဉ်အမြဲကြိုးစားကြရမည်ဖြစ်သည်။ စိတ်ထားကောင်းအောင် ကျင့်ကြံနေနိုင်ခြင်းဖြင့် စိတ်ချမ်းသာသော ဘဝကို နေနိုင်ကြမည်ဖြစ်၏။ သို့မှသာ လောကီအလုပ်ကို လုပ်သည်ဖြစ်စေ၊ လောကုတ္တရာအလုပ်ကို လုပ်သည်ဖြစ်စေ အဆင်ပြေနိုင်မည်ဖြစ်သည်။ လူတို့တွင် လုပ်စရာအလုပ်နှစ်မျိုးသာရှိသည်။ ယင်းတို့မှာ ကုသိုလ်အလုပ်နှင့် အကုသိုလ်အလုပ်ပင်ဖြစ်သည်။ ယင်းနှစ်မျိုးမှလွဲ၍ ကြားအလုပ်ဆိုသည်မှာ မရှိနိုင်ပေ။ သို့ဖြစ်သောကြောင့် မိမိလုပ်သည့်အလုပ်သည် ကုသိုလ်မဖြစ်လျှင်တောင်မှ အကုသိုလ်မဖြစ်ရန် လိုအပ်လှပါသည်။

လူတိုင်းလူတိုင်းသည် စိတ်ချမ်းသာမှုကို လိုလားကြသူချည်းသာ ဖြစ်သည်။ သို့သော်လည်း စိတ်ချမ်းသာမှုချည်း အစဉ်အမြဲမရနိုင်။ စိတ်ဆင်းရဲမှုများစွာ ကြုံဆုံကြရသည်။ ယင်းစိတ်ဆင်းရဲမှုများကို အတိုင်းအဆမရှိ လက်ခံရယူသူမှာ မိမိသာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မိမိ၏ရင်ထဲသို့ ဝင်လာတတ်သည့် လောဘ၊ ဒေါသ၊ ဣဿာမစ္ဆရိယ၊ ရာဂ၊ တဏှာ စသည်တို့ကို လွယ်လွယ်ကူကူ ရယူတတ်သောကြောင့်ပင်ဖြစ်သည်။ ယင်းတို့ကြောင့် စိတ်ဆင်းရဲမှုများစွာဖြစ်ကာ မကောင်းမှုအကုသိုလ်များကို ကျူးလွန်မိတတ်ခြင်းပင်ဖြစ်သည်။ ဆိုရလျှင် အယောနိသောမနသိကာရဖြစ်လျှင် အကုသိုလ်စိတ်ဖြစ်၍ ယောနိသောမနသိကာရဖြစ်လျှင် ကုသိုလ်စိတ်ဖြစ်လေသည်။

လောကတွင် လူသုံးမျိုးရှိကြောင်း မှတ်သားရသည်။ ပထမတစ်မျိုးမှာ ပင်ကိုပါရမီဓာတ်ခံ အားကောင်းသူဖြစ်၏။ မည်သို့သော အဆိုးများနှင့် တွေ့ကြုံစေကာမူ နှလုံးသွင်းမှန်သည့်အတွက် လောကကိုအပြုံးနှင့် ရင်ဆိုင်နိုင်သူဖြစ်သည်။ ဒုတိယ လူတစ်မျိုးမှာ ပင်ကိုစိတ်ခံအားနည်းသူဖြစ်၍ အာရုံဆိုးတစ်ခုနှင့် တွေ့လိုက်သည့်အခါ နှလုံးသွင်းမှား၍ အကုသိုလ်စိတ် ချက်ချင်းဖြစ်လေသည်။ သို့သော် ထိုသူမှာ နှလုံးသွင်းမှားခြင်းကို ချက်ချင်းသိ၍ မိမိကိုယ်မိမိ နှလုံးသွင်းမှန်အောင် ဆင်ခြင်ပြုပြင်ပြီးယူပါသည်။ ထို့ကြောင့် ဖြစ်လာသည့် ကုသိုလ်စိတ်မှာ ခဏပင်ဖြစ်လိုက်လေသည်။ တတိယတစ်ဦးမှာမူ အာရုံဆိုးတစ်ခုကို တွေ့လိုက်သည်နှင့် နှလုံးသွင်းမှားမှုကြောင့် အကုသိုလ်စိတ် ချက်ချင်းဝင်သည်။ ယင်းအကုသိုလ်စိတ်သည် မိမိထက် သာလွန်မှု မှန်သမျှတွင်ဖြစ်တတ်၏။ မိမိစိတ်အတွေးအာရုံတွင် တွေးမိလေလေ ထိုအတွေးက အကုသိုလ်စိတ်ကို ပို၍တိုးစေလေတော့သည်။

လောကတွင် လူသားတို့အား မညှာမတာနှိပ်စက်ကလူပြုနေသည်မှာ သူတစ်ပါးအပေါ်တွင် မနာလိုဝန်တိုစိတ် (ဣဿာမစ္ဆရိယ) ပင်ဖြစ်သည်။ မနာလိုဝန်တိုတတ်သူသည် ဘုရားရှင်လက်တော်ကပင် ရှိခဲ့သည်။ ၎င်းတို့မှာ ဒေဝဒတ်နှင့် ဇိဉ္စမာနတို့ဖြစ်၏။ အရှင်ဇနကာဘိဝံသ၏ သဂြိုဟ်ဋီကာတွင် မစ္ဆရိယသဘောကို "ရလတ္တံ့ရပြီး၊ ငါ့ပစ္စည်း နှယ်၊ အံ့ချီဖွယ်ကား၊ များကြွယ်သူတစ်ပါး၊ မဖြစ်စေသားဟု၊ ဖြစ်ပွားတတ်လျှင်၊ ဝန်တိုခြင်း၊ မယွင်းမစ္ဆရိယ သဘောတည်း" ဟု ဖော်ပြထားလေသည်။

လူ့အဖွဲ့အစည်းတစ်ခုတွင် လူသည် လူအများနှင့် တွေ့ဆုံ ဆက်ဆံနေကြရသည်သာဖြစ်၏။ အချို့သောသူတို့သည် မိမိထက် အစစအရာရာသာလွန်နိုင်၏။ အချို့မှာ မိမိထက် များစွာနိမ့်ကျနေတတ်၏။ အချို့မှာ မိမိနှင့် တန်းတူညီတူ ရှိတတ်၏။ မည်သို့သောအခြေအနေပင်ဖြစ်စေကာမူ စိတ်ကောင်းစေတနာကောင်းဖြင့် ပြုမူဆက်ဆံတတ်ဖို့ လိုသည်။ သို့ဖြစ်၍ လူမှုဆက်ဆံရေး ကျင့်ဝတ်အဖြစ် -

**သူ့ကိုချီးမြှောက်၊ ကိုယ့်ဂုဏ်မြောက်၏။**
**ယွင်းဖောက်အလို၊ ဝန်မတိုနှင့်**
**သူ့ကိုဂုဏ်နှိမ့်၊ ကိုယ့်ဂုဏ်နိမ့်၏။**
**စည်းစိမ်အရာ၊ သူ့ချမ်းသာသည်**
**ဣဿာမပြု၊ ဝမ်းမြောက်ရှုလော့**

ဟု ကျမ်းလာစကားရှိလေသည်။ ထို့အတူ လူ့အဖွဲ့အစည်းအတွင်း ကြီးသူ၊ ငယ်သူ၊ ထက်အောက်လူနှင့် ပြုမူဆက်ဆံသည့်အခါတွင်လည်း -

**ပညာချင့်ထောက်၊ မာန်မမောက်နှင့်**
**ကိုယ့်အောက်တန်းတူ၊ အထက်လူဟု**
**မှတ်ယူမြဲသို၊ သုံးပုဂ္ဂိုလ်တွင်**
**အောက်ကိုသနား၊ တန်းတူအားမူ**
**မြှောက်စားအမျှ၊ မရှုတ်ချနှင့်**
**ထက်ကသူမှာ ရိုသေရာ**

ဟု အဆိုရှိလေသည်။

လူဆိုသည်မှာ မိမိတစ်ဦးတစ်ယောက်တည်း၏ ကောင်းစားရေးကိုသာ ကြည့်၍မရပါ။ အများနှင့် နေထိုင်ရသည်ဖြစ်၍ အောင်မြင်မှုများအတွက် ဝမ်းသာကြည်နူးစိတ် (မုဒိတာတရား) ဖြစ်ထွန်းနိုင်ရမည်ဖြစ်၏။ ကျဆုံးမှုများ ဆုံးရှုံးမှုများအတွက်လည်း စာနာသနားနိုင်ရမည် ဖြစ်၏။ သို့လူတို့သည် ဆုံးရှုံးနစ်နာရမှုများနှင့် ပတ်သက်၍ ထူးခြားသာလွန်သည့် ခံစားမှုမျိုးများစွာ မပြသတတ်ကြသော်လည်း ထူးထူးခြားခြား ဖြစ်ထွန်းအောင်မြင်မှုများအတွက်မူ ထူးကဲသော မနာလိုဝန်တိုမှုကို များစွာပြသတတ်ကြလေသည်။ ထိုသူတို့၏ နှလုံးအိမ် ပူလောင်ပြင်းပြခံစားကြရမည်သာ ဖြစ်သည်။

စင်စစ် လောကကြီးတွင် မိမိတစ်ဦးတည်းထူးချွန်ထက်မြက်နေရုံဖြင့် မပြည့်စုံနိုင်။ မိမိ၏ ထူးခြားပြောင်မြောက်မှုများသည် အများပြည်သူအတွက် အကျိုးရှိရာရောက်စေသင့်သည်။ ယင်းသို့သော ထူးခြားထက်မြက်အောင်မြင်မှုများအတွက် မုဒိတာပွားနိုင်ရပေမည်။ သို့မှာ ငြိမ်းအေးသောဘဝကို ရနိုင်ခြင်းနှင့်အတူ မိမိဘဝ၏ ရေခံမြေခံကောင်းကိုလည်း ကြိုးပမ်းတည်ဆောက်လိုစိတ်ဖြင့် မြင့်တက်လာနိုင်မည်ဖြစ်သည်။ သို့ဖြင့် ဖော်ပြပါ လူသုံးမျိုးတွင် ပထမ အမျိုးအစားတွင် မပါဝင်နိုင်စေကာမူ တတိယအမျိုးအစား မဖြစ်ဖို့လိုသည်။ လူ့သဘာဝအရ ဖြစ်တတ်သည့် သဘောရှိသော်လည်း ဒုတိယအမျိုးအစားကဲ့သို့ ထိန်းသိမ်းပြုပြင်နေထိုင်တတ်ကြဖို့ လိုသည်။

သို့ဖြစ်၍ သဘာဝလောကကြီးက လူသားတိုင်းအား အလှကိုယ်စီ စွမ်းရည်ကိုယ်စီ ဝေငှပြီးဖြစ်သည်။ ယင်းအလှတရားများကို မနာလိုဝန်တို မရှုဆိတ်ဖြစ်နေ၍ အလှတရားများ ပျက်ယွင်းသွားမည်မဟုတ်ပေ။ ပုလဲစစ်ပုလဲကောင်းတို့အရောင်အမှိန်သကဲ့သို့ ငယ်စဉ်ကပင် ရင်ထဲစွဲလမ်းခဲ့သည့် ကဗျာကလေးကဲ့သို့ 'အလှဝန်တိုမငြင်ငြိုနှင့် ဝန်တိုမှုသာ မလှရာ၏' ဆိုသည့်အတိုင်းပင်။

ထို့ကြောင့် လူတိုင်းစိတ်ထားကောင်းဖို့ ကြိုးစားတည်ဆောက်ကြသင့်သည်။ မေတ္တာ၊ ကရုဏာနှင့် မုဒိတာတို့၏ စွမ်းအားသည် ကြီးမားလွန်းသည့် အယုတ်အလတ်အမြတ်မရွေး ဆင်ယင်သင့်သော အနဂ္ဃထိုက်တန်သည့် လည်ရွဲ ရတနာများပင်ဖြစ်သည်။ သို့ဖြစ်၍လည်း -

**တန်းတူတွေ့လျှင် မေတ္တာဝင် မဝင်နိုင်က ပြိုင်တတ်သည်။**
**ငယ်သူ (နိမ့်ကျ) တွေ့လျှင်ကရုဏာဝင် မဝင်နိုင်ကနှိုင်တတ်သည်။**
**ကိုယ့်ထက်သာလျှင် မုဒိတာဝင် မဝင်နိုင်က ယှိုင်တတ်သည်**

ဟူ၍ ဆိုခဲ့ကြလေသည်။ ။



## VDP ဖြင့် ဆောင်ရွက်သည့် ကွန်ကရစ်တံတားဖွင့်ပွဲကျင်းပ

**မင်းလှ ဧပြီ ၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၀၀ နှင့် ကျေးရွာနေပြည်သူ ထည့်ဝင်ငွေကျပ် ခုနစ်သိန်းဖြင့် ဆောင်ရွက်သည့် ရွှေလောင်းအုပ်စု ပန်းတော (၂) ကျေးရွာ ကွန်ကရစ်တံတားသစ်ကို ဧပြီ ၈ ရက် နံနက် ၉ နာရီက တံတားမှခ်ဦး၌ ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

တံတားမဆောက်မီ မိုးရာသီတွင် စက်လှေများဖြင့်သွားလာနေရပြီး ယခုအခါတွင်ရာသီမရွေး ကျောင်းသား ကျောင်းသူများ ဘေးကင်းလုံခြုံစွာသွားလာ၍ပညာသင်ကြားနိုင်ပြီး ရွာချင်းဆက်ကျေးရွာများမှ စီးပွားရေးအခွင့်အလမ်းများ ပိုမိုတိုးတက်ဆောင်ရွက်လာနိုင်မည်ဖြစ်ပြီး တံတားအား ရေရှည်တည်တံ့ကောင်းမွန်စေရန် ကျေးရွာသူ၊ ကျေးရွာသားများမှ ထိန်းသိမ်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးမှူးက ပြောသည်။



အဆိုပါ တံတားသည် အရှည်ပေ ၁၅၀၊ အကျယ် ၄ ပေ၊ အမြင့် ၁၂ပေ ရှိပြီး ကွန်ကရစ်အမျိုးအစားဖြင့် တည်ဆောက်ထားကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

## ဒဂုံရောနှင့် အောင်မင်္ဂလာအဝေးပြေးတို့တွင် ဧပြီ ၁၁ ရက်နှင့် ၁၂ ရက် ခရီးစဉ်အချို့ကို YBS အထူးကားများဖြင့် ပြေးဆွဲပေးမည်

**ရန်ကုန် ဧပြီ ၉**

သင်္ကြန်ကာလ နေရပ်ပြန်ရန် အခက်အခဲရှိနေသော ခရီးသွားများ အဆင်ပြေစေရန် ဒဂုံရောနှင့် အောင်မင်္ဂလာအဝေးပြေးဂိတ်တို့မှ ခရီးစဉ်အချို့အား ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့၏ စီစဉ်မှုဖြင့် YBS အထူးကားများ ပြေးဆွဲပေးမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

ရန်ကုန်မြို့မှ နေရပ်ပြန်မှုအခက်အခဲဖြစ်ပေါ်နေသော ရန်ကုန်-ဧရာဝတီတိုင်းဒေသကြီး ခရီးစဉ်၊ နေပြည်တော်နှင့် ခရီးစဉ်အချို့ကို ဧပြီ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် အထူးကားများဖြင့် နှစ်ရက်တာ ပြေးဆွဲပေးသွားမည်ဟု သိရသည်။

"မနှစ်ကတော့ ဧရာဝတီခရီးစဉ် ခြောက်ခုကို YBS က အထူးကားတွေနဲ့ ပြေးဆွဲပေးခဲ့ပါတယ်၊ ဒီနှစ်က အောင်မင်္ဂလာအဝေးပြေးဘက်မှာလည်း ပြေးဆွဲပေးသွားပါမယ်၊ ဧပြီ ၁၁ နဲ့ ၁၂ နှစ်ရက် ပြေးဆွဲ ပေးသွားပါမယ်" ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြီးခဲ့သည့် ၂၀၁၇ ခုနှစ် သင်္ကြန်ကာလ မတိုင်မီ ရန်ကုန်-ဧရာဝတီတိုင်းဒေသကြီး ခရီးစဉ် ခြောက်ခုဖြစ်သည့် ရန်ကုန်-ပုသိမ်၊ ရန်ကုန်-မအူပင်၊ ရန်ကုန်- မြောင်းမြ၊ ရန်ကုန်-ဝါးခယ်မ၊ ရန်ကုန် - ဟင်္သာတ၊ ရန်ကုန် - ဘိုကလေး စသည့်ခရီးစဉ်များကို ဧပြီ ၁၀ ရက်၊ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် အထူးကားများဖြင့် သုံးရက်တာ ပြေးဆွဲပေးခဲ့ကြောင်း သိရသည်။

နှစ်စဉ် သင်္ကြန်ကာလတွင် နေရပ်ပြန်သည့်သူများအနေဖြင့် ကားလက်မှတ်၊ ရထားလက်မှတ် အခက်အခဲများကို ကြုံတွေ့နေရလျက်ရှိပြီး အချို့သော ယာဉ်လိုင်းများ၊ လက်မှတ်ပွဲစားများကလည်း သတ်မှတ်ဈေးနှုန်းထက် နှစ်ဆ၊ သုံးဆတင်ကာ ရောင်းချမှုများလည်း ရှိနေဆဲပင်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် သင်္ကြန်ကာလ ရုံးပိတ်ရက် ငါးရက်သာ ရရှိခြင်းကြောင့် နေရပ်ပြန်သူနှင့် အပန်းဖြေ ခရီးသွားရန် စီစဉ်သူများ အခက်အခဲများ ကြုံတွေ့ရသည့်အပြင် လက်မှတ်ဝယ်ယူရရှိရန် ခက်ခဲလျက်ရှိသည်ဟု သိရသည်။

ဝဝ၁



## ချင်းတွင်းသင်္ကြန်ရေကစားကမ်းခြေအား အပန်းဖြေစခန်းအဖြစ်ခွင့်ပြုမည်

**မုံရွာ ဧပြီ ၉**

ချင်းတွင်းသင်္ကြန် သဲသောင်ပြင်ကမ်းစပ်တစ်လျှောက် ဖော်ဆောင်ထားသောရေချိုးရေကစားကမ်းခြေကို သင်္ကြန်အပြီးတွင်လည်း အပန်းဖြေစခန်းအဖြစ် ဆက်လုပ်လိုလျှင် ခွင့်ပြုသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာမြင့်နိုင်က ဧပြီ ၉ ရက် နံနက်ပိုင်းက လာရောက်ကြည့်ရှုစဉ် မီဒီယာများကိုပြောကြားသည်။

"သဲသောင်မှာ ချင်းတွင်းသင်္ကြန်လုပ်ပြီဆိုမှတော့ နောက်မဆုတ်ဘူး၊ မလုပ်ရင်အရှင်းပဲ၊ အောင်မြင်အောင် ဆက်လုပ်သွားမှာပါ၊ တွေဝေနေတာတွေမရှိဘူး၊ ဘယ်လောက်လိုတယ် ဘာတွေလိုတယ်ဆိုတာကို ဒါပထမဆုံး ကွင်းဆင်းကြည့်တာပဲ၊ အခုလောက်ဖြစ်နေတာကို ကျေနပ်လှပြီ၊ ဒါကို ဒီအတိုင်းပဲ သင်္ကြန်ပြီးရင် အပန်းဖြေစခန်းအဖြစ် ဆက်လုပ်ချင်ရင် လုပ်ဖို့ခွင့်ပြုမှာပါ၊ ရေရှည်ပေါ့၊ စစ်ကိုင်းတိုင်းဒေသကြီးထဲက မြစ်သဲသောင်တွေ အများကြီးရှိတယ်၊ ဧရာဝတီ၊ ချင်းတွင်း၊ မူးမြစ်စသဖြင့်ပေါ့၊ အပန်းဖြေစခန်းတွေ လုပ်ရကောင်းမှန်း မသိကြသေးဘူး" ဟု ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ပြောသည်။

မုံရွာ သဲသောင်ချင်းတွင်းသင်္ကြန် ကမ်းခြေတစ်လျှောက် ရေလာချိုးသူ၊ ကစားသူ၊ အပန်းဖြေကြသူများဖြင့် တစ်နေကုန်စည်ကားနေကာ စားသောက်ဆိုင်များ၊ ဆိုင်ကယ်အပ်လက်ခံရာဌာနများတွင် ဆိုင်ကယ်စီးရေအများအပြားကို လူမှုကူညီရေးအသင်းငါးသင်းက လက်ခံစောင့်ရှောက်ပေးနေသည်ကို တွေ့ရသည်။ သဲသောင်ရေချိုးကမ်းစပ်အနီးရှိ စားသောက်ဆိုင်များအနေဖြင့် စားသောက်ဖွယ်ရာများအပါအဝင် ရေကစားရာတွင်သုံးရန် ဘောကွင်းများကို အခကြေးငွေဖြင့် ငှားရမ်းရန်ပြင်ဆင်နေကြပြီဖြစ်သည်။

"ဗဟိုမဏ္ဍပ်နဲ့လိုအပ်တဲ့ သယ်ယူပို့ဆောင်ရေးယာဉ်၊ ချက်ပြုတ်ရေး၊ လုံခြုံရေး၊ ပြန်ကြားရေးအတွက် မော်တော်ယာဉ်တွေ အဆင်သင့်ဖြစ်အောင် ဆောင်ရွက်ထားပြီးဖြစ်ပါတယ်၊ ယာဉ်မတော်တဆမှု မဖြစ်ပွားရအောင် တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး အဖွဲ့အစည်းတွေ၊ က-ည-နနဲ့ မ-စ-က အဖွဲ့တွေ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တွေ၊ ရဲတပ်ဖွဲ့ဝင်တွေ၊ မီးသတ်တပ်ဖွဲ့ဝင်တွေနဲ့ ပူးပေါင်းလုပ်ဆောင်သွားဖို့ စီစဉ်ထားပါတယ်၊ ဗဟိုမဏ္ဍပ်နဲ့ လူစည်ကားရာမှာ စက်ချွတ်ယွင်းတဲ့ယာဉ်တွေကို လမ်းကြောင်းရှင်းလင်းရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးညှိနှိုင်းမှုဦးစီးဌာနမှူး ဦးတင်စိုးက ပြောကြားသည်။

သင်္ကြန်ကာလ ရေကစားရာတွင် သတ်မှတ်ထားသော ရေကစားကွင်းနေရာငါးနေရာတွင် ရေများလုံလောက်စွာရရှိနိုင်ရန်အတွက် စက်အကြီး၊ အသေးများသုံးကာ မြစ်ထဲမှရေများစုပ်တင်ကာ ဖောဖောသီသီ ရေကစားနိုင်ရန် စီစဉ်ထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်ထံမှ သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

## မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မဟာဝိဇိတာရုံကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တကဝိန္ဒ မထေရ်မြတ်အား ဂုဏ်ပြုပူဇော်

**နေပြည်တော် ဧပြီ ၉**

မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက်အတွင်းရှိ မဟာဝိဇိတာရုံကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တကဝိန္ဒ မထေရ်မြတ်အား ချီးကျူးဂုဏ်ပြုပူဇော်သည့် မဟာဂန္ထဝါစကပဏ္ဍိတ ဂုဏဝိသိဋ္ဌပူဇာ မင်္ဂလာအခမ်းအနားကို ဧပြီ ၇ ရက်က အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးမြင့်ကြိုင်၊ အလှူရှင်များနှင့် ဧည့်ပရိသတ်များက မန္တလေးမဟာဝိဇိတာရုံ ဆရာတော် ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ(အဘိဓဇမဟာရဋ္ဌဂုရု) မဟာထေရ်မြတ်ထံမှ ငါးပါးသီလခံယူတည်ဆောက်ကြသည်။

ယင်းနောက် ပင့်သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်ကို တက်ရောက်လာကြသူများက နာယူတော်မူကြပြီး အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသူရ ရေးစပ်ပူဇော်သော မော်ကွန်းတင်မင်္ဂလာပိုဒ်စုံရတုနှင့် စာချပဏ္ဍိတ ဉာဏ်ရိပ်ဂုဏ်လွင် မော်ကွန်းတင် ထပ်တွန့်နဘောစပ် ရှစ်ဆယ်ပေါ် တေးထပ်ကို တေးသံရှင် သန္တာလင်းက သီကျူးပူဇော်ပြီး ရေပြာဆရာတော် ဦးရာဇိန္ဒက ဂုဏပူဇာ ထုတိဝေဒလ္လဂါထာတော်ကို ဖတ်ကြားပူဇော်သည်။

ယင်းနောက် တပ်ကုန်းမဟာသီဟနာဒဆရာတော် ဘဒ္ဒန္တအာစိဏ္ဏ(အဘိဓဇမဟာရဋ္ဌဂုရု) ထံမှ အနုမောဒနာတရား နာကြားတော်မူ၍ ရေစက်သွန်းလောင်း အမျှပေးဝေကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သန့်မောင်**

## မြန်မာ့မုန့်မျိုးစုံပြုလုပ်နည်း သင်တန်းဆင်းပွဲကျင်းပ

**မြစ်ကြီးနား ဧပြီ ၉**

ကချင်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းမှ ကြီးမှူး၍ ရပ်ရွာအခြေပြု မြန်မာ့မုန့်မျိုးစုံ ပြုလုပ်နည်းသင်တန်းဆင်းပွဲကို ဧပြီ ၉ရက် နံနက် ၁၁ နာရီက မြစ်ကြီးနားမြို့ ရှမ်းစုမြောက်ရပ်ကွက်ရှိ အဆိုပါ သင်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အိမ်တွင်းမှု လုပ်ငန်းပညာသင်ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းနှင်းအေးက ဒေသတွင်းနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ ဒေသထွက်သီးနှံများအား အသုံးပြု၍ဈေးကွက်ဝင် စားသောက်ဖွယ်ရာများအား ဓာတုပစ္စည်းများ သုံးစွဲခြင်းမပြုဘဲ ပြုလုပ်ရောင်းချနိုင်ရေး လေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်းနှင့် မိမိတို့၏ ထိုးထွင်းဉာဏ်ရှိသည်နှင့်အညီ မြန်မာ့မုန့်မျိုးစုံအား တိုးတက်လုပ်ဆောင်နိုင်ကြောင်း သင်တန်းဆင်း အမှာစကားပြောကြားခဲ့သည်။

အဆိုပါ သင်တန်းကို ဧပြီ ၂ ရက်မှ ၆ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်ခဲ့ပြီး သင်တန်းတွင် ဆနွင်းမကင်းအမျိုးမျိုး၊ ကျောက်ကျော အမျိုးမျိုး၊ ပေါက်စီအမျိုးမျိုး၊ မုန့်ဟင်းခါး၊ ဒံပေါက် ချက်လုပ်နည်းများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းနှင်းအေးနှင့် နည်းပြဆရာမဒေါ်လှလှဌေးတို့က စနစ်တကျစာတွေ့လက်တွေ့ လေ့ကျင့်သင်ကြားပေးခဲ့ပြီး ဒေသခံအမျိုးသမီး ၁၃ ဦး တက်ရောက်ခဲ့ကာ အလားတူရပ်ရွာအခြေပြု အခြေခံစက်ချုပ်သင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်းများလည်း ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ကြောင်းသိရသည်။

**ဦးလေးကြီး**



## မိတ္ထီလာတွင်သင်္ကြန်ရေကစားပစ္စည်းနှင့်သင်္ကြန်ပန်းကုံးများ ယခင်နှစ်ကထက် ပိုမိုရောင်းချရ

**မိတ္ထီလာ ဧပြီ ၉**

မိတ္ထီလာတွင် ရေကစားမဏ္ဍပ် အများအပြားဆောက်လုပ်ပြီး မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ သင်္ကြန်ရေကစားပစ္စည်းများနှင့် သင်္ကြန်ပန်းကုံးများရောင်းချမှုမှာ ယခင်နှစ်ကထက်ပိုမိုရောင်းချရကြောင်း သိရသည်။

"သင်္ကြန်ရေကစားပစ္စည်းနဲ့ သင်္ကြန်ပန်းကုံးတွေရောင်းချရတာကလည်း ကိုယ့်မြို့မှာ သင်္ကြန်ပွဲတော် စည်စည်ကားကားကျင်းပတယ်၊ မကျင်းပဘူး ဆိုတာနဲ့ ဆိုင်တယ်၊ အရင်သုံးလေးနှစ်တုန်းကထက်တော့ ဒီနှစ် သင်္ကြန်ရေကစားပစ္စည်းနဲ့ သင်္ကြန်ပန်းကုံးတွေရောင်းရတာပိုပြီးတော့ အရောင်းသွက်တယ်၊ မိတ္ထီလာဒီနှစ်သင်္ကြန်ပွဲတော်မှာ ဗဟိုမဏ္ဍပ်လည်း ဆောက်မယ်၊ ယိမ်းပြိုင်ပွဲလည်းပါတဲ့အပြင် အခြားရေကစားမဏ္ဍပ်တွေလည်းတော်တော်များများ ဆောက်နေကြတာဆိုတော့ သင်္ကြန်လည်း စည်ကားမှာဖြစ်သလို ကျွန်တော်တို့ သင်္ကြန်ရေကစားပစ္စည်းနဲ့ သင်္ကြန်ပန်းကုံးရောင်းချသူတွေလည်း ပိုပြီးတော့ ဈေးရောင်းကောင်းတာပေါ့ဗျာ" ဟု မိတ္ထီလာ ဗဟိုဈေးကြီးအတွင်း သင်္ကြန်ပစ္စည်းရောင်းချသူ တစ်ဦးက ပြောသည်။

သင်္ကြန်ရေကစားပစ္စည်းများဖြစ်သည့် ရေပုံး၊ ရေခွက်၊ ရေပိုက်၊ ရေသေနတ် အရောင်းဒီဇိုင်းအမျိုးမျိုးနှင့် သင်္ကြန်ပန်းကုံးများကို အရွယ်အစားနှင့် အမျိုးအစားအလိုက် ကျပ် ၅၀၀ မှ ကျပ် ၁၀၀၀၊ ကျပ် ၂၀၀၀၊ ကျပ် ၃၀၀၀ အထိ ရောင်းချရပြီး သင်္ကြန်ပန်းကုံးမှာ ရောင်းအားအကောင်းဆုံးပစ္စည်းဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

## ပြည်တွင်းရေကြောင်းသွား ရေယာဉ်များ တည်ဆောက်ခြင်းဆိုင်ရာ စံချိန်စံညွှန်းများရှင်းလင်း

**မုံရွာ ဧပြီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် အသစ်ပြန်လည်ပြဋ္ဌာန်းသည့် ပြည်တွင်းရေကြောင်းသွားရေယာဉ်များ တည်ဆောက်ခြင်းဆိုင်ရာ စံချိန်စံညွှန်းများရှင်းလင်းပွဲကို တိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဧပြီ ၉ ရက် နံနက် ၉ နာရီက ကျင်းပသည်။

"ရေယာဉ်များ တည်ဆောက်ခြင်းဆိုင်ရာ စံချိန်စံညွှန်းများသတ်မှတ်ထားခြင်းနဲ့ ပတ်သက်ပြီး ပဏာမ လာရောက်ရှင်းလင်းပြောကြားတာပါ၊ ဒီစံချိန်စံညွှန်းများကို ဘာကြောင့် သတ်မှတ်ဖို့လိုလဲဆိုရင် ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်မှာ သွားလာနေတဲ့ ရေယာဉ်တွေဟာ မကြာခဏရေယာဉ်တိုက်မိခြင်း၊ နစ်မြုပ်ခြင်း၊ မီးလောင်ခြင်း ဖြစ်လေ့ရှိနေပါတယ်၊ အဲဒီအတွက် ပြည်ထောင်စုဝန်ကြီးရဲ့ လမ်းညွှန်ချက်အရ ဒီဒေသမှာ ခရီးသွားလာကြတဲ့ ပြည်သူတွေ လမ်းခရီးလုံခြုံချောမွေ့စေရေးအတွက် ရေယာဉ်တွေကို သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းနဲ့အညီ တည်ဆောက်နိုင်ဖို့ လမ်းညွှန်ပြီး ကော်မတီဖွဲ့စည်းခဲ့ကာ မူကြမ်းရေးဆွဲခဲ့တာ အခုမူကြမ်း ရေးဆွဲပြီးသွားတဲ့အတွက်ဒီမူကြမ်းကို သက်ဆိုင်ရာတာဝန်ရှိသူအားလုံးကို ပြန်လည်ချပြပြီးတော့ ဆွေးနွေးတာပါ" ဟု ရေကြောင်းပို့ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

အဆိုပါအခမ်းအနားတွင် ရေကြောင်းပို့ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားပြီး ပြည်တွင်းရေကြောင်းသွားရေယာဉ်များ တည်ဆောက်ခြင်းဆိုင်ရာ စံချိန်စံညွှန်း ပထမပိုင်းကို ရေကြောင်းပို့ဆောင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးဇော်မြင့်သိန်းကလည်းကောင်း၊ ပြည်တွင်းရေကြောင်းသွားရေယာဉ်များ တည်ဆောက်ခြင်းဆိုင်ရာ စံချိန်စံညွှန်း ဒုတိယပိုင်းကို မြန်မာ့သင်္ဘောကျင်းလုပ်ငန်းမှ အင်ဂျင်နီယာချုပ်(ငြိမ်း) ဦးမြင့်ခင်ကလည်းကောင်း၊ ပြည်တွင်း ရေကြောင်းသွားရေယာဉ်များ တည်ဆောက်ခြင်းဆိုင်ရာ စံချိန်စံညွှန်း တတိယပိုင်းကို မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ရေယာဉ်တည်ဆောက်မှုဆိုင်ရာဗိသုကာဌာန ပါမောက္ခ ဒေါ်မြင့်မြင့်ခိုင်ကလည်းကောင်း၊ ပြည်တွင်းရေကြောင်းသွားရေယာဉ်များတည်ဆောက်ခြင်းဆိုင်ရာ စံချိန်စံညွှန်းစတုတ္ထပိုင်းကို ပြည်နယ်နှင့် တိုင်းဒေသကြီးရုံးခွဲများဌာန (အထက်မြန်မာပြည်)မှ ညွှန်ကြားရေးမှူး ဦးဖုန်းမိုကလည်းကောင်း၊ ပြည်တွင်း ရေကြောင်းသွားရေယာဉ်များတည်ဆောက်ခြင်းဆိုင်ရာစံချိန်စံညွှန်းပဉ္စမပိုင်းကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဒုတိယ ညွှန်ကြားရေးမှူး(ငြိမ်း) ဦးဗိုလ်စီကလည်းကောင်း၊ ပြည်တွင်းရေကြောင်းသွား ရေယာဉ်များတည်ဆောက်ခြင်းဆိုင်ရာ စံချိန်စံညွှန်းများနှင့်ပတ်သက်ပြီး ရေကြောင်း အင်ဂျင်နီယာဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးစိုးနိုင်(၁)က ခြုံငုံရှင်းလင်းခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာသည့် ရေယာဉ်လုပ်ငန်းရှင်များ၊ ရေယာဉ်တည်ဆောက်သူများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော ချင်းတွင်းမြစ်ကြောင်းတွင် မုံရွာမြို့မှ အခြေပြုပြေးဆွဲလျက်ရှိသော လူစီးအမြန်ရေယာဉ် အသင်းကိုးသင်းမှ အစီးရေ ၁၃၀ ကျော်ဖြင့် လည်းကောင်း၊ ကုန်တင်ရေယာဉ် အသင်း ၁၉ သင်းမှ အစီးရေ ၆၀၀ ခန့်တို့ဖြင့် ပြေးဆွဲလျက်ရှိရာ ရေယာဉ်များ ကြံ့ခိုင်ရေးနှင့် ပြေးဆွဲသည့်လမ်းကြောင်းတစ်လျှောက်တွင် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အသစ်သတ်မှတ်ပြဋ္ဌာန်းမည့် ပြည်တွင်းရေကြောင်းသွားရေယာဉ်များ တည်ဆောက်ခြင်းဆိုင်ရာ စံချိန်စံညွှန်းများကို ရှင်းလင်း ပြောကြားခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# ရွှေကျင်မြို့၌ တိုင်းဒေသကြီးအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကျင်းပ

**ရွှေကျင် ဧပြီ ၉**

ရွှေကျင်မြို့ မြို့နယ်စည်ပင်သာယာရေးခန်းမ၌ ဧပြီ ၉ ရက် နံနက် ၉ နာရီခွဲက တိုင်းဒေသကြီးအဆင့် အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တို့ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းပြည်တစ်ခုဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အရေးကြီးဆုံးသည် ငြိမ်းချမ်းရေးပင်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးရရှိရန်အတွက် တစ်ဖက်နှင့်တစ်ဖက်၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး ယုံကြည်မှုရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ ယုံကြည်မှုရရှိရန်အတွက် တစ်ဦးနှင့်တစ်ဦး ကူးလူးပေါင်းသင်းဆက်ဆံနိုင်မည့် လမ်းပန်းဆက်သွယ်ရေး လိုအပ်မည်ဖြစ်ကြောင်း၊ မတူကွဲပြားမှုများ စုစည်းပြီး အတူတကွ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် အလေ့အထများ ရှိရန်လိုအပ်မည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရ၏ အဓိကရည်မှန်းချက်သည် ငြိမ်းချမ်းရေးရရှိရေးပင်ဖြစ်ကြောင်းနှင့် ယခုလို (၂၁) ရာစု ပင်လုံနှင့်အတူ ပေါက်ဖွားလာသည့် ရရှိပြီးငြိမ်းချမ်းရေး အသီးအပွင့်များ ထပ်မံတည်မြဲ ခိုင်မာစေရန် ကြိုးစားသွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။




ထို့နောက် KNU ဗဟိုအလုပ်မှုဆောင် ကော်မတီဝင် ဖဒိုစောအယ်ထူးက မြန်မာနိုင်ငံ လက်ရှိငြိမ်းချမ်းရေး ဖြစ်စဉ်အားလည်းကြောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဖက်ရေးရာ လုံခြုံရေးတာဝန်ခံ ဒုတိယဗိုလ်မှူးကြီး သိန်းထိုက်ဦး၊ KNU ညောင်လေးပင်ခရိုင် ဥက္ကဋ္ဌ ဖဒိုစောဆဲက ရွှေကျင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသလေးစောနှင့် KNLA တပ်မဟာ(၃)မှ တပ်မဟာမှူး စောအယ်လူသိန်းတို့က အကြံပြုစကားများ ပြောကြားခဲ့ကြပြီး CIDKP ညွှန်ကြားရေးမှူးနှင့် စီမံကိန်းတာဝန်ခံ စောဘယ်ထူးတို့က ပြီးခဲ့သည့် ဆွေးနွေးပွဲများတွင် တင်ပြသည့် အချက်အလက်များအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်းမရှိသေးသည့် အချက်အလက်များ ဆက်လက်ဆောင်ရွက်နိုင်ရန် တင်ပြခဲ့သည်။

ဆက်လက်ပြီး တက်ရောက်လာကြသူများက အပြန်အလှန် မေးခွန်းများ မြန်းခြင်း၊ ပြန်လည်ဖြေကြားခြင်းများ ဆောင်ရွက်ခဲ့ပြီး KNU နိုင်ငံခြားရေးတာဝန်ခံ ဖဒိုစောတောနီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသည် အစိုးရနှင့် KNUတို့အကြား အပစ်အခတ်ရပ်စဲရေးပြုလုပ်ပြီး ငြိမ်းချမ်းရေးတည်ဆောက်နေသည့် ကာလတွင် အောက်ခြေအဆင့်၌ နှစ်ဖက်သောအုပ်ချုပ်ရေးအဖွဲ့များနှင့် လက်နက်ကိုင်တပ်ဖွဲ့များအကြား ထိပ်တိုက်ရင်ဆိုင်ဖြစ်ပွားမှုများ မရှိစေဘဲ ယုံကြည်မှုရှိသော တွေ့ဆုံနွေးဆွေးပွဲများ ကျင်းပခြင်းအားဖြင့် စစ်မှန်သော ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်သည်။

တွေ့ဆုံပွဲသို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ စစ်ဘက်ရေးရာအဆင့်မြင့် အရာရှိကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ KNU နှင့် KNLA မှ တာဝန်ရှိသူများ၊ NGO များ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## ဆင်ခြင်နှဲ့ပျော် ရေပွဲတော်

❀ နှစ်ကူးသင်္ကြန် ရေသဘင်
လောကတစ်ခွင် မြူးပျော်ရွှင်။
❀ နွေဦးလက်ာ ညွှန်းဆိုပြ
ဉသြ မောင်နှင့်မ။
❀ ဝင်းပရောင်ဖြာ ပိတောက်ဝါ
သင်းပျံ့ရနံ့ လေသင့်ရာ။
❀ ငုပန်းဝါတို့ ပြိုင်တူပွင့်
ပင်မြင့်ထက်မှာ ပဏ္ဏာတင့်။
❀ အတာရေချမ်း ဘေးမသမ်း
ဖျန်းပက်ကိုယ်စီ မမောစတမ်း။
❀ ဆိုတေးဂီတ လွှမ်းလို့ခြုံ
ချမ်းတုံပေလည်း ကလို့ခုန်။
❀ မလုံဝတ်စား မူးယစ်အရက်
ယဉ်ကျေးမှုရဲ့ ဆန့်ကျင်ဘက်။
❀ ကျင့်ပျက်သိက္ခာ ထိန်းသိမ်းပါ
ကိုယ်နှုတ်မူရာ စိတ်ညင်သာ။
❀ မြန်မာ့ရိုးရာ သင်္ကြန်ပွဲ
မျိုးဂုဏ်စောင့်သိ ဆင်ယင်နွှဲ
ပျော်ပျက်ဝေခွဲ ဆင်ခြင်နွှဲ။ ။

ယဉ်နောင်ဦး

# ပေါက်မြို့နယ်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ပေါက် ဧပြီ ၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နေပြည်တော်ရုံးချုပ်မှ ညွှန်ကြားရေးမှူး ဦးလှခိုင်နှင့်အဖွဲ့သည် ပခုက္ကူခရိုင် ပေါက်မြို့နယ်အတွင်းရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လူထုဗဟိုပြုစီမံကိန်း(ဒုတိယ) နှစ်စက်ဝန်း ပံ့ပိုးငွေနှင့် ဆောင်ရွက်လျက်ရှိသည့် လမ်းတံတား၊ ရေပေးရေးလုပ်ငန်းများ အဆင့်မြှင့်တင်ရေး တည်ဆောက်နေမှုအခြေအနေများကို ဧပြီ ၈ ရက် နံနက် ၉ နာရီက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် ပေါက်မြို့နယ်အတွင်း အရှည်ပေ ၅၂၀၊ ထု ၉ လက်မ၊ အကျယ် ၁၂ ပေရှိသည့် ညောင်ပင်တိုက်ကျေးရွာ ရွာအဝင်လမ်း ကွန်ကရစ်လမ်းခင်းခြင်းအား ပံ့ပိုးငွေကျပ် သိန်း ၇၀ ကျော်နှင့် ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။ ထိုမှတစ်ဆင့် ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၊ လူထုဗဟိုပြုစီမံကိန်း နည်းပညာအကြံပေးခေါင်းဆောင်များ၊ (CF/TF)ဝန်ထမ်းများနှင့် မြို့နယ်ကျေးလက်ဦးစီးဌာန၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် ပေါက်မြို့နယ်အတွင်း နွေရာသီရေရှားပါးပြတ်လပ်မှုများ နှစ်စဉ်ကြုံတွေ့နေရသည့် သုံးမွှာသာချောင်းကျေးရွာ အဝီစိရေတွင်း အမြန်တူးဖော်နိုင်ရေးအတွက် ကွင်းဆင်းကြည့်ရှုဆောင်ရွက်ခဲ့သည်။ ထို့နောက် ရွှေပြည်သာကျေးရွာ ဆိုလာရေတင်စနစ်နှင့် ရေစင်တည်ဆောက်ထားရှိမှုအတွက် (ပထမ၊ ဒုတိယ)နှစ်စက်ဝန်းမှ စီမံကိန်းထောက်ပံ့ငွေ ကျပ်သိန်း ၁၂၀ ကျော်နှင့် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ဖြည့်စွက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဉာဏ်တိုး(ပေါက်)**



# လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများ ဒေသဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်

**ပုလဲ ဧပြီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ပဲခင်းမကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ဧပြီ ၉ ရက် နံနက် ၁၀ နာရီက လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆွေးနွေးပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထက်တို့က လွှတ်တော်ဆိုင်ရာ အတွေ့အကြုံများကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဝေလင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးအောင်၊ ဒုတိယမြို့နယ် ပညာရေးမှူး ဦးဇော်ဇော်မြင့်၊ မြို့နယ်လျှပ်စစ်မှူး ဦးဟန်ဇေယျာလင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သိန်းစိုးတို့က လုပ်ငန်းကဏ္ဍအလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် ခေတ္တမြို့နယ် ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူး မြင့်အောင်က လူကုန်ကူးမှုအန္တရာယ်မဖြစ်ပေါ်စေရေးနှင့် သက်ငယ်မုဒိမ်းမှုမဖြစ်ပေါ်စေရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများ၊ မှုခင်းဖြစ်ပွားမှု လျော့နည်းကျဆင်းစေရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရမည့် နည်းလမ်းများကို ပညာပေးဆွေးနွေးခဲ့သည်။

ထို့နောက် ဒေသခံပြည်သူများက တင်ပြဆွေးနွေးသည့် ကျောင်းဆောင်သစ်ရရှိရေး၊ ကျေးရွာချင်းဆက်လမ်းများ အဆင့်မြှင့်တင်ရေးနှင့် ကျေးရွာလျှပ်စစ်မီးလင်းရေး လုပ်ငန်းများနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထက်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် ဆောင်ရွက်ပေးမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မိတ္ထီလာမြို့ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်အတွင်း ပထမအကြိမ်အဖြစ် သနပ်ခါးလိမ်းပွဲ ကျင်းပမည်

**မိတ္ထီလာ ဧပြီ ၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်၌ စည်ကားသိုက်မြိုက်စေရန်နှင့် သရုပ်ပျက်ယဉ်ကျေးမှုများ လျော့နည်းပြီး မြန်မာ့ယဉ်ကျေးမှု၊ သနပ်ခါးယဉ်ကျေးမှု ထွန်းကားလာစေရန် ကမ်းလက်များ ပရဟိတအဖွဲ့မှ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်အတွင်း ဒေသခံများ အေးချမ်းပျော်ရွှင်စွာ ရေကစားပြီး သနပ်ခါးလိမ်းခြယ်နိုင်ရန် သနပ်ခါးလိမ်းခြယ်ပွဲကို ပထမအကြိမ်အဖြစ် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်၌ စည်ကားသိုက်မြိုက်စေရန်နှင့် မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် ဇိဝိတဒါန ငါးလွှတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲများ ကျင်းပနိုင်စေရန် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက ဦးဆောင်ပြီး ဦးစီးကော်မတီများ၊ လုပ်ငန်းဆပ်ကော်မတီများ ဖွဲ့စည်းထားရှိပြီး ဗဟိုရေကစားမဏ္ဍပ်ဆောက်လုပ်၍ ရေကစားခြင်း၊ ရပ်ကွက်အလိုက် ယိမ်းအဖွဲ့များမှ ကပြဖျော်ဖြေခြင်းနှင့် ယိမ်းအဖွဲ့များ ပြိုင်ပွဲဝင်နိုင်စေရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ၎င်းအပြင် ရပ်ကွက်အလိုက် ရေကစားမဏ္ဍပ်များ ဆောက်လုပ်၍ ရေကစားခြင်း၊ ယိမ်းအဖွဲ့များဖြင့် ကပြဖျော်ဖြေခြင်း၊ တီးဝိုင်းများဖြင့် သီဆိုဖျော်ဖြေနိုင်ရန်နှင့် စတုဒိသာ ကျွေးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ကမ်းလက်များ ပရဟိတအဖွဲ့မှ ဦးဆောင်၍ ဧပြီ ၁၃ ရက် သင်္ကြန်အကြိုနေ့ နံနက် ၈ နာရီမှ ၁၁ နာရီအထိ မိတ္ထီလာ-ကျောက်ပန်းတောင်းသွား ကားလမ်းဘေး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်းအနီး ဗိုလ်ချုပ်ပန်းခြံအတွင်း၌ ရိုးရာထုံးတမ်းစဉ်လာအတိုင်း မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် သနပ်ခါးလိမ်းပွဲကို ကျင်းပမည်ဖြစ်ရာ ပန်းခြံအဝင်တွင် သပြေခက်နှင့် ရေဖျန်းခြင်းများပြုလုပ်၍ ပန်းခြံအတွင်း၌ ကျောက်ပျဉ်တွင် သနပ်ခါးသွေးထားပေးပြီး မှန်ကြည့်ပြီး သနပ်ခါးလိမ်းခြယ်ရန်အတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



# သခင်ကြီး



တင့်လွင်ဦး
(စီးပွားရေးတက္ကသိုလ်)

ခေါင်းစဉ်ကြည့်ပြီး အင်္ဂလိပ်ခေတ်ကို အလွမ်းသယ်လေမလားလို့ ထင်ကောင်းထင်ကြပေလိမ့်မည်။ ထိုသို့ မဟုတ်ရပါ။ နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံကို ကျွန်ပြုအုပ်ချုပ်ခဲ့စဉ်အခါက သူတို့သာလျှင် နိုင်ငံကြီးသား အရှင်သခင်၊ တစ်ပါးသို့ မတူမတန် နှိမ့်ချဆက်ဆံချင်ကြသည်။ သို့ဖြစ်၍ မြန်မာတွေက သူတို့ကို "သခင်ကြီး" ဟုခေါ်လျှင် လွန်စွာသဘောတွေ့ပြီး သူတို့က မြန်မာတွေကို ဆက်ဆံလျှင်ဖြင့် အပေါ်စီး "မောင်မင်း လူကလေး" ဟု စီးစီးပိုးပိုး သုံးနှုန်းတတ်ကြသည်။

သူ့ကျွန်မခံလိုသော မြန်မာများက တော်လှန်တိုက်ထုတ်လိုက်သည့်အတွက် မြန်မာမြေပေါ်ဝယ် နယ်ချဲ့အင်္ဂလိပ်တို့ မရှိတော့သည်မှာ ကြာပြီဖြစ်သော်လည်း "မောင်မင်း လူကလေး" လို့ ခေါ်ဝေါ်သုံးနှုန်းလေ့ရှိသည့် "သခင်ကြီး" တစ်ယောက်ကား မြန်မာ့မြေပေါ်ဝယ် သက်ရှိထင်ရှား ရှိနေဆဲ၊ အင်္ဂလိပ်အစစ်ကြီးတော့ မဟုတ်ပါ။ မြန်မာ့ရုပ်ရှင်ချစ်ပရိသတ်နှင့် ရင်းနှီးပြီးသားဖြစ်သည့် ရုပ်ရှင်ထဲတွင် အင်္ဂလိပ်မျက်နှာဖြူ အရာရှိအသွင် သရုပ်ဆောင်လေ့ရှိသည့် ရုပ်ရှင်သရုပ်ဆောင်ကြီး ဦးစံမြင့်၊ ရုပ်ရှင်လောကသားများက သူ၏ရုပ်သွင်နှင့် မာန်ပါပါ ပြောဆိုပုံများသည် အင်္ဂလိပ်အရာရှိအလား ထင်မှတ်မှားရသည့်အတွက် "သခင်ကြီး" ဟုပင် တင်စားခေါ်ဝေါ်ကြသည်။

ဦးစံမြင့်ကို စစ်ကြိုခေတ် ၁၆. ၅. ၁၉၃၁ ရက်နေ့တွင် ပြည်မြို့၌ မွေးဖွားခဲ့သည်။ ဖခင်က Mr.Freeddy Jarstand အင်္ဂလိပ်လူမျိုး၊ ပထမကမ္ဘာစစ်အတွင်း မြန်မာပြည်သို့ ရောက်ရှိလာသော ဗြိတိသျှစစ်တပ်နှင့်အတူပါလာသည့် ဗြိတိသျှစစ်သားတစ်ဦး၊ မိခင်မှာ မြန်မာလူမျိုး၊ အမည်မှာ ဒေါ်သန်းမေ၊ မွေးချင်း ခြောက်ယောက်ရှိပြီး ဖခင်ဖြစ်သူမှာ ဦးစံမြင့် ခြောက်နှစ်သားအရွယ်တွင် ကွယ်လွန်သွားခဲ့သည့်အတွက် မိသားစု ခက်ခက်ခဲခဲ ရုန်းကန်ခဲ့ကြရသည်။ ကျောင်းမနေနိုင်။ ပြည်မြို့ အလွတ်ပညာသင်ကျောင်းအုပ်ကြီး ဦးသန်းဖေက ကူညီစောင့်ရှောက်ခဲ့သည့်အတွက် ကျောင်းလခလွတ်ဖြင့် ကျောင်းတက်ခဲ့ရပြီး ခုနစ်တန်း အောင်ခဲ့သည်။ အသက် ၁၈ နှစ်အရွယ်တွင် ဗမာ့တပ်မတော် အမြောက်တပ်ရင်းသို့ ဝင်ရောက်စစ်မှုထမ်းခဲ့ပြီး ၁၉၆၂ ခုနှစ်တွင် တပ်မှထွက်ကာ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ တိရစ္ဆာန်ကျွမ်းကျင်ပညာရှင်အဖြစ်နှင့် ပြောင်းရွှေ့အမှုထမ်းသည်။ ၁၉၈၉ ခုနှစ်တွင် ဝန်ထမ်းဘဝမှ အနားယူခဲ့သည်။

ဝန်ထမ်းဘဝဖြင့် ၁၉၅၂ ခုနှစ်တွင် ယူဂိုစလားဗီးယားနိုင်ငံသို့ အမြောက်ပညာသင်အဖြစ်နှင့်လည်းကောင်း၊ အနောက်ပါကစ္စတန်နိုင်ငံသို့ တိရစ္ဆာန်ပညာသင်၊ မြင်းပညာသင်အဖြစ်နှင့်လည်းကောင်း၊ ၁၉၆၇ ခုနှစ်တွင် တရုတ်ပြည်သို့ ဆတ်ချိုနုအားဆေးထုတ်လုပ်ရေး ပညာသင်အဖြစ်နှင့်လည်းကောင်း သွားရောက်ခဲ့ရသည်။

တပ်မတော်သားဘဝတွင် ဦးစံမြင့်သည် အမြောက်ကျွမ်းကျင်သူဖြစ်သည့်အတွက် အမြောက်တပ်နှင့်အတူ ရှေ့တန်းသို့ အကြိမ်ပေါင်းများစွာ လိုက်ပါခဲ့ရပြီး တရုတ်ဖြူစစ်ဆင်ရေး၊ ရန်ကြီးအောင်စစ်ဆင်ရေး၊ အောင်မေယ စစ်ဆင်ရေး၊ လွိုင်တွန်းစခန်းစစ်ဆင်ရေးတို့တွင် အသက်ကိုနှင်း၍ ပါဝင်ဆင်နွှဲခဲ့ရသည်။ ထိုမျှမကသေး၊ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် တာဝန်ထမ်းနေစဉ်အတွင်း သစ်ထုတ်လုပ်ရေးမှ တာဝန်ပေးအပ်ပြန်သဖြင့် ပဲခူးရိုးမ တောနက်ကြီး တစ်ကြော ဆင်ရိုင်းဖမ်းသည့်အလုပ်ကိုလည်း သက်စွန့်ဆံဖျား ဦးစီးလုပ်ကိုင်ခဲ့ရသည်။

ထူးထူးခြားခြား တကယ့်ဖြစ်ရပ်မှန်တစ်ခုမှာ ၁၉၈၇ ခုနှစ်က ပုဇွန်တောင် နွားသတ်ရုံမှ လွတ်ထွက်သွားသည့် ကျွဲရိုင်းကြီးတစ်ကောင် မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း ရောက်ရှိပြီး မြင်မြင်ရာ လူကို လိုက်လံဝှေ့ခတ် ဒုက္ခပေးနေသည့်အတွက် ရဲစခန်းမှ အကူအညီတောင်းခံ တာဝန်ပေးချက်အရ ရိုင်ဖယ်သေနတ်ဖြင့် စွန့်စွန့်စားစား ပစ်ခတ်ဖမ်းဆီးခဲ့သူမှာလည်း ဦးစံမြင့်ပင် ဖြစ်သည်။

အင်္ဂလိပ်ခေတ်တွင် အမြောက်ကြီးများကို မြင်းများဖြင့် သယ်ယူရသည်ဖြစ်၍ ဦးစံမြင့်သည် နိုင်ငံခြားတွင် မြင်းနှင့်ပတ်သက်သော အတတ်ပညာများသင်ကြားလာခဲ့သည့်အတွက် မြင်းစီးအထူးကျွမ်းကျင်သည်။ မြင်းကို မတ်တတ်စီး၊ ဘေးစောင်းစီး၊ ဗိုက်အောက်မှစီး စသည်ဖြင့် ပုံစံအမျိုးမျိုး စီးနိုင်သည်။ သို့ဖြစ်၍ အောင်ပန်းအမြောက်တပ်တွင် တာဝန်ထမ်းဆောင်စဉ် အောင်ပန်းသို့ ရုပ်ရှင်လာရိုက်သည့် ရုပ်ရှင်မင်းသား တင်ညွန့်၊ ရွှေဘတို့အဖွဲ့နှင့် ခင်မင်ခဲ့ကြပြီး ဇာတ်ဝင်မြင်းစီးခန်းများ ပိုမိုအသက်ဝင်စေရန် ဦးစံမြင့်က အကူအညီများစွာပေးခဲ့သည်။ ထိုခင်မင်မှုဖြင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် ဦးစံမြင့် တာဝန်ထမ်းဆောင်နေစဉ် မင်းသား တင်ညွန့်အဖွဲ့နှင့် ပြန်ဆုံရာ မင်းသား တင်ညွန့်က ရုပ်ရှင်ရိုက်ရန် ကမ်းလှမ်းလာသည့်အတွက် ဦးစံမြင့်သည် "ရန်သူကို ဘာမထီ" ဇာတ်ကားဖြင့် ရုပ်ရှင်နယ်ထဲ စတင်ရောက်ရှိခဲ့သည်။ ဆက်၍ ကြံ့ရာဇာတ်ရုပ်များ သရုပ်ဆောင်ရင်း ဒါရိုက်တာ ဝါဝါဝင်းရွှေ ရိုက်ကူးသည့် "စနေမ" ဇာတ်ကားတွင် အင်္ဂလိပ်အရေးပိုင်အဖြစ် စတင်သရုပ်ဆောင်သည်။ အပွေးမြင် အပင်သိ ဒါရိုက်တာများက ဦးစံမြင့်သည် ထိုဇာတ်ရုပ်နှင့် လိုက်ဖက်ကြောင်း သိလာကြသည့်အတွက် ထိုဇာတ်ရုပ်လိုအပ်သည့်အခါတိုင်း ဦးစံမြင့်ကိုသာ ပြေးခေါ်ကြတော့သည်။

ဦးစံမြင့်သည် အင်္ဂလိပ်မြန်မာ ဘိုကပြား၊ အရပ်ရှည်ရှည် ဒေါင်ကောင်းကောင်း၊ အသားက ဖြူဖြူ ဆံပင်က ငွေရောင်၊ မျက်လုံးကြည်ပြာရောင်၊ အင်္ဂလိပ်၊ ဟင်ဒီ နှစ်ဘာသာတတ်သည့်အပြင် ဘိုသံဝဲနေသည့်အတွက် ဗြိတိသျှအရေးပိုင်မင်းဇာတ်ရုပ် သရုပ်ဆောင်ရာတွင် များစွာ အထောက်အကူဖြစ်စေသည်။ မြန်မာစကားကို အင်္ဂလိပ်သံပေါက်အောင် ပြောဆိုရာတွင် သင်ပြပေးခဲ့သူ ဒေါ်ဝါဝါဝင်းရွှေ "မောင်မင်း လူကလေး" ဆိုသော မာန်ပါလှသည့် ပြောဟန်ဆိုဟန်သည် ဦးစံမြင့် (ခေါ်)သခင်ကြီး၏ မူပိုင်တစ်ခုပမာ ပရိသတ် နှစ်ခြိုက်ခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့လေပြီ။

ဦးစံမြင့်သည် ရုပ်ရှင်ဇာတ်ကားကြီးပေါင်း ၃၄ ကားခန့်နှင့် ဗီဒီယိုဇာတ်ကားပေါင်း ၁၀၀၀ ကျော်ခန့် ရိုက်ကူးခဲ့သူဖြစ်သည်။ အင်္ဂလိပ်တို့သည် ကာယိန္ဒြေကို ထိန်းကြသူများဖြစ်သည့်အတွက် ဒေါသထွက်သော်ငြားလည်း ရုပ်ပျက်ဆင်းပျက် ပုံပျက်ပန်းပျက် အဖြစ်မခံ၊ ဂျပန်များကဲ့သို့ ပြူးပြဲ ဝုန်းဒိုင်းမကြဲ၊ ဟန်ဆောင်အပြုံးဖြင့် အနုနည်းနှင့် ဒုက္ခပေးတတ်ကြသည်၊ ထိုသရုပ်ကို ပီပြင်စေရန် ဦးစံမြင့်သည် ဇာတ်လမ်းဇာတ်ကွက်အရ နုနုလေးနဲ့ ကြမ်းပြရသလို၊ ယဉ်ယဉ်လေးနှင့်လည်း ရက်စက်ပြရပြန်သည်။ သို့သော် ပရိသတ်သည် အမုန်းမဖက်၊ ဦးစံမြင့်၏ သရုပ်ဆောင် အနုပညာကို လေးစားတန်ဖိုးထား ချစ်ခင်ကြသည်။

အင်္ဂလိပ်တော်လှန်ရေးဇာတ်ကား ရိုက်ကူးသည့် ဒါရိုက်တာမှန်သမျှ ဦးစံမြင့်နှင့် ကင်းသူ ရှား၏။ ဒါရိုက်တာ မင်းသား တင်ညွန့်၊ ရဲဘော်သက်ရှည်၊ သီဟတင်စိုးတို့နှင့် အတွဲများသည်။ ဓား၊ ဓားဘုရင်၊ မိုက်သွေးတစ်စက်၊ ဝရမ်းပြေးဖိုးသိန်း၊ သူတို့ဖို့လည်း ပို့ချစ်ပါ၊ ရဲဘော်ဆက်လုပ်၊ သူ့ကျွန်မခံပြီ ဇာတ်ကားများတွင် လုပ်ကွက်များ ရရှိပြီး အထူးပင် အောင်မြင်ခဲ့သည်။ သူ့ကျွန်မခံပြီ ဇာတ်ကားတွင် ကာနယ်စလေဒင် အဖြစ် သရုပ်ဆောင်ခဲ့ရာ ပီပြင်လွန်းသည့်အတွက် "စလေဒင်စံမြင့်"ဟုပင် နာမည်ကြီးခဲ့ဖူးသည်။

ဦးစံမြင့်သည် ယခုအခါ အသက် ၈၆ နှစ်ကျော်လာပြီဖြစ်သော်လည်း သီလကောင်းသည့်အတွက် ကျန်းမာလန်းဆန်းတက်ကြွနေဆဲ၊ ရုပ်ရှင်ရိုက်ရန် လာခေါ်လျှင် အသင့်ထလိုက်နိုင်ရန် သခင်ကြီး ယူနီဖောင်းကား အနားမှာ အသင့်။ တပ်မတော်သားဘဝ၊ ဝန်ထမ်းကောင်းဘဝ၊ ရုပ်ရှင်သရုပ်ဆောင်ကောင်း ဘဝတို့ဖြင့် လောကကို အကျိုးပြုဖြစ်စေခဲ့သည့် ရုပ်ရှင်သရုပ်ဆောင် ဦးစံမြင့် (ခေါ်) သခင်ကြီး အသက်ရာကျော်ရှည်ပါစေ။ ။

## သင်္ကြန်နီးကပ်ချိန် အထူးစစ်ဆေးမှုနှင့် ယာဉ်အန္တရာယ်ကင်းဝေးရေး သတိပေးမှုများ အရှိန်မြှင့်ဆောင်ရွက်



**ကလေးဝ မေ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့တွင် ဧပြီ ၁၃ ရက်တွင် ကျရောက်မည့် မြန်မာ့နှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ရေးနှင့် သင်္ကြန်ပွဲတော်ကာလကို ဘေးကင်းပျော်ရွှင်စွာ ကျင်းပသွားနိုင်ရေးကို ရည်ရွယ်၍ အထူးစစ်ဆေးမှုနှင့် ယာဉ်အန္တရာယ်ကင်းဝေးရေးသတိပေးမှုများ အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း ကလေးဝမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကလေးဝမြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ မြို့နယ်ရဲမှူး ဝင်းနိုင်၊ ရဲအုပ် နေမျိုးထက် ဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် ဧပြီ ၈ ရက် နံနက် ၁၀ နာရီက ပြည်သူများ သတိပြုရှောင်ကြဉ်ရမည့် မှုခင်းဆိုင်ရာ အချက်များ၊ မူးယစ်ဆေးဝါးအန္တရာယ် သတိပြုလိုက်နာစေရေး အချက်များနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးဆိုင်ရာ ယာဉ်မောင်းသူများ လိုက်နာရန် အချက်များကို မြစ်သာတံတားလမ်းဆုံနှင့် အမှတ် (၃)ရပ်ကွက်လမ်းဆုံတို့၌ ဗီနိုင်းများဖြင့် အသိပေးကြော်ငြာခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများ ပြုလုပ်ခဲ့ကြသည်။

"ကျွန်တော်တို့ ယာဉ်ထိန်းရဲတပ်ဖွဲ့အနေနဲ့ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်ကလွဲလို့ ကျန်ရက်တွေမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပျက်ယာဉ်တွေကို သတိပေးအရေးယူမှုတွေ အခါအားလျော်စွာ ဆောင်ရွက်မှုရှိသလို မြို့ပေါ်ရပ်ကွက်တွေ၊ ကျေးရွာတွေ၊ ကျောင်းတွေမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ ပူးပေါင်းပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနဲ့ပတ်သက်လို့ ဟောပြောပညာပေးမှုတွေကို ဆောင်ရွက်ပါတယ်"ဟု ကလေးဝမြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကလေးဝမြို့တွင် သင်္ကြန်ကာလနီးကပ်လာချိန် ယာဉ်အန္တရာယ် ကင်းဝေးရေးနှင့် ယာဉ်ထိခိုက်မှုလျော့နည်းရေးအတွက် ပညာပေး၊ သတိပေးမှုများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုမရှိသည့်ယာဉ်များ အရေးယူဆောင်ရွက်ခြင်းများကို တိုးမြှင့်ဆောင်ရွက်နေကြောင်း သိရသည်။

**ချင်းတွင်းသား**

# လူထုပါဝင်သည့်ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး

တက္ကသိုလ်ဇော်ထူးဦး



ယနေ့ကမ္ဘာတွင် ဘေးအန္တရာယ်အမျိုးမျိုးကို ရင်ဆိုင်ကြုံတွေ့နေကြရသည်။ အဆိုပါဘေးအန္တရာယ်များအနက် သဘာဝဘေးအန္တရာယ်များသည် လူသားတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်ပျက်ယွင်းစေသည့်အပြင် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အနှောင့်အယှက်ဖြစ်စေသည်။ ဟန့်တား မတားဆီးနိုင်သော သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာပါက အသက်အိုးအိမ်စည်းစိမ် ထိခိုက်မှုလျော့ပါးရေးကိုဦးတည်ကာ ဆောင်ရွက်လာကြသည်ကိုတွေ့ရသည်။ ထိုသို့ ဆောင်ရွက်ရာတွင် လူထုအခြေပြုသည့် ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အစီအစဉ်များ အထူးလိုအပ်သည်။

အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းကထုတ်ပြန်သည့် ၂၀၀၉ ခုနှစ် ကမ္ဘာ့ဘေးဒုက္ခဆိုင်ရာအစီရင်ခံစာတွင် အဓိကမီးမောင်းထိုးပြသည့်အချက်မှာ ကြိုတင်သတိပေးမှုနှင့် ကြိုတင်လုပ်ဆောင်မှုသည် ဘေးဒုက္ခကျရောက်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုကို လျော့နည်းစေကြောင်း ဖော်ပြထားသည်။ အဆိုပါအစီရင်ခံစာတွင် ဘေးဒုက္ခကျရောက်မှုနှင့် ဘေးအန္တရာယ်လျော့ကျရေးအတွက် အဓိကလုပ်ဆောင်သင့်သည့် အချက်နှစ်ချက်ကိုလည်း ဖော်ပြထားသည်။

ယင်းတို့မှာ ကြိုတင်သတိပေးခြင်းနှင့် ကြိုတင်လုပ်ဆောင်ခြင်းပင်ဖြစ်သည်။ ကြိုတင်သတိပေးစနစ်များကို တပ်ဆင်ထားခြင်းနှင့် ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ခဲ့သည့်အတွက် ယနေ့အချိန်တွင် ထိခိုက်ဒဏ်ရာရမှု၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပျက်စီးဆုံးရှုံးမှုတို့မှာလျော့ကျခဲ့သည်။ ခေတ်မီသိပ္ပံနှင့်နည်းပညာရပ်များကြောင့် ဘေးအန္တရာယ်နှင့် ပတ်သက်၍ အသိပညာပေးခြင်းနှင့်အချိန်မီသတင်းဖြန့်ဖြူးနိုင်ခြင်းများသည်လည်း ဘေးအန္တရာယ်လျော့ပါးရေးကို အကျိုးပြုခဲ့သည်။ ထို့အပြင်ဒေသခံလူထုကိုအခြေပြုသည့် ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများသည်လည်း ဒေသအတွင်း ဘေးအန္တရာယ်လျော့ပါးရေးကို အထောက်အကူပြုနေသည်။

၂၀၀၄ ခုနှစ် ဆူနာမီဘေးဒုက္ခကျရောက်မှုတွင် ကြိုတင်သတိပေးစနစ်သည်အရေးပါကြောင်း ကမ္ဘာကအာရုံစိုက်လာခဲ့ကြသည်။ သို့သော်လည်း ထိုအချိန်က အိန္ဒိယသမုဒ္ဒရာဒေသများ၌ ကြိုတင်သတိပေးစနစ်များမရှိခဲ့ကြောင်းတွေ့ရသည်။ သို့အတွက် ထောင်ပေါင်းများစွာသော အသက်များမှာဆုံးရှုံးခဲ့ရသည်။ ယင်းဆူနာမီဘေးဒုက္ခသည် ဖြစ်တော့ဖြစ်ခဲ့သော အဖြစ်အပျက်များနှင့် နှိုင်းယှဉ်ကြည့်လျှင် ဆုံးရှုံးမှုမှာများပြားခဲ့သည်။ လျင်မြန်စွာ ရုတ်ခြည်းဖြစ်ပွားနိုင်သော ဘေးအန္တရာယ်များအတွက် ကြိုတင်သတိပေးစနစ်နှင့်စပ်လျဉ်း၍ ထိရောက်စွာ လုပ်ဆောင်မှုများရှိခဲ့သည့် ဘင်္ဂလားဒေ့ရှ်နှင့် ကျူးဘားတို့တွင် အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း ကျရောက်ခဲ့ရာ လူထုအခြေပြုကြိုတင်သတိပေးစနစ်များကြောင့် ဘေးအန္တရာယ်မကျရောက်မီ လွတ်ကင်းသောနေရာများသို့ ရွှေ့ပြောင်းပေးနိုင်ခဲ့ရာ ထောင်သောင်းမကသော လူ့အသက်များကို ကယ်တင်နိုင်ခဲ့သည်။

ကြိုတင်ပြင်ဆင်ခြင်းနှင့် ကြိုတင်လုပ်ဆောင်မှုများသည် အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံမှုဖြစ်သလို အရေးပေါ်အခြေအနေအား ပြန်လည်တုံ့ပြန်နိုင်ရန်အတွက် ပိုမိုထိရောက်သော ရေရှည်လုပ်ငန်းအစီအစဉ်ဖြစ်သည်။ ကြိုတင်သတိပေးခြင်းနှင့် ကြိုတင်ပြင်ဆင်ထားခြင်းတို့သည် ထောင်ပေါင်းများစွာသောအသက်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ကယ်တင်နိုင်သည်။ ထို့အပြင်ထိခိုက်ပျက်စီးမှုကိုလျော့ပါးစေပြီး ခံနိုင်ရည်စွမ်းအားကိုလည်း မြှင့်တင်ပေးနိုင်သည်။ ဒေသခံလူထုပူးပေါင်းပါဝင်လုပ်ဆောင်ခြင်းသည်လည်း ကြုံတွေ့လာမည့်ဘေးအန္တရာယ်များကို ရင်ဆိုင်နိုင်သည့်အပြင် ဆင်းရဲသော နိုင်ငံများအတွက် ဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးခြင်းကို ကာကွယ်နိုင်မည်ဖြစ်သည်။

၂၀၀၈ ခုနှစ် မေလက မြန်မာနိုင်ငံတွင်တိုက်ခတ်ခဲ့သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်းတွင် သေဆုံးသူ ၁၃၀၀၀၀ ကျော်ရှိခဲ့ပြီး ၂၀၀၄ ခုနှစ်က အိန္ဒိယသမုဒ္ဒရာတွင် ဖြစ်ပွားခဲ့သော ဆူနာမီတွင် လူပေါင်း ၂၅၀၀၀၀ အသက်ဆုံးရှုံးခဲ့ရသည်။ ယင်းဖြစ်ရပ်များသည် ပင်လယ်ကမ်းခြေဒေသများ၌ သတိပေးစနစ်များ၊ စခန်းများတည်ဆောက်ထားခြင်းမရှိသည့်အတွက် ဖြစ်သည်။ ထိုသို့ကြီးမားသည့် သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်သတိပေးစနစ်များထားရှိရေးသည် ကမ္ဘာလုံးဆိုင်ရာ အလေးဂရုပြုရမည့်ကိစ္စဖြစ်ခဲ့သည်။

> ဘေးအန္တရာယ်ဖြစ်ပွားလေ့ရှိသော၊ ဖြစ်ပွားနိုင်သော ဒေသအတွင်းနေထိုင်သူများအနေဖြင့် ရင်ဆိုင်ရမည့် အန္တရာယ်များကို ဒေသဓလေ့အစဉ်အလာ အရ တုံ့ပြန်ရင်ဆိုင်နိုင်ရန် ပြင်ဆင်ထား . . . တစ်ဦးချင်း ပြင်ဆင်မှု၊ မိသားစုအလိုက်ပြင်ဆင်မှု၊ လူထုအဖွဲ့အစည်း အလိုက် ပြင်ဆင်မှုများပါဝင် . . .

ဘေးအန္တရာယ်အမျိုးအစားအလိုက် သတိပေးစနစ်များကိုတီထွင်ကာ ဘေးအန္တရာယ်ဖြစ်ပွားမှုများသောနိုင်ငံနှင့် ဒေသများတွင် တပ်ဆင်လာကြသည်။ လေဆင်နှာမောင်းသတိပေးစနစ်များ၊ ရေဘေးသတိပေးစနစ်များ၊ ဆိုင်ကလုန်းမုန်တိုင်း သတိပေးစနစ်များ၊ မီးတောင်ပေါက်ကွဲမှုသတိပေးစနစ်များ တပ်ဆင်လာကြသည်ကို တွေ့ရသည်။

ကြိုတင်အသိပေးခြင်းသည် လူ့အသက်ပေါင်းများစွာနှင့် ပစ္စည်းဥစ္စာဆုံးရှုံးမှုကိုလျော့ကျစေနိုင်သည့်အတွက် နိုင်ငံများအနေဖြင့် ဘေးအန္တရာယ်ဖြစ်ပွားလေ့ရှိသော၊ ဖြစ်ပွားနိုင်သော နေရာဒေသများတွင် ကြိုတင်သတိပေးစခန်းများကို တည်ဆောက်ကာ ကြိုတင်ထောက်လှမ်းရေးကိရိယာများကို တပ်ဆင်လျက်ရှိကြသည်။ အလားတူ ကြိုတင်လုပ်ဆောင်မှုသည်လည်း ဘေးအန္တရာယ်ဖြစ်ပွားမှုကို လျော့ကျစေနိုင်သည့်အတွက် ဒေသခံပြည်သူလူထုများအနေဖြင့် ဘေးအန္တရာယ်ကျရောက်ပါက တုံ့ပြန်ရေးအစီအစဉ်များတွင် ပူးပေါင်းပါဝင်လုပ်ဆောင်ရန်လိုအပ်မည်ဖြစ်သည်။

ဘေးအန္တရာယ်ထိခိုက်ခံစားရမှုလျော့ပါးရေးအတွက် ဒေသခံလူထုအနေဖြင့် မိမိဒေသအတွင်း ကြုံတွေ့နိုင်သည့် ဘေးအန္တရာယ်များကို မိမိတို့ကိုယ်တိုင်ရှာဖွေဖော်ထုတ်ပြီး ဒေသအတွင်းရရှိနိုင်မည့် စွမ်းအားအရင်းအမြစ်များဖြင့် တုံ့ပြန်နိုင်မည့်အစီအစဉ်များကို ရေးဆွဲထားရမည်ဖြစ်သည်။ ဘေးအန္တရာယ်နှင့်ရင်ဆိုင်တွေ့ကြုံမှ ဆောင်ရွက်ခြင်းထက် မကြုံတွေ့မီ ကြုံတွေ့နိုင်မည့် အခြေအနေများအတွက် ကြိုတင်ပြင်ဆင်ထားရန် လိုအပ်သည်။ သို့မှသာ ပျက်စီးဆုံးရှုံးမှု နည်းပါးသက်သာစေမည်ဖြစ်သည်။ ဘေးအန္တရာယ်ဖြစ်ပွားလေ့ရှိသော၊ ဖြစ်ပွားနိုင်သော ဒေသအတွင်းနေထိုင်သူများအနေဖြင့် ရင်ဆိုင်ရမည့် အန္တရာယ်များကို ဒေသဓလေ့အစဉ်အလာ အရ တုံ့ပြန်ရင်ဆိုင်နိုင်ရန် ပြင်ဆင်ထားရမည်ဖြစ်သည်။

ထိုသို့ အစီအစဉ်များရေးဆွဲရာတွင် တစ်ဦးချင်းပြင်ဆင်မှု၊ မိသားစုအလိုက်ပြင်ဆင်မှု၊ လူထုအဖွဲ့အစည်းအလိုက် ပြင်ဆင်မှုများပါဝင်ရမည်ဖြစ်သည်။ တစ်ဦးချင်းပြင်ဆင်မှုအဖြစ် မိမိအတွက်လိုအပ်သော အဝတ်အစား၊ ဆေးဝါး၊ အသုံးအဆောင် စသည်များကိုအသင့်ထုပ်ပိုးထားရမည်။ မိသားစုအလိုက်ပြင်ဆင်မှုအဖြစ် အသင့်စားစရာသောက်စရာများ၊ ပစ္စည်းပစ္စယများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာပစ္စည်းကိရိယာများအား ထုပ်ပိုးသိမ်းဆည်းထားခြင်း၊ မိသားစုဝင်ကလေးသူငယ်၊ သက်ကြီးရွယ်အို၊ မသန်စွမ်းဖြစ်နေသူများ၏ ကျန်းမာရေးနှင့်ရွှေ့ပြောင်းနေရာချထားရေးဆိုင်ရာများကို စီစဉ်ထားရမည်။

လူထုအဖွဲ့အစည်းအလိုက်ပြင်ဆင်မှုအဖြစ် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက် လူထုကော်မတီများကို ဖွဲ့စည်းထားရှိပြီး မိမိတို့ရပ်ရွာအတွင်း ဘေးအန္တရာယ်ကျရောက်စဉ် ခိုလှုံရန်နေရာများ၊ ရွှေ့ပြောင်းရေးအစီအစဉ်၊ ဆက်သွယ်ရေးစနစ်၊ သောက်သုံးရေ၊ အိမ်သာနှင့် သန့်ရှင်းရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စများကို ကြိုတင်စီစဉ်ထားရမည်။ ထို့အပြင် ဘေးအန္တရာယ်ဆိုင်ရာသတင်းများ၊ သက်ဆိုင်ရာမှသတင်းထုတ်ပြန်ချက်နှင့် ညွှန်ကြားချက်များကို လူထုသိရှိစေရန်အတွက် အသိပေးမှုများကိုလည်းဆောင်ရွက်ရမည်။

လူထုအခြေပြုသည့် ဘေးအန္တရာယ်ထိခိုက်မှုလျော့ပါးရေးကို ဆောင်ရွက်ရာတွင် အလေးထားရမည့် ဦးတည်အုပ်စု တစ်ခုမှာ စာသင်ကျောင်းများကိုအခြေခံသည့် လူထုဖြစ်သည်။ ယင်းတွင် ကျောင်းသူ၊ ကျောင်းသား၊ ဆရာ ဆရာမ၊ ကျောင်းအုပ်ကြီးများ၊ ပညာရေး ဝန်ထမ်းများပါဝင်သည်။ စာသင်ကျောင်းကိုအခြေခံသော ဘေးအန္တရာယ်ထိခိုက်မှုလျော့ပါးရေး အစီအစဉ်များသည် စာသင်ကျောင်းများမှတစ်ဆင့် မိဘများပါဝင်သော လူထုအတွင်းသို့ပျံ့နှံ့ကာ မိမိတို့ရပ်ရွာဒေသအတွက် ထိရောက်သော လုပ်ဆောင်မှုများကို ပြုလုပ်လာနိုင်သည်။

စာသင်ကျောင်းများကိုအခြေခံသော ဘေးအန္တရာယ်စီမံဆောင်ရွက်မှုများတွင် ဘေးအန္တရာယ်များအား ဆန်းစစ်ခြင်း၊ အန္တရာယ်ရှိသည့်နေရာနှင့် ဖြစ်ပွားနိုင်မှုအတိုင်းအတာကိုရှာဖွေဖော်ထုတ်ခြင်း၊ ယင်းမှ စာသင်ကျောင်းများ ဘေးကင်းလုံခြုံရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစီမံချက်များကိုရေးဆွဲနိုင်ကြမည်ဖြစ်သည်။ ဘေးအန္တရာယ်ဖြစ်ပွားလေ့ရှိသည့် ဒေသများနှင့် ဖြစ်ပွားနိုင်သောဒေသရှိ စာသင်ကျောင်းများတွင် ကျောင်းသား ကျောင်းသူကလေးများအား ဘေးအန္တရာယ်ဆိုင်ရာ အသိပညာများကို သင်ကြားပေးခြင်းဖြင့် မိမိကျောင်းအတွက်သာမက မိမိရပ်ရွာအတွက်ပါ ဘေးကင်းလုံခြုံသော လူမှုအဖွဲ့အစည်းကို တည်ဆောက်ထားနိုင်မည်ဖြစ်ပါသည်။

ယနေ့ချိန်ခါတွင် ဖွံ့ဖြိုးဆဲနိုင်ငံများသာမက ဖွံ့ဖြိုးပြီးနိုင်ငံများတွင်ပါ ဘေးအန္တရာယ်ထိခိုက်မှုလျော့နည်းရေးအစီအစဉ်များကိုဆောင်ရွက်နေကြပြီဖြစ်သည်။ အထူးသဖြင့် ကလေးအရွယ်ကပင် မိမိကိုယ်ကိုယ် ဘေးကင်းလုံခြုံစွာနေထိုင်တတ်ရန်၊ ဘေးအန္တရာယ်ကြုံတွေ့ပါက ရင်ဆိုင်တတ်ရန်၊ မိမိနှင့်ပတ်ဝန်းကျင်အားကူညီတတ်ရန်၊ စာသင်ကျောင်းများတွင် ဘာသာရပ်တစ်ခုအနေဖြင့် ထည့်သွင်းသင်ကြားလာနေကြပြီဖြစ်သည်။ စာသင်သား ကလေးငယ်များအား ငယ်ရွယ်စဉ်ကပင် အဆိုပါအသိပညာများပေးခြင်းဖြင့် မိမိကိုယ်ကိုယ်ယုံကြည်မှုရှိလာနိုင်သလို၊ တခြားသူများကိုလည်း အကူအညီပေးနိုင်မည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူမှတစ်ဆင့် မိဘဆွေမျိုးအသိုင်းအဝိုင်း၊ အိမ်နီးနားချင်း၊ ရပ်ကွက်ကျေးရွာအဆင့်တိုင်း အသိပညာကို လက်ဆင့်ကမ်းရာရောက်မည်ဖြစ်သည်။

ဘေးအန္တရာယ်လျော့ပါးရေးအတွက်ကြိုတင်သတိပေးမှုသည်အရေးကြီးသည်။ အဘယ်ကြောင့်ဆိုသော် ဒေသတစ်ခုအတွင်း ဘေးအန္တရာယ်များဖြစ်ပွားလေ့ရှိသောအချိန်၊ ဖြစ်ပွားနိုင်သည့် ပမာဏ၊ ဖြစ်ပွားပါက ထိခိုက်မှု အတိုင်းအတာ၊ လွတ်ကင်းသက်သာနိုင်သည့် နည်းလမ်းစသည်တို့ကို ကြိုတင်သိရှိစေရန် လူထုဆက်သွယ်ရေးနည်းလမ်းများဖြင့် အသိပေးခြင်း၊ သတိပေးခြင်းများဆောင်ရွက်ရန်လိုအပ်သည်။

အဆိုပါကြိုတင်သတိပေးချက်များကို လူထုနားလည်ပြီး နိုးကြားမှုရှိနေပါက ကြုံတွေ့လာနိုင်သည့် ဘေးအန္တရာယ်များကို ရင်ဆိုင်တုံ့ပြန်နိုင်စေရန်၊ ကြိုတင်လုပ်ဆောင်မှုများကို ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် အတားအဆီး၊ ခိုလှုံစရာနေရာ၊ ရွှေ့ပြောင်းမည့်လမ်းကြောင်း၊ သယ်ပို့မည့်အစီအစဉ်၊ အသက်ကယ်နည်းလမ်း၊ ဦးစားပေးရမည့်လူများ စသဖြင့် စီစဉ်ထားနိုင်မည်ဖြစ်ပါသည်။

ဖော်ပြပါအစီအစဉ်များကို တစ်ဦးတည်းဆောင်ရွက်၍ မရသလို၊ ဒေသခံမဟုတ်သူများအနေဖြင့်လည်း လုပ်ဆောင်ပေး၍ မရပါ။ ဒေသခံလူထုအားလုံး ပူးပေါင်းပါဝင်လုပ်ဆောင်မှသာရရှိမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မိမိတို့ဒေသ၏ ပထဝီဝင်အနေအထား၊ ဖြစ်ပွားနိုင်သောဘေးအန္တရာယ်၊ တုံ့ပြန်နိုင်မည့် နည်းလမ်း၊ ရရှိနိုင်မည့်အရင်းအမြစ်များကို မိမိတို့သာအသိဆုံးဖြစ်သည်။ သို့ဖြစ်၍ ရင်ဆိုင်တွေ့ကြုံလာနိုင်သည့်သဘာဝဘေးအန္တရာယ်များကို လူထုအားလုံးပူးပေါင်း ပါဝင်မှုဖြင့် ရင်ဆိုင်တုံ့ပြန်ကာ ပျက်စီးဆုံးရှုံးမှုလျော့နည်းအောင် ဆောင်ရွက်ကြရန်လိုအပ်မည်ဖြစ်သည်။

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်ညွန့် (၉၉) နှစ်

သူငယ်ချင်း မစမ်းသွင် (B.Com., IT) 1971 ၏ မိခင်ကြီး ဒေါ်ခင်ညွန့်သည် (၃-၄-၂၀၁၈) နေ့ ည ၈ နာရီတွင် ကွယ်လွန်သွားကြောင်းသိရ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စီးပွားရေးတက္ကသိုလ် (၁၉၆၇-၇၁) သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးညီညီ
### အသက်(၈၈)နှစ်
**တွဲဖက်ညွှန်ကြားရေးမှူး(ငြိမ်း) ပြန်ဆက်ဦးစီး/ MRTV**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ သတင်း/လွှင့်သံထောက်ဌာနမှ တွဲဖက်ညွှန်ကြားရေးမှူး(ငြိမ်း) ဦးညီညီသည် ၆-၄-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်းဟောင်းများအသင်း**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်အုံးစိန်
### အသက်(၈၀)

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ ဃ-၂/၂၈ နေ (ဒေါ်ကြည်နွဲ့)၊ ဦးသန်းချွန်-ဒေါ်ပြုံးကြည်၊ ဒေါ်ခင်မာကြည်၊ ဦးကျော်ဆွေ-ဒေါ်ညိုညိုမြင့်တို့၏ မိခင်၊ မောင်ဝေယံမင်း၊ မဝေမာကျော်၊ မဝါဆိုဦး၊ မောင်ဟိန်းခန့်ဦးတို့၏ အဘွား၊ (ဦးမြစ်အေး)၏ဇနီး ဒေါ်အုံးစိန်သည် ၇-၄-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**MD နှင့် ဝန်ထမ်းအဖွဲ့များ**
**Kyaw Thar**
**Engineering & Construction Group Co.,Ltd**

## ဝမ်းနည်းကြေကွဲခြင်း

တာမွေမြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးစိန်ဝင်း (မောင်နေလ) အသက်(၇၄)နှစ်သည် ၈-၄-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

## ဒေါ်မြရင်
### အသက်(၈၂)နှစ်
**(ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ ကဇုကိုင်းရွာ)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၁၈၈)၊ စက်မှုလယ်ယာ (၂)လမ်း၊ (၁၃)ရပ်ကွက်နေ ဦးသိန်း မြင့်စိုး-ဒေါ်ရီရီမြ (ကျောင်းအုပ်-ငြိမ်း၊ အမက-၁၈၊ မြောက်ဒဂုံ)တို့၏ မိခင်၊ မဆွေသဇင်မြင့်နိုင်(ခ)ဆွေဆွေ (အမက- ၈၊ ဒဂုံအရှေ့)၊ မထင်ဒါနီမြင့်ဝန်း(ခ)နီနီတို့၏ အဘွားသည် ၈-၄-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ကျိစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၄-၂၀၁၈ (စနေနေ့) နံနက် ၆ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
### ဦးစိန်ဝင်း (စာရေးဆရာမောင်နေလ)
**ဒု-ဥက္ကဋ္ဌ-လူငယ်များကြီးပွားရေးအသင်း**

ရန်ကုန်မြို့၊ တာမွေမြို့နယ် စိတ္တသုခလမ်း၊ အမှတ်(၃၆)နေ ဒေါ်နွဲ့နွဲ့ရီ၏ ချစ်လှစွာသောခင်ပွန်းဖြစ်သူ လူငယ်များကြီးပွားရေးအသင်း၏ ဒု-ဥက္ကဋ္ဌကြီး ဦးစိန်ဝင်း(စာရေးဆရာမောင်နေလ)သည် ၈-၄-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အလုပ်အမှုဆောင်အဖွဲ့**
**လူငယ်များကြီးပွားရေးအသင်း**

## အထူးကျေးဇူးတင်ရှိခြင်း
### ဦးစိန်ထွန်းဦး (အငြိမ်းစားကျောင်းအုပ်ကြီး) (၇၉)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်၊ ကိုးပင်ရွာနေ(ဦးဘသင်း-ဒေါ်အေးခိုင်)တို့၏သား၊ ဒေါ်ကိုင်းတင်၏မောင်၊ သံတွဲမြို့နယ်၊ ငပလီနေ (ဦးအောင်သိန်း-ဒေါ်လှညွန့်)တို့၏သားသမက်၊ ဒေါ်ဖြူဖြူ၏ခင်ပွန်း၊ ဒေါ်မေသက်ထွန်း(ဦးစီးအရာရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)၏ချစ်လှစွာသောဖခင်၊ မောင်ဟိန်းထက်၏အဘိုးသည် ၈-၄-၂၀၁၈(တနင်္ဂနွေနေ့) နံနက် ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၂နာရီတွင် ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ ဖခင်ကြီးနာမကျန်း၍ ဆေးရုံတက်ရောက်ကုသမှုခံယူစဉ် အထူးဂရုစိုက်ကုသပြုစုပေးကြသော ဗဟိုရ်စည်ဆေးရုံမှ ဆရာဝန်၊ ဆရာမများအားလည်းကောင်း၊ တပ်ကုန်းမြို့ တော်ဝင်နီလာဆေးရုံမှ ဆရာဝန်၊ ဆရာမများအားလည်းကောင်း၊ လူကိုယ်တိုင်လာရောက်အားပေးသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ လူကိုယ်တိုင်မလာ ရောက်နိုင်သော်လည်း ဖုန်းဖြင့်သတင်းမေးသော မိတ်ဆွေသူငယ်ချင်းများအား လည်းကောင်း၊ ဖခင်ကြီး၏နောက်ဆုံးခရီးစဉ်တွင် အားလုံးအဆင်ပြေ ချောမွေ့စွာ ဖြစ်အောင်စီစဉ်ပေးသူများအားလုံးနှင့် လိုက်ပါပို့ဆောင်ပေးကြပါသော မိတ်ဆွေများအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် ကွယ်လွန်သူအား ရည်စူး၍ ၁၂-၄-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၈နာရီတွင် တိုက်(၁၈)၊ အခန်း(၂၀၂)၊ MRTV ဝန်ထမ်းအိမ်ရာ၊ တပ်ကုန်းမြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## မျက်မြေးရောင်ရောဂါ/မျက်စိနာရောဂါ

မျက်မြေးရောင်ရောဂါ (သို့) မျက်စိနာရောဂါသည် များသောအားဖြင့် ဗိုင်းရပ်စ်ပိုးများကြောင့်ဖြစ်ပွားပြီး အဖြစ်များသော မျက်စိရောဂါတစ်မျိုးဖြစ်သည်။ ရောဂါဖြစ်ပွားလျှင်(၇)ရက်မှ (၁၀)ရက်ခန့်အထိ ကြာမြင့်တတ်ပြီး ရာသီမရွေးဖြစ်ပွားနိုင်ပါသည်။

**ရောဂါလက္ခဏာများ**

- မျက်စိယားယံခြင်း
- မျက်ရည်ယိုခြင်း
- မျက်စိနီရဲခြင်း
- မျက်ဝတ်များထွက်ခြင်း
- မျက်စိနာကျင်ရောင်ရမ်းခြင်း
- အလင်းရောင် မကြည့်နိုင်ခြင်းတို့ ဖြစ်နိုင်ပါသည်။

**ရောဂါကူးစက်ပုံ**

- ကူးစက်မြန်သောရောဂါဖြစ်သဖြင့် တစ်ဦးတစ်ယောက်ရောဂါစဖြစ်လျှင် အခြားသူများသို့ လျင်မြန်စွာကူးစက်ပြန့်ပွားသွားနိုင်ပါသည်။ ဥပမာအားဖြင့် ကျောင်းသားတစ်ဦးမှ စာသင်ခန်း တစ်ခန်းလုံး၊ တစ်ကျောင်းလုံးသို့ ကူးစက်နိုင်ပါသည်။
- မျက်စိနာသူနှင့် နီးကပ်စွာအတူနေထိုင်သူတို့တွင် ရောဂါကူးစက်လွယ်သဖြင့် အထူးသတိပြုရပါမည်။ မိခင်နှင့်ကလေးတို့မှာ အလွန်နီးစပ်သဖြင့် ကူးစက်နှုန်းမြန်ဆန်ပါသည်။

**ရောဂါကာကွယ်ကုသခြင်း**

- ရောဂါဖြစ်ပွားပါက မျက်စိနာသူ၏ မျက်လုံးတစ်ဝိုက်ကို သန့်ရှင်းသောဂွမ်းအစိုဖြင့် တစ်နေ့ နှစ်ကြိမ်မှ သုံးကြိမ်ခန့် သန့်စင်ပေးရပါမည်။ သန့်စင်ပေးပြီးပါက သန့်စင်ပေးပြီးသူသည် လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောရပါမည်။
- မျက်စိဆရာဝန်မှ ညွှန်ကြားသည့်အတိုင်း ပဋိဇီဝဆေးပါဝင်သော မျက်စဉ်းခတ်ရပါမည်။
- မျက်စဉ်းမခတ်မီနှင့် ခတ်ပြီးတိုင်း လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောရပါမည်။
- ရောဂါဖြစ်သူ၏ အဝတ်အစား၊ အသုံးအဆောင်(အထူးသဖြင့် အမျိုးသမီးမျက်နှာအလှပြင်ပစ္စည်းများ)အား စုပေါင်းအသုံးပြုခြင်းတို့မှတစ်ဆင့် ရောဂါကူးစက်ပျံ့နှံ့နိုင်ပါသဖြင့် အတူသုံးစွဲခြင်း လုံးဝမပြုလုပ်ရပါ။ သီးသန့်လျှော်ဖွပ်သန့်စင်ရပါမည်။

မျက်စိနာရောဂါကာကွယ်ရန် ပြည်သူများအနေဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ခြင်း၊ လက်ကိုဆပ်ပြာဖြင့်စင်ကြယ်စွာဆေးကြောခြင်းနှင့် ရောဂါဖြစ်ပွားလာပါက နီးစပ်ရာကျန်းမာရေးဌာနများတွင် စနစ်တကျ ဆေးကုသမှုခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ကူးစက်ရောဂါများအား လက်ဆေးခြင်းဖြင့် ကာကွယ်နိုင်ရေး အသိပေးနှိုးဆော်ချက်

လူတိုင်း အစားအစာနှင့် အရာဝတ္ထုများကို မိမိလက်ဖြင့် နေ့စဉ်ကိုင်တွယ် စားသောက်အသုံးပြုသောကြောင့် လူတို့၏ လက်တွင် ရောဂါပိုးများနှင့် အညစ်အကြေးများ နေ့စဉ်ကပ်ငြိနေနိုင်ပါသည်။ ထိုသို့ ရောဂါပိုးများ ကပ်ငြိနေသောကြောင့် အောက်ဖော်ပြပါရောဂါများ ဖြစ်ပွားနိုင်ပါသည်။

- ကာလဝမ်းရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် အသည်းရောင်အသားဝါရောဂါ
- ပိုလီယိုရောဂါ
- သန်ကောင်ကြောင့်ဖြစ်ပွားသော ရောဂါများ
- အရေပြားသန့်ရှင်းမှုမရှိသောကြောင့် ဝဲ၊ ဒက်၊ ယားနာ၊ ပြည်တည်နာများဖြစ်ပွားပြီး အခြားသူသို့ ကူးစက်လွယ်ခြင်း၊ ပျောက်ကင်းရန် အချိန်ကြာမြင့်ခြင်း။

**ကာကွယ်ရန်နည်းလမ်းများ**

၁။ အလွယ်ကူဆုံးနှင့် စရိတ်အသက်သာဆုံးနည်းလမ်းမှာ လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောခြင်း ဖြစ်သည်။

၂။ အစားအစာမကိုင်တွယ်မီ၊ အစာမစားမီ၊ အိမ်သာတက်ပြီးတိုင်း၊ ကလေးအညစ်အကြေး ကိုင်တွယ်ပြီးတိုင်း၊ အမှိုက်သရိုက်ကိုင်တွယ်ပြီးတိုင်း၊ ကြက်၊ ငှက်တိရစ္ဆာန်၊ အိမ်မွေးတိရစ္ဆာန်များ ကိုင်တွယ်ပြီးတိုင်း၊ ကြက်၊ ငှက်၊ အသားငါး၊ ဥများကိုင်တွယ်ပြီးတိုင်း၊ လူနာများကို ထိတွေ့ကိုင်တွယ်ပြီးတိုင်း လက်ကိုဆပ်ပြာဖြင့် စနစ်တကျစင်ကြယ်အောင် ဆေးကြောရန်လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ လူတိုင်းမိမိလက်ကိုဆပ်ပြာဖြင့် စင်ကြယ်အောင် စနစ်တကျဆေးကြောရန်နှင့် သူတစ်ပါးကိုလည်း လက်ကိုစင်ကြယ်အောင် စနစ်တကျဆေးကြောကြရန် သတိပေးခြင်းဖြင့် ပြည်သူလူထုအတွင်း ကူးစက်ရောဂါများ ဖြစ်ပွားခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## အနိစ္စ

### ခရစ်တော်၌အိပ်ပျော်ခြင်း
### ဦးခင်လတ်
**(မြို့နယ်ဦးစီးမှူးစာရင်းစစ်-ငြိမ်း)**
### အသက် (၈၈) နှစ်

ရန်ကုန်မြို့၊ မ/ဒဂုံမြို့နယ်၊ အမှတ်(၁၁၄၉)၊ ပိုလ်ထွန်းဇံလမ်း၊ (၄၃)ရပ်ကွက်နေ (ဦးစံထွန်းအောင်-ဒေါ်မိမိလေး)တို့၏သား၊ (ဦးရွှေထွန်း)၏ညီ၊ (ဒေါ်မြမြ)၊ (ဦးသိန်းသန်း)၊ (ဦးစံလွင်)၊ ဦးမင်းအောင်-ဒေါ်သန်းသန်းအေး၊ (ဒေါ်မြင့်မြင့်)၊ (ဒေါ်ခင်ခင်မျိုး)၊ ဦးညွန့်လွင်-ဒေါ်သန်းသန်းနွယ်တို့၏ အစ်ကိုကြီး၊ ဦးထွန်းထွန်းနိုင်-ဒေါက်တာနှင်းအေးလွင်၊ မောင်ဘုန်းထက်တို့၏ဘကြီး ဦးခင်လတ် (မြို့နယ်ဦးစီးမှူး၊ စာရင်းစစ်-ငြိမ်း)သည် ၉-၄-၂၀၁၈ (တနင်္လာနေ့) နံနက် ၃း၃၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၁-၄-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံ ဥယျာဉ်တော် ဘုရားရှိခိုးကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
### ဦးသန်းမြင့်(ခ)ဦးဆန်နီ
**(ဒါရိုက်တာသီဟသူ၊ မဉ္ဇူရုပ်ရှင်)**
**မဟာပိန္နဲဘုရားကျောင်း(နာယက)**
### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ အလံပြဘုရားလမ်း၊ အမှတ်(၃၉)၊ အခန်း(၃၀၃)၊ United Condo နေ (ဦးလှမြင့်-ဒေါ်အေးကြည်)တို့၏ သားကြီး၊ ဒေါ်မြမြရီ(ရုပ်ရှင်)-(ဦးခင်မောင်ထွေး)တို့၏ အစ်ကိုကြီး၊ ဒေါ်သိန်းဆင့်(USA)၏ ခင်ပွန်း၊ ဒေါ်နီလာမြင့်-(James Lie-Nilar Myint)-(Amazon Exotichavdwood USA)၊ ဦးတေစိန္တာ (ဦးထွန်းမြင့်)၊ နိုင်နိုင်မြင့်-(Cliffond F-Johnson) USA၊ ဒေါ်အေးအေးမြင့်-ALFREDO OTERO USA၊ ဦးဇင်အောင်မြင့်(USA)တို့၏ ချစ်လှစွာသောဖခင်၊ JASON LIE ၏ ချစ်လှစွာသော အဘိုးသည် ၈-၄-၂၀၁၈ ရက် ညနေ ၄း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၈ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးဟိန္ဒူသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး ၁၂-၄-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ ရေစက်ချတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### ဒေါ်ခင်သန်းနွဲ့(သန်လျင်)
### အသက် (၇၃) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ထန်းနှစ်ပင်ကျောင်းလမ်းနေ (ဦးမောင်သန်း-ဒေါ်ခင်ရွှေ)တို့၏သမီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ ကျွန်းရွှေဝါလမ်း၊ အမှတ်(၁၁၅)နေ ဦးမြတ်ကျော် (အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်)၏ဇနီး၊ ဦးမျိုးအောင် - ဒေါ်သန်းသန်းအေး (Australia)၊ သန်လျင်မြို့နေ ဦးမင်းအောင်(ရွှေဇီးပင်ဆွမ်းလောင်းအသင်း၊ ဖို့မြေ)-ဒေါ်ခင်သန်းဝင်းတို့၏အစ်မ၊ ဦးတင်မောင်လွင်(ကျေးလက်ဘဏ်)-ဒေါ်အေးအေးမြင့်၊ ဦးအောင်ဇော်ဌေး-(ဒေါ်မြတ်ဥမ္မာ)တို့၏ မွေးသမိခင်၊ မမြမာလာ၊ မောင်တင်ထွန်းအောင်၊ မောင်သူရိန်မင်းသန့်တို့၏ ကြီးကြီး၊ မောင်မြတ်သူရအောင်၊ မမြတ်နိုးအောင်တို့၏ချစ်လှစွာသောအဘွားသည် ၈-၄-၂၀၁၈ (တနင်္ဂနွေနေ့) ည ၁၀း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၈ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၄-၂၀၁၈ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်သန်းမြင့် (ကျုံပျော်) (မိုးကုတ်ယောဂီ)
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ငြိမ်း)**
### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ မင်းဒင်လမ်း၊ တိုက်(၃၆)၊ အခန်း(၅)နေ (ဦးအုံ့-ဒေါ်သိန်း)တို့၏ သမီး၊ (ဦးထွန်းမြင့်)၏ ဇနီး၊ ဦးအောင်သိန်း-ဒေါ်စုစုမြင့်၊ ဦးဦးမြင့်-ဒေါ်ခိုင်ခိုင်ထွန်း၊ (ဦးတင့်ကိုကို)-ဒေါ်ဆွေဆွေမြင့်၊ ဦးမြဦး-ဒေါ်အေးအေးမြင့်၊ (ဦးတင်ထွဋ်)-ဒေါ်ညိုညိုမြင့်၊ ဦးကောင်းမြင့်-ဒေါ်ခင်သန်းဦး၊ ဦးခိုင်မြင့်-ဒေါ်ဝါဝါထွန်းတို့၏ မွေးသမိခင်၊ မြေး ၂၂ ယောက်၊ မြစ် ၁၀ ယောက်တို့၏ ဘွားဘွားကြီးသည် ၉-၄-၂၀၁၈ (တနင်္လာနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၁၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဦးပုကြည်
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**
### အသက် (၈၀)

သာစည်မြို့နယ်နေ (ဦးစံမြ-ဒေါ်စောလှ)တို့၏ သား၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ရွှေပုန်းညက်ရိပ်မွန်၊ ရွှေမဥ္ဇူလမ်း၊ တိုက် (S-1)နေ ဒေါ်စန်းမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်သန့်-ဒေါ်မိုးနီလာအောင်၊ ဒေါ်ထွန်းပပ(Shwe FM)တို့၏ချစ်လှစွာသောကျေးဇူးရှင်ဖခင်၊ မသင်းနန္ဒီဆွေ၊ မအေးမြတ်စန္ဒီကျော်၊ မောင်စိုးပြည့်ထွန်းတို့၏အဘိုးသည် ၉-၄-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၁း၃၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးစိန်ဝင်း(မောင်နေလ)
**တာမွေမြို့နယ်၊ စာရေးဆရာအသင်းဥက္ကဋ္ဌ**
**B.A.R.L ဗဟိုတရားရုံးရှေ့နေ**
**တာမွေမြို့နယ်သာသနာနုဂ္ဂဟအသင်းဥက္ကဋ္ဌ၊သာသနာဟိတမွေရုံကြီးနာယက**
### အသက် (၇၄) နှစ်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရ၊ ဖန်ချက်ရပ်နေ (ဦးကျော်ရှိန်-ဒေါ်မြသင်း)တို့၏သားကြီး၊ (ဦးကံဆိုင်-ဒေါ်တင်ရီ)တို့၏ သားသမက်၊ ဦးလှရွှေ-ဒေါ်မြင့်မြင့်သန်း၊ (ဦးမျိုးမြင့်)-ဒေါ်ယဉ်ယဉ်၊ ဦးကျော်ကျော်ဦး-ဒေါ်သန်းသန်းစိန်၊ ဦးမြင့်သန်း-ဒေါ်သစ်သစ်၊ ဦးစိုးမိုးနောင်-ဒေါ်အေးအေးသင်းတို့၏ အစ်ကိုကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ အမှတ်(၃၆)၊ စိတ္တသုခလမ်း၊ ပထမထပ်နေ ဒေါ်နွဲ့နွဲ့ရီ၏ချစ်လှစွာသောခင်ပွန်း၊ ဦးမိုးသီဟ၊ (ဦးမောင်မောင်စ)၊ မသော်တာဝင်း၊ မောင်သူရိန်ဝင်းတို့၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီးသည် ၈-၄-၂၀၁၈(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၈(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အမှတ်-၃၆၊ စိတ္တသုခလမ်း၊ ကျောက်မြောင်း၊ ပထမထပ်(ခေါင်းရင်း) နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးဒေးဗစ်သောင်း
**B.Sc (Botany) MEHS**
**Director (Lucky World Co., Ltd.)**
### အသက် (၆၇) နှစ်

ရန်ကုန်မြို့၊ အောက်ကြည့်မြင်တိုင်လမ်း၊ အမှတ် (၂၅၁)နေ (ဦးလှသောင်း- ဒေါ်တင်ကြည်)တို့၏သား၊ ဒေါ်သောင်းသောင်းကြည် (MD, Lucky World Co., Ltd.)၏ ချစ်လှစွာသောမောင်လေးသည် ၉-၄-၂၀၁၈ ရက် နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်ဌေး
**အတွင်းရေးမှူး(အလောင်းတော်ကဿပဘက်စုံဖွံ့ဖြိုးရေးအကျိုးဆောင်အဖွဲ့)**
### အသက် (၆၃)နှစ်

ရန်ကုန်မြို့၊ အမှတ် (၈၂၁)၊ မဟာဗန္ဓုလလမ်း၊ (၁၀) လမ်းထိပ်၊ လမ်းမတော်မြို့နယ်နေ (ဦးအောင်ချမ်း-ဒေါ်ကျင်မြ)တို့၏သား၊ (ဦးအုန်းမြင့်-ဒေါ်နှင်းစိန်)တို့၏သားသမက်၊ ဒေါ်မြင့်မြင့်ရီ၏ခင်ပွန်း၊ ဒေါ်မေကြည်မြင့် (အထက-၁၊ ဒဂုံ-ငြိမ်း)၊ (ဦးခင်မောင်ငြိမ်း)-ဒေါ်တင်တင်ဝင်း တို့၏ညီ/ မောင်၊ ဦးညိုထွန်း-ဒေါ်မြင့်မြင့်ဝင်းတို့၏အစ်ကို၊ ကိုအောင်ဇော်ထိုက်-မသီရိအောင်တို့၏ဖခင်သည် ၈-၄-၂၀၁၈ ရက် နံနက် ၄း၄၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၈ (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ထိန်ပင်အေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၄-၂၀၁၈(စနေနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးစိုးဦး (နတ်မောက်)
### အသက် (၄၉) နှစ်
**လ. ဝ. က မှူး**

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ ဇရပ်လှကျေးရွာနေ (ဦးကွန်း-ဒေါ်သိန်း)၊ မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ အောင်ဆန်းရပ်နေ (ဦးငွေဆိုင်-ဒေါ်တော်)တို့၏မြေး၊ (ဦးအေး-ဒေါ်ခင်တွေး)၊ ဒေါ်ခင်နွဲ့တို့၏ သား၊ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နေ (ဦးအောင်မြသာ)-ဒေါ်မမချေတို့၏ သားသမက်၊ ဦးဖြိုးဝေ(ဦးစီးအရာရှိ-စက်မှု၊ ဆည်မြောင်း)-ဒေါ်လွင်မိုးအောင် (အမက-၃၂၊ မ-ဥက္ကလာ)တို့၏အစ်ကို၊ (မနွေးထွေးဝေ)၊ (မဖြိုးကြွယ်ခိုင်)၊ မယုမွန်မိုးအောင်တို့၏ဦးကြီး၊ မပြည့်ပြည့်သဲခိုင်၊ မဖြိုးဖြိုးသဲခိုင်တို့၏ဖခင်၊ ဒေါ်နီမဖြူ(ဦးစီးအရာရှိ လ. ဝ. က၊ သရက်ခရိုင်)၏ခင်ပွန်း ဦးစိုးဦး(လ. ဝ. က မှူး)သည် ၂၂-၃-၂၀၁၈ ရက်တွင် လောက်ကိုင်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၃-၂၀၁၈ ရက်တွင် နတ်မောက်မြို့၊ မြို့တောင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

# မြန်မာကလပ်အသင်းများ၏ AFC Cup ပြိုင်ပွဲ အရေးပါသည့်ပွဲများ မေ ၁၁ ရက်တွင် ကျင်းပမည်



အာဆီယံဇုန် ဆီမီးဖိုင်နယ် တက်ရောက်ရန် အခွင့်အရေး ကောင်းနေသည့် ရန်ကုန်အသင်း

**ရန်ကုန်　မေ　၉**

မြန်မာကလပ်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်နေသည့် ၂၀၁၈ AFC Cup ပြိုင်ပွဲ နောက်တစ်ဆင့်တက်ရေး အရေးပါသည့်ပွဲများကို မေ ၁၁ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ရန်ကုန်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းအတွက် အရေးပါလျက်ရှိသည်။

အုပ်စုပွဲစဉ် (၅)အဖြစ် မေ ၁၁ ရက် ညနေ ၃ နာရီခွဲတွင် သုဝဏ္ဏကွင်း၌ ရန်ကုန်အသင်းနှင့် ဘာလီယူနိုက်တက်(အင်ဒိုနီးရှား)၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် စင်ကာပူနိုင်ငံ၌ ဟုမ်းယူနိုက်တက်(စင်ကာပူ)နှင့် ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အုပ်စုလက်ကျန်နှစ်ပွဲကစားရန် ကျန်ရှိနေသေးသော်လည်း ယခုပွဲပြီးပါက နောက်တစ်ဆင့်တက်ရောက်နိုင်မည့်အသင်းနှင့် အုပ်စုအဆင့်မှ စောစီးစွာထွက်ရမည့်အသင်းများ ထွက်ပေါ်လာနိုင်ပြီး ရန်ကုန်အသင်းက အုပ်စုပထမဖြင့် အာဆီယံဇုန် ဆီမီးဖိုင်နယ်တက်ရောက်ရေးအတွက် လည်းကောင်း၊ ရှမ်းယူနိုက်တက်အသင်းက နောက်တစ်ဆင့်တက်ရေး မျှော်လင့်ချက်အတွက်လည်းကောင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ရန်ကုန်အသင်းသည် အုပ်စု(G)တွင် ပါဝင်နေပြီး လေးပွဲစီကစားအပြီး ကိုးမှတ်ဖြင့် အုပ်စုကို ဦးဆောင်လျက်ရှိသည်။

ယင်းအုပ်စုတွင် ဘာလီယူနိုက်တက်(အင်ဒိုနီးရှား)အသင်းက ငါးမှတ်၊ ထန်ဟွာ (ဗီယက်နမ်)နှင့် ဂလိုဘယ် (ဖိလစ်ပိုင်) အသင်းတို့က လေးမှတ်စီရထားသည်။ ပြိုင်ပွဲကျင်းပသည့်ပုံစံအရ အာဆီယံဇုန်တွင် အုပ်စုသုံးခုပါဝင်ပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးသုံးသင်းနှင့် အကောင်းဆုံးအုပ်စု ဒုတိယရသောတစ်သင်းမှာ အာဆီယံဇုန် ဆီမီးဖိုင်နယ်သို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။

ထို့ကြောင့် ရန်ကုန်အသင်းအနေဖြင့် ယခုပွဲအနိုင်ရပါက လက်ကျန်တစ်ပွဲအလိုတွင် အုပ်စုပထမဖြင့် ဆီမီးဖိုင်နယ်သို့ စောစီးစွာတက်ရောက်ခွင့်ရမည်ဖြစ်ပြီး သရေကျလျှင်မူ ထန်ဟွာနှင့် ဂလိုဘယ်အသင်း သရေကျပါက ဆီမီးဖိုင်နယ် တက်ရောက်နိုင်မည်ဖြစ်သည်။ ရှုံးနိမ့်လျှင်မူ နောက်ဆုံးပွဲအထိ စောင့်ကြည့်ရမည်ဖြစ်သည်။ ရန်ကုန်အသင်းသည် ပထမအကျော့တွင် ဘာလီယူနိုက်တက်အသင်းကို အဝေးကွင်း၌ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရန်ကုန်အသင်းသည် **စာမျက်နှာ ၉ ကော်လံ ၁ သို့**

## ဒူးဒဏ်ရာ ပြင်းထန်စွာရခဲ့သည့် ကျော်ကိုကို ရာသီကုန်အထိ နားရမည်

**ရန်ကုန်　မေ　၉**

ထိုင်းလိဂ်-၁ ကလပ် ချင်းရိုင်ယူနိုက်တက်အသင်းတွင် အငှားသွားရောက်ကစားနေသည့် မြန်မာ့လက်ရွေးစင် တိုက်စစ်မှူး ကျော်ကိုကိုသည် ဒူးဒဏ်ရာ ပြင်းထန်စွာရပြီး ကာလရှည် အနားယူရတော့မည်ဖြစ်သည်။ ကျော်ကိုကိုသည် မေ ၇ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ချင်းရိုင်ယူနိုက်တက်အသင်းနှင့် ပတ္တရားယူနိုက်တက်အသင်းပွဲတွင် ဒဏ်ရာပြင်းထန်စွာ ရခဲ့ခြင်းဖြစ်သည်။

ကျော်ကိုကိုသည် ယင်းပွဲတွင် ဒုတိယပိုင်းမှ လူစားဝင်ကစားခဲ့ပြီး မိနစ်အနည်းငယ် အကြာတွင် ပြိုင်ဘက်နောက်ခံလူ၏ ဖျက်ထုတ်မှုကြောင့် ညာဒူး၌ ဒဏ်ရာ ပြင်းထန်စွာရခဲ့ခြင်း ဖြစ်သည်။ ချင်းရိုင်အသင်းသည် ကျော်ကိုကို၏ ဒဏ်ရာအခြေအနေအား ဆေးရုံသို့ ပို့ဆောင်ကာ စစ်ဆေးခဲ့ပြီး ဒဏ်ရာအခြေအနေမှာ ပြင်းထန်သောကြောင့် ရာသီကုန်အထိ အနားယူရမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ထို့ကြောင့် ကျော်ကိုကိုသည် ချင်းရိုင်အသင်း၏ ပွဲအားလုံးကို လွဲချော်မည့်အပြင် မြန်မာ့လက်ရွေးစင် အသင်း၏ ခြေစမ်းပွဲအချို့ကိုလည်း လွဲချော်မည်ဖြစ်ကာ နိုဝင်ဘာလတွင် ကျင်းပမည့် ဆူဇူကီးဖလားပြိုင်ပွဲတွင် ပါဝင်နိုင်ရန် စောင့်ကြည့်ရမည်ဖြစ်သည်။

ကျော်ကိုကိုသည် ယခုရာသီအစတွင် ရန်ကုန်အသင်းမှ ချင်းရိုင်အသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် သွားရောက်ကစားခြင်းဖြစ်ပြီး ထိုင်းလိဂ်ပွဲများတွင် ပွဲထွက်ခွင့်ရရန် ရုန်းကန်နေရကာ လူစားလဲကစားသမားအဖြစ်သာ ကစားနေရသည်။ ချင်းရိုင်အသင်းသည် ကျော်ကိုကိုအား ဆေးကုသမှုများ ပြုလုပ်ပေးမည်ဖြစ်ပြီး ခွဲစိတ်ရန်လိုအပ်ပါကလည်း ထိုင်းနိုင်ငံ သို့မဟုတ် အခြားနိုင်ငံတွင် စီစဉ်ပေးမည်ဖြစ်သည်။ ယခုရာသီတွင် ထိုင်းလိဂ်-၁ ၌ မြန်မာကစားသမားများဖြစ်သည့် အောင်သူ၊ ကျော်ကိုကိုနှင့် နန္ဒလင်းကျော်ချစ်တို့ ပါဝင်ကစားလျက်ရှိသည်။ **ရဲရင့်ရှိန်း**

# သီပေါမြို့နယ်ပြည်သူ့ဆေးရုံတွင် ရင်သားအဆမတန်ကြီးမားနေသည့် ဝေဒနာရှင်အား အောင်မြင်စွာ ခွဲစိတ်ကုသပေး


**သီပေါ　မေ　၉**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်မှ အသက် ၁၃ နှစ်အရွယ် ရှမ်းတိုင်းရင်းသူလေးတစ်ဦးသည် ရင်သားအပေါ် ဟော်မုန်းသက်ရောက်မှုကြောင့် ရင်သား အဆမတန်ကြီးထွားမှုရောဂါ(Virginal Breast Hypertrophy) ခံစားနေခဲ့ရာ သီပေါမြို့မှ စေတနာရှင်တစ်စုက သွားရောက်ခေါ်ယူပြီး မေ ၇ ရက်တွင် သီပေါဆေးရုံသို့ ပို့ဆောင်အပ်နှံပေးခဲ့ကြသည်။

လူနာအား သီပေါမြို့နယ် ဆေးရုံအုပ်ကြီး ဒေါက်တာနန္ဒဝင်းနှင့် ခွဲစိတ်ဆရာဝန် ဒေါက်တာနိုင်နိုင်ထွန်း၊ ဒေါက်တာကိုလေးဝင်း(အရိုး)၊ မေ့ဆေးဆရာဝန် ဒေါက်တာသီတာဝင်း၊ လက်ထောက်ဆရာဝန်များဖြစ်ကြသော ဒေါက်တာထူးနိုင်အောင်၊ ဒေါက်တာဟိန်းသူ၊ ဒေါက်တာစိုင်းထွန်းဦး၊ ဒေါက်တာသစ်လွင်သန့်၊ ခွဲစိတ်ခန်းဆရာ ဆရာမများ၊ သူနာပြုများ၊ ဆေးရုံဝန်ထမ်းများက ယနေ့နံနက် ၉ နာရီမှစတင်၍ ခွဲစိတ်ကုသပေးခဲ့ကြရာ ညနေ ၃ နာရီ ၄၅ မိနစ်တွင် အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ကြသည်။

၎င်းသည် ၁၁ နှစ်သမီးအရွယ်မှ စတင်ကာ အဆိုပါ ရင်သား အဆမတန်ကြီးထွားမှုရောဂါကို ခံစားခဲ့ရပြီး ၁၃ နှစ်သမီးအရွယ်တွင် ပိုမိုကြီးထွားလာ၍ တစ်ဖက်လျှင် ၂၂ ပေါင်ခန့်အထိ အလေးချိန်ရှိလာခဲ့သည်ဟု သိရသည်။ အချိန် ခုနစ်နာရီကျော် ကြာမြင့်ခဲ့သည့် ယခု ခွဲစိတ်ကုသမှု ကုန်ကျစရိတ်များ ကို နိုင်ငံတော်အစိုးရစရိတ်မှ ကျခံဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လူနာမှာ ယခုအခါ သီပေါမြို့နယ်ပြည်သူ့ဆေးရုံတွင် တက်ရောက်နေကာ ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်း ဆေးရုံအုပ်ကြီးထံမှ သိရသည်။

**သီပေါကိုလတ်**



အာရှနိုင်ငံများ၏ ဂြိုဟ်တုငယ်များ တည်ဆောက်လွှတ်တင်ရေး လုပ်ငန်းအုပ်စုတွင် ဗီယက်နမ်အဖွဲ့ဝင်ဖြစ်ပြီ စာမျက်နှာ - ၄



မြန်မာ့ရိုးရာလမ်းလျှောက်သကြ်န် အထိမ်းအမှတ်မုခ်ဦး စိုက်ထူ စာမျက်နှာ - ၁၆

"ထူးချွန် ပြောင်မြောက်သူတို့၏ အောင်မြေအမွန်"
ဂုဏ်ထူးဦးသိန်းနိုင် ကိုယ်ပိုင်အထက်တန်းကျောင်း
(KG မှ တက္ကသိုလ်ဝင်တန်းအထိ)
ပညာရေးအဆင့်မြင့် ခန်းသွင်းဘော်ဒါနှင့် နေ့တက်ဘော်ဒါ
ရွှေပင်နားမှ ရွှေကျေး
- နှစ်စဉ်နှစ်တိုင်း တနိုင်ငံလုံး မြန်မာစာ ပထမဆုရှင် တပည့်ရင်းများနှင့် တစ်နိုင်ငံလုံး ဘာသာစုံရမှတ် အများဆုံးစာရင်းဝင် တပည့်ရင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းခဲ့ပြီး ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ခဲ့ပြီးဖြစ်သည်။
- ကြိုတင်လာ၍ အသေအချာ လာရောက်ကြည့်ရှုပြီး ကျေနပ်ပြီးမှ အပ်နှံသင့်ပါသည်။
- ကြိုတင် အပ်နှံမှုသာ တစ်နေရာစာ မုချ သေချာပါမည်။ (KG မှ တက္ကသိုလ်ဝင်တန်း အထိ)
- ဂုဏ်ထူးများရရုံ ရမှတ်များရရုံသာမက နိုင်ငံသားကောင်း ဖြစ်လာစေရေးကို ပန်းတိုင်အဖြစ်ထားသည်။
- ခန်းသွင်းဘော်ဒါ၊ နေ့တက်ဘော်ဒါ၊ နေ့တက် သီးသန့်သင်တန်းများ(အဆင်ပြေရာ)တစ်ခုတွင် သင်ယူနိုင်သည်။
မေ ၃၀ ရက် ဖွင့်မြို
ကျောင်းလိပ်စာ
မြေအမှတ် ၂၈ (A)+၂၈ (B)၊ ဝေဃန္တာလမ်းမကြီး၊ ဘူတာအိမ်ရာ၊ (ORANGE SUPER MART ညာဖက်) သင်္ဃန်းကျွန်းမြို့နယ်၊
ဖုန်း ၀၉ ၅၀၂၄၀၄၁၊ ၀၉ ၄၀၀၄၅၂၄၁၉၊ ၀၉ ၄၂၀၃၀၇၂၇၊ ၀၁ ၅၇၀၀၂၂
အထွေထွေအုပ်ချုပ်ရေးမှူး ဆရာမကြီး ဒေါ်ကြည်ကြည်တင် M.Sc(Final)
- ဒီကျောင်းကိုမှ တကူးတကန့် ရွေးတက်ကြတာ ဒီဆရာတွေ အပြောင်းအလဲ မရှိ နှစ်စ နှစ်ဆုံး သင်နေကြလို့ပါပဲ။
အတု မရှိ၊ အတူမရှိ ပညာရေးအင်အား
- ဂုဏ်ထူးဦးသိန်းနိုင်
- ဆရာနေအုပ်(စိန်ပေါလ်)
- ဂုဏ်ထူးဦးအောင်နိုင်
- ဒေါက်တာညီညီ(Ph.D)
- ပါမောက္ခ ဒေါက်တာထွန်းခင်
- ဆရာမကြီး ဒေါ်ဆွေညွန့်လွင်
- ဆရာ ဇော်လင်းအောင်
- ဒေါက်တာ ဇီဝ (Dr. ညီညီနိုင်)
- စိုင်းစိန်မြင့်အောင်
အထူးသတင်း...
ဝေဃန္တာ လမ်းမကြီးတလျှောက် Air-Con YBS(၉၃)ကားကြီးတွေ ပြေးဆွဲနေပြီ။ သတင်းထူးပါပဲ။ အစစ အလွန် အဆင်ပြေလှပါတယ်။
နေ့တက် ဘော်ဒါကျောင်းသား လူဦးရေ ကန့်သတ် ထားသည်၊ လူပြည့်တော့မည်။
အမြန် အလိုရှိသည်။
တစ်ဘာသာခြင်း ထူးချွန်သော ဝါရင့် GUIDE များနှင့် အမျိုးသား အဆောင်မှူး ဆရာများ အမြန် အလိုရှိသည်။

ကြေးမုံ
အထူးကဏ္ဍ
ဧပြီ ၁၀၊ ၂၀၁၈ (အင်္ဂါနေ့)

နိုင်ငံတော်အစိုးရ၏

# ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ

# ပညာသင်ယူမှုအခွင့်အလမ်း မြင့်မားရေးနှင့် သင်ယူတတ်မြောက်မှုအရည်အသွေး မြင့်မားရေးအတွက်

## ကြိုးပမ်းဖော်ဆောင်နေသည့် ပညာရေးဝန်ကြီးဌာန

■ သတင်းဆောင်းပါး - ခင်ရတနာ၊ ဓာတ်ပုံ - မေဦးမိုး

**ပညာရေးဝန်ကြီးဌာနသည် လက်ရှိအစိုးရလက်ထက် နှစ်နှစ်တာအတွင်း ပညာသင်ယူမှု အခွင့်အလမ်းမြင့်မားရေး၊ ကျောင်းသား ကျောင်းသူများ၏ သင်ယူတတ်မြောက်မှုအရည်အသွေးမြင့်မားရေးတို့ကို ဦးတည်ကာ အမျိုးသားပညာရေးဥပဒေ၊ အမျိုးသားပညာရေးကို ပြင်ဆင်သည့် ဥပဒေနှင့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၁တွင် ပါရှိသည့် လုပ်ငန်းများကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။**



ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး

အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်စေရေးအတွက် ကဏ္ဍကိုးရပ်သတ်မှတ်ဖော်ထုတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ဦးစားပေးလုပ်ငန်းများအနေဖြင့် ၁၂ ရပ်ချမှတ်ကာ ကြိုးပမ်းပြုပြင်ပြောင်းလဲ ဆောင်ရွက်လျက်ရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

ထို့ပြင် အမျိုးသားပညာရေးဥပဒေနှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် အဖွဲ့ဝင် ၂၁ ဦးပါဝင်သော အမျိုးသားပညာရေးမူဝါဒ ကော်မရှင်ကို ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂၈ ရက်တွင်လည်းကောင်း၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီကို နိုဝင်ဘာ ၉ ရက်တွင်လည်းကောင်း၊ အမျိုးသားအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင်လည်းကောင်း ဖွဲ့စည်းကာ အမျိုးသားပညာရေးကဏ္ဍ မြင့်မားတိုးတက်စေရေး ဆောင်ရွက်လျက်ရှိသည်။

"ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းနေအရွယ်အားလုံး ပညာရေးအဆင့်တိုင်းမှာ မည်သည့်ခွဲခြားမှုမျှ မရှိရေး၊ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေး၊ ကျောင်းထွက်သူမရှိစေရေး မူဝါဒတွေနဲ့ လူသားကောင်းများ၊ ပူးပေါင်းဆောင်ရွက်တတ်သူများ၊ တာဝန်ယူတာဝန်ခံ ဆောင်ရွက်တတ်သူများ၊ တီထွင်ဆန်းသစ်ဆောင်ရွက်နိုင်စွမ်းရှိသူများ ဖြစ်လာစေရေးအတွက် ပြုစုပျိုးထောင်သင်ကြားသင်ယူ လေ့ကျင့်ပေးလျက်ရှိပါတယ်"ဟု ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြောသည်။

ပညာရေးပြုပြင်ပြောင်းလဲမှုများအရ KG+၁၂ ပညာရေးစနစ်ကို မူလတန်းမှစတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၂၀၁၆-၁၇ ပညာသင်နှစ်မှစတင်၍ အသက်ငါးနှစ်ပြည့်ပြီးသည့် ကလေးများကို KG သူငယ်တန်းသို့ တက်ရောက်စေခဲ့ကာ အသက်ခြောက်နှစ်ပြည့်ပြီးသည့် ကလေးများကို Grade-1 တက်ရောက်စေခဲ့ပြီး သင်ရိုးညွှန်းတမ်းအသစ်၊ ပြဋ္ဌာန်းစာအုပ်အသစ်၊ ဆရာလမ်းညွှန်စာအုပ်အသစ်များဖြင့် စတင်သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အခြေခံပညာကဏ္ဍတွင် ကျောင်းနေအရွယ်ကလေးများ သင်ယူမှုအခွင့်အလမ်းများ ပိုမိုရရှိစေနိုင်ရန် ရည်ရွယ်၍ ကျောင်းအဆင့်တိုးမြှင့်သတ်မှတ်ရာတွင် ယခင်က ကျောင်းသားဦးရေ တစ်ခုတည်းအပေါ်တွင်သာ သတ်မှတ်ခဲ့သော်လည်း ယခုအခါ ခရီးအကွာအဝေး အခြေအနေကိုပါ ထည့်သွင်းသတ်မှတ်နိုင်ခဲ့သည်။ ထို့ကြောင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ကျောင်းပေါင်း ၃၃၂၀ ကို လည်းကောင်း၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ကျောင်းပေါင်း ၅၁၀၀ ကို လည်းကောင်း နှစ်နှစ်တာအတွင်း ကျောင်းပေါင်း ၈၄၂၀ ကို ကျောင်းအဆင့်တိုးမြှင့်ပေးနိုင်ခဲ့သည်။

ကျောင်းသား ကျောင်းသူများအားလုံးကို အခမဲ့ မသင်မနေရ မူလတန်းပညာရေးဖြင့် ကျောင်းသုံးဖတ်စာအုပ် တစ်စုံစီခန့်ကို အခမဲ့ထောက်ပံ့ပေးခြင်း၊ ငွေကြေးကောက်ခံခြင်း လုံးဝမပြုဘဲ ဗလာစာအုပ် ခြောက်အုပ်စီနှင့် ကျောင်းဝတ်စုံတစ်စုံစီကို အခမဲ့ပံ့ပိုးပေးခြင်းတို့ကို ပြုလုပ်ပေးခဲ့သည်။ မူလတန်းပညာရေး သင်ယူတတ်မြောက်ပြီး အလယ်တန်းနှင့် အထက်တန်းအထိ သင်ယူပြီးမြောက်စေရန် အတွက် ကျောင်းသုံးဖတ်စာအုပ်တစ်စုံစီ အခမဲ့ထောက်ပံ့ခြင်း၊ ငွေကြေးကောက်ခံခြင်း လုံးဝမပြုဘဲ ကျောင်းအပ်နှံရေး သီတင်းပတ်အတွင်း ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံလာရေးအတွက် ပညာရေးဝန်ကြီးဌာနမှ ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"လူတိုင်းအကျုံးဝင်ပညာရေးအနေနဲ့ အမြင်အာရုံမသန်စွမ်း၊ အကြားအာရုံ မသန်စွမ်းသော ကျောင်းသား ကျောင်းသူတွေကို

အထူးကဏ္ဍ [ ခ ] သို့ »»



အင်းစိန်(GTI)အား ပြင်ဆင်ထိန်းသိမ်းထားမှုကို တွေ့ရစဉ်။

" အခြေခံပညာကဏ္ဍတွင် ကျောင်းနေအရွယ်ကလေးများ သင်ယူမှုအခွင့်အလမ်းများ ပိုမိုရရှိစေနိုင်ရန် ရည်ရွယ်၍ ကျောင်းအဆင့်တိုးမြှင့် သတ်မှတ်ရာတွင် ယခင်က ကျောင်းသားဦးရေ တစ်ခုတည်းအပေါ်တွင်သာ သတ်မှတ်ခဲ့သော်လည်း ယခုအခါ ခရီးအကွာအဝေး အခြေအနေကိုပါ ထည့်သွင်း သတ်မှတ်နိုင်ခဲ့ "

**“ ပညာသင်ယူရန် အခက်အခဲရှိသူများအတွက် ပညာသင်ထောက်ပံ့ကြေးများ ထောက်ပံ့သည့်အပြင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ဝေးလံဒေသရှိ ကျောင်းသား ကျောင်းသူများ၊ အမြင်အာရုံ မသန်စွမ်း၊ အကြားအာရုံ မသန်စွမ်းသော ကျောင်းသား ကျောင်းသူများကို ထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ ”**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ကနိအခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ခြင်းအခမ်းအနားတွင် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

အထူးကဏ္ဍ [ က ] မှ »»

ယူနီဆက်ဖ်၊ ကူဘိုတာကုမ္ပဏီနဲ့ ပူးပေါင်းပြီး ဗလာစာအုပ်၊ ကျောပိုးအိတ်စတဲ့ အခြားလိုအပ်တဲ့ သင်ထောက်ကူပစ္စည်းတွေကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့တယ်”ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ပညာသင်ယူရန် အခက်အခဲရှိသူများအတွက် ပညာသင်ထောက်ပံ့ကြေးများ ထောက်ပံ့သည့်အပြင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ဝေးလံဒေသရှိ ကျောင်းသားကျောင်းသူများ၊ အမြင်အာရုံမသန်စွမ်း၊ အကြားအာရုံမသန်စွမ်းသော ကျောင်းသားကျောင်းသူများကို ထောက်ပံ့မှုများဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် ကလေးငယ်များအနေဖြင့် စာသင်ကျောင်းများသို့ ပိုမိုတက်ရောက်လာခဲ့ပြီဖြစ်သည်။

အခြေခံပညာကျောင်းများသို့လည်း ကျောင်းဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေများ ထောက်ပံ့ပေးခြင်း၊ သဘာဝဘေးသင့် စာသင်ကျောင်းဆောင်များ၊ အန္တရာယ်ရှိနိုင်သည့် ကျောင်းဆောင်များ၊ ဥပဓိရုပ်မကောင်းသော ကျောင်းဆောင်များနှင့် စာသင်ခန်းဆံ့အားမမျှတသော စာသင်ကျောင်းဆောင်များကို အသစ်ဆောက်လုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ စာကြည့်တိုက်များ ဖြည့်ဆည်းပေးခြင်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းဖြစ်သည့် အခြေခံပညာ သင်ရိုးညွှန်းတမ်းများ မြှင့်တင်ပေးနိုင်ရေးအတွက် မူလတန်းသင်ရိုးညွှန်းတမ်းများကို JICA နှင့် ပူးပေါင်း၍ ပြုပြင်ရေးဆွဲ ပြင်ဆင်လျက်ရှိပြီး ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် KG သင်ရိုးသစ်နှင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် Grade 1 သင်ရိုးသစ်တို့ကို စတင်သင်ကြားနိုင်ရန် သင်ရိုးမွမ်းမံသင်တန်းများ ဖွင့်လှစ်၍ ဆရာ ဆရာမများအား ပို့ချပေးခဲ့ပြီး ကျောင်းသုံးဖတ်စာအုပ်များ၊ ဆရာလမ်းညွှန်စာအုပ်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။

၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် Grade 2 သင်ရိုးသစ်ဖြင့် သင်ကြားပေးနိုင်ရေးအတွက် ၂၀၁၈ နွေရာသီကျောင်းပိတ်ရက်များတွင် မွမ်းမံသင်တန်းများကို ဆရာ ဆရာမများအား ဖွင့်လှစ်သင်ကြားပို့ချပေးမည်ဖြစ်ပြီး ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် Grade 3 နှင့် Grade 6 သင်ရိုးသစ်ဖြင့် သင်ကြားပေးနိုင်ရေးအတွက် သင်ရိုးသစ်ပြုစုရိုက်နှိပ်ဖြန့်ဝေနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရှိရသည်။

ကျောင်းသားဆရာအချိုး မျှတရေးအတွက် လိုအပ်လျက်ရှိသော ဆရာ ဆရာမများကို ဖြည့်ဆည်းရန် လုပ်ငန်းခွင်အကြိုဆရာအတတ်သင် သင်တန်းဆင်းဆရာများစွာနှင့် ပညာရေးတက္ကသိုလ်ဆင်း ဆရာ ဆရာမများအား ခန့်အပ်ပေးထားခဲ့သည်။


စစ်ဆေးအကဲဖြတ်မှု လုပ်ငန်းများ ထိရောက်မှုရှိစေရေးအတွက် မူလတန်း Grade 5 နှင့် အလယ်တန်း Grade 9 အဆင့် စာမေးပွဲများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနကြီးကြပ်ရေးမှူးများ၊ တွဲဖက်ကြီးကြပ်ရေးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူးများနှင့် စာဖြေသူများ လိုက်နာရန် စည်းကမ်းချက်များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကိုလည်း နှစ်စဉ်ကျင်းပပေးနိုင်ခဲ့သည်။

“အကြောင်းအမျိုးမျိုးကြောင့် စာဖြေရန်အတွက် အခက်အခဲရှိနေသူတွေ၊ အမြင်အာရုံ မသန်စွမ်း၊ အကြားအာရုံ မသန်စွမ်း၊ ကိုယ်အင်္ဂါမသန်စွမ်းသူတွေကို အဆင်ပြေစွာ ဖြေဆိုနိုင်ဖို့အတွက် ဆောင်ရွက်ပေးခဲ့ပါတယ်၊ စာစစ်ဌာနတွေကို တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့တဲ့အတွက် စာမေးပွဲဖြေဆိုနိုင်ရေး အခွင့်အလမ်းတွေ ပိုမိုများပြားလာတဲ့အတွက် ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ ကျောင်းသားကျောင်းသူ ၇ ဒသမ ၁၄ သိန်း ဖြေဆိုခဲ့ရာက နေ ၂၀၁၈ ခုနှစ်မှာ ၈ ဒသမ ၄ သိန်း ဝင်ရောက်ဖြေဆိုခဲ့တဲ့အတွက် ယမန်နှစ်ကနဲ့ နှိုင်းယှဉ်မယ်ဆိုရင် ၁ ဒသမ ၂၆ သိန်းကျော် ပိုမိုတိုးတက်ဖြေဆိုလာတယ်လို့ ပြောနိုင်ပါတယ်” ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

စစ်ဆေးအကဲဖြတ်မှု အားကောင်းလာစေရေးအတွက် ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကျင်းပရာတွင် သင်ရိုးပြောင်းလဲမှုမရှိဘဲ အလွတ်ကျက်မှတ်မှုကို အားပေးသည့် မေးခွန်းပုံစံများအစား စဉ်းစားတွေးခေါ်မှုကို အားပေးသည့် မေးခွန်းပုံစံသို့ ပြောင်းလဲစစ်ဆေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေကြောင်း သိရှိရသည်။

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း၏ အချက်တစ်ချက်ဖြစ်သည့် တိုင်းရင်းသားဘာသာစကား သင်ကြားသင်ယူ ပို့ချနိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ

အထူးကဏ္ဍ [ ဂ ] သို့ »»



အထူးကဏ္ဍ [ ခ ] မှ »»

အဖွဲ့များ၏ စီစဉ်ကြီးကြပ်မှုဖြင့် တိုင်းရင်းသားဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များက ပြုစုထားသည့် တိုင်းရင်းသားဘာသာစာအုပ် ၄၉ မျိုးအား အခြေခံပညာဦးစီးဌာနမှ အခမဲ့ ပုံနှိပ်ဖြန့်ဝေခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး အခြေခံကျောင်းများတွင်လည်း သင်ကြားပေးနိုင်ခဲ့သည်။ အခြေခံကျောင်းများ၌ တိုင်းရင်းသားဘာသာစကားကို အခြေခံပညာ မူလတန်းအောက်ဆင့်တွင် သင်ကြားသင်ယူမှုလုပ်ငန်းများ အထောက်အကူပြုနိုင်ရေးအတွက် အနည်းဆုံး Grade 10 တက်ရောက်ခဲ့ပြီးသည့် ဒေသခံ တိုင်းရင်းသား တိုင်းရင်းသူ ၅၁၆၀ တို့ကို Teaching Assistant အဖြစ် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် ခန့်အပ်ပေးထားနိုင်ခဲ့ပြီဖြစ်သည်။

အခြေခံပညာအရည်အသွေး မြင့်မားရေးအတွက် ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲများကို နှစ်စဉ် နေပြည်တော်၌ ကျင်းပပေးခဲ့ကြောင်း သိရှိရသည်။

"ပညာရေးအရည်အသွေး မြင့်မားလာစေဖို့နေရာမှာ ဆရာ ဆရာမတွေရဲ့ အရည်အသွေးအပေါ် မှာ အများကြီး မူတည်ပါတယ်။ ဒါပေမယ့် ပညာရေးအရည်အသွေး ပိုမိုကောင်းမွန်လာဖို့ ကြုံတွေ့ရတဲ့ အဓိကစိန်ခေါ်မှုကတော့ မူလတန်းပညာရေးဟာ ပညာရေးစနစ်တစ်ခုလုံးရဲ့ အရေးကြီးဆုံး အခြေခံအုတ်မြစ်ဖြစ်ပေမယ့် ရာထူးတိုးမြှင့်တဲ့ စနစ်အားနည်းမှုတွေကြောင့် မူလတန်းပြဆရာ ဆရာမ အများစုဟာ အလယ်တန်းပြ၊ အထက်တန်းပြဆရာ ဆရာမတွေအဖြစ် ရာထူးတိုးတိုးသွားကြတဲ့အတွက် မူလတန်းအဆင့်မှာ အရည်အသွေး၊ အတွေ့အကြုံနဲ့ အရည်အချင်းရှိတဲ့ ဆရာ ဆရာမတွေ လျော့နည်းမသွားစေရေးအတွက် မူလတန်းအဆင့်အတွင်းမှာပင် ရာထူးတိုးမြှင့်ပေးရေး၊ အလယ်တန်းပြနဲ့ အထက်တန်းပြ ဆရာ ဆရာမတွေရဲ့ သင်ယူခဲ့တဲ့ ဘာသာရပ်နဲ့ သင်ကြားသင်ယူပေးရတဲ့ ဘာသာရပ်ကိုက်ညီစေရေး၊ နှစ်နှစ်သင်ပညာရေး ကောလိပ်အားလုံးကို လေးနှစ်သင်ပညာရေးဒီဂရီကောလိပ်တွေအဖြစ် အဆင့်တိုးမြှင့်ပေးရေးတွေကို ဦးစားပေးဆောင်ရွက်သွားဖို့ ရည်ရွယ်ဆောင်ရွက်နေပါတယ်၊ ဒီလိုလုပ်ဆောင်ခြင်းအားဖြင့် ပညာရေးအဆင့်အသီးသီးမှ အရည်အသွေးမြင့်မားပြီး ကျွမ်းကျင်တဲ့ ဆရာ ဆရာမတွေ ပိုမိုထွက်ပေါ်လာမယ်၊ ကလေးတွေရဲ့ ပညာရေးအရည်အသွေး ပိုမိုမြင့်မားလာမှာဖြစ်ပါတယ်"ဟု ပြည်ထောင်စုဝန်ကြီးက ရှင်းပြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး မရမ်းကုန်းမြို့နယ်ရှိ အမြင်အာရုံနည်းသည့် ကျောင်းသား ကျောင်းသူများအား ဗလာစာအုပ်များ၊ ကျောပိုးအိတ်များနှင့် သင်ထောက်ကူပစ္စည်းများကို ဖြည့်ဆည်းထောက်ပံ့ပေးစဉ်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး မန္တလေးတိုင်းဒေသကြီး၌ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ကျောင်းအပ်နှံရေးအခမ်းအနားတွင် ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

အကြောင်းအမျိုးမျိုးကြောင့် ကျောင်းတက်ရောက်နိုင်ခြင်းမရှိသူများ၊ ပညာမပြီးဆုံးမီ ကျောင်းထွက်သွားရသူများကို ပညာဆက်လက်သင်ယူနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည်ကိုလည်း မြင်တွေ့ရသည်။ ၎င်းတို့အတွက် ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာန အသစ်ကို ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် စတင်ဖွဲ့စည်းထားခဲ့ပြီး ကျောင်းပြင်ပ မူလတန်းပညာရေးကို ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် မြို့နယ် ၈၁ မြို့နယ်တွင် လည်းကောင်း၊ ကျောင်းပြင်ပ အလယ်တန်းပညာရေးကို စမ်းသပ်မြို့နယ် တစ်မြို့နယ်တွင် လည်းကောင်း ဆက်လက်ဆောင်ရွက်ခဲ့ရာ ကျောင်းသား ကျောင်းသူပေါင်း ၆၈၄၅ ဦး ပညာသင်ယူခွင့်ရရှိခဲ့ကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရှိရသည်။

သက်ကြီးစာတတ်မြောက်နှုန်း မြင့်မားလာစေရန် ရည်ရွယ်၍ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သဖြင့် စုစုပေါင်း ၃၇၃၈၆ ဦး စာတတ်မြောက်ခဲ့ပြီဖြစ်သည်။

နည်းပညာနှင့် သက်မွေးပညာရေးသည် နိုင်ငံသားများ၏ လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်ရေးအတွက် ပထမတန်းစား နည်းပညာနှင့် သက်မွေးပညာရေးစနစ်ဖြစ်ရန် လိုအပ်ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ လမ်းညွှန်ချက်အရ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၊ အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ဒေသလိုအပ်ချက်များနှင့်အညီ ကာလတိုသင်တန်းများ၊ သင်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့သည်။

သက်မွေးဝမ်းကျောင်းမှုပညာရပ်များ ဆည်းပူးလေ့ကျင့်ခွင့်ရရှိစေရန်၊ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်၍ ညောင်ရွှေ သက်မွေးပညာသင်တန်းကျောင်း (NVTI)၊ စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်း (SMVTI) တို့ကိုလည်း ဖွင့်လှစ်နိုင်ခဲ့ပြီး ကျွမ်းကျင်မှုအခြေပြု ကာလတို သက်မွေးပညာသင်တန်းများ ဖွင့်လှစ်ပြီး စုစုပေါင်း သင်တန်း ၁၄ မျိုး ပို့ချပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

၂၀၁၇ ခုနှစ် ဇွန် ၁၃ ရက်နှင့် ၁၄ ရက် တို့တွင် ပညာရေးဝန်ကြီးဌာနမှ အိမ်ရှင်အဖြစ် စတုတ္ထအကြိမ် ဒေသတွင်း နိုင်ငံတကာညီလာခံ ၂၀၁၇ အား (Regional TVET Conference 2017) "အာဆီယံနိုင်ငံများအကြား နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဦးစားပေးဆောင်ရွက်ရေး" ခေါင်းစဉ်ဖြင့် ကျင်းပဆောင်ရွက်နိုင်ခဲ့သည်။

အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခဲ့သော အခြေခံလူသားအရင်းအမြစ်တည်ဆောက်ရေးလုပ်ငန်းကော်မတီ အစည်းအဝေးများကို ကျင်းပနိုင်ခဲ့ပြီး နှီးနှောဖလှယ်ပွဲများကို ရန်ကုန်၊ မန္တလေး၊ ပုသိမ်၊ မကွေးနှင့် လားရှိုးမြို့များတွင် ငါးကြိမ်အထိ ဆောင်ရွက်ခဲ့ပြီဖြစ်သည်။

အဆင့်မြင့်ပညာကဏ္ဍတွင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်၌ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ကျောင်းပေါင်း ၁၇၆ ကျောင်းရှိခဲ့ပြီး ပညာရေးဝန်ကြီးဌာန၏ စီမံခန့်ခွဲမှု လက်အောက်တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊

အထူးကဏ္ဍ [ ဃ ] သို့ »»



အထက(၃)လယ်ဝေးနှင့် အထက(သာဝတ္ထိ)တို့တွင် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေစဉ်။

"ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာန အသစ်ကို ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် စတင်ဖွဲ့စည်းထားခဲ့ပြီး ကျောင်းပြင်ပမူလတန်းပညာရေးကို ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် မြို့နယ် ၈၁ မြို့နယ်တွင် လည်းကောင်း၊ ကျောင်းပြင်ပအလယ်တန်းပညာရေးကို စမ်းသပ်မြို့နယ် တစ်မြို့နယ်တွင် လည်းကောင်း ဆက်လက်ဆောင်ရွက်ခဲ့ရာ ကျောင်းသားကျောင်းသူပေါင်း ၆၈၄၅ ဦး ပညာသင်ယူခွင့်ရရှိခဲ့"




ချင်းပြည်နယ် ဟားခါးပညာရေးကောလိပ် ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

အထူးကဏ္ဍ [ ၈ ] မှ »»
ကောလိပ်ကျောင်းပေါင်း ၁၃၄ ကျောင်း ဖွင့်လှစ်ထားရှိရာ ၂၀၁၆-၁၇ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူ ၈ ဒသမ ၃၅ သိန်းနှင့် ၂၀၁၇-၁၈ ပညာသင်နှစ်တွင် ၈ ဒသမ ၇၉ သိန်းအထိ တိုးတက်လာခဲ့သည်ကို မြင်တွေ့ရသည်။

အစိုးရသစ်လက်ထက် နှစ်နှစ်တာကာလအတွင်း တောင်ကုတ်ဒီဂရီကောလိပ် အဆင့်တိုးမြှင့်ခြင်း၊ ဟားခါးကောလိပ်နှင့် ဟားခါးပညာရေးကောလိပ် အသစ်ဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

ဆရာ ဆရာမများ၏ ဆရာအတတ်ပညာ အရည်အသွေးတိုးတက်မြင့်မားရေး လုပ်ငန်းများကို လေးနှစ်သင်ပညာရေးဒီဂရီကောလိပ်များအဖြစ် အဆင့်မြှင့်တင်ရန်အတွက် သင်ရိုးညွှန်းတမ်း အသစ်ရေးဆွဲရေးဆိုင်ရာ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အဆင့်မြင့်ပညာ တိုးတက်ရေးအတွက် နေ့သင်တန်း ကျောင်းသား ကျောင်းသူများအပြင် အဝေးသင်ပညာရေးသင်တန်းများကိုလည်း ပို့ချပေးလျက်ရှိရာ အဝေးသင်ပညာရေး အရည်အသွေးများ တိုးတက်စေရေးအတွက် ဆောင်ရွက်ပေးနေကြောင်း သိရသည်။



ကျောက်တန်းမြို့နယ်ရှိ ဇေတဝန်စခန်းတွင် ကျောင်းပြင်ပမူလတန်းပညာရေး (NFPE) level 1-2 အကြိုစာမေးပွဲ စစ်ဆေးနေစဉ်။

"ဆရာ ဆရာမများ၏ ဆရာအတတ်ပညာ အရည်အသွေး တိုးတက်မြင့်မားရေးလုပ်ငန်းများကို လေးနှစ်သင်ပညာရေး ဒီဂရီကောလိပ်များအဖြစ် အဆင့်မြှင့်တင်ရန်အတွက် သင်ရိုးညွှန်းတမ်းအသစ် ရေးဆွဲရေးဆိုင်ရာလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ"

"တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်တွေရဲ့ အရည်အသွေးတိုးတက်မှုသည် သုတေသနလုပ်ငန်းဆောင်ရွက်ခြင်းတွေမှာ အဓိကဖြစ်ပါတယ်၊ ဆရာ ဆရာမတွေက ပြည်တွင်း၊ ပြည်ပမှာ သုတေသနစာတမ်းတွေ ရေးသားပြုစုဖတ်ကြားတာ၊ ဆရာ ဆရာမတွေရဲ့ ပညာရည်မြင့်မားလာရေးအတွက် အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွေ၊ သင်တန်းတွေ ဖွင့်လှစ်ပို့ချတာတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ထို့ပြင် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ၁၃၃ ကျောင်းအနက် ဆရာများအသင်းနှင့် အဖွဲ့ချုပ်တို့ကို ကျောင်းပေါင်း ၅၃ ကျောင်းတွင် ဖွဲ့စည်းနိုင်ခဲ့ပြီး ကျောင်းသားသမဂ္ဂအနေဖြင့် ကျောင်းပေါင်း ၉၀ တွင် ဖွဲ့စည်းနိုင်ခဲ့ကြောင်း သိရသည်။

ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအားလုံး စာဖတ်မှု၊ သင်ယူမှုတို့ အားကောင်းစေရေးအတွက် စာကြည့်တိုက်များ ဖြည့်ဆည်းပေးရန် လိုအပ်ခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းများ ပိုမို ဖွင့်လှစ်ဆောင်ရွက်ပေးရန် လိုအပ်ခြင်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် စီမံခန့်ခွဲမှုသင်တန်းများ ဖွင့်လှစ်ပေးရန် လိုအပ်ခြင်းများကြောင့် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး သင်ရိုးညွှန်းတမ်းမြှင့်တင်ရေး၊ ဘာသာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများနှင့် မွမ်းမံသင်တန်းများ၊ အင်္ဂလိပ်စာ အရည်အသွေးမြင့်မားရေးသင်တန်းများ၊ အိုင်စီတီသင်တန်းများကို ဖွင့်လှစ်ပို့ချရန် လိုအပ်ခြင်းများကြောင့် ဖြည့်ဆည်းဖွင့်လှစ်ပေးခဲ့ကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။


"ပညာရေးဝန်ကြီးဌာနအနေနဲ့ ပညာရေး အရည်အသွေးမြင့်မားရေးအတွက် ပြုပြင်ပြောင်းလဲမှုတွေကို ဆောင်ရွက်တဲ့အခါမှာ အဓိကစိန်ခေါ်မှုတွေကတော့ ပညာသင်ယူရန် အခက်အခဲရှိသောသူများ၊ လိုအပ်ချက်ရှိသော ဒေသများကို ပိုမိုဖြည့်ဆည်းပံ့ပိုးပေးရေး၊ ကျောင်းနေမြဲရေးနဲ့ ကျောင်းထွက်နှုန်းမြင့်မားနေတာကို လျှော့ချရေး၊ ကျောင်းသားဦးရေ တိုးတက်လာတဲ့အတွက် စာသင်ခန်းလိုအပ်ချက်နဲ့ အခြေခံအဆောက်အအုံတွေကိုလည်း ဖြည့်ဆည်းပေးရေး၊ ကျောင်းသားနဲ့ ဆရာ အချိုးမျှတရေး၊ ဆရာ ဆရာမများရဲ့ အရည်အသွေး မြင့်မားရေး၊ သင်ရိုးညွှန်းတမ်း မြှင့်တင်ရေး၊ သင်ကြားသင်ယူမှုဝန်းကျင်ကောင်းဖြစ်စေရေး၊ အကဲဖြတ်စစ်ဆေးမှုနဲ့ စာမေးပွဲစနစ်ပြုပြင်ပြောင်းလဲရေး၊ အလွတ်ကျက်မှတ်မှုကို အားပေးတဲ့ ပညာရေးစနစ်မှသည် စဉ်းစားတွေးခေါ်မှုကို အားပေးတဲ့ ပညာရေးစနစ်သို့ ပြုပြင်ပြောင်းလဲရေး၊ တိုင်းရင်းသားလူမျိုးများရဲ့ စာပေ၊ သမိုင်းနဲ့ ယဉ်ကျေးမှုတွေကို မြှင့်တင်အားပေးရေး၊ Grade -1၊ Grade-2၊ Grade 3 စတဲ့ အတန်းတွေကို ပြီးဆုံးသွားတဲ့အခါ ကျောင်းသားကျောင်းသူအားလုံး စာဖတ်နိုင်၊ ရေးနိုင်၊ တွက်နိုင်ရေး၊ အသက်မှန်၊ အတန်းမှန်နဲ့ ပညာသင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားရေး၊ မူလတန်းပညာသင်ယူနေသူအားလုံး မူလတန်းပညာသင်ယူပြီးမြောက်ပြီး အလယ်တန်းပညာ၊ အထက်တန်းပညာ ဆက်လက်သင်ယူပြီးမြောက်ရေး၊ အသက်မွေးဝမ်းကျောင်းသင်တန်း တက်ရောက်ပြီး ကျွမ်းကျင်သူများ ဖြစ်လာရေး ဒါမှမဟုတ် ဝါသနာ၊ ဆန္ဒနဲ့ အရည်အချင်းအရ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်တွေဆီကို တက်ရောက်ပြီး သင်ကြားသင်ယူလေ့ကျင့်ပြီးတဲ့အခါ အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်လာစေရေး၊ ဒေသအကျိုးပြု၊ နိုင်ငံအကျိုးပြု သုတေသနလုပ်ငန်းတွေ ဆောင်ရွက်ပြီး သုတေသနစာတမ်းများ ဖတ်ကြားခြင်း၊ သုတေသနဂျာနယ်များတွင် သုတေသနစာတမ်းများ ရေးသားခြင်းတွေကို အားပေးမြှင့်တင်ရေး၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတွေကို ကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်" ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။



ကရင်ပြည်နယ်တွင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဆရာ ဆရာမများ၊ ကျောင်းအုပ်ကြီးများ အပါအဝင် တာဝန်ရှိသူများအားလုံးသည် မိမိတို့၏ လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ကြိုးပမ်းထမ်းဆောင်ရာတွင် ကျွမ်းကျင်မှု၊ မပြည့်စုံမှု၊ ပူးပေါင်းဆောင်ရွက်မှု အကန့်အသတ် ဘောင်များအတွင်းမှ ဆောင်ရွက်ကြရသူများဖြစ်ခြင်းကြောင့် တန်ဖိုးထား လေးစားစေလိုကြောင်း၊ ပညာရေးပြုပြင်ပြောင်းလဲမှုများအား အခြေခံပညာရေး၊ အဆင့်မြင့်ပညာရေး၊ နည်းပညာနှင့် သက်မွေးပညာရေးစသည့် ကဏ္ဍအသီးသီးခွဲကာ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းအရ စဉ်ဆက်မပြတ် ပညာရေးကို အားပေးသည့် ပညာရေးဖြစ်လာစေရန်အတွက် မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူလူထု၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဖြည့်ဆည်း၍ ပညာရေးအရည်အသွေးမြင့်မားလာစေရန် အလေးထား ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း ဆက်လက်ပြောကြားသည်။

## လက်ရှိဆောင်ရွက်နေသည့် သင်ရိုးများ ချိတ်ဆက် ဆောင်ရွက်မည့် အခြေအနေများ




## အခြေခံပညာသင်ရိုးညွှန်းတမ်းပြုပြင်ပြောင်းလဲရေးလုပ်ငန်း (NESP) (နှစ်အလိုက်ဆောင်ရွက်မည့်လုပ်ငန်းများ)

| ပညာသင်နှစ် | KG | မူလတန်း | အလယ်တန်း | အထက်တန်း |
|---|---|---|---|---|
| ၂၀၁၅/၂၀၁၆ | X | X | X | X |
| ၂၀၁၆/၂၀၁၇ | X | X | X | X |
| ၂၀၁၇/၂၀၁၈ | | G1 X | X | X |
| ၂၀၁၈/၂၀၁၉ | | G2 X | X | X |
| ၂၀၁၉/၂၀၂၀ | | G3 X | G6 X | X |
| ၂၀၂၀/၂၀၂၁ | | G4 X | G7 X | G10 X |
| ၂၀၂၁/၂၀၂၂ | | G5 X | G8 X | G11 X |
| ၂၀၂၂/၂၀၂၃ | | | G9 X | G12 X |

# မြန်မာ့ရိုးရာ မဟာသင်္ကြန်ဆိုင်ရာ သိမှတ်ဖွယ်ရာများ

သပြေထွန်း

**မဟာသင်္ကြန်ကျချိန်**

၁၃၇၉ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၁၄ ရက် (စနေနေ့) မြန်မာစံတော်ချိန် နံနက်စက် ၁၁ နာရီ ၉ မိနစ် ၅ စက္ကန့်။ ၁၄-၄-၂၀၁၈

**မဟာသင်္ကြန်အကြတ်ရက်**

၁၃၇၉ ခုနှစ် နှောင်းကဆုန်လဆန်း ၁ ရက်(တနင်္ဂနွေနေ့)။ ၁၅-၄-၂၀၁၈

**မဟာသင်္ကြန်တက်ချိန်**

၁၃၇၉ ခုနှစ် နှောင်းကဆုန်လဆန်း ၂ ရက်(တနင်္လာနေ့) မြန်မာစံတော်ချိန် မွန်းလွဲ ညနေစက် ၃ နာရီ ၁၃ မိနစ် ၄၇ စက္ကန့်။ ၁၆-၄-၂၀၁၈

**မင်္ဂလာနှစ်ဆန်းတစ်ရက်**

၁၃၈၀ ပြည့်နှစ် ကဆုန်လဆန်း ၃ ရက်(အင်္ဂါနေ့) (သူဒ္ဓဒိန်-၁)။ ၁၇-၄-၂၀၁၈

အတာကျူးသည့် လတန်ခူးသည် မြို့ပြကျေးလက် အရပ်ရပ်တို့၌ ပိတောက်၊ ငုဝါ၊ ကံ့ကော်၊ သရဖီ စသည့် အတာကြို နှစ်သစ်ကြိုတောပန်း၊ တောင်ပန်းများ ရပ်ရိပ်၊ ရွာရိပ်၊ မြို့ပြရိပ်နှင့်ဝန်းကျင်တစ်ခိုတွင် မြိုင်မြိုင်စွင့်၍ လှိုင်လှိုင်ပွင့်သောကာလဖြစ်ပါသည်။ ဂီမှာန်- ဥတ္တုဂူ၏ ဂုဏ်ယူပြင်းပြ နွေဦးလတို့တွင်၊ ပထမသိမ်္ဂိမေ-ရှေးဦးအစနွေကာလဖြစ်သော၊ မာသေ-စိတြနှင့် မိဿရာသီ ခါညီဝေါဟာကောဇာအသစ် သက္ကရာဇ်ပြောင်းကူး နှစ်နှောင်းဦးသား တန်ခူးခေါ်သောလ၌၊ ဖုသိတဂ္ဂေ-ခါညီစရိုက် ရာသီလိုက်၍ အကိုက်ညွန့်ရှင် လန်းလန်းရွှင်၍ ဝန်းကျင်ပတ်ကုံး ရှုမြင်၍မဆုံးအောင် ပင်လုံးကျွတ်ပွင့်သော အဖျားရှိသော၊ ပင်ငယ်တသီး၊ ပင်ကြီးတရပ်၊ ပင်လတ်တချို့၊ ကင်းငုံစို့နှင့် အချို့ကြီးရင့် သီးကာပွင့်သဖြင့်-။(ဆရာဦးသုခ၊ ရတနာ့သုတ်၊ စာ-၁၆၅) ဆိုသကဲ့သို့ နွေကြိုဥဩနှင့် မိုးခေါ်ပိန်ညင်း(ရွှေတိန်ညင်းငှက်) စစ်ခင်းကြသည့် ကာလလည်း ဖြစ်ပါသည်။ တန်ခူးရေကုန်၊ ကဆုန်ရေခန်းဆိုသကဲ့သို့ တန်ခူးလသည် ရေဓာတ်ခန်းခြောက်သောကာလ၊ ရေပြတ်ရေနည်းဖြစ်တတ်သောကာလလည်း ဖြစ်တတ်သကဲ့သို့ တန်ခူးမည်မှတ် ဖက်ဆွတ်ရေတိုး သင်္ကြန်မိုးဟု ဆိုထားပြန်သဖြင့် သင်္ကြန်မိုးရွာတတ်သော သမယလည်း ဖြစ်ပါပေသည်။

**ရက်ကောင်းရာဇာ**

မိဿ၊ ပြိဿ၊ မေထုန်၊ ကရကဋ်၊ သိဟ်၊ ကံ၊ တူ၊ ဗြိစ္ဆာ၊ ဓနု၊ မကာရ၊ ကုံ၊ မိန် ဟူသော သူရိယမာသ မြန်မာလ တစ်ဆယ့်နှစ်ပါးတွင် တန်ခူးလ (မိဿရာသီ)သည် နှစ်တစ်နှစ်၏ အဦးအစ သမယလည်း ဖြစ်ပါပေသည်။ "တန်ခူးသာလှ၊ ထွန်းပကဆုန်၊ နယုန်ညွှန့်ပ၊ အောင်လှဝါဆို၊ သာလိုဝါခေါင်၊ မြတောင်တော်သလင်း၊ သီတင်းကျွတ်ဆီမီး၊ သောရီတန်ဆောင်မုန်း၊ သံလုံးနတ်တော်၊ မနော်ပြာသို၊ မိညိုတပို့တွဲ၊ အဲဝင်တပေါင်း မြဲပင်ကောင်းသည့် ရက်ကောင်းရာဇာတည်း" ဟူသော ဗေဒင်ပညာလင်္ကာအရ တန်ခူးလတွင် ဗုဒ္ဓဟူးနှင့် သောကြာသည် ရက်ရာဇာဟုဖော်ပြ၍ တန်ခူးဝါခေါင် တိမ်တောင်ထွန်းပေါ် လနတ်တော် မလျှော်မြွေနှင့်ကြွက်ဟု ဆိုထားပြန်သဖြင့် စနေနှင့် ကြာသပတေးသည် ပြဿဒါးရက်များဟု မှတ်သားရပါသည်။

"ပတ်-တံ-တာ-ရှည်-တီး-သံ-မြည်-လက်-ဆီ-ကန်-စာ-ရေးတစ်ဆတိုး ထမ်းပိုးတင်ညဉ့်လျှင်အကြွင်းဆေး"ဟူသော ရှေးမြန်မာ နာရီအချိန်သတ်မှတ်မှု အရ တစ်ရက်တာကာလတွင် မြန်မာနာရီ ၆၀ ရှိရာ တန်ခူးလတွင် နေ့နာရီ ၃၀၊ ညနာရီ ၃၀ ရှိ၍ နေ့နှင့်ည အချိန်ညီမျှမှုရှိကြောင်းသိရသည်။ တစ်ဖန် "နတ်လူ၏ ကြတ္တိကာ၊ သံရာကန်ဆင်း၊ ကြာညင်းသရဝဏ်၊ မွန်လောကြက် မြေလူး၊ တောဆူးသံမြိတ်လှုံ၊ ဆုံအာနဂါးနေရောင်လွှတ်၊ ခြွတ်သင်းမုယင်းကောက် သားဝင်၊ ကုန်စင်အတာတက်၊ ရက်ပေါင်းမောင်သာညို"ဟု ရှေးဆရာမြတ်များ၏ လမ်းအဖုံဖုံ ကျမ်းအစုံစုံတို့မှ ကောက်နုတ်ချက်များအပေါ် အခြေခံလျက် အတာတက်သည့် ရက်မြတ်အမှန် သင်္ကြန်လက်ရိုး အမျိုးမျိုးစီရင်တွက်ထုတ်ခဲ့ကြပါသည်။ အဿဝဏီ၊ ဘရဏီ၊ ကြတ္တိကာ၊ ရောဟနီ၊ မိဂသီ၊ အဒြ၊ ပုဏ္ဏဖုသျှ၊ ဖုသျှ၊ အသလိဿ၊ မာဃ၊ "ပြုပ္ပဘရဂုဏ္ဏီ၊ ဥတ္တရာဘရဂုဏ္ဏီ၊ သရဝဏ်၊

ဟသတြ၊ စိတြ၊ သွာဒိ၊ ဝိသာခါ၊ အနုရာဓ၊ ဇေထ၊ "ပြုပ္ပာပုရပိုက်၊ ဥတ္တရာပုရပိုက်၊ ဓနသိဒ္ဓိ၊ သတ္တဘိသျှ၊ ရေဝတီ" အစရှိသော နက္ခတ်ကြီး ၂၇ လုံးတို့ဖြင့် ဆုံးဖြတ်ပါက ရေဝတီနက္ခတ် ဥဗျိုင်းတာရာနှင့် ရာသီရုပ်မှာ ဆိတ်ရုပ်ဖြစ်ပြီး စိတြကြယ်ထွန်းလင်းသော တန်ခူးကာလတွင် အတာသင်္ကြန်ကျ၍ ရေသဘင်ပွဲတော် ကျင်းပလေ့ရှိပါသည်။

**ကြည်နူးရွှင်မြူးစွာဖြင့် နှစ်ဦးကိုကြို**

"သင်္ကြန္တ" ဟူသော အခေါ်အဝေါ် ဝေါဟာရသည် သက္ကဋ္ဌပုဒ်မှ ဆင်းသက်လာသော စကားစုဖြစ်ပြီး ကူးပြောင်းခြင်း၊ ပြောင်းရွှေ့ခြင်းဟု အဓိပ္ပာယ်ရကြောင်း ပညာရှင်တို့က ဖွင့်ဆိုသည်။ ထို့အပြင် သီတဂူဆရာတော်ကြီးကလည်း "မြန်မာတို့ပြောလေ့ရှိသည့် သင်္ကြန်ဆိုသည်မှာ သင်္ကန္တပုဒ်မှ ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း၊ သင်္ကန္တဆိုသည်မှာ ပြောင်းခြင်းဟု အဓိပ္ပာယ်ရကြောင်း၊ ယင်းသင်္ကန္တဆိုသည့်ပုဒ်အား လောက၊ ဓမ္မနှစ်ဌာန ရှုထောင့်က ကြည့်လျှင် မွန်မြတ်သောအဓိပ္ပာယ်များစွာရှိကြောင်း၊ ရေလောင်းခြင်းဖြင့် အရေပြားပေါ်ရှိ အညစ်အကြေးပင် အကုန်မစင်ကြောင်း၊ တိတ္ထိပရဗိုဇ်တွေ ဂင်္ဂါနှင့် ယမုံနာတွင် ရေစိမ်ကြ၊ ရေချိုးကြသော်လည်း မည်သည့်ကိလေသာမှ စင်ကြယ်ခြင်းမရှိကြောင်း၊ ထို့ကြောင့်သင်္ကန္တဆိုသော စကားရပ်အရ အမြတ်ဆုံးသော ပြောင်းလဲခြင်းဖြစ်အောင် လောဘကို ဒါနသံဝိဘာဂီသို့လည်းကောင်း၊ ဒေါသကို မေတ္တာသို့လည်းကောင်း၊ အဝိဇ္ဇာကို ဝိဇ္ဇာသို့လည်းကောင်း ပြောင်းနိုင်အောင် ကြိုးစားကြရန်လိုအပ်ကြောင်း" ဟူ၍ ယမန်နှစ် နှစ်သစ်နှုတ်ခွန်းဆက်တရားတော်တွင် ထည့်သွင်းဟောပြောဆုံးမခဲ့သည်။

ထိုသို့သောအခါသမယတွင် ဗုဒ္ဓဘာသာ မြန်မာများအနေဖြင့် အတိတ်ရှိသော၊ သမိုင်းကြီးသော၊ ယဉ်ကျေးမှုမြင့်မားသော လူမျိုးများပီပီ နူးညံ့သိမ်မွေ့စွာ တစ်ဦးနှင့်တစ်ဦး သပြေခက်နှင့်ရေပက်၍ ကြည်နူးရွှင်မြူးစွာဖြင့် နှစ်ဦးကို ကြိုဆိုကြမြဲဖြစ်သည်။ အဟောင်းအညစ်တို့နေရာတွင် အကောင်းအသစ်တို့ဖြင့် အစားထိုးကူးပြောင်းနိုင်ရန်လည်းကောင်း၊ ပူပြင်းသော ဂိမ္ဟန္တကို ရေစင်ဖြင့် အေးမြစေရန်လည်းကောင်း ရည်ရွယ်လျက် သင်္ကြန်အတာ ရေသဘင်ပွဲဆင်နွှဲကြခြင်းဖြစ်ပါသည်။

**ရောင်ခြည်တစ်ထောင် အလင်းဆောင်**

ရှေးမင်းစဉ်မင်းဆက်၊ နန်းစဉ်နန်းဆက်၊ ဘိုးစဉ်ဘောင်ဆက်၊ လက်ထက်အခါသမယ ဘိသိက်တော်ဆက်၊ ရှစ်ပါးရိုးရာ၊ ဓမ္မရာဇာဓိ၊ ရာဇဂုရုဘွဲ့ အမည်ဝိသေသများရရှိခဲ့သော ပုဏ္ဏားဝန်ပညာရှိ ကစ္စနာမောဟန၏ မြစ်၊ မြန်မာနိုင်ငံပြက္ခဒိန်တော်ဆက် အကြံပေးအဖွဲ့ဝင် နက္ခတ်ဗေဒင်ပညာရှိ(ဗေဒစိန္တာဗလ) ဆရာကြီး ဦးဗိုလ်ထွေး၏သား(ဗေဒစိန္တာမယ)ဆရာကြီးဦးလှကြိုင်၊ ဆရာကြီး ဦးဘလှိုင်နှင့် မြေးဆရာကြီး ဦးမင်းသိန်း B.Sc( Hons:) H.G.P တို့မှ တွက်ချက်စီမံထုတ်ဝေသော မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်အတွက် သူရိယသိဒ္ဓန္တ မန္တလေးမဟာသင်္ကြန်စာအလိုအရ သိရှိဆောင်ရွက်နိုင်ရန် အကျဉ်းမျှကောက်နုတ်တင်ပြရသော်-

ရောင်ခြည်တစ်ထောင် အလင်းဆောင်သည့် ဘာနုရာဇာမည်သော တနင်္ဂနွေဂြိုဟ်မင်းသည် တပေါင်းဖြစ်သော မိန်ရာသီ၊ ရေဝတီနက္ခတ်၊ စတုတ္ထပါဒ် အဝဿာန်နဝင်းမှ တန်ခူးဖြစ်သော မိဿရာသီ အဿဝဏီနက္ခတ် ပထမပါဒ် အာဒိနဝင်းထက်သို့ တွက်စစ်ကောဇာနှစ်သချ်ာကား ၁၃၇၉ ခုနှစ်၊ နှောင်းတန်ခူး လပြည့်ကျော် ၁၄ ရက်၊ ခရစ်နှစ် ၂၀၁၈ ခုနှစ် ဧပြီ ၁၄ ရက် (စနေနေ့) မြန်မာစံတော်ချိန် နံနက် စက် ၁၁ နာရီ ၉ မိနစ် ၅ စက္ကန့်၊ မြန်မာဗဟိုရ်နံနက် ၁ ချက်တီးကျော် ၅ နာရီ၊ ၂ ပါဒ်၊ ၁၁ ဗီဇနာ၊ ၅၉ ခရာ အချိန်၊ မေထုန်ရာသီလဂ်၊မိန်ရာသီစန်း၊ တနင်္လာဟောရတ်၊ စနေတြင်း၊ အင်္ဂါနဝင်း၊ စနေဒွါဒသင်း၊ ဗုဒ္ဓဟူးတိံသင်း၊ နက္ခတ်(၆)လုံး(ပါဒ်ပြည့်)၊ ၉-ယဋ္ဌိ၊ ၅၀-ဝိယဋ္ဌိ၊ ၃-အနုယဋ္ဌိပြည့်ထက်လင်္ဂစီးသည်။ ဘာနုရာဇာ မည်သော တနင်္ဂနွေဂြိုဟ်မင်းသည် အောင်မဲညိုပွင့်အဆင်းနှင့်တူသော အဝတ်တန်ဆာကို ဝတ်ဆင်လျက် ဘီလူးအား စီးနင်းကာ လက်တစ်ဖက်ကား ထင်းမီးကိုကိုင်၍ ကျန်လက်တစ်ဖက်ကား ဝမ်းကိုပိုက်လျက် အရှေ့မြောက်ထောင့်မှသည် အနောက်တောင်ထောင့်သို့ဝင်၏ စသဖြင့်ပြဆိုရာ မိုးဦး၊ မိုးနှောင်းကောင်းအံ့၊ မိုးလယ်တန့်အံ့၊ ကောက်ပဲသီးနှံမကောင်း၊ ပိုး၊ ဗောက်ဖတ်ထူအံ့၊ မြေလျှင်လှုပ်အံ့၊ ဘုရား၊ ပုထိုး ပြိုပျက်အံ့၊ ဤကား မဟာသင်္ကြန်ကျ အဟောတည်း။ (အသေးစိတ်အဟော-သင်္ကြန်စာတွင်ရှု)

**အနန္တငါးပါးနှင့် နတ်အပေါင်းတို့ကို ပူဇော်**

"သင်္ကြန်သုံးပါးတို့တွင် သမန္တမဟာသင်္ကြန်ဖြစ်သောကြောင့် သင်္ကြန်ကျပြီးနောက် ၂၄ မိနစ်သို့ရောက်သောအချိန်၌ ဦးခေါင်းဆေးမင်္ဂလာပြုရာ၏။ ထို့အပြင် သင်္ကြန်အကျမြေခံ သောကြာနေ့ဖွားသားသမီးနှင့် သင်္ကြန်အကျနေ့ စနေနေ့ဖွားသားသမီးတို့မှ လွဲ၍ ကျန်သောနေ့သားသမီးတို့သည် မိမိတို့၏ ဂဟပတိအရပ်ဖြစ်သည့် တနင်္ဂနွေသားသမီးကား အနောက်တောင်ထောင့်အရပ်၊ တနင်္လာသားသမီးကား အနောက်အရပ်၊ အင်္ဂါသားသမီးကား အနောက်မြောက်ထောင့်အရပ်၊ ဗုဒ္ဓဟူးသားသမီးကား မြောက်အရပ်၊ ကြာသပတေးသားသမီးကား အရှေ့အရပ်၊ ရာဟုသားသမီးကား အရှေ့တောင်ထောင့်အရပ်များသို့ မျက်နှာမူပြီး မိမိတို့၏အမြစ်နံဖြစ်သော တနင်္ဂနွေကား- ဒန်းညွှန့်၊ တနင်္လာကား- အုန်းညွှန့်၊ အင်္ဂါကား-ကံ့ကော်ညွှန့်၊ ဗုဒ္ဓဟူးကား-မြေစာညွှန့်၊ ကြာသပတေးကား- ချရား( ရွက်လှ)ညွှန့်၊ ရာဟုကား- မြေဇာညွှန့်၊ အမြစ်နှင့်နံတူ ပန်းညွှန့်တို့ကို နင်းကြမ်းပြု၍ မိမိတို့၏အညွှန့်ပန်းဖြစ်သော တနင်္ဂနွေကား-ကံ့ကော်ညွှန့်၊ တနင်္လာကား-မြေစာညွှန့်၊ အင်္ဂါကား-ချရား( ရွက်လှ) ညွှန့်၊ ဗုဒ္ဓဟူးကား- သပြေညွှန့်၊ ကြာသပတေးကား- သီးညွှန့်၊ ရာဟုကား- သပြေညွှန့် ဟူသော အညွှန့်နှင့်နံတူသော ပန်းပွင့် ပန်းညွှန့်တို့ကို အသီးသီး ဆောင်လျက် ရတနာသုံးပါး၊ မိဘဘိုးဘွား၊ ဆရာသမား၊ သိကြားဗြဟ္မာ စတုလောကပါလ၊ သာသနာတော်စောင့် သမာဒေဝနတ်မြတ်နတ်ကောင်းတို့ကို ပူဇော်ကန်တော့ပြီး မိမိတို့လိုရာဆန္ဒတို့ကိုဆုတောင်း၍ ဦးခေါင်းဆေး မင်္ဂလာပြုကုန်ရာ၏။

**ဦးခေါင်းဆေးမင်္ဂလာ**

ထို့အပြင် သင်္ကြန်အကျ မြေခံနေ့သားသမီးဖြစ်သော သောကြာနေ့သားသမီးတို့သည် မိမိတို့၏ ဂဟပတိ အရပ်ဖြစ်သော တောင်အရပ်ရှိ သစ်ပင်ရင်းတွင် သောကြာ၏အမြစ်နေ့နံဖြစ်သည့် သပြေညွှန့်ကို အခင်းပြု၍ အညွှန့်ပန်းဖြစ်သည့် ဒန်းညွှန့်ကို ကိုင်ဆောင်လျက် အကျရက်၌ အကျတိထိ မြေခံဖြစ်သော နံနက် ၉နာရီ ၁၉ မိနစ် နောက်ပိုင်း၊ သင်္ကြန်အကျဂြဟဇာပွင့်ရာ မြောက်အရပ်သို့ မျက်နှာမူပြီးလျှင် ဦးခေါင်းဆေးမင်္ဂလာပြုကုန်ရာ၏။ အလားတူ သင်္ကြန်အကျနေ့ စနေသားသမီးတို့သည် သင်္ကြန်အကြတ်နေ့တွင် မိမိတို့၏ဂဟပတိအရပ်ဖြစ်သော အရှေ့မြောက်အရပ် သစ်ပင်ရင်းတွင် သီးညွှန့်ကိုအခင်းပြု၍ အုန်းညွှန့်ကို ကိုင်ဆောင်လျက် အနောက်အရပ်သို့ မျက်နှာမူပြီးလျှင် ရတနာသုံးပါး၊ မိဘဘိုးဘွား၊ ဆရာသမား၊ သိကြားဗြဟ္မာ စတုလောကပါလ၊ သာသနာတော်စောင့် နတ်မြတ်နတ်ကောင်းတို့ကို ပူဇော်ကန်တော့ပြီး မိမိတို့လိုရာဆန္ဒတို့ကို ဆုတောင်း၍ ဦးခေါင်းဆေးမင်္ဂလာပြုကုန်ရာ၏ဟု သူရိယသိဒ္ဓန္တသင်္ကြန်စာက အဟောပြုထားသည်။

တစ်ဖန်သင်္ကြန်ကာလ ရှောင်ကြဉ်ရမည့် အကြောင်းအရာများကား မင်္ဂလာစကား၊ လင်္ကာကြားအံ့၊ ကြောင်လျှားစုံစေ့ သင်္ကြန်နေ့၌ မတွေ့ဝေးစွာ ရှောင်ကုန်ရာသား၊ မသာနှလုံး ညှိုးချုံးစိုးရိမ်၊ မငြိမ်ပူဆွေး ငိုကြွေးကုန်ထ၊ ကာမအရာ မေထုနာနှင့် တဏှာသတ်ပုတ် သောက်ထုတ်သေရက်၊ မျက်ထွက်မာန၊ ပရိယနှင့် ဒေါသကိုငြိမ်း၊ ဆီလိမ်းပွတ်ဆင် သစ်ပင်ခုတ်ဖြတ် သက်ခတ်ကုန်ရှောင်း၊ အရှောင်းအဝယ်လဲလှယ်ဟူသည် ဤဆယ်မည်ကို လူ့ပြည်လူ့ခွင်လူကိုပင်ထားမြင်းမိုရ်ဖျားဝယ် သိကြားသော်မှ မပြုကြရာ ရှောင်ကြဉ်ရာဟု ကျမ်းလာသော်ကား လင်္ကာကြားသည် ဤကားမဟာသင်္ကြန်အလိုတည်း။

**အထင်ရှားဆုံးနှင့် အထူးမြတ်ဆုံးပွဲ**

၁၃၈၀ ပြည့်နှစ်အတွက် အတာစားသောနေ့မှာ တနင်္လာနေ့ဖြစ်ပြီး နှစ်အလိုဟောကိန်းအနေဖြင့် ကောက်နုတ်တင်ပြရသော် မိုးရွာသွန်းမှုနည်းအံ့၊ ဆင်ဖြူရောက်အံ့၊ အမှုအခင်းများအံ့၊ လျှောက်ကိန်းကြုံအံ့၊ ကောက်ပဲသီးနှံထွက်ရှိမှုနည်းအံ့၊ မီးဘေးအန္တရာယ်ရှိနိုင်အံ့၊ ဗုံးပေါက်ကွဲမှုဖြစ်ပေါ်နိုင်အံ့၊ နိုင်ငံတော်၏ဂုဏ်ဒြပ်မြင့်မားအံ့၊ အရေးကြီးထင်ရှားသည့်ပုဂ္ဂိုလ်များဘေးရှိအံ့၊ ရဟန်း၊ ပုဏ္ဏားတို့ ဘေးရှိအံ့ဟူ၍လည်းကောင်း၊

ထို့ပြင် သဘာဝဘေးအန္တရာယ်ရှိနိုင်အံ့၊ အနက်ရောင်ရှိသော ဝတ္ထုပစ္စည်းများ၊ မီးသွေး၊ သိုးမွေး၊ မတ်ပဲ၊ သံ၊ အဖြူရောင်ပစ္စည်းအမျိုးမျိုး၊ သိန္ဓောဆား၊ ဝါဂွမ်းဈေးကောင်းအံ့၊ ဆန်စပါးဈေးကောင်းအံ့၊ အဝတ်အထည်၊ ဆန်၊ အမွှေးအကြိုင်ပစ္စည်းများ၊ ဆီ၊ ထောပတ် စသည်တို့ကို ရောင်းဝယ်လျှင် အမြတ်အစွန်းများအံ့ ဟူ၍လည်းကောင်း၊ တစ်ဖန်ပြည်သူလူထုတို့၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် အသွင်ကူးပြောင်းမှုကို ဆောင်ရွက်ခြင်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ ခိုင်မာအားကောင်းလာစေရန် ဆောင်ရွက်ခြင်းဖြင့် ညီညွတ်အားကောင်းလာကာ ဒီမိုကရေစီအသွင်ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်ရာတွင် အခက်အခဲ အကျပ်အတည်း အဟန့်အတားများကို ကျော်လွှားနိုင်ပြီး အားရကျေနပ်ဖွယ်ဖြစ်အံ့၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို လုပ်ဆောင်ရာတွင် ဖော်ဆောင်နေသည့် အဆောက်အအုံ ယန္တရားများ ပြည့်စုံအောင်လုပ်ဆောင်ခြင်း၊ ပါဝင်သင့်သူများအားလုံး ပါဝင်နိုင်သည့် အခင်းအကျင်းတစ်ရပ်ကို ဖော်ဆောင်ခြင်းအားဖြင့် အကျိုးရလဒ်ကောင်းအံ့၊ စတုတ္ထမဏ္ဍိုင်ဖြစ်သည့် မီဒီယာသည် အခက်အခဲစိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားပြီး ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို တိုးတက်အောင်လုပ်ဆောင်နိုင်အံ့ ဟူ၍လည်းကောင်း စသည်ဖြင့်အသေးစိတ်အဟောထုတ်အကြံပြုထားသည်တို့ကို တွေ့ရှိရသည့်အပြင် အတာစက္ခုအလိုအရ မိုးဦး မိုးလယ်နာ၍ မိုးနှောင်းကောင်းနိုင်ခြင်း၊ မိုးအကြိမ်တစ်ရာရွာနိုင်ခြင်းနှင့် ရေကြီးနိုင်ခြင်းစသည့် ဟောကိန်းများ၊ နေ့အလိုက်ဟောကိန်း၊ လအလိုက်ဟောကိန်း၊ ရသေ့ကျမ်းအလိုဟောကိန်း၊ တောင်သူလယ်သမားများအတွက် ထွန်ချ၊ ပျိုးကြဲ၊ ကောက်သားဝင်ရက်ဟောကိန်းနှင့် ရဟန်းတော်များအတွက် ပုရိမဝါဆိုဝါကပ်ရက်များအပါအဝင် အသေးစိတ်အဟောပြုထားသည်ကိုလည်း လေ့လာဖတ်ရှုခြင်းဖြင့် ဆောင်ရန်၊ ရှောင်ရန်များ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရပါမူ မြန်မာ့ရိုးရာ အတာသဘင်သင်္ကြန်ပွဲသည် မြန်မာတို့၏ ဓလေ့ထုံးတမ်း ဆယ့်နှစ်လရာသီပွဲတော်များထဲတွင် အထင်ရှားဆုံးနှင့် အထူးမြတ်ဆုံးပွဲတစ်ခုဖြစ်ပါသည်။ ထိုသို့သော ပွဲတော်ကာလအတွင်း နိုင်ငံတော်မှထုတ်ပြန်ထားသော သင်္ကြန်ကာလသတိပြုရှောင်ကြဉ်ရမည့် အချက်များနှင့် လိုက်နာရမည့်အချက်များအား အလေးဂရုပြု၍ ယဉ်ကျေးမှုနှင့်လျော်ညီစွာ အတာရေသဘင်ကို ပါဝင်ဆင်နွှဲနိုင်ကြပါသည်။ ရေကစားခြင်း၊ မုန့်လုံးရေပေါ်ပြုလုပ်ဒါနပြုခြင်း၊ စတုဒိသာကျွေးမွေးခြင်း၊ အလှူဒါနပြုခြင်း၊ နိဗ္ဗာန်ဈေးပြုကုသိုလ်ယူခြင်း၊ သက်ကြီးပူဇော်ပွဲကျင်းပခြင်း၊ သက်ကြီးရွယ်အိုများအား တစ်ကိုယ်ရေသန့်ရှင်းရေးကုသိုလ်ပြုခြင်း၊ နှစ်ဦးဆွမ်းကပ်ခြင်း၊ ရေလှူခြင်း၊ ဘုရားကျောင်းကန် စေတီပုထိုးများတွင် ရေသပ္ပာယ်ခြင်း၊ ရောင်တော်ဖွင့်ခြင်း၊ ရွာဦးရွာထိပ်၊ မြို့ဦးမြို့ထိပ်တို့၌ ကမ္မဝါ၊ ပရိတ်၊ ပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ခြင်း စသည့် မြတ်နိုးတန်ဖိုးထားအပ်သော အစဉ်အလာကောင်းများဖြင့် စည်ကားသာယာခဲ့သည့် မြန်မာများဖြစ်သည်နှင့်အညီ ဤအစဉ်အလာကောင်းများ နှစ်ရှည်လများ တည်တံ့စေချင်ပါသေးသည်။

ပလ္လင်ရှစ်ခန်း၊ ထီးဖြူတော်ရှစ်စင်း၊ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် ခမ်းနားထည်ဝါစွာ နေလာခဲ့ကြသော မြန်မာလူမျိုး တိုင်းရင်းသားညီအစ်ကို မောင်နှမများနှင့် ခုနစ်ရက်သားသမီးအားလုံး သင်္ကြန်ကာလကို ပျော်ရွှင်ချမ်းမြေ့စွာ ဖြတ်သန်း၍ ဦးခေါင်းဆေးမင်္ဂလာပြုကာ မင်္ဂလာနှစ်သစ်ကို ကြိုဆိုနိုင်ကြပါစေ၊ မကောင်းသောဘေး၊ မကောင်းသောဒဏ်၊ မကောင်းသောရန်၊ မကောင်းသောကံကြမ္မာ၊ မကောင်းသောဂြိုဟ် ဇာတာများ ရာသက်ပန်ကင်းဝေးကြပါစေ၊ နေလသဖွယ်စည်းစိမ်ကြွယ် ကိုယ်ဝယ်နေ့တိုင်းရကြပါစေ၊ ရန်သူတကာ သတ္တဝါလည်း လွတ်ကင်းသော ပုဂ္ဂိုလ်များဖြစ်ကြပါစေ၊ သိဒ္ဓိရာဇာလူတကာလည်း မြင်လျှင်မြင်တိုင်း ချစ်ခင်နှစ်လိုကြပါစေ၊ ကိုင်ရာဆေး ရေးရာအက္ခရာဖြစ်ကြပါစေ၊ လက်ဆယ်ချောင်းသိဒ္ဓိဆယ်လက်ဖြစ်ကြပါစေ၊ ရတနာရွှေငွေ အိမ် တိုက် ခြံကား ဆယ့်တစ်ပါးသော လောကီစည်းစိမ် ဥစ္စာရတနာများလည်း တစ်နေ့တခြားဒီရေအလား တိုးတက်ပွားများပိုင်ဆိုင်ဝင်ရောက်ကြပါစေ၊ စိန် ကြောင်နီလာ သန္တာပုလဲ ဂေါ်မုတ် ဥဿဖရား ပတ္တမြား မြ စသည့် နဝရတ်ကိုးပါးများ တိုးပွားပိုင်ဆိုင်ရရှိကြပါစေ၊ ပြောသမျှ ဆိုသမျှ လုပ်သမျှ ကိုင်သမျှ ကြံသမျှ စည်သမျှ အဝဝမှာလည်း အောင်မြင်ကြပါစေ၊ ပီယသိဒ္ဓိ၊ ဓနသိဒ္ဓိ၊ လာဘသိဒ္ဓိ၊ ဇေယျသိဒ္ဓိ၊ ဥဒကသိဒ္ဓိ၊ ဘောဂသိဒ္ဓိ၊ မနောမယသိဒ္ဓိ စသည့်လောကီသိဒ္ဓိ ဆယ်ပါးနှင့် နေ့ရော ညဉ့်ပါ အခါခပ်သိမ်း ပြီးပြည့်စုံနိုင်ကြပါစေ၊ ဒါန-သီလ-ဘာဝနာတရားများ ပွားများအားထုတ်နိုင်ကြပါစေ၊ ကောင်းကျိုးချမ်းသာ မင်္ဂလာအဖြာဖြာနှင့် အခါခပ်သိမ်း ပြည့်စုံနိုင်ကြပါစေဟု တောင်းဆုမင်္ဂလာ ဆန္ဒပြုရင်း။ ။

# စတီဖင်ဟောကင်းရဲ့ "ပြဋ္ဌာန်းစီရင်ပြီး"အယူအဆနှင့် စပ်လျဉ်းသည့် ဥပဒေဆိုင်ရာအမြင်တစ်ရပ်

ဒေါက်တာမြင့်ဇံ

မျက်မှောက်ကမ္ဘာရဲ့ အထင်ရှားဆုံးသိပ္ပံပညာရှင်ကြီး စတီဖင်ဟောကင်း (Stephen Hawking) (၈ ဇန်နဝါရီ ၁၉၄၂- ၁၄ မတ် ၂၀၁၈)ဟာ ကွယ်လွန်ခဲ့ပြီးဖြစ်ပါတယ်။

**စတီဖင်ဟောကင်းရဲ့အကြောင်းအရာမျိုးစုံနဲ့ပတ်သက်တဲ့ထင်မြင်ချက်များ**

သိပ္ပံပညာရှင် စတီဖင်ဟောကင်းဟာ သူ့ရဲ့ သိပ္ပံသီအိုရီများကို "လူပြိန်း" နားလည်နိုင်တဲ့စာသား၊ စကားများဖြင့် စာအုပ်ပေါင်းများစွာကို အင်္ဂလိပ်ဘာသာစကားနှင့် ရေးသားခဲ့ရုံမက သူ့ဘာသာရပ်နယ်ပယ် (subject domain) မဟုတ်တဲ့ "ကိစ္စရပ်များ၊ ကောက်ချက်များ"နှင့် စပ်လျဉ်းပြီး မှတ်ချက်ပြုခဲ့သူပါ။ ၂၀ ရာစု သိပ္ပံသမိုင်းမှာ အလွန်အင်မတန်ထင်ရှားတဲ့ သိပ္ပံပညာရှင်ကြီး အိုင်စတိုင်းတို့၊ ယခုလောလောဆယ် ရက်သတ္တပတ်များ အတွင်းမှာပဲ ကွယ်လွန်သွားတဲ့ စတီဖင်ဟောကင်းတို့ရဲ့ သိပ္ပံဆိုင်ရာတွေ့ရှိ ဖော်ထုတ်ချက်များကို သူတို့ဟာအထင်ကရ သိပ္ပံပညာရှင်ကြီးများဖြစ်တဲ့အတွက်ကြောင့် သူတို့ရဲ့ဖော်ထုတ်ချက်များ၊ တင်ပြချက်များဟာ မှန်ကန်ရမယ်လို့ သိပ္ပံပညာရှင်ပုဂ္ဂိုလ်တို့ကို ကြည်ညိုစွဲစိတ်နှင့် သတ်မှတ်သဘောထားမှု၊ စွဲကိုင်မှုဟာ (ဘာသာရေးနှင့် နိုင်ငံရေး အယူအဆများမှာလို) သိပ္ပံပညာမှာ ယေဘုယျအားဖြင့် မရှိပါဘူး။ မရှိသင့်ပါဘူး။ တစ်ခါ သက်ဆိုင်သူ သိပ္ပံပညာရှင်ရဲ့ ကျွမ်းကျင်မှု အဝန်းအဝိုင်း အတွင်းမှာ မဟုတ်သော်လည်း (outside the scientists' area of expertise) ဆက်စပ်နေတဲ့ နိုင်ငံရေး၊ ဘာသာရေး၊ အနုပညာ၊ ဒဿန၊ ကိုယ်ကျင့်ပညာ (ethics)၊ ကိုယ်ကျင့်တရား (morality) စတဲ့ လူ့လောက ဖြစ်ရပ်များနဲ့စပ်လျဉ်းတဲ့ သိပ္ပံပညာရှင်ကြီးများရဲ့ သဘောထားထင်မြင်ချက်များဟာလည်း "နှုတ်ကပါဠ်တော်" (gospel) လို့ ပိုပြီးတောင်မှ မယူဆ (မယူဆ) နိုင်ပါဘူး။ မယူဆသင့်ပါဘူး။

သိပ္ပံပညာရှင် စတီဖင်ဟောကင်းဟာ ၁၉၉၀ ခုနှစ် ဧပြီလက အင်္ဂလန်ပြည်ကိန်းဘရစ်တက္ကသိုလ် (University of Cambridge) မှာ "Is Everything Determined" "အရာရာဟာ ပြဋ္ဌာန်းစီရင်ပြီးသားလား" ဆိုတဲ့ခေါင်းစဉ်နဲ့ဟောပြောမှုတစ်ရပ်ကို ပြုလုပ်ခဲ့ပါတယ်။ အဲဒီဟောပြောချက်ကို ၁၉၉၃ ခုနှစ်က ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့တဲ့ ***Black Holes and Baby Universes*** (ဘာသာပြန်ရမယ်ဆိုလျှင်) "(စကြဝဠာအတွင်းမှ) အမည်းတွင်းကြီးများနှင့် စကြဝဠာပိစိကွေးများ" စာအုပ်မှာ သီးခြားအခန်းတစ်ခုအနေနဲ့ ဖော်ပြခဲ့ပါတယ်။

**စတီဖင်ဟောကင်းရဲ့ ပြဋ္ဌာန်းစီရင်ပြီး အယူအဆအကြောင်း စိုးစဉ်းမျှ**

သိပ္ပံပညာရှင်တစ်ဦးဖြစ်တဲ့ စတီဖင်ဟောကင်းက များမကြာသေးမီ (၂၄ မတ် ၂၀၁၈)က ကွယ်လွန်သွားတဲ့ ဦးကိုကိုမောင်ကြီး (ဦးချစ်လှိုင်) အမိက ပါဝင်ရေးသားတဲ့ **လူနှင့်သူ၏ပတ်ဝန်းကျင်တို့၏ အညမည သဘောတရား** စာအုပ်မှာ ကျွန်တော်ပထမသတိမူမိတဲ့ အသုံးအနှုန်းအရ "ဩကာသလောကကြီး" ရှိ သဘာဝဖြစ်စဉ်တွေရဲ့ ဖြစ်စဉ်အားလုံးဟာ "ပြဋ္ဌာန်းစီရင်ပြီး" ဖြစ်တယ်တဲ့။ ဩကာသလောကကြီးအတွင်း (စကြဝဠာအတွင်း) သဘာဝအဖြစ်အပျက်တွေကို သိပ္ပံမူ၊ သိပ္ပံဥပဒေသများအရသာ ဖြစ်ပျက်နေကြတာဖြစ်တယ်တဲ့။ စတီဖင်ဟောကင်းက ဆက်လက်တင်ပြရာမှာ ကျွန်တော်တို့ လူသားတွေဟာ စကြဝဠာအတွင်း (ဩကာသလောကအတွင်း)မှာရှိတဲ့ သိပ္ပံဥပဒေသတွေရဲ့ ပုံသဏ္ဌာန်နဲ့ဖွဲ့စည်းတည်ဆောက်မှုတွေဟာ ဘယ်လိုလည်ပတ်လှုပ်ရှားနေတယ်ဆိုတာကို အပြည့်အဝအလုံးစုံ မသိသေးပေမယ့် နောင်အနှစ် ၂၀ ၁၉၉၀၊ ဧပြီလမှ နောင်အနှစ် ၂၀ ၂၀၁၀ ဆယ်စုနှစ်များအတွင်းမှာ ဩကာသလောကအတွင်းရှိ ဖြစ်ပျက်မှုများကို အလုံးစုံရှင်းပြတဲ့ သီအိုရီ Theory of Everything တစ်ခု ပေါ်ပေါက်လာနိုင်မယ်လို့ ၅၀ ရာခိုင်နှုန်းခန့် အခွင့်အလမ်းရှိမယ်လို့ထင်တယ်တဲ့။ (အဲဒီ ဟောပြောမှုကို ၁၉၉၀ ခုနှစ် ဧပြီလက စတီဖင်ဟောကင်းပြုလုပ်ခဲ့အပြီး ၂၇ နှစ်ကျော်အကြာမှာ စတီဖင်ဟောကင်းဟာ ကွယ်လွန်ခဲ့ပါတယ်။ သူ မကွယ်လွန်မီက အရာရာနှင့်စပ်ဆိုင်တဲ့ သီအိုရီ (Theory of Everything) ကို စတီဖင်ဟောကင်းရော၊ အခြားသိပ္ပံပညာရှင်များကပါ "တွေ့ရှိခဲ့ပါပြီ"လို့ "ဝန်ခံ" (သို့မဟုတ်) "ဖော်ကျူး"၊ "ရင့်ကျူး" ခဲ့တယ်လို့ ကျွန်တော်မထင်ပါ။ "ဝန်ခံ၊ ဖော်ကျူး" "ရင့်ကျူး"ခဲ့ခြင်းမရှိပါ)

> **လူ့အဖွဲ့အစည်းအတွင်းရှိ လူသားများက မိမိတို့ရဲ့ လုပ်ဆောင်မှုများအတွက် မိမိတို့မှာ တာဝန်ရှိတယ်လို့ ယုံကြည်ယူဆတဲ့ လူ့အဖွဲ့အစည်းဟာ လူ့အဖွဲ့ အစည်းဝင်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်နိုင်ပြီး ဆက်လက်ရှင်သန်ရပ်တည်နိုင်ကာ မိမိလူ့အဖွဲ့အစည်းရဲ့ တန်ဖိုးတို့ကို ပြန့်ပွား "ဝေစည်" နိုင်မယ်တဲ့။ ပုရွက်ဆိတ်တို့ဟာလည်း ကောင်းစွာပူးပေါင်းဆောင်ရွက်လုပ်ကိုင်တဲ့ သတ္တဝါတွေပဲတဲ့။**

ဒီနေရာမှာ (ကျွန်တော်နားလည်သလို) အနည်းငယ်ဖြည့်စွက်ရေးသားရလျှင် စတီဖင်ဟောကင်းသာမက ရူပ၊ ဓာတုသိပ္ပံများမှာသာမက ဇီဝသိပ္ပံများမှာပင်လျှင် သိပ္ပံဥပဒေသများအပေါ်မှာ မူတည်ပြီး ရူပသိပ္ပံဖြစ်ရပ်များ (ဥပမာ နောင်ဘယ်နှနှစ်ကြာရင်၊ ရာစုနှစ်များစွာကြာသည့် အနာဂတ် အချိန်ကာလများမှာပင်လျှင် ဘယ်နှစ်၊ ဘယ်လ၊ ဘယ်ရက်မှာ နေကြတ် (solar eclipse)၊ လကြတ်(lunar eclipse) မယ်တို့ကို တိကျစွာ ဟောကိန်းထုတ်နိုင်ခြင်းတို့ဟာ အနည်းဆုံးတော့ ဩကာသလောကအတွင်းမှာ (စကြဝဠာအတွင်းမှာ) ဖြစ်ပျက်တဲ့ ဖြစ်ရပ်များနှင့်စပ်လျဉ်းပြီး အတိအကျတွက်ကိန်းထုတ်နိုင်တာမို့ အဲဒီ (ဥပမာ နေကြတ်ခြင်း၊ လကြတ်ခြင်း ဖြစ်ရပ်တို့ဟာ) "ပြဋ္ဌာန်းစီရင်ပြီး" ဖြစ်ရပ်များပေပဲလို့ စတီဖင်ဟောကင်းက ဆိုလိုဟန်ရှိပါတယ်။ (အထက်ပါ နေကြတ်၊ လကြတ် ဥပမာကို စတီဖင်ဟောကင်းက သူ့ရဲ့ဆောင်းပါးမှာ ဥပမာပေးရှင်းပြထားတာမဟုတ်ဘဲ ဟောကင်းရဲ့ ဆောင်းပါးပါဆိုလိုချက်ကို ကျွန်တော်နားလည်သဘောပေါက်တဲ့အတိုင်း ဥပမာပေးတင်ပြခြင်း ဖြစ်ပါတယ်)

ဟောကင်းက ဩကာသလောကအတွင်းရှိ ရူပ၊ ဇီဝ၊ အာကာသဗေဒဆိုင်ရာ အဖြစ်အပျက်များ (physical, chemical, cosmological events) တို့ကိုသာ "ပြဋ္ဌာန်းစီရင်"ထားခြင်းသာမကဘဲ သတ္တလောကအတွင်းရှိ ဇီဝသိပ္ပံဖြစ်ရပ်များသည်ပင်လျှင် "ပြဋ္ဌာန်းစီရင်ပြီး" ဖြစ်တယ်လို့ တင်ပြပါတယ်။ သတ္တဝါ (Organism) တစ်ခုရဲ့ အနာဂတ် အပြုအမူကို ကျွန်တော်တို့ "ဟောကိန်း" ထုတ်နိုင်ပါသလား။ အဲဒီလို "ဟောကိန်း" ထုတ်နိုင်မယ်ဆိုလျှင် ထိုသတ္တဝါမှာ အင်္ဂလိပ်ဘာသာစကားနှင့် free will လို့ခေါ်ဆိုတဲ့ "မိမိကံကြမ္မာကို မိမိဘာသာဖန်တီးပြုလုပ်နေတယ်"ဆိုတဲ့ အယူအဆဟာ မမှန်တော့ဘဲနဲ့ ထိုသတ္တဝါရဲ့ "အပြုအမူ" လုပ်ဆောင်ချက်တို့ဟာ "စီရင်ပြဋ္ဌာန်းပြီး" ဖြစ်မှာပေါ့တဲ့။ ဒီနေရာမှာ (တစ်ခါထပ်ပြီး) ကျွန်တော် "ကလက်"ပြီး တွေးမိတာက သာမန်အားဖြင့်ဆိုလျှင် (စင်စစ်ဆိုရလျှင် အချိန်အခါအားလုံးလိုလိုမှာ မဟုတ်လျှင်ပင် အချိန်အခါအတော်များများမှာ) ခွေးတစ်ကောင်ဟာ ကြောင်တစ်ကောင်ကိုတွေ့လျှင် အဲ့ဒီကြောင်နောက်ကို ကိုက်ဖို့သော်လည်းကောင်း၊ ခြောက်လှန့်ဖို့သော်လည်းကောင်း ပြေးမယ်လို့ ယေဘုယျအားဖြင့် "ဟောကိန်း" ထုတ်နိုင်ပါတယ်။ (ဒါပေမယ့် ခြွင်းချက်တော့ရှိပေမယ်။ ခွေးတစ်ကောင်နှင့် ကြောင်တစ်ကောင်ဟာ နေ့စဉ်လိုလို အတူတူလမ်းလျှောက်ထွက်တဲ့ ရုပ်ပုံကားချပ်များကို အင်တာနက်မှာ ကျွန်တော်ကြည့်ဖူးပါတယ်)

သို့သော် လူ(human)ဆိုတဲ့ သတ္တဝါအဆင့်ရောက်တော့ သာမန်အားဖြင့် (ဥပမာဆိုရလျှင်) ဘေးတွေ့လျှင် ပြန်ခုခံတိုက်ခိုက်လျှင် ခုခံတိုက်ခိုက်၊ မခုခံ၊ မတိုက်ခိုက်နိုင်လျှင်ပြေး (fight or flight) နှင့် အခြားဇီဝကမ္မဗေဒဆိုင်ရာ တုံ့ပြန်မှုများနှင့် အခြားဇီဝကမ္မဗေဒဆိုင်ရာအကြောင်းအရာများမှအပ ဇီဝကမ္မဗေဒဆိုင်ရာ တုံ့ပြန်မှုများမဟုတ်တဲ့ အခြေအနေမျိုးမှာ လူတစ်စုံတစ်ဦးဟာ၊ လူအုပ်တစ်စုဟာ ဘယ်လိုတုံ့ပြန်မယ်၊ ဘယ်လိုပြုမူမယ်ဆိုတာကို "ဟောကိန်း" ထုတ်ဖို့ နေရာတော်တော်များများမှာ မှန်မယ်ဆိုလျှင်ပင် တချို့နေရာမှာ "ဟောကိန်း" မထုတ်နိုင်တဲ့ အခြေအနေမျိုးရှိချင် ရှိပေမယ်။

ဒီတော့ လူမှာ မိမိကြမ္မာ ၊ မိမိအပြုအမူကို မိမိပိုင်သလား၊ လူမှာ "Free Will" ဆိုတဲ့ ကိုယ့်လုပ်ရပ်ကို ကိုယ်ပိုင်ဆိုင်၊ တာဝန်ယူပြီး လုပ်နိုင်သလားဆိုတာကတော့ အခြားသောအဆင့်မြင့် (ခွေးစသည့်) သတ္တဝါတို့နှင့် (တချို့နေရာများမှာ) ခွဲခြားပြီး စဉ်းစားသုံးသပ်ဖို့လိုပေလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။

စတီဖင်ဟောကင်း ကိုယ်တိုင်က အထက်မှာ အနည်းဆုံး အရိပ်အမြွက်ဖော်ပြထားတဲ့အတိုင်းပဲ (ဆရာဇန်းမော်တင်အောင်ရဲ့ စာအုပ်တစ်အုပ်မှ ခေါင်းစဉ်ကို ကူးယူ အသုံးပြုရလျှင်) **ရုပ်ကမ္ဘာ**မှာသာမက လူ့လောကမှာလည်း လူရဲ့အပြုအမူနဲ့လုပ်ဆောင်ချက်တွေဟာ စီရင်ပြဋ္ဌာန်းပြီးသားဖြစ်တယ်။ လူမှာ Free Will မရှိဘူးလို့ ယူဆဟန်ရှိပါတယ်။ သို့သော်လည်းပဲ လူ့အပြုအမူများအပါအဝင် ဖြစ်ရပ်များအားလုံးကို "ဖြေရှင်း" ပေးနိုင်တဲ့၊ "ပြီးပြည့်စုံတဲ့၊ လုံးစည်း သီအိုရီ" (complete unified theory)ကို တွေ့ရှိခဲ့လျှင်တော့ Free Will လို့ ဆိုတဲ့လူဟာ မိမိကိုယ်တိုင်ဆုံးဖြတ်ခွင့်၊ လုပ်ပိုင်ခွင့်ရှိတယ်ဆိုတဲ့ အယူအဆကို ငြင်းပယ်လိမ့်မယ်တဲ့။ Free Will ကို ရှိသည်လို့ ယုံကြည်ဟန်မတူဘဲ အရာရာတိုင်းဟာ ပြဋ္ဌာန်းစီရင်ပြီးဖြစ်တယ်လို့ ယူဆဟန်ရှိတဲ့ ပညာရှင်ကြီး စတီဖင်ဟောကင်းဟာ Free Will (မဆီမလျော်ဘဲ မြန်မာမှုပြုရမယ်ဆိုလျှင် "မည်သူမပြုမိမိမှု" ) အယူအဆကိုပဲ တစ်စိတ်တစ်ဒေသအားဖြင့်သော်လည်းကောင်း၊ တစ်မျိုးတစ်ဖုံအားဖြင့်သော်လည်းကောင်း ဆက်လက်အသုံးပြုနေရမှာပဲလို့ တင်ပြပြန်ပါတယ်။

စတီဖင်ဟောကင်းဟာ သိပ္ပံပညာရှင်ဖြစ်တာနဲ့အညီ လူ့အပြုအမူ (တချို့)ကို "ဟောကိန်း" မှန်မှန်ထုတ်ဖို့ကို ဦးနှောက်နှင့်နာ့ဗ်ကြောဆိုင်ရာသိပ္ပံပညာရပ်များ (brain and neuro sciences) ကို မူတည်ပြီး ဥပမာပေးပါတယ်။ လူရဲ့ဦးနှောက်ဟာ ခေတ်သစ်ရူပဗေဒပညာရှင်ကြီး ဝါနာဟိုင်းဇင်းတက် (Werner Heisenberg) (၅ ဒီဇင်ဘာ ၁၉၀၁- ၁ ဖေဖော်ဝါရီ ၁၉၇၆) တင်ပြခဲ့တဲ့ မရေရာမှုနိယာမ (uncertainty principle) (sub atomic particles) ပရမာဏုမြူအမှုန်"များလို့ ခေါ်ဆိုနိုင်တဲ့ "အမှုန်"တစ်ခုရဲ့ တည်နေရာ (position)၊ လားရာ(direction)နှင့် အလျင်(velocity)ကို တစ်ပြိုင်နက် ဘယ်လိုမှ မှန်ကန်အောင် မတွက်ချက်နိုင်ဘူးတဲ့၊ နိယာမဟာ ဦးနှောက်အတွင်းရှိ နျူရွန် (neurons)များ၊ "အမှုန်များ" (particles) တို့က ကုဋေကုဋာမကများလွန်းလို့ ဒီကုဋေကုဋာရှိသော ဦးနှောက်အတွင်းမှ "အမှုန်" တွေဟာ များလွန်းလို့ ဦးနှောက်ရဲ့လုပ်ဆောင်မှုများကို ထိန်းချုပ်ကွပ်ကဲတဲ့ အခြေခံ "ညီမျှခြင်း" (fundamental particles) တို့ကို သိပ္ပံပညာရှင်များဟာ သိပေမယ့် လူ့အပြုအမူဟာ (ခပ်သိမ်းကုန်သော အခြေအနေတို့မှာ) ဘယ်လိုဖြစ်မယ်ဆိုတာကို တွက်ကိန်းချ၊ ဟောကိန်းထုတ်ဖို့ခက်ခဲမယ်တဲ့။ (ဒီအချက်တွေကို စတီဖင်ဟောကင်းဟာ ၁၉၉၀ ခုနှစ် ဧပြီလက တင်ပြခဲ့တာဖြစ်တယ်။ နာ့ဗ်ကြောပညာကို စိုးစဉ်းမျှပင်မသိတဲ့ ကျွန်တော့်အနေနဲ့ စတီဖင်ဟောကင်းရဲ့ တင်ပြချက်ဟာ ဘယ်အတိုင်းအတာထိ မှန်ကန်တယ်ဆိုတာ ကျွန်တော်မသိပါ။ ဒီအပြင်မှာလည်း လွန်ခဲ့တဲ့ ၂၇ နှစ်ကျော်ကာလအတွင်းမှာ ဦးနှောက်ဆိုင်ရာသိပ္ပံ (brain sciences) နှင့် နာ့ဗ်ကြောဆိုင်ရာသိပ္ပံ (neuro sciences) တို့မှာ သိပ္ပံတွေ့ရှိချက်နဲ့ ဖြစ်စဉ်အသစ်တို့ဟာ ပေါ်ပေါက်ခဲ့မှာဖြစ်တဲ့အတွက် စတီဖင်ဟောကင်းရဲ့ တင်ပြချက်တို့နဲ့စပ်လျဉ်းပြီး သိပ္ပံပညာရှင်ကြီးများက ဖြည့်စွက်ကောင်းဖြည့်စွက်၊ ငြင်းဆိုကောင်းငြင်းဆိုနိုင်လောက်ပါတယ်။)

Fluid mechanics လို့ဆိုတဲ့ အရည်များဆိုင်ရာ မက္ကင်းနစ်ဘာသာရပ်များမှာလည်း စတီဖင်ဟောကင်းဟာ ဥဒါဟရုဏ်တစ်ခုပြပါသေးတယ်။ အရည် (fluid) ဖြစ်တဲ့ရေ (water)ဟာ ကုဋေရာပေါင်း၊ ထောင်ပေါင်းများစွာသော မော်လီကျူး (molecules) များနှင့်သာမက ယင်းမော်လီကျူးများအတွင်းမှာပင်လျှင် အီလက်ထရွန် (electrons)၊ ပရိုတွန် (protons)၊ နျူထရွန်(neutrons) တို့နှင့် ပြည့်တီးနေတဲ့အတွက် ယင်းကုဋေကုဋာပေါင်းများစွာသော ပရမာဏုမြူ "အမှုန်" (particles)များနှင့်စပ်လျဉ်းတဲ့ ညီမျှခြင်းတွေကို အသေးစိတ်တွက်ချက်မနေတော့ဘဲ ရေအပါအဝင် အရည်များကို အလျင် (velocity)၊ သိပ်သည်းမှု (density)နှင့် အပူချိန် (temperature)စတဲ့ ဝိသေသလက္ခဏာများနှင့်သာစပ်လျဉ်းတဲ့ အခြေခံယေဘုယျသဘောတရားများကိုသာ အခြေခံပြီး အရည်တို့ရဲ့ ယေဘုယျသဘောတရားတွေကို ထုတ်ယူရမှာပဲတဲ့။ အရည်များနှင့် သက်ဆိုင်တဲ့ လုပ်ငန်းကိစ္စရပ်များကို လုပ်ဆောင်ရမှာပဲတဲ့။ ဒီလုပ်ဆောင်မှုရဲ့ အကျိုးဆက်ရလဒ်များဟာ အမြဲတမ်းအတိအကျမမှန်သော်လည်းဘဲ Fluid mechanics ရဲ့ ယေဘုယျအားဖြင့် ထိရောက်မှန်ကန်၊ ခြုံငုံမှန်ကန်တဲ့သီအိုရီ (effective theory of fluid mechanics) ကိုတော့ ရမှာပဲတဲ့။ အဲဒီ သီအိုရီကိုပဲ အခြေခံပြီး သင်္ဘောများရဲ့ ဒီဇိုင်းကို ရေးဆွဲနိုင်ခဲ့၊ ရေနံပိုက်လိုင်း (oil pipelines) တို့ကို တည်ဆောက်နိုင်ခဲ့တယ်လို့ စတီဖင်ဟောကင်းက ဆိုပါတယ်။

**"Free Will" မရှိသော်လည်း ရှိဘိသည့်အလား လူ့အပြုအမူတို့ကို တိုင်းတာအကဲဖြတ်ရမည်ဆိုတဲ့ စတီဖင်ဟောကင်းရဲ့တင်ပြချက်**

"Fluid mechanics" (အရည်များဆိုင်ရာမက္ကင်းနစ်) ပညာရပ်ဟာ "Free Will" နှင့် မိမိရဲ့ လုပ်ဆောင်မှုအတွက် မိမိကသာ တာဝန်ခံရမည် (free will and moral responsibility) ဆိုတဲ့ လူ့ကျင့်ဝတ် (human ethics) ကို သုံးသပ်ကျင့်သုံးရာမှာ အသုံးချနိုင်တယ်လို့ စတီဖင်ဟောကင်းကဆိုပါတယ်။ အရည်များအတွင်းက ကုဋေပေါင်းများစွာသော မော်လီကျူးနှင့် ပရမာဏုမြူအမှုန်တွေရဲ့ လားရာတွေကို ဘယ်လိုမှ အတိအကျ မတွက်နိုင်ပေမယ့် ယေဘုယျအားဖြင့် အရည်များရဲ့ အလျင်၊ သိပ်သည်းမှု၊ အပူချိန်တို့ကိုသာ အခြေခံပြီး အရည်တို့ရဲ့ လုပ်ဆောင်နိုင်ခြေကို တွက်ချက်ဆောင်ရွက်ရသလို "Free Will" မရှိသော်လည်း ရှိဘိသည့်အလားသဘောထား ဆောင်ရွက်ခြင်းကို ယူဆလုပ်ကိုင်သင့်တယ်လို့ စတီဖင်ဟောကင်းက ဆိုပါတယ်။

လူသားတွေရဲ့ပြုမူချက်များ၊ ယင်းပြုမူချက်တို့ကို အခြေခံပြီး ဒဿနအမြင်အားဖြင့်သော်လည်းကောင်း၊ ကိုယ်ကျင့်တရားနှင့် ကိုယ်ကျင့်ပညာအမြင်ဖြင့်သော်လည်းကောင်း (စတီဖင်ဟောကင်းက ထည့်ရေးမထားသော်လည်း သူ့ရဲ့တင်ပြချက်တို့ကို အခြေခံပြီး ရေးရမယ်ဆိုလျှင်) ဥပဒေအမြင်အားဖြင့်လည်းကောင်း လူသားတို့မှာ မိမိလုပ်ဆောင်မှုအတွက် မိမိတို့မှာ တာဝန်ရှိတယ် "မည်သူမပြု မိမိမှု"လို့ သဘောထားသတ်မှတ်ကျင့်သုံးခြင်းဟာ လုပ်ရမယ့်ကိစ္စရပ်ပဲလို့ စတီဖင်ဟောကင်းက ဆိုပါတယ်။ လူသားတွေအနေနဲ့ မိမိတို့ရဲ့ အပြုအမူများဟာ "ကြိုတင်ပြဋ္ဌာန်းပြီးဖြစ်တယ်" ဆိုတဲ့ အယူအဆပေါ်မှာ (ယင်းအယူအဆသည် မှန်ကန်နေစေကာမူ) ယင်းအယူအဆကို အခြေခံပြီး မိမိတို့ရဲ့အပြုအမူတို့ကို မပြုလုပ်သင့်ဘူးတဲ့။ ဘာဖြစ်လို့လဲဆိုတော့ ဘာကိုဘယ်လို "ပြဋ္ဌာန်း"ထားတယ်ဆိုတာကို လူတွေက မသိလို့ပဲတဲ့။ (One cannot base one's conduct on the idea that everything is determined because one does not know what has been determined) ဒီလို "ပြဋ္ဌာန်းစီရင်ပြီးဖြစ်တယ်"ဆိုတဲ့ အယူအဆကို (ပြဋ္ဌာန်းစီရင်ပြီးဖြစ်သော်ငြားလည်း) "အရည်များမက္ကင်းနစ်" (fluid mechanics) မှာလို ထိရောက် (အကျိုးရှိ)တဲ့ သီအိုရီကတော့ လူသားတွေမှာ မိမိလုပ်ဆောင်မှုတွေကို မိမိဘာသာ ရွေးချယ်ပိုင်ခွင့်ရှိကာ မိမိတို့ရဲ့လုပ်ဆောင်မှုတွေအတွက် မိမိတို့မှာတာဝန်ရှိတယ်လို့ဆိုတဲ့ ထိရောက်အကျိုးရှိတဲ့ ခြုံငုံပြီးမှန်ကန်တဲ့ သီအိုရီကိုယူဆကျင့်သုံးရပေမယ်တဲ့။

လူ့အဖွဲ့အစည်းအတွင်းရှိ လူသားများက မိမိတို့ရဲ့လုပ်ဆောင်မှုများအတွက် မိမိတို့မှာ တာဝန်ရှိတယ်လို့ ယုံကြည်ယူဆတဲ့ လူ့အဖွဲ့အစည်းဟာ လူ့အဖွဲ့အစည်းဝင်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်နိုင်ပြီး ဆက်လက်ရှင်သန်ရပ်တည်နိုင်ကာ မိမိလူ့အဖွဲ့အစည်းရဲ့ တန်ဖိုးတို့ကို ပြန့်ပွား "ဝေစည်" နိုင်မယ်တဲ့။ ပုရွက်ဆိတ်တို့ဟာလည်း ကောင်းစွာပူးပေါင်းဆောင်ရွက်လုပ်ကိုင်တဲ့သတ္တဝါတွေပဲတဲ့။ ဒါပေမယ့် ပုရွက်ဆိတ်အုံ "ပုရွက်ဆိတ်အဖွဲ့အစည်း"ဟာ တန့်နေတဲ့၊ တိုးတက်မှုမရှိတဲ့ အဖွဲ့အစည်းပဲတဲ့။ "ပုရွက်ဆိတ်အဖွဲ့အစည်း"ဟာ မိမိတို့နှင့်အကျွမ်းဝင်ရင်းနှီးမှုမရှိတဲ့ စိန်ခေါ်မှုများကို တုံ့ပြန်နိုင်ခြင်းလည်းမရှိ၊ အခွင့်အလမ်းအသစ်တွေကို ဖန်တီးနိုင်တဲ့ အဖွဲ့အစည်းလည်း မဟုတ်ဘူးတဲ့။ လွတ်လပ်တဲ့ မိမိကြမ္မာကို မိမိတာဝန်ယူပြီး လူပုဂ္ဂိုလ်များမှာ တူညီသော ရည်ရွယ်မျှော်မှန်းချက်များရှိပြီး တူညီသောဦးတည်ချက်ပန်းတိုင်အတွက် ပူးပေါင်းဆောင်ရွက်နိုင်ကာ အသစ်ထွင်ဆန်းသစ်မှုများကို ရုန်းကန်လုပ်ကိုင်ဆောင်ရွက်နိုင်တဲ့ အရည်အသွေးနှင့် စွမ်းပကားများရှိကာ မိမိတို့ရဲ့ တန်ဖိုး(values)များဟာ ထွန်းကားဝေစည်နိုင်ပြီး ယင်းတို့ကို ဖြန့်ဝေနိုင်ပေလိမ့်မယ်တဲ့။ ဒါကြောင့်ပဲ သိပ္ပံပညာရှင်ကြီး စတီဖင်ဟောကင်းဟာ ပြဋ္ဌာန်းစီရင်ပြီးဝါဒ(determinism)ကို အမှန်စွဲကိုင်ယုံကြည်သော်လည်း လူသားတို့မှာ Free Will ခေါ်တဲ့ ရွေးချယ်နိုင်၊ မိမိလုပ်ရပ်အတွက် မိမိတာဝန်ယူပိုင်ခွင့်ရှိဘိသည့်အလား သဘောထားအမြင်ကို ဒဿနပိုင်းဆိုင်ရာ၊ ကိုယ်ကျင့်တရားနှင့် ကိုယ်ကျင့်ပညာဆိုင်ရာ၊ ဥပဒေဆိုင်ရာကိစ္စရပ်အားလုံးမှာ စွဲကိုင်ယုံကြည်ကျင့်သုံးရမှာဖြစ်ကြောင်း တင်ပြခဲ့တာပါ။

**အချပ်ပို (ဆ) သို့ »**

» အချပ်ပို (စ) မှ

### စတီဖင်ဟောကင်းရဲ့ ရာဇဝတ်မှုများတွင် လျှော့ပေါ့၍ တာဝန်ခံ၊ တာဝန်ယူစေမှု (diminished responsibility) နှင့်စပ်လျဉ်းတဲ့သဘောထားအမြင်

ဒီတော့ တစ်ခေါက်ပြန်ကောက်ရမယ်ဆိုလျှင် စတီဖင်ဟောကင်းဟာ "ပြဋ္ဌာန်းစီရင်ပြီး" အယူအဆ (determinism)ကို ယုံကြည်သူဖြစ်သော်လည်း လူတို့မှာ မိမိလုပ်လိုရာကို မိမိဘာသာ လွတ်လပ်စွာရွေးချယ် ပြုလုပ်ပိုင်ခွင့်မရှိသော်လည်း လူ့အပြုအမူတို့ကို အကဲဖြတ်၊ သုံးသပ်၊ ဆုံးဖြတ်ချက်ချရာမှာ လူတို့မှာ Free Will ရှိဘိသည့်အလား သဘောထားအမြင်ကို အခိုင်အမာကိုင်စွဲပြီး "လောကီထုပ္ပတ် လူတို့ဇာတ်" ကို "ကပြ" ရပေလိမ့်မယ်လို့ ယူဆကြောင်း တစ်ခါထပ်ပြီး တင်ပြလိုပါတယ်။

မိမိလုပ်ဆောင်ခွင့်ကို မိမိတို့ဘာသာ မိမိတို့ "လွတ်လပ်စွာ" ရွေးချယ်ပြီး လူတို့ဟာ ဆောင်ရွက်မယ်ဆိုတဲ့ ဒဿနအမြင်ဟာ ရာဇဝတ်ဥပဒေ (Criminal Law) မှာ အကျိုးသက်ရောက်မှုများရှိပါတယ်။ စတီဖင်ဟောကင်းက သူ့ဆောင်းပါးအစမှာ ဖော်ပြထားတဲ့ ဥပမာကိုပဲ ပြန်လည်တင်ပြရလျှင် လူတစ်စုံတစ်ဦးရဲ့ "ကံကြမ္မာ" (ပဲဆိုပါတော့)အရ သူဟာ ဘဏ်တို့ကို ဓားပြတိုက်ဖို့ "ပါ"လာပြီး ဖြစ်နေလျှင်သူ့ကို "ဓားပြတိုက်မှု"အတွက် ဘယ်လိုလုပ်သွားပြီး အပြစ်ပေးဖို့သင့်တော်ပေမလဲတဲ့။ သူ့ကြမ္မာက "ဘဏ်ကိုဓားပြတိုက်ဖို့ ပြဋ္ဌာန်းစီရင်ပြီး" ဖြစ်နေတာကိုးလို့ စတီဖင်ဟောကင်းက သူ့ရဲ့ ဆောင်းပါးကနဦးမှာ ဖော်ပြထားတဲ့ (တစ်နည်းအားဖြင့် ဆိုလျှင်) "နောက်ပြောင်ကျီစယ်"တဲ့ သဘောမျိုးနှင့် "အမေး(မေးခွန်းထုတ်)"ခဲ့တာကို သူကိုယ်တိုင်ပဲ ဆောင်းပါးရဲ့ နောက်ပိုင်းမှာ "ဖြေ"ထားတဲ့ "အဖြေ"ကိုတော့ အထက်မှာ တစ်ကြိမ်မကပြန်လည်တင်ပြပြီးပါပြီ။ ဒါကို "ဘဏ်ဓားပြတိုက်မှု"နှင့်စပ်လျဉ်းပြီး ရေးရလျှင် စတီဖင်ဟောကင်းဟာ ဘဏ်ဓားပြတိုက်သူကို (အားလုံးသောအခြေအနေများမှာ) အပြစ်ပေးရမယ်လို့ ယုံကြည်သူတစ်ဦးဖြစ်ဟန်တူပါတယ်။

စတီဖင်ဟောကင်းဟာ သူ့ရဲ့ဆောင်းပါးမှာ သိပ္ပံအဖြစ်အပျက်တွေကို အခြေခံပြီး Free Will မရှိဘူးလို့ တင်ပြခဲ့ပေမယ့် သိပ္ပံပညာရဲ့ အခြေခံဥပဒေသများ (fundamental laws of science) နှင့် လူ့အပြုအမူတို့ကို လေ့လာခြင်း (study of human behaviour) ကို သီးခြားစီဖြစ်တဲ့ ကဏ္ဍရပ်များ (compartments) အနေနဲ့ ခွဲခြားထားရမယ်တဲ့။ ဒီတော့ စတီဖင်ဟောကင်းရဲ့ ဆောင်းပါးပါ နောက်ပိုင်းရေးသားချက်များအရ ဘဏ်ဓားပြတိုက်သူအားလုံး (အားလုံး)ကို (ဥပဒေအရလျှော့ပေါ့စဉ်းစားမပေးဘဲ) သူတို့ရဲ့ "လုပ်ဆောင်မှု" တွေအတွက် သူတို့မှာ တာဝန်ရှိတယ်လို့ ယူဆကာ (ခြွင်းချက်မထားဘဲ) အပြစ်ပေးရမယ်ပေါ့။

အထက်စာပိုဒ်မှာ ဘဏ်ဓားပြတိုက်သူအားလုံးကို (အားလုံးကို) ခြွင်းချက်မပေးဘဲ (ခြွင်းချက်မပေးဘဲ) စာတိုစာပိုဒ်တွေကို အလေးပေးဖော်ပြခဲ့ပါတယ်။

ဗြိတိသျှဥပဒေစနစ်အပေါ်မှာ အဓိကအခြေခံတဲ့ဥပဒေစနစ် (Common Law) ဥပဒေစနစ်မှာကော ဥရောပဥပဒေစနစ် (Civil Law Legal system) နှင့် အခြားဥပဒေစနစ်များမှာပါ အချို့သော လူပုဂ္ဂိုလ်များဟာ တချို့သော အခြေအနေများမှာသာ (certain persons in certain circumstances only) ရာဇဝတ်မှုတို့ကို ကျူးလွန်ခဲ့လျှင် လျှော့ပေါ့ "စဉ်းစားပေးပြီး" သူ/သူမရဲ့ ဥပဒေအရ တာဝန်ရှိမှုဟာ (ရာဇဝတ်မှုကျူးလွန်သူတရားခံ) အတွက် (သာမန်လူများထက်စာလျှင်) လျှော့ပေါ့စွာ တာဝန်ရှိတဲ့အတွက်ကြောင့် ထိုရာဇဝတ်တရားခံများကို တရားစွဲအပြစ်ပေးရာမှာ လျှော့ပေါ့စရာတို့ကို ထည့်တွက်ပေးကာ လျှော့ပေါ့အပြစ်ဒဏ်ပေးသင့်ကပေးရမယ် (သို့မဟုတ်) ရာဇဝတ်အပြစ်ဒဏ်ပေးစရာပင်မလိုဆိုတဲ့ ဥပဒေအယူအဆရှိပါတယ်။ (Concept of diminished responsibility in Criminal Law)

သို့သော်လည်း စတီဖင်ဟောကင်းအနေနဲ့တော့ သူ့ဆောင်းပါးပါ တိုတောင်းတဲ့မှတ်ချက်လေးတစ်ခုကို ဖတ်ရှုပြီး ရေးရလျှင် တချို့သော ပုဂ္ဂိုလ်များဟာ (ဥပမာ-စိတ်မနှံ့၊ စိတ်ပေါ့သွပ်သူ၊ စိတ်ကျန်းမာရေး ချို့ယွင်းနေသူများ) ဟာ ရာဇဝတ်မှုတစ်မှုတစ်ခုကို ကျူးလွန်ခဲ့လျှင် သူတို့ဟာ သူတို့ကိုယ်သူတို့ "မပိုင်"တဲ့အတွက် ကျန်လူ့အဖွဲ့အစည်းက (တစ်နည်းဥပဒေအမြင်အရ) ယင်းသူတို့ရဲ့ ပြုမူချက်များဟာ ရာဇဝတ်မှုကို ကျူးလွန်ပင်ကျူးလွန်ခဲ့သော်ငြားလည်း သူတို့ရဲ့ လုပ်ဆောင်မှုဟာ ပြစ်မှုမမြောက်(မမြောက်) (not guilty of a criminal offence) နှင့် ယင်းသူများဟာ သူတို့ရဲ့ပြုလုပ်ချက်များအတွက် ဥပဒေအရ တာဝန်မရှိဆိုတဲ့ ဥပဒေသ ရှိပါတယ်။ တစ်နည်းနည်းနှင့် (ဥပဒေအရ) တာဝန်ရှိသည့်တိုင် သူတို့ကို ပြစ်ဒဏ်သတ်မှတ်ရာမှာ "လျှော့ပေါ့စဉ်းစား"ပြီး ပြစ်ဒဏ်သတ်မှတ်သင့်တယ်ဆိုတာ ဗြိတိသျှဥပဒေစနစ်ပေါ်မှာ အဓိကကျကျအခြေခံတဲ့ ဗြိတိန်နိုင်ငံရှိ ပြဋ္ဌာန်းဥပဒေ (ဤတစ်ခါတွင် "ပြဋ္ဌာန်းစီရင်ပြီး အယူအဆ" မဟုတ်) များမှာကော စီရင်ထုံးများမှာပါ အခိုင်အမာတွေ့ရှိရတဲ့အတွက် ယင်းအယူအဆကို တည်တံ့ခိုင်မြဲတဲ့ ဥပဒေသဘောတရား (settled law) ဖြစ်နေပါပြီ။ ယင်းဥပဒေ သဘောတရားကို ဗြိတိန်နိုင်ငံရှိ ပြဋ္ဌာန်းဥပဒေနှင့်စီရင်ထုံးများတွင်သာမက ဗြိတိသျှဥပဒေစနစ်ကိုတစ်စိတ်တစ်ပိုင်းအားဖြင့် တချို့ဥပဒေခွဲတွေမှာ အခြေခံကျင့်သုံးတဲ့ ကိုလိုနီခေတ်နှင့် လွတ်လပ်ရေးရပြီး ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ ပြဋ္ဌာန်းဥပဒေနှင့် စီရင်ထုံးတို့မှာလည်း တွေ့ရှိနိုင်ပါတယ်။

စတီဖင်ဟောကင်းက အထက်မှာ ဖွင့်ဆိုတင်ပြထားတဲ့ ဥပဒေအရ တာဝန်မရှိမှု (သို့မဟုတ်) ဥပဒေအရ လျှော့ပေါ့၍ တာဝန်ရှိမှု (diminished responsibility) သဘောတရားကို လက်ခံချင်ပုံမရပါဘူး။ စတီဖင်ဟောကင်းက တချို့သော ရာဇဝတ်မှုကျူးလွန်လို့ တရားစွဲဆိုခံရသူများဟာ သူတို့အနေနဲ့ ပြင်ပက "ဖိအား"တွေ စိတ်ဖိစီးမှုတို့ကြောင့် (သာ) ရာဇဝတ်မှုတို့ကို ကျူးလွန်ခဲ့(ရ) တဲ့အတွက် သူတို့ကို အပြစ်ဒဏ်မပေးသင့်ဘူး။ အပြစ်ဒဏ်ပေးလျှင်လည်း လျှော့ပေါ့ပြီးမှ အပြစ်ဒဏ်သာပေးသင့်တယ်ဆိုတဲ့ (diminished responsibility) အယူအဆကို လက်မခံပါဘူး။

လူတစ်စုံတစ်ဦးဟာ စိတ်ဖိစီးမှုဒဏ်ခံနေရလျှင် လူမှုအသိုင်းအဝိုင်းကို ဆန့်ကျင်တဲ့အပြုအမူများ (anti social acts) တို့ကို ပြုမူဖွယ်ရာ အခြေရှိတယ်ဆိုတာမှန်ပါတယ်တဲ့။ သို့သော် ထို "စိတ်ဖိစီးမှု"ကြောင့် ရာဇဝတ်မှုကျူးလွန်သူတွေကို အပြစ်ဒဏ်လျှော့ပေါ့ပေး (ရ)မယ်ဆိုလျှင် ထိုရာဇဝတ်ပြစ်မှုများကို ကျူးလွန်နိုင်ခြေဖြစ်ဖို့ လမ်းဖွင့်ပေးသလို ဖြစ်နေမှာပေါ့လို့ စတီဖင်ဟောကင်းက မှတ်ချက်ပြုပါတယ်။

စတီဖင်ဟောကင်းရဲ့ အာဘော် (သို့မဟုတ်) ဆိုလိုရင်းက စိတ်မနှံ့လို့၊ ရောဂါဖိစီးလို့၊ တချို့သော အခြေအနေများမှာ အရက်သေစာမူးယစ်သောက်စား(မိ)လို့ ရာဇဝတ်မှုကိုကျူးလွန်ခဲ့ (မိ)သူများဟာ သူတို့စိတ် (နှင့်ရုပ်) ကိုသူတို့ မနိုင်လို့၊ မထိန်းသိမ်းနိုင်လို့ (they can't help it) လို့ အပြစ်မပေးဘူးဆိုလျှင် ကျန်လူများ၊ အနည်းဆုံးတော့ ရာဇဝတ်ကျူးလွန်သူအားလုံးဟာလည်း ပြဋ္ဌာန်းစီရင်ပြီး ဝါဒအယူအဆအရ ထိုသူများဟာလည်း သူတို့ကိုယ်သူတို့ ရာဇဝတ်မှုကျူးလွန်ခြင်းမှ ရှောင်ကြဉ်လို့မရတဲ့ (မရတဲ့) အခြေအနေကိုရောက်အောင် "ပြဋ္ဌာန်းစီရင်ပြီး" ဖြစ်တဲ့အတွက် သူတို့ကိုလည်း ဥပဒေအရ တာဝန်ရှိမှုအဖြစ်မှ လွတ်ကင်းလျော့ပါးခွင့်မပေးသင့်ဘူးလားလို့ဆိုတဲ့ မေးခွန်းမှတ်ချက်နှင့် စတီဖင်ဟောကင်းက diminished responsibility အယူအဆကို သုံးသပ်ဝေဖန်ထားပါတယ်။

**ပြဋ္ဌာန်းဥပဒေများမှာရော၊ စီရင်ထုံးဥပဒေများအရပါ စိတ်မနှံ့သူဟု တင်ပြတိုင်း၊ စိတ်ဖိစီးမှုဝေဒနာကို ခံစားနေရပါတယ်လို့ ပြောဆိုတင်ပြတိုင်း တရားရုံးများက ပြစ်မှုမမြောက်၊ ပြစ်မှုမြောက်သည့်တိုင်အောင် ပြစ်ဒဏ်မှလျှော့ပေါ့ပေးတာမဟုတ်ပါ။ မှုခင်းကြောင်းခြင်းရာအဖြစ်အပျက်၊ ပြဋ္ဌာန်းဥပဒေပါ အချက်အလက်များ၊ မှုခင်းကြောင်းခြင်းရာ အချက်အလက်များကို မူတည်ပြီး ပြစ်မှုမြောက်၊ မမြောက်ကို တရားရုံးများက ဆုံးဖြတ်ပေးတာပါ။**

ဥပဒေအရ တာဝန်ရှိစေမှုမှ ကင်းလွတ်ခွင့်ပြု (သို့မဟုတ်) လျှော့ပေါ့စေခြင်း အယူအဆ (diminished responsibility)ကို သာမန်အားဖြင့် ဥပဒေအရ စိတ်မနှံ့သူများ (legally insane persons) တို့ကို သာမက ရုပ်ရောဂါဝေဒနာတချို့ (physical illness) စိတ်ကျန်းမာရေးချို့ယွင်းမှု (mental stress) ကြောင့် စိတ်မနှံ့မဟုတ်သော်လည်း စိတ်ဖိစီးမှုဒဏ်ခံစားနေရသူများ၊ စိတ်ဖိစီးမှုဒဏ်ကြောင့် တချို့သောအခါများမှာ ဆေးဝါးသုံးစွဲမှုရဲ့ ရလဒ်အရ ရာဇဝတ်မှုကျူးလွန်သူတို့ကို ပြဋ္ဌာန်းဥပဒေများကို အခြေခံပြီး အင်္ဂလန်နိုင်ငံရှိ တရားရုံးများသာမက အခြားဗြိတိသျှဥပဒေစနစ်ကို တစ်စိတ်တစ်ဒေသအားဖြင့် ကျင့်သုံးတဲ့နိုင်ငံများမှာ ယခုထက်တိုင်အောင် တချို့အခြေအနေများမှာ ကင်းလွတ်ခွင့်ပေးတုန်း၊ လျှော့ပေါ့ပြစ်ဒဏ်သတ်မှတ်တုန်းပါပဲ။

ဒီမှာရေးရမှာက ပြဋ္ဌာန်းဥပဒေများမှာရော၊ စီရင်ထုံးဥပဒေများအရပါ စိတ်မနှံ့သူဟု တင်ပြတိုင်း၊ စိတ်ဖိစီးမှုဝေဒနာကိုခံစားနေရပါတယ်လို့ ပြောဆိုတင်ပြတိုင်း တရားရုံးများက ပြစ်မှုမမြောက်၊ ပြစ်မှုမြောက်သည့်တိုင်အောင် ပြစ်ဒဏ်မှလျှော့ပေါ့ပေးတာမဟုတ်ပါ။ မှုခင်းကြောင်းခြင်းရာအဖြစ်အပျက်၊ ပြဋ္ဌာန်းဥပဒေပါ အချက်အလက်များ၊ မှုခင်းကြောင်းခြင်းရာအချက်အလက်များကို မူတည်ပြီး ပြစ်မှုမြောက်၊ မမြောက်ကို တရားရုံးများက ဆုံးဖြတ်ပေးတာပါ။ တချို့သော ခြွင်းချက်အခြေအနေများ (exceptional situations) တို့မှာသာလျှင် စတီဖင်ဟောကင်းရဲ့ "မိခင်နိုင်ငံ"ဖြစ်တဲ့ ဗြိတိသျှရှိ တရားရုံးများဟာ diminished responsibility အယူအဆကို ကျင့်သုံးပြီး အနည်းငယ်မျှသော တရားခံတို့ကိုသာ ပြစ်ဒဏ်မှကင်းလွတ်ခွင့်ပေး၊ လျှော့ပေါ့ အပြစ်ဒဏ်ပေးတာပါ။

မျှမျှတတရေးရလျှင် စတီဖင်ဟောကင်းကိုယ်တိုင်ကပင်လျှင် diminished responsibility နှင့်စပ်လျဉ်းတဲ့ သူ့ရဲ့မိန့်မှတ်ချက် (ကမ္ဘာကျော်သိပ္ပံပညာရှင်ကြီးဆိုတော့ "မိန့်မှတ်ချက်"လို့ ရေးတာသင့်တင့်ပါလိမ့်မယ်ထင်ပါတယ်) (သို့မဟုတ်) သဘောထားအမြင်ကိုသာ "ပြဋ္ဌာန်းစီရင်ပြီး" အယူအဆအကြောင်းကိုတင်ပြစဉ် "ခရီးသွားရင်းဟန်လွှဲ" ရေးသားခဲ့ခြင်းဖြစ်ပါတယ်။ စတီဖင်ဟောကင်းကိုယ်တိုင်ကလည်း diminished responsibility အယူအဆကို ဖျက်သိမ်းဖို့ ဆက်လက်မကျင့်သုံးဖို့ သူ့ရဲ့ဆောင်းပါးမှာ "ပေါ်တင်" တင်ပြထားတာမဟုတ်ပါ။

### အမေရိကန်ပြည်မှ နာမည်ကြီး "ဘဏ်ဓားပြတိုက်မှု" တစ်ရပ်နှင့် လျှော့ပေါ့စေသော အပြစ်ဒဏ်မပေးခဲ့မှု(မပေးခဲ့မှု) အကြောင်း

အထက်ပါစာပိုဒ်တစ်ပိုဒ်မှာ "ဘဏ်ကိုဓားပြတိုက်ခြင်း"မှာ ဘဏ်ကိုဓားပြတိုက်သူ၊ သူ(မ)အတွက် ပြဋ္ဌာန်းစီရင်ပြီးဖြစ်တာမို့ ဓားပြတိုက်သူ (သူမ)ဟာ "အပြစ်မရှိပါဘူး" အပြစ်မပေးသင့်ပါဘူးဆိုတဲ့ တင်ပြချက်နှင့် "နွယ်တဲ့" ခုခံချေပ လျှောက်လဲချက်တစ်ရပ်ကို ၁၉၇၆ ခုနှစ်က ဗြိတိသျှ (သို့မဟုတ်) အင်္ဂလိပ်ဥပဒေစနစ်ကို တစ်စိတ်တစ်ဒေသကျင့်သုံးတဲ့ အမေရိကန်ပြည်ထောင်စုရဲ့ တရားရုံးတစ်ရုံးမှာ လျှောက်လဲတင်ပြခဲ့တာကို အမေရိကန်တရားရုံးက လက်မခံ (လက်မခံ)ခဲ့တဲ့ အမှုတစ်ခု၊ အမှုတစ်မှုရှိခဲ့ပါတယ်။ အတော်အသင့် နာမည်ကြီးခဲ့တဲ့အမှုပါ။

၁၉၇၄ ခုနှစ် ဖေဖော်ဝါရီလမှာ အမေရိကန်ပြည်ရှိ သန်းကြွယ်သူဌေးတစ်ဦး Willian Randolph Hearst ရဲ့ မြေးတစ်ဦးဖြစ်သူ ပက်တီဟပ်(စ်) (Patty Hearst) (၂၀ ဖေဖော်ဝါရီ ၁၉၇၄ မွေးဖွား)ကို အမေရိကန် (အခုအခေါ်အရ) "အကြမ်းဖက်သမား" အဖွဲ့တစ်ဖွဲ့ကပြန်ပေးဆွဲခဲ့တယ်။ Patty Hearst ဟာ သူ(မ)ထိုသို့ "ပြန်ပေးဆွဲဓားစာခံ" (hostage) လုပ်ခံနေတဲ့ ကာလတစ်လျှောက်မှာ မုဒိမ်းကျင့်ခံရခြင်း Symbionese Liberation Army လို့ခေါ်တဲ့ အကြမ်းဖက်အုပ်စုဝင်များရဲ့ အင်္ဂလိပ်ဘာသာစကားနှင့် brain wash လို့ခေါ်တဲ့ အကြမ်းဖက်အုပ်စုရဲ့ နိုင်ငံရေးရာ၊ သဘောတရားရေးရာ (ideology)တို့ကို လက်ခံယုံကြည်ကျင့်သုံးလာအောင် ဦးနှောက် "မှိုင်းတိုက်ခံရခြင်း"တို့ ပြုလုပ်ခံရတယ်လို့ Patty Hearst က ဆိုပါတယ်။

၁၉၇၄ ခုနှစ် ဖေဖော်ဝါရီလက ပြန်ပေးဆွဲခံရအပြီး နှစ်လခန့်အကြာမှာ Patty Hearst က သူ(မ)ရဲ့ နာမည်ကို "Tania"လို့ခေါ်တဲ့ "တော်လှန်ရေး" နာမည်ကို ပြောင်းခဲ့တယ်။ ၁၉၇၄ ခုနှစ် ဧပြီလမှာ ဘဏ်တစ်ဘဏ်ကို အနုကြမ်းစီးဓားပြတိုက်ရာမှ "Tania" ဟာ သေနတ်ကိုင်ပြီး ဘဏ်ကိုဓားပြတိုက်ခဲ့တယ်။ သူ(မ)သေနတ်ကိုကိုင်ပြီး ဓားပြတိုက်နေပုံကို ဘဏ်ရဲ့ CCTV (လို့ခေါ်နိုင်မယ့်) ဗီဒီယိုမှတ်တမ်းဓာတ်ပုံတွေမှာ တွေ့နိုင်တယ်။ ၁၉၇၅ ခုနှစ် စက်တင်ဘာလမှာ "Tania" ခေါ် Patty Hearst ကို ဖမ်းဆီးရမိတယ်။ ၁၉၇၆ ခုနှစ် ဖေဖော်ဝါရီလထဲမှာ Patty Hearst ကို ရာဇဝတ်ကြောင်းအရ ဓားပြမှုအတွက် တရားစွဲတော့ သူ(မ)ရဲ့ရှေ့နေတွေက သူ(မ)ဟာဦးနှောက်မှိုင်းတိုက်ခြင်း brain wash ခံရလို့ ဒီလိုဓားပြတိုက်ခဲ့ရတာပါ။ သူ(မ)မှာ ဥပဒေအရ တာဝန်မရှိတဲ့အတွက်ကြောင့် အပြစ်မပေးသင့်ပါဘူးဆိုပြီး လျှောက်လဲတင်ပြတယ်။ သို့သော်လည်းပဲ "Tania" ရဲ့ ဓားပြတိုက်မှုမှာ ပါဝင်ခဲ့တဲ့ကာလ မတိုင်မီကနှင့် ဓားပြတိုက်ပြီးနောက်ပိုင်းအချိန်ကာလအတွင်းများမှာပင်လျှင် သူ(မ) "ဦးနှောက်မှိုင်းတိုက်ခြင်း" ခံရတယ်ဆိုတဲ့ ပြောဆိုချက်ဟာ မဟုတ်ဘူးလို့ Patty Hearst ကိုယ်တိုင်က အတိအလင်းပြောကြားချက်များနှင့်သူ(မ)ကို မုဒိမ်းကျင့်ခဲ့ပါတယ်ဆိုတဲ့ အကြမ်းဖက်အဖွဲ့ဝင်တစ်ဦးက သူ(မ)ကိုပေးတဲ့ လက်ဆောင်ပစ္စည်းတို့ကို သူ(မ)ကို ဖမ်းဆီးခဲ့စဉ်အချိန်က သူ(မ)ဟာ "တယုတယ" သိမ်းဆည်းထားတာကို တွေ့ရှိခဲ့ရတဲ့အတွက်၊ တရားခွင်မှာ သူမရဲ့ ထွက်ဆိုချက်များဟာ ရှေ့နောက်မညီတာကို ဂျူရီလူကြီးများက တွေ့ရှိခဲ့တဲ့အတွက်နှင့် အခြားသက်သေများထွက်ချက်များပေါ်မှာ အခြေခံပြီး Patty Hearst ရဲ့ရှေ့နေများက တင်ပြတဲ့ (diminished responsibility)ဆိုင်ရာဥပဒေသ (သို့မဟုတ်)စံ (Standard) လို့ခေါ်ဆိုနိုင်တဲ့ ခုခံတင်ပြချက်ကို ဂျူရီလူကြီးများက လက်မခံဘဲ Patty Hearst ခေါ် "Tania" ကိုအပြစ်ရှိတယ်လို့ ဆုံးဖြတ်ကာ အမှုစစ်တရားသူကြီးက Patty Hearst ကို ထောင်ဒဏ် ခုနစ်နှစ်ချမှတ်အပြစ်ပေးခဲ့ပါတယ်။ ၁၉၇၈ ခုနှစ်ခန့်က ထိုစဉ်က အမေရိကန်ပြည်ထောင်စု သမ္မတဂျင်မီကာတာ Jimmy Carter က Patty Hearst ကို သူ(မ)ရဲ့ ထောင်ခုနစ်နှစ်ကျရှိပြီး နှစ်နှစ်ခွဲခန့်အကြာမှာ လွတ်ငြိမ်းချမ်းသာခွင့်အရ သမ္မတအမိန့်နှင့်လွတ်ခဲ့ပါတယ်၊ နောင်မှာလည်း ထိုစဉ်က သမ္မတ ဘီလ်ကလင်တန် (Bill Clinton) အမိန့်နှင့်ပဲ Patty Hearst ကို အပြစ်ဒဏ်အားလုံးမှ လုံးဝခွင့်လွှတ်၊ ကင်းလွတ်ခွင့်ကို ၂၀၀၁ ခုနှစ်ကထုတ်ပြန်ကြေညာခဲ့တယ်။

Patty Hearst ရဲ့ "ဘဏ်ဓားပြတိုက်မှု"ကို ရေးသားခဲ့တာက စတီဖင်ဟောကင်းက ဘဏ်ကိုဓားပြတိုက်တာဟာ "ပြဋ္ဌာန်းစီရင်ပြီး" ဖြစ်နေလို့ ဘဏ်ကို ဓားပြတိုက်ဖြစ်တာပါလို့ သူ့ဆောင်းပါးရဲ့ အစမှာ "ဟာသဉာဏ်"ရွှင်ပြီး (ဆိုရမလားပဲ) ရေးခဲ့လို့ ဘဏ်ဓားပြတိုက်မှုတွေက ထင်ရှားတဲ့အမှုတစ်ခုဖြစ်တဲ့ အမှုမှာ "ပြဋ္ဌာန်းစီရင်ပြီးဖြစ်တယ်"ဆိုတဲ့ တရားခံဘက်က ခုခံချေပချက်ကို လုံးဝ အသုံးမပြုခဲ့သော်လည်း diminished responsibility နှင့် နွယ်တယ်လို့ခေါ်ဆိုနိုင်တဲ့ ရာဇဝတ်ဥပဒေအရ တာဝန်မရှိ (မရှိ) မှုဆိုတဲ့ "အကြောင်းပြချက်" ကိုတော့ Patty Hearst ရဲ့ တရားခံရှေ့နေများဟာ အမေရိကန်တရားရုံးတစ်ရုံးမှာတင်ပြခဲ့သော်လည်း တရားရုံး ဂျူရီလူကြီးများနှင့် တရားသူကြီးတို့က ယင်းတင်ပြချက်ကို လက်မခံခဲ့ကြောင်း ဖော်ပြလိုပါတယ်။

အထက်မှာ ရေးခဲ့တဲ့အတိုင်းပဲ စတီဖင်ဟောကင်းဟာ diminished responsibility ဥပဒေသအယူအဆကို လက်မခံလိုကြောင်းကို သူ့ရဲ့ "အရာရာဟာ ပြုပြင်ပြဋ္ဌာန်းပြီးဖြစ်သလား"ဆိုတဲ့ ဧပြီ၊ ၁၉၉၀ ပြည့်နှစ်က ဟောပြောချက်မှာ "ခရီးသွားရင်းဟန်လွှဲ" အနေနှင့်သာ မှတ်ချက်ပြုခဲ့တာဖြစ်ပါတယ်။

ဥပဒေပညာရှင်များ၊ ရှေ့နေရှေ့ရပ်များ၊ တရားသူကြီးများ၊ ကိုယ်ကျင့်တရားနှင့်ကိုယ်ကျင့်ပညာဆိုင်ရာ ဒဿနပညာရှင်များ၊ သိမှုဗေဒ (epistemology) နှင့် ရှိမှုဗေဒ(ontology) ဆိုင်ရာ ဒဿနပညာရှင်များ စသည်တို့က စတီဖင်ဟောကင်းရဲ့ diminished responsibility ဥပဒေသအယူအဆအပေါ်ထားရှိခဲ့တဲ့ သူ့ရဲ့သဘောထားအမြင်ကို သတင်းစာ၊ ဂျာနယ်၊ ပညာရပ်ဂျာနယ်တို့မှာ မှတ်ချက်ပြုထားခြင်း၊ သုံးသပ်ရေးသားထားခြင်း ရှိ၊ မရှိကို ကျွန်တော်မသိပါ။

စာရေးသူသိတာကတော့ စတီဖင်ဟောကင်းက diminished responsibility ဥပဒေသအယူအဆကို သူ့ရဲ့ဆောင်းပါးမှာ "ဝေဖန်ချက်"လို့ ခေါ်ဆိုနိုင်တဲ့ တင်ပြမှုကိုပြုခဲ့သော်လည်း သူနိုင်ငံသားဖြစ်တဲ့ ယူနိုက်တက်ကင်းဒမ်း (United Kingdom) နိုင်ငံရဲ့ဥပဒေစနစ်မှာ diminished responsibility ဥပဒေအယူအဆကို ပြဋ္ဌာန်းဥပဒေဖြင့် ဖျက်သိမ်းခြင်းတော့မရှိခဲ့ပါဘူး၊ မရှိသေးပါဘူး။ သိပ္ပံပညာရှင်ကြီး စတီဖင်ဟောကင်းရဲ့ ၁၉၉၀ ပြည့်နှစ် ဧပြီလက ဟောပြောမှုရဲ့ အဓိကသော့ချက်စကားနှင့် အယူအဆကို "ယူ" ပြီးသုံးစွဲရမည်ဆိုလျှင် ဗြိတိသျှစတက်ကျူ(Statutory Law) (ပြဋ္ဌာန်း) ဥပဒေမှာ ပြဋ္ဌာန်းထားပြီး ရာဇဝတ်ပြစ်မှုဥပဒေတစ်ရပ်ဖြစ်တဲ့ တချို့သော (ခြွင်းချက်) အခြေအနေများမှာ လူတစ်စုံတစ်ဦးရဲ့ ရုပ်ဖိစီးမှု၊ စိတ်ဖိစီးမှုတို့ကြောင့် ရာဇဝတ်မှုတို့ကို ကျူးလွန်ခဲ့လျှင် ရာဇဝတ်ဆိုင်ရာဥပဒေအရ တာဝန်မရှိ (သင့်)ဘူး၊ လျှော့ပေါ့စဉ်းစားအပြစ်ဒဏ်ပေးသင့်တယ်ဆိုတဲ့ ဥပဒေသကို (ဗြိတိသျှ) ပြဋ္ဌာန်းဥပဒေနှင့်အခြားဥပဒေစနစ်များရဲ့ ပြဋ္ဌာန်းချက်များမှာကော မဖျက်သိမ်း (မဖျက်သိမ်း)သေးတာက ဒီလိုပဲဖြစ်နေ(သေး)ဖို့ "ပြဋ္ဌာန်းစီရင်ပြီး" သားဖြစ်နေလို့ပဲထင်ပါရဲ့။

### ကြုံလှီချည့်နဲ့တဲ့ခန္ဓာကိုယ်မှ စကြဝဠာဆိုင်ရာသီအိုရီများ ဖော်ထုတ်ခဲ့သူ စတီဖင်ဟောကင်း

သူ့ရဲ့ကြုံလှီ၊ ချည့်နဲ့ "ဒုက္ခိတ" ဖြစ်နေတဲ့ ခန္ဓာကိုယ်သာရှိသော်လည်း စိတ်ဉာဏ်စွမ်းအားဖြင့် "မိုးသို့" (ကောင်းကင်သို့) သာမက စကြဝဠာဆိုင်ရာသီအိုရီ၊ သိပ္ပံဆိုင်ရာ ဖော်ထုတ်တွေ့ရှိချက်တို့ကို ကမ္ဘာတစ်လွှားမှာ ပျံ့နှံ့အောင် စွမ်းစွမ်းတမံစွမ်းဆောင်ခဲ့တဲ့ ကွယ်လွန်သူ သိပ္ပံပညာရှင်ကြီး စတီဖင်ဟောကင်းကို ဤဆောင်းပါးဖြင့် ဂါရဝပြုပါတယ်။ ။

# လသာမြို့နယ်၌ နောက်ဖေးလမ်းကြားဥယျာဉ်ဖွင့်

**ရန်ကုန် ဧပြီ ၉**

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် (၃၁)လမ်းနှင့် ဗိုလ်ချုပ်လမ်းကြား(အလယ်ဘလောက်)၌ နောက်ဖေးလမ်းကြား ဥယျာဉ်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၇ ရက် နံနက် ၈ နာရီခွဲတွင် ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒေါ်ချိုချိုထွန်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့် မြို့တော်ဝန်တို့က လမ်းကြား ဥယျာဉ်ဖွင့်ပွဲ အဖွင့်အမှာစကားပြောကြားပြီးနောက် Deloitte မှ တာဝန်ရှိသူတစ်ဦးက အမှတ်တရစကားပြောကာ ဒို့အိမ်အသင်းမှ မစ္စအမ်မလီက ပူးပေါင်းဆောင်ရွက်နိုင်မှုနှင့် ပတ်သက်၍ ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၊ မြို့တော်ဝန်၊ တိုင်းဒေသကြီး အမှတ်(၁) လွှတ်တော် ကိုယ်စားလှယ် ဦးသန်းနိုင်ဦးနှင့် မြို့နယ်တာဝန်ရှိသူများသည် ဖွင့်ပွဲနောက်ဖေးလမ်း တစ်လျှောက် ကြည့်ရှုခဲ့ကြသည်။

ရန်ကုန်မြို့တွင်းရှိ နောက်ဖေးလမ်းကြားများ သန့်ရှင်းသာယာလှပကာ မြို့ပေါ်နေပြည်သူများ ကျန်းမာပျော်ရွှင်စေပြီး ရှုချင်စဖွယ်ဖြစ်စေရန်နှင့် ပတ်ဝန်းကျင်သာယာလှပရေးနှင့် စည်းကမ်းရှိသည့် လူမှုအခြေအနေကို တန်ဖိုးထားကြစေရေး ရည်ရွယ်လျက် ယခုကဲ့သို့ ဖော်ဆောင်ရခြင်းဖြစ်ကြောင်း "မိမိမြို့တော် သာယာလှပရေး အားလုံးဝိုင်းဝန်း ဆောင်ရွက်ပေး"ဆိုသည့် အသိစိတ်ဖြစ်စေရန်ရည်ရွယ်လျက် နောက်ဖေးလမ်းကြားများ သန့်ရှင်းသာယာ ဥယျာဉ်တစ်ခု သဖွယ် ရှုချင်ဖွယ်ဖြစ်အောင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုကြီးစိုး(ဆိပ်ကမ်း)**

# ရွှေရတုအကြို အထိမ်းအမှတ် ရွှေသွေးအထူးထုတ် ၂၀၁၈ ထွက်ရှိ




စာပေဗိမာန်သည် ကလေးသူငယ်များအတွက် ရည်ရွယ်၍ ရွှေသွေးဂျာနယ်ကို ၄-၁-၁၉၆၉ ရက်မှစ၍ အပတ်စဉ် စနေနေ့တိုင်း ထုတ်လုပ်ဖြန့်ချိလျက်ရှိရာ မြန်မာနိုင်ငံ ကလေးစာပေလောကတွင် သက်တမ်းအရှည်ကြာဆုံး ဂျာနယ် တစ်စောင်ဖြစ်သည့်အပြင် ကလေး၊ လူကြီးအားလုံး စွဲမက်စွာဖတ်ရှုအားပေးသော ဂျာနယ်တစ်စောင်လည်း ဖြစ်ပါသည်။ စာပေဖွံ့ဖြိုးရေးလုပ်ငန်းများကို ခေတ်အဆက်ဆက်တွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသော စာပေဗိမာန်သည် ကလေးစာပေဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှု၍ အပတ်စဉ်ထုတ် ရွှေသွေးဂျာနယ်အပြင် ယခုအခါ ရွှေရတုအကြိုအထိမ်းအမှတ် ရွှေသွေး အထူးထုတ် ၂၀၁၈ ကို ထုတ်လုပ်ဖြန့်ချိလိုက်ပြီဖြစ်သည်။

ရွှေရတုအကြိုအထိမ်းအမှတ် ရွှေသွေးအထူးထုတ် ၂၀၁၈ တွင် ကဗျာ၊ ပုံပြင်၊ ဝတ္ထု၊ သုတဆောင်းပါး၊ ကာတွန်းဇာတ်လမ်းတို့ပါဝင်ပြီး ကလေးများ အတွက် သုတရသစုံလင်စွာ တင်ဆက်ထားပါသည်။ ကဗျာနှစ်သက်သူ ကလေး သူငယ်များအတွက် အကြောင်းအရာမျိုးစုံကို ရေးဖွဲ့ထားသော ကဗျာ အပုဒ်ပေါင်း ၂၀ ထည့်သွင်းပေးထားပါသည်။ ထို့ထက်ပို၍ ထူးခြားကောင်းမွန် သည်မှာ ရွှေသွေးဂျာနယ်တွင် ယခင်ကရေးဆွဲခဲ့သော ကာတွန်းဆရာကြီး ဦးဘကြည်၊ ဆရာကြီးကဆ၊ ဆရာကြီးဦးသန်းကြွယ်၊ ဆရာကြီးဦးဖေသိန်းနှင့် ဆရာကြီးဦးစိန်တို့၏ မြန်မာဆန်သော ဂန္ထဝင်လက်ရာမွန်များကို ပြန်လည် တင်ဆက်ထားခြင်းပင် ဖြစ်ပါသည်။

ထိုကဲ့သို့ နာမည်ကျော်ဆရာကြီးများ၏ လက်ရာဟောင်းများထဲမှ လက်ရာကောင်းများကို တစုတစည်းတည်း ဖတ်ရှုနိုင်မည့်အပြင် ယနေ့ခေတ် နာမည်ကျော်ကာတွန်းဆရာကြီးများ၏ လက်ရာများကိုလည်း ရှုစားကြရမည့် ရွှေရတုအကြိုအထိမ်းအမှတ် ရွှေသွေးအထူးထုတ် ၂၀၁၈ ကို တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ စာပေဗိမာန်အရောင်းဆိုင်များတွင် ဝယ်ယူဖတ်ရှုနိုင်ပြီဖြစ်ပါသည်။ လက်ကားမှာယူဖြန့်ချိလိုပါက ရန်ကုန်မြို့ရှိ စာပေဗိမာန် အရောင်းဌာန အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်းနှင့် (၃၇)လမ်းထောင့် ဖုန်း ၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ပါသည်။

**သတင်းစဉ်**

# ကရင်ရိုးရာ ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာ ကျင်းပ

**နေမျိုးလွင်(ပြန်/ဆက်)**

ကရင်ရိုးရာမပျက် ဝါခေါင်လ ရောက်တိုင်း ကရင်ပြည်နယ်အတွင်းရှိ နေရာအနှံ့အပြားတွင် သာမက တစ်နိုင်ငံလုံးရှိ ကရင်တိုင်းရင်းသား များ နေထိုင်သည့်ဒေသများတွင် ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာပွဲတော်ကို ကျင်းပကြသည်။

ချည်ဖြူနှင့် လက်ချည်ခြင်းမင်္ဂလာ သုံးမျိုးရှိပြီး (၁) လက်ထပ်ထိမ်းမြား မင်္ဂလာဆောင်သည့်အခါ လက်ချည်ခြင်း၊ (၂) ဆွေမျိုးသားချင်း သေဆုံးပြီးသည့်အခါ လိပ်ပြာခေါ် လက်ချည်ခြင်း၊ (၃) မကောင်းဆိုးဝါးဝင်ပူး၍ ကြောက်လန့်မှုလွန်ကဲပြီး ဖျားနာခြင်း၊ မကျန်းမမာဖြစ်သောအခါ လိပ်ပြာခေါ် လက်ချည်ခြင်းတို့ ဖြစ်သည်။ လက်ချည်ခြင်း သုံးမျိုး ကျင်းပပြုလုပ်ရာတွင် အချိန်အခါမတူကြသော်လည်း ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာအား ဝါခေါင်လအတွင်း ပြုလုပ်လေ့ရှိသည်။ ချည်ဖြူဖွဲ့မင်္ဂလာသည် ကရင်လူမျိုး တို့မှ အခြေခံဆင်းသက်လာပြီး ရှေးကရင်လူမျိုးများသည် ဗာဗုလုံ နိုင်ငံမှ မူဂိုးရီးယား၊ တာကစ္စတန်၊ ယူနန်၊ နောက်ဆုံး မြန်မာနိုင်ငံကို ဘီစီ ၇၃၉ ခုနှစ်တွင် ပြောင်းရွှေ့ရောက်ရှိ လာခဲ့သည်။ လမ်းခရီးတွင် အခက် အခဲပေါင်းစုံ သဘာဝဘေးအန္တရာယ် များကို ကြုံတွေ့သောအခါ မကောင်း ဆိုးဝါး ပြုစားသည်ဟု ထင်မြင်ယူဆပြီး ထိုဘေးမှ လွတ်ကင်းအောင် ပူဇော်မှု များ၊ နတ်ကျွေးမှုများကို ပြုလုပ်ခဲ့ သည်။

ရှေးဘိုးဘွားဘီဘင်များ၏ ယူဆ ချက်အရ ဝါခေါင်လမှာ ရေကြီးပြီး စပါးရှားပါးချိန် ထမင်းစားရာမှာ ပုံမှန်ထက်ပိုကုန်၍ မကောင်းဆိုးဝါး များ လူတွင် ဝင်ရောက်ပူးကပ်သည်ဟု ယူဆပြီး လိပ်ပြာမလွင့်သွားအောင် လိပ်ပြာ ဝိညာဉ်ကို ခေါ်လေ့ခေါ်ထ ရှိကြသည်ဟု ဆိုသည်။ မကောင်း ဆိုးဝါး၏လိပ်ပြာကို မောင်းထုတ်ပြီး ကိုယ့်လိပ်ပြာ မလွင့်အောင် ချည်ဖြူနှင့် လက်မှာ ချည်နှောင်ထားပြီး ဆံဖြူ ခါးကုန်းသည်အထိ ကိုယ်နဲ့မကွာ အောင် ဆုတောင်းမေတ္တာပို့သသည့် ပွဲမှာ ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာ၏ အနှစ်သာရဖြစ်ကြောင်း၊ ညီအစ်ကို မောင်နှမ ဆွေမျိုးများနှင့် ကွဲကွာပြီး ပြန်လည်ဆုံတွေ့ချိန် အမှတ်သညာ အဖြစ် ချည်ဖြူနှင့် ရစ်ပတ်ချည်နှောင် ခဲ့ကြသည်ဟူသော မွန်မြတ်သန့်စင် ချစ်စရာကောင်းသည့် ယဉ်ကျေးမှု ဓလေ့ထုံးတမ်း အစဉ်အလာကောင်း များကို ဆက်လက်မြှင့်တင်သွားကြခြင်း ဖြစ်ပေသည်။



ဘားအံမြို့တွင် အကြိမ်(၄၀)မြောက် ကရင်ရိုးရာ ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာ ပြုလုပ်စဉ်။

ကရင်ရိုးရာ ဝါခေါင်လ ချည်ဖြူဖွဲ့ မင်္ဂလာပွဲဆင်ယင်ကျင်းပရာတွင် ပါဝင် သည့် ပစ္စည်းခုနစ်မျိုးရှိရာ ငှက်ပျောသီး၊ ကောက်ညှင်းထုပ်၊ ထမင်းဆုပ်၊ နတ်ပန်းညို၊ ချည်ဖြူ ရေ၊ ကြံပိုင်းများ ဖြစ်ပြီး ငှက်ပျောသီးမှာ ကရင်လူမျိုး များသည် ငှက်ပျောသီးကဲ့သို့ တစ်ဖီး တည်း၊ တစ်ခိုင်တည်း စုစုစည်းစည်း ညီညီညာညာဖြင့် ဥမကွဲသိုက်မပျက် နေထိုင်ကြသည့် သဘောဆောင်ခြင်း၊ ကောက်ညှင်းသည် စေးကပ်သည့် သဘောရှိပြီး တော်ရုံနှင့် ခွာ၍မရ၊ ထို့အတူ ကရင်လူမျိုးများသည်လည်း ကောက်ညှင်းပမာ တည်တံ့ခိုင်မာ သော နှလုံးသားရှိသည့်သဘောကို ဆောင်ခြင်း၊ ထမင်းဆုပ်သည် ထမင်း စားရမှ အားရှိပါမည်၊ အားရှိမှ အလုပ်လုပ်နိုင်မည့် သဘောကို ဆောင်ခြင်း၊ နတ်ပန်းညိုပင်သည် အပင်ရှင်သန် ကြီးထွားရေးအတွက် အမြစ်သည် ကျယ်ပြန့်ရှည်လျားစွာ ထိုးဆင်းပြီး အပင်သည် ဆင့်ကဲဆင့်ကဲ ပေါက်သဖြင့် တော်ရုံနှင့် မသေနိုင် မျိုးမသုဉ်းပေ။ ထို့အတူ ကရင်လူမျိုး များသည် ရောက်လေရာတွင် နတ်ပန်းညိုကို စံပြု၍ မိမိတို့မျိုးဆက် ကို ထိန်းသိမ်းဆောင်ရွက်ကြရန် အဓိပ္ပာယ်ကို ဆောင်ခြင်း၊ ချည်ဖြူ သည် တစ်မျှင်ကို ပြတ်အောင် ဆွဲဖြတ် နိုင်သော်လည်း ချည်မျှင်များ စုစည်း၍ ဖွဲ့ချည်ထုံးနှောင်သောအခါ ဆွဲဖြတ် ၍ မပြတ်နိုင်သကဲ့သို့ ကရင်လူမျိုးများ အချင်းချင်းသည်လည်း ချည်ဖြူပမာ စုစည်းခိုင်မာရမည့် သဘောကို ဆောင်ခြင်း၊ ရေသည် အေးမြနေ သကဲ့သို့ ကရင်လူမျိုးတို့၏ ဘဝခရီး လမ်းသည်လည်း အေးချမ်းသာယာ စေရန် ရည်ရွယ်သည့် သဘောကို ဆောင်ခြင်း၊ ကြံပိုင်းသည် ကြံပင်တို့ မည်သည် တစ်ဆစ်ပြီးတစ်ဆစ်၊ တစ်ဆင့်ပြီးတစ်ဆင့် အထက်သို့ ထိုးတက်လျက်ရှိရာ ကြံပင်ကို ပမာပြု၍ ရှေ့ဆက်ဘဝ စည်ကားရေးအတွက် ကြိုးစားကြရမည့် သဘောကို ဆောင်ခြင်း စသည်ဖြင့် ပစ္စည်းတစ်ခု ချင်းစီတွင် အဓိပ္ပာယ်တစ်မျိုးစီ ရှိနေ ကြောင်း သိရသည်။

ကရင်ရိုးရာ ဝါခေါင်လ ချည်ဖြူဖွဲ့ မင်္ဂလာပွဲတော်တွင် ဦးဆောင်သည့် ပွဲတော်အကြီးအမှူးနှင့် အရန်နှစ်ဦး က ချည်ဖြူ ဖွဲ့ပေးပြီး အဖိုး ခုနစ်ဦး၊ အဖွား ခုနစ်ဦးတို့က မြေးငယ်များ ခြံရံကာ နေရာယူလျက် ပွဲတော် အကြီးအမှူးက မကောင်းဆိုးဝါးများ လူတိုင်း၏ ခန္ဓာကိုယ်မှ ဖယ်ခွာ ထွက်သွားစေရန် ကရင်ဘာသာဖြင့် ရွတ်ဆိုမောင်းထုတ်ကာ လူတိုင်း၏ ခန္ဓာကိုယ်အား အစဉ်အမြဲ စောင့်ရှောက်ပေးသည့် ဝိညာဉ် လိပ်ပြာကောင်းများ အသီးသီး ပြန်လည်ဝင်ရောက်လာစေရန် ကရင် ဘာသာဖြင့် ရွတ်ဆိုခေါ်ယူပြီး ခုနစ်ရက်သားသမီးများ၏ ဝိညာဉ် လိပ်ပြာကောင်းများ ရှင်လန်း ဝမ်းမြောက်စေရန်အတွက် ချည်ဖြူဖွဲ့ မင်္ဂလာ ရိုးရာသီချင်းဖြင့် သီဆိုဂုဏ်ပြု ကြိုဆိုခဲ့ကြသည်။ ဆက်လက်၍ ချည်ဖြူဖွဲ့မင်္ဂလာပွဲတော်သို့ တက်ရောက် လာကြသူတိုင်းအား ချည်ဖြူဖွဲ့ ပေးကြသည်မှာ မွန်မြတ်သန့်စင် လှသည့် ရိုးရာဓလေ့ပင် ဖြစ်လေ သည်။



ဘားအံမြို့တွင် အကြိမ်(၄၀)မြောက် ကရင်ရိုးရာ ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာ ပြုလုပ်စဉ်။